
www.burmeseclassic.com

No.120, May 2017

# ဂမ္ဘီရလောက



BURMESE CLASSIC

www.burmeseclassic.com




www.burmeseclassic.com

သို့ ........................................

........................................

မှ ........................................

........................................

ဆုပြည့်စုံထွန်းစာပေ

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃

www.burmeseclassic.com

www.burmeseclassic.com


...လ်ချုပ်အောင်ဆန်း
နှစ်တစ်ရာပြည့်
အထိမ်းအမှတ်
စီစဉ်ထုတ်ဝေထားပြီး
မှာယူသူများအား
အထူးနှုန်းဖြင့်
ရောင်းချပေးပါမည်

ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် ကာတွန်း...




ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ
တန်ဖိုး – ၅၀၀၀ ကျပ်



ဗိုလ်ချုပ်ဦးအောင်...
တန်ဖိုး – ၂၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင်(ရဲဘော်သုံးကျိပ်)
တန်ဖိုး – ၅၀၀၀ ကျပ်



စစ်သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၈၀၀၀ ကျပ်



ဗိုလ်တေဇ ဘဝကမ္ဘာ...
Quality စာတ...
တန်ဖိုး – ၆...



အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှုမှ
စီအိုင်ဒီ အခန်းကဏ္ဍ
ခရိုင်ရဲချုပ်မောင်မောင်သန်း(ရဲသူရိန်)(ငြိမ်း)
တန်ဖိုး – ၁၀၀၀၀ ကျပ်



အောင်ဆန်း၏ အောင်ဆန်း
ဗိုလ်အောင်ဒင်
တန်ဖိုး – ၁၀၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်း...
ရာပြည့်ပွဲ...
(နတ်မောက်)မှ...
တန်ဖိုး – ...

...ity Publishing House
...ုပြည့်စုံထွန်းစာပေ
အမှတ် – ၅၀၈/၅၁၂ (၂-ခ)
ပထမထပ်၊ ကုန်သည်လမ်း
(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း–၃၈၃၆၆၄၊ ၃၈၆၈၃၃
qualityph@gmail


# ဂမ္ဘီရလောက

မဂ္ဂဇင်း

## ဆုပြည့်စုံထွန်းစာပေ


အမှတ် - ၅၀၈/၅၁၂၊ ၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၃၈၃၆၆၄၊ ၀၁ - ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
ထိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

No.120, May, 2017

# ဂမ္ဘီရလောက

မဂ္ဂဇင်း


သက်မဲ့ရုပ်ကြွင်းများက ပြောပြသော ဂမ္ဘီရဆန်းကြယ်မှု
ဖိုးကျော် ၆

ဘဝတစ်ကွေ့က ပရလောကမှတ်တမ်းများ
လှမြန်မာ ၄

အမာရွာမှ အရှေ့ဖျားဆီသို့
မောင်ဇော်ဝင်း (ပြည်) ၅

အင်းသရဲဘခက်
ကြည်ဇော် ၆

ကျတ်တို့ညွှတ်ကွင်းမှ လွတ်ခဲ့သူ
မင်းရွှေမင်း (တောင်ကုတ်) ၇

ကားလမ်းပေါ်က တစ္ဆေများ
တာတေ ၈

ဇော်ဂျီစိန်ဖေနှင့် ကြေးလိပ်ကလေး
မင်းတိုင်ပင် (မြရောင်မြေ) ၁၀

ရွာခလေ့
သန်လျင်မောင်ကျောက်ခဲ ၁၂၀

မှော်မီးခိုးလျှံ
သဇ္ဇဒေဝီ ၁၃၀

ကျော်မင်းညွန့် (လှည်းကူး) ၁၄၀

သရဲချောင်း
နှင်းကျော်ခေါင် (ဓေတ္တလူပြည်) ၁၆၁

လွှင့်လိပ်ပြာ ကိုယ်ပွားခန္ဓာ
ဘုန်းသိမ်သူ ၁၈၃

ဗိုက်ပူတစ္ဆေကား
နိုင် ၁၉၆

တီးကုလားတိုက်မှ ထူးခြားသောအဖြစ်အပျက်
နှင်းရှိန် ၂၀၉

ခြောက်သောအိမ်နီကြီးနှင့် သချိုင်းပျက်ကျတ်တွင်းကုန်း
အောင်လေးအောင် (သန်လျင်) ၂၁၈


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရလောက


စာစဉ်း

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ
ဒေါ်မြင့်မြင့်အောင် (မှ ၃၁၁၀၆၉၉၉)

အုပ်ချုပ်မှုအယ်ဒီတာ
မဇင်မာရွှေ

အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်

ထုတ်ဝေသူ
ဒေါ်ဇင်မာရွှေ (ချမ်းမြေ့ရန်ထွန်းစာပေ)(၀၀၅၄၁)
အမှတ် ၅၀၈/၅၁၂ (၂၁)လွှာ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အတွင်းသရုပ်ဖော်
ကံကောင်း၊ ဖေသိန်း၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ တောင်ငူ စိုးမြင့်လေး၊
လှသစ်အောင်(အင်းသျှား)၊ ရန်နိုင်ဦး၊ မောင်နေကြည်၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ဗိုင်းမော်။

မျက်နှာဖုံး
ဉာဏ်လင်းထက်

ပုံနှိပ်သူ
ဦးသောရ္ဘူပုံနှိပ်တိုက်၊ ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)
သန်စက်အပိုပစ္စည်းစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ကွန်ပျူတာနှင့် ဖလင်
Quality

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် ၅၀၈/၅၁၂ (၂၁)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း- ၀၁ ၃၈၃၆၆၄၊ ၀၁ ၃၈၆၈၃၃

ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ နေဇင်လတ်၊ ဝေလင်း၊ ကောင်းကောင်း၊
ဖြူဖြူသင်း၊ မြတ်နှင်းသွယ်၊ အိဖြူ။

စာအုပ်ချုပ်
တင်မေထွန်း

အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၀၀၀ ကျပ်


## Next Month Preview



ဆောင်းလုလင်
**မာယာရှင်ဝိဉာဉ်မ**



တာတေ
**ခေါင်းရိုက်တဲ့သံ**




မာန်သစ်နိုင်
**ဝိဉာဉ်လိပ်ပြာနှင့် ဆယ့်နှစ်ကြိုးကာဝေ**

www.burmeseclassic.com

www.burmeseclassic.com

**တွေ့ခဲ့ကမှု** သာမန်ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုဟုသာထင်မိလိုက်သည်၊ အဘယ်ကြောင့်ဆိုသော် စာရေးသူတို့ ရှိနိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ကွန်းစဉ်နယ်တွင် "ကဏန်းပြင်" မည်သော ကျွန်းတစ်ကျွန်းရှိ၏၊ ထိုကျွန်းတွင် နှစ်သန်းပေါင်း မည်ရွေ့မည်မျှကပင် ငည်သို့သော ရာသီဥတုမျိုးနှင့် မည်သို့သော သဘာဝဖောက်ပြန်မှု လွန်ကဲမှုဖြစ်ခဲ့သည်မသိ၊ ထိုကျွန်းပေါ်၌ "ကဏန်း" ကျောက်ဖြစ်ရုပ်ကြွင်းများ နေရာအနှံ့အပြားတွင် မြင်နေ တွေ့နေကြရ၍ ဖြစ်၏။






www.burmeseclassic.com

www.burmeseclassic.com

ထိုကျောက်ဖြစ်ရုပ်ကြွင်းကဏန်းများမှာ ပကတိကဏန်းအတိုင်းပင်။ မျက်စိ... စ၍ လက်မ၊ ခြေချောင်း၊ လက်ချောင်းအပြင် ဒေသအခေါ် ပသီဆိုသော ဝမ်းဗိုက်... လေထုတ်၊ လေသွင်းသော (တစ်နည်းအသက်ရှူသော) အင်္ဂါအစိတ်အပိုင်း... ပကတိကဏန်းတစ်လုံးအတိုင်းပင် အစုံအလင် ပါရှိသည်။

မည်သည့်ကျောက်ဖြစ်ရုပ်ကြွင်းမဆို အသက်ဇီဝ မရှိကြသည်ကိုတော့ လူတိုင်း... အသိမို့ အထူးပြောရန် မလို တော့ပါ။ ထိုကျောက်ဖြစ်ရုပ်ကြွင်းကို အသက်ဇီဝ ရှိ... သည်ဟု ယုံကြည်၍ အုန်းပွဲ၊ ငှက်ပျောပွဲထိုးကာ ဖယောင်းတိုင် ထွန်းညှိ၍ ပူဇော်... သည်မှာလည်း သူတို့၏ ယုံကြည်မှုသာ ဖြစ်သဖြင့် မိမိ မအံ့ဩပေ။ လူသားတို့မှာ... ယုံကြည်မှုနှင့် မိမိသာ ကမ္ဘာဦးလူတို့သည် ရေ၊ မီး၊ တောတောင်၊ သမုဒ္ဒရာ၊ နေ၊... နက္ခတ်တာရာတို့ကို ပူဇော်ပသ ခဲ့ကြသည်မှာလည်း အဆန်းတကြယ် အံ့ဩစ... မဟုတ်ပေ။ မိမိ၏ ယုံကြည်ရာသည် မိမိ၏ ဘုရားသခင် ကယ်တင်ရှင်ပါတည်း။

သို့သော် ဤရုပ်ကြွင်း၏ သမိုင်းကြောင်းကို ကြားသိရသောအခါ၌မူ ...

စိုးပြားရွာသားကိုကြီးနှင့် ကိုငယ် မည်သော ညီအစ်ကိုနှစ်ယောက်သည် အင်ဖ... တောင်နားရှိတဲထဲတွင် ပဲခင်းစောင့်ရင်း ညဥ့်အိပ်ညဥ့်နေ နေနေကြသည်။ စိုးပြားရွာ... စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်တွင် ပါဝင်သော ရွာတစ်ရွာ ဖြစ်သည်။

သူတို့ကာလသားပေါက် ညီအစ်ကိုနှစ်ယောက်ညဘက်၌ မကြာမကြာ ပဲခင်း... ထထကြည့်ကြရသည်။ ညကျလျှင် ပဲခင်းထဲသို့ တောကြွက်အုပ်ကြီးများ ဝင်မွှေ... သောက်မှာ စိုးရိမ်ရသည်။ ခွေးအများသည်လည်း မြေပဲခင်းထဲဝင်ပြီး တူးဖော်... သောက်ပစ်လေ့ ရှိကြ၏။ အထူးသဖြင့်မှာ မြေပဲခင်းဘေးနှုတ်ခမ်း၌ ပတ်ပတ်လည်... စိုက်ပျိုးထားသော သခွား၊ ဖရုံ၊ ကန်စွန်းဥများကို ခွေးအများက ပိုကြိုက်ကြသ... ညည၌ ထထကြည့် နေကြရခြင်း ဖြစ်သည်။

လမိုက်ညဖြစ်သော်လည်း ကြယ်ရောင်က ရှိ၏။ မီးတုတ်မီးရှူး ထွန်းစရာမလို... အခင်းဖျက်ရန် လာတတ်ကြသော တိရစ္ဆာန်များကို မြင်နိုင်သည်။ များသောအား... ...ကြွက်အုပ်ကြီးနှင့် ခွေးအများသာ အလာများသော်လည်း တစ်ခါတစ်ခါ တော... ...များလည်း လာတတ်သည်။

သို့နှင့် ညဥ့်သန်းခေါင်ချိန်နီး၍ သက်ကြီးခေါင်းချချိန်တွင် ကိုငယ်သည် တဲပေါ်တ... ...၍ အခင်းပတ်ဝန်းကျင်ကို ဟိုဟိုသည်သည် ကြည့်၏။ ထိုအချိန်မှာပင် သူတို့... ...အစတစ်ဖက်ရှိအင်ဖက်တောင်မှ တိရစ္ဆာန်အုပ်တစ်အုပ် လာနေကြသလိုခြေသံ... ...တို့ကြားရ၍ လှမ်းကြည့်မိလိုက်၏။

အင်ဖက်တောင်မှ အလင်းရောင်ဖြာထွက်နေသော အရာဝတ္ထုသုံးခုသည် တရွေ့... ...ရွေ့နှင့် ဆင်းလာနေကြသည်ကို လှမ်းမြင်လိုက်ရ၏။ ပဲခင်းအစပ်နှင့် တောင်စောင်းမှာ... ...လေးဝါးပြန်သာ ဝေး၍ တရွေ့ရွေ့နှင့် ဆင်းလာနေကြသော အလင်းရောင် အခဲ... ...လုံး သုံးလုံးကို အထင်အရှား မြင်နေရ၏။

အလင်းရောင်မှာ မီးရောင်လို မဟုတ်။ ရဲရဲနီနီ မဟုတ်။ အရောင်မှာ ဖြူလိုက်ပြာ... ...စိမ်းလိုက် ဝါလိုက်နှင့် မျက်တောင်တစ်ခတ်တွင် လျှပ်ပြက် သလို ပြောင်းလဲနေ... ...သည်။

ထအွေ့ခြောက်သည်အထင်နှင့် ကိုငယ်သည် ချက်ချင်းတဲပေါ် ပြေးတက်လာပြီး ...ပျော်နေသော ကိုကြီးနား ကြောက်ကြောက်နှင့် ထိုင်ချလိုက်သည်။ သူ့ညီ ကိုငယ် ...ပေါ် ပြေးတက်လာကတည်းက နိုးသွားသော ကိုကြီးက ချက်ချင်းထထိုင်၏။

"ဘာလဲကွဟင် - ဝက်အုပ်လား"

"မ - မဟုတ်ဘူး - သရဲခြောက် တာ"

ကိုငယ်က အသံတုန်တုန်ယင်ယင် နှင့် တီးတိုးပြောလိုက်၏။

"ဘယ်မှာ ခြောက်တာလဲ၊ ပဲခင်းထဲ မှာလား၊ ဘယ်လိုခြောက်လို့လဲ"

ကိုကြီးကမူ များစွာကြောက်လန့်တတ်သူ မဟုတ်။ ထို့ကြောင့် ပကတိ အသံမှန် ...မေး၏။

"ပဲခင်းအစ အင်ဖက်တောင်က ဆင်းလာနေကြတာ သရဲမီးလုံးသုံးလုံး"

"ဟင် ..."

ကိုကြီးသည် ခေါင်းရင်းရှိ မြားလုံ့ရှည်ကို လှမ်းဆွဲကာ ချက်ချင်း တဲထဲက ဆင်း... ...သည်။





www.burmeseclassic.com

www.burmeseclassic.com

ကိုကြီး တဲပေါ်က ပြေးဆင်းတော့ ကိုယ်လည်း သူ့အစ်ကိုနောက်က ပြေးဆင်းလိုက်ပါလာ၏။

ညီဖြစ်သူ ကိုယ်က "ဘယ်မှာလဲ ကွ - သရဲ" ဟု မေးနေစရာမလိုတော့။ ကိုယ်ပြောသော အင်းဖက်တောင်ကို လှမ်းကြည့်လိုက်သည်နှင့် ကိုယ်ပြောသော မီးသရဲ သုံးလုံးကို အတိုင်းသားလှမ်းမြင်လိုက်ရသည်။ ထို့ကြောင့် ကိုကြီးသည် မကြောက်တတ်ပါဘူးဟု ဆိုသော်လည်း တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထပြီး ခေါင်းနားပန်းကြီးသွားသည်။

သရဲမီးသုံးလုံးမှာ အရွယ်အစားချင်း မတူညီကြ။ တစ်လုံးက လူတစ်ဖက်နီးနီးရှိပြီး ကျန်နှစ်လုံးက သူ့ထက် နည်းနည်းငယ်သည်။ သုံးလုံးစလုံးမှာ အဖြူ၊ အပြာ၊ အဝါ၊ အစိမ်း ရောင်စုံဖြာထွက်နေသဖြင့် ပိုကြီးလာကြသလို မြင်နေရ၏။ သို့သော် သူတို့နှင့် ရှေ့မျက်နှာချင်းဆိုင် သူတို့ ပဲခင်းရှိရာဘက် ဆင်းမလာကြဘဲ အင်ဖက်တောင်ခြေမှ သည် အင်ပင်များ ပေါ်များပေါက်ရောက်ရာ ပြင်တောင်ဘက် တရွေ့ရွေ့ရွေ့လျားသွားနေကြသည်။

"သရဲမီး မဟုတ်ဘူးကွ - ကိုယ်၊ စုန်းတောက်စားတယ်ဆိုတာများလား မသိဘူး"

ကြောက်ကြောက်နှင့် သူ၏ လက်တစ်ဖက်ကို လာကိုင်ထားသော ကိုယ်ကို ကိုကြီးက တီးတိုးလေသံနှင့် ပြော လိုက်၏။

"အစ်ကို - စုန်းတောက်စားတယ်ဆိုတာ အပေါ်တက်လိုက်၊ အောက်ပြန်ဆင်းလိုက် လုပ်နေတတ်တာဆို။ ခုဟာက မြေပြင်အတိုင်း သွားနေကြပါလား။ ကြည့်စမ်း - ဟိုဘက်တောင်ခြေနားတောင် ရောက်သွားပြီ"

"အေး - ဒါပေမဲ့ မီးပေါ်တက်လိုက်၊ အောက်ဆင်းလိုက် မဟုတ်တာဆိုတော့ ဈေးစားစုန်းတွေ ဈေးစားဖို့ မြေပြင်မှာ ရှာနေကြလားမှ မသိတာ"

သူ့ညီပြောသော သရဲမီးက သူတို့ရှိရာဘက် တည့်တည့်မလာဘဲ ဝဲလေး ဝဲပြန်လောက်က တောင်ခြေအတိုင်း ရွှေ့သွားပြီး ပြင်တောင်ဘက် တောင်ခြေနားရောက်သွားကြသည်ကို လှမ်းကြည့်ကာ အကြောက်ပြေသွားသော ကိုကြီးက ကိုယ်ကို "ဈေးစားစုန်း" ဖြစ်မည်ဟု ထင်မြင်ချက် ပြောလိုက်၏။



ကိုယ်ကမူ ယခုထိ ကြောက်ပြီး သူ့အစ်ကိုလက်ကို ဆွဲထားရင်း မီးလုံးသုံးလုံးကို သူ ကြည့်နေ၏။ အမှန်ကတော့ ကိုယ်သာမဟုတ် ကိုကြီးကလည်း သူ့တစ်သက်တာတွင် တစ်ခါမှ မမြင်ဘူး မတွေ့ဘူးသော ထိုမီးလုံးသုံးလုံး ကို ငေးကြည့်နေတုန်း။

သူတို့ညီအစ်ကိုနှစ်ယောက် ထိုသို့ လှမ်းကြည့်နေကြစဉ်မှာပင် ထိုမီးလုံးသုံးလုံး သည် တရွေ့ရွေ့နှင့် ပြင်တောင်ပေါ်တက်သွားကြပြီး မကြာမီ ပျောက်ကွယ်သွားလေ သည်။

ထိုမီးလုံးသုံးလုံး ပျောက်ကွယ်သွားကြသောအခါ ပတ်ဝန်းကျင်မှာ ပို၍ မှောင်မိုက်သွားသလိုပင်။ ထိုအခါမှ သူတို့ညီအစ်ကိုနှစ်ယောက်မှာလည်း တဲပေါ်ပြန်တက် လာကြ၏။

သူတို့ညီအစ်ကိုနှစ်ယောက် ဤသို့ ပဲခင်းစောင့်လာကြသည်မှာ ရှစ်နှစ်၊ ကိုးနှစ် ရှိပြီ။ သူတို့သည် အရွယ်မရောက်မီကလည်း သူ့အဖေနှင့် ညီအစ်ကိုနှစ်ယောက် အတူ လိုက်အိပ်ပြီး ပဲခင်းစောင့်ဖူးကြသည်။ သို့သော် ဤသို့ အဖြစ်အပျက်မျိုးကိုကား တစ်ခါ ဆင် မကြုံဘူး၊ မတွေ့ဘူးကြ။ ထို့ကြောင့် တဲပေါ်ကို ပြန်ရောက်လာကြသည့်ထိ ထိုမီး လုံး သုံးလုံးအကြောင်းကိုသာ ထိုင်ပြောဆိုနေကြပြီး တော်တော်နှင့် မအိပ်ဖြစ်ကြ။

နောက်ထပ်များ မြင်ကြရဦးမလားဟုလည်း ညီအစ်ကိုနှစ်ယောက် တဲပေါ်က အထူဆင်းပြီး သုံးလေးခါ ကြည့်ကြသေး၏။ သို့သော် သူတို့ စောစော တွေ့လိုက်ကြ သော မီးလုံး သုံးလုံးကိုကား နောက်ထပ်မမြင်ကြရတော့။

သည်လိုနှင့် မိုးလင်းပိုင်းရောက်မှ ညီအစ်ကိုနှစ်ယောက် ကျောချင်းကပ် အိပ်ပျော်သွားကြသည်။

သူတို့နှစ်ယောက် မည်မျှအိပ်ပျော်သွားကြသည် မသိ၊ သူ့အဖေ ဦးကိုမင်း နွား လှည်းနှင့် ရောက်လာပြီး ကိုကြီး တင်ပါးကို ရိုက်၍ နိုးတော့မှ နှစ်ယောက်စလုံး နိုးလာကြသည်။

"တော်တော်အားကိုးရမယ့် ကောင်တွေ။ ဒါလား ပဲခင်းစောင့်ကြတာ၊ ထကြစမ်း - ဘယ်အချိန်ရှိပလဲ"

"အဖေက အိပ်နေကြတာပဲ သိတာ၊ ညက သားတို့တစ်ရေးမှတောင် မရေးလိုက်ကြရဘူး၊ မိုးလင်းပိုင်းကျမှ ခဏ အိပ်ပျော်သွားကြတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် - ဘာဖြစ်လို့လဲ၊ ညက အခင်း ထဲ ခွေးအတွေ လာလို့လား"

ကိုကြီးစကားကို ဆုံးအောင်နား မထောင်ဘဲ သူ့အဖေက ကိုကြီးကို ပြန်မေး
ရင်းက ပဲခင်းဘက်ကိုလည်း လှမ်းကြည့်သည်၊

"အခင်းထဲကို ခွေးအတွေဝင်လို့ မဟုတ်ဘူး အဖေ၊ သရဲခြောက်လို့ ညက အိ
ရတယ် မှတ်လား"

"ကြံကြံဖန်ဖန် အဖေ တစ်သက်လုံး ဒီတဲထဲမှာပဲ တစ်ယောက်တည်း အိပ်လ
တာ၊ ဘယ်တုံးကမှသရဲခြောက်တာမတွေ့ဖူးပါဘူး၊မင်းတို့ကိုသရဲက ဘယ်လိုခြော
လို့လဲ"



ဒီလိုဗျ။ ကျွန်တော် မှိုကျင်းတစ်ကျင်းနားသွားတော့
မှိုကျင်းနားမှာ သစ်ရွက်ခြောက်တွေနဲ့မို့ ခြေသံလိုလို ကြားတာနဲ့
မြွေပါးကင်းပါးလားလို့ အသာလေး ချောင်းကြည့်နေတော့
အမယ်-ဘာမြွေဘာကင်းမှ မဟုတ်ဘူးဗျို့။ လိပ်ပုတ်ကြီးတစ်လုံး
မှိုကျင်းနားဘက်ထဲ ယက်ထန်ယက်ထန်နဲ့ လျှောက်လာတာ မြင်ရတော့
ကျွန်တော်ကလည်း ဒီညနေတော့ လိပ်သားစားရပြီဆိုပြီး
ပြေးလည်းဖမ်းလိုက်ရော လိပ်ပုပ်ကြီးဟာ ကျောက်ဖြစ်သွားတယ်ဗျ။
ဒီလိုအဖြစ်မျိုး တို့ရွာမှာ ဘယ်လူကြုံဖူးလဲ။
အံ့ဩစရာမကောင်းဘူးလား-ကြီးတော်ဥရယ်



သူ့သား အငယ်က သရဲခြောက်သည်ဆိုသော စကားကို အယုံအကြည် မရှိ
ဦးကိုမင်းက မေးလိုက်ပြန်၏၊

ထိုအခါ ကိုကြီးနှင့် ကိုငယ်တို့မှာ သူတို့ ညက တွေ့မြင်လိုက်ကြရသော မီးလုံး
အကြောင်းကို တစ် ယောက်တစ်လှည့် သူ့အဖေအား ပြောပြ လိုက်ကြ၏၊

သူ့အဖေက သူတို့နှစ်ယောက်၏ မျက်နှာကို စိုက်ကြည့်ပြီး ကြံကြံဖန်ဖန်ကွာ
ဟု ဆိုနေသည်၊ သူ့အဖေအထင်မှာ သူ့သားနှစ်ယောက် အိပ်ပျော်နေကြတာ
ကို၍ သူတို့ အပြစ်လွတ်အောင် ကြံဖန်ပြောကြလေသလားဟူသော အတွေး

"သရဲတ မင်းတို့ပဲ ရွှေးခြောက်တယ် ထင်တယ်၊ ဒီအင်ဖက်တောင်တစ်ဝိုက်မှာ
တစ်ယောက်တည်းပဲခင်း ယာခင်း စောင့်အိပ်လာတာ မဟုတ်ဘူး၊ ကိုလှမောင်
ယောက်ဖကြီး သာဟန်တို့လည်း ပဲခင်းစောင့်အိပ်လို့ သေပဲ သေကြတော့မယ်၊
ခါမှ သရဲခြောက်တယ်ဆိုတာ မကြားဖူးပါဘူး၊ မင်းတို့ပဲ ..."

ဟု ဆိုနေပြန်သည်၊

"ကြားဘူးရင်အခုညအဖေစောင့်အိပ်တော့၊ ကျွန်တော်တို့တော့မအိပ်ရဲတော့

ဟု ကိုကြီးက သူ့အဖေကို ပြောလိုက်သည်၊

သူ့သားကြီး ပြောသလိုပင် ဦးကိုမင်း ညက ပဲခင်းသွားစောင့်အိပ်သည်၊ သူ့သား
ယောက် ပြောသလို ဘာသရဲ မီးကိုမှ မမြင်ရ၊ ဘာသရဲမှ မခြောက်၊ ခွေးအတွေ
၍သာ နှစ်ခါလောက် ထမောင်းခြောက်လှန့်လိုက်ရသည်၊

❦

ရောကြားသည်ဟုပဲ ဆိုရမည်လား၊

ဦးကိုမင်း ဒုတိယည ပဲခင်းစောင့် သွားရမည့်နေ့တွင် ရွာကို သူစိမ်းဧည့်သည်
ယောက် ရောက်လာကြသည်၊

သူကြီး ဦးထွန်းမြအိမ်၌ပင် တည်းကြ၏၊ ဆေးလည်တုကြသော ဆေးသမား
ဘထဝည့်နှစ်ယောက်ဟု ဆို၏၊ ဆရာဖြစ်သူကို အသက်ငါးဆယ်ကျော်ခန့်တု



www.burmeseclassic.com

www.burmeseclassic.com

ခန့်မှန်းရသည်၊ အုပ်လုံးကောင်းသော ဆံပင်ကို သျှောင်တစောင်းထုံးထား၏၊ ကျေ တစ်ရာ ခေါင်းပေါင်းကို အစွန်ထုတ်၍ ကျကျနန ပေါင်းထားသည်၊ အရပ်က မ စလောက် ပု၏၊ အသားက မဖြူ၊ မညို၊ အသားဝါဟု ဆိုရမည်၊ သူ့ရုပ် သူ့အသွင်ဖ ဖို၍ ခန့်ညားစေသည်က ဂန့်ဝေါပိုးလုံချည်၊ အနီ အပြာကွက်တုံးနှင့် ပင်နီလည်ကတုံ အင်္ကျီ၊ ပင်နီတိုက်ပုံတို့ပင်၊

သူ့တပည့်ဆိုသူမှာတော့ ရုပ်ထူးထူးခြားခြားမရှိလှပေ၊ အသားညို၍ အသက် သုံးဆယ်ဝန်းကျင်ဟု ခန့်မှန်းရသည်၊ ကာလမကောင်းသဖြင့် သူကြီးက ဆေးဆ တို့ကို သေသေချာချာ စစ်မေးရသည်၊ သူတို့အရပ်မှာ ပုံတောင် ပုံညာနှင့်လည်း သဖြင့် သူပုန်သကန်တို့ကိုလည်း ကြောက်ရသည်၊ ပုံတောင် ပုံညာသည် ဗမာပြည် တွန်မြူနစ် အလံနီတို့၏ ဌာနချုပ်ရှိရာ ဒေသဖြစ်သည်၊ ဆင်စွယ်ရွာ လူသတ်မှုမှာ နိုင် တော့်သည်၊ သည်ကြားထဲ မားပြတန္တတို့၏ ရန်ကိုလည်း ကြောက်ရသည်၊

သို့သော် သူစိမ်းဧည့်သည်နှစ်ဦးမှာ အမှန်တကယ် ဆောယောသား ဆေးဆ မှန်ကြောင်း သိရသည်၊ ဆေးဝါးတွေလည်း သူတို့ဆီတွင် ပါသည်၊ ရွာရှိ ဖျားနာသူ နာစေးချောင်းဆိုးသူ၊ နာတာရှည် ဖြစ်နေသူတစ်ယောက်ကိုပင် ရောက်ရောက်ချင် ဆေးဝါးဓာတ်စာပေး၍ ကုသသည်၊ ထိုအခါ သူတို့သည် သူကြီးအိမ်တွင် တည်း နေရာက လူမမာအိမ်သို့ ပြောင်းရွှေ့တည်းခိုကြသည်၊ သူတို့ ကုသဖြင့် လူမ လည်း ထူထူထောင်ထောင် ဖြစ်လာသည်၊ တစ်ရွာလုံးကလည်း သူတို့ကို ခင်မင် အားကိုးကြသည်၊ သူတို့ဇာတိမှာ ယောနယ်က ဆိုသဖြင့် ပယောဂတွေ ဘာတွေကော မကု ဘူးလားဟု မေးစမ်းကြရာ သူတို့မှာ ရိုးရိုးသားသား တိုင်းရင်းဆေးဆရာ ဗိန္ဒော သမားမို့ ပယောဂကို မကုတတ်ပါဟု အမှန်အတိုင်းပင် ဝန်ခံကြ၏၊

သို့သော် ထူးခြားမှုတွေက မသိမသာ ရှိလာသည်၊ ကလေးသူငယ်များကို သူ က အင်ဖက်တောင်ကို မေးကြသည်၊ အင်ဖက်တောင်ဆိုသော တောင်မှာ ထူးခြားတာ တစ်ခုတော့ ရှိ၏၊ တစ်တောင်လုံးတွင် အင်ပင်ဆို၍ တစ်ပင်မှ မရှိပေ၊ အခြားချောင် သချေပျဉ်းမ၊ ကျွန်း၊ မျောက်ဆီးသီး၊ ဖန်ခါး၊ ဆီးဖြူနှင့် လိပ်ရိုးပင်တို့သာ ပေါက်ရောက် ၏၊



သို့သော် ထိုအင်ဖက်တောင်တွင် အင်ဖက်အစိမ်းတွေက ဘယ်က ဘယ်လို ရောက်လာကြသည် မသိ၊ မြေပြင်တွင် အင်ဖက်တွေက တောင်အနှံ့ ပြည့်နေသည်၊ ဘယ်အချိန် ဘယ်အခါ သွားကြည့် သွားကြည့် အင်ဖက်အစိမ်းလတ်လတ်တွေကို တောင်အနှံ့ တွေ့နေရသည်၊

အင်ဖက်တောင်နှင့်နီးသော ပြင်တောင်၊ ကညင်တောင်၊ မည်းတောင်တို့တွင်သာ အင်ဝင်များ ကျိုးတိုးကျဲတဲ ပေါက်ရောက်သည်၊ ထိုတောင်များက လေနှင့် လွင့်ပါလာ သည် ဆိုရအောင်ကလည်း ထိုတောင်တွေထက်မြင့်သော အခြားတောင်မြင့်ကြီးတွေ စာပိုင်းရံထားသဖြင့် အံ့တော့ အံ့သြစရာ၊ ထို့ကြောင့်လည်း ထူးခြားသော ဤတောင် ကို အင်ဖက်တောင်ဟု ရှေးရှေးပဝေသဏီကပင် ခေါ်လာကြပုံရလေသည်၊

ကလေးသူငယ်များအား အင်ဖက်တောင်ကို ဆေးသမားဆရာတပည့် နှစ် ယောက်က ခေါ်သွား၍ လိုက်ပြခိုင်းကြသည်၊ အင်ဖက်တောင်ကို သိသွားကြသောအခါ သူတို့နှစ်ယောက်သည် အင်ဖက်တောင်တွင် တစ်နေကုန် တစ်နေခန်း အချိန်ကုန်နေ ကြသည်၊ လူတွေ့တိုင်း၊ အရပ်ကလူတွေမေးတိုင်း အင်ဖက်တောင်တွင် ဆေးမြစ် ဆေးပင် သွားရှာကြသည်ဟု ဆို၏၊

မှန်မည်၊ ညနေမိုးချုပ်၍ အင်ဖက်တောင်က သူတို့ ပြန်လာကြသောအခါ ဆေး မြစ်၊ ဆေးပင်တို့ ပါလာသည်၊ အင်ဖက်တောင်မှာ အင်ပင်ဆို၍ တစ်ပင်မှ မရှိဘဲ အင် ဖက်အစိမ်းအခြောက်တွေသာရှိပြီး ထူးဆန်းသဖြင့် ဆေးဆရာတွေအတွက် အစွမ်း ထွက်သော ဆေးကောင်း ဆေးမြစ်များရှိနိုင်သည်ကို ရွာသူရွာသား အားလုံးကလည်း ယုံကြည်ကြသည်၊

သည်လိုနှင့် လူမမာ ဆေးကုရင်း အင်ဖက်တောင်ကိုသွားပြီး ဆေးပင်၊ ဆေးမြစ် ရှာရင်းနှင့် လဝက်ခန့် ကြာသွားလေသည်၊ ထိုအခါ ဆေးဆရာတို့က လူကြီးတွေကို စကားအထူးအဆန်းတစ်ခု မေးလာကြပြန်၏၊

“ခင်ဗျားတို့ ဒီအင်ဖက်တောင်မှာ အဲ – ခင်ဗျားတို့ ရွာပတ်ဝန်းကျင်မှာ ဒါမှ မဟုတ် ဒီဝတ်ဝန်းကျင်က တောတောင်တွေမှာ လိပ်ရုပ်နဲ့တူတဲ့ ကျောက်လေး ဘာလေးများ မတွေ့မိ၊ မမြင်မိကြဘူးလားဗျာ”



www.burmeseclassic.com

www.burmeseclassic.com

“လိပ်နဲ့တူတဲ့ ကျောက်ရယ်လို့ ကျွန်တော်တို့တော့ မကြားမိ၊ မတွေ့မိကြပါလား ဆရာရေ၊ တွေ့ဖူးတဲ့လူရယ်လို့လည်း တစ်ယောက်မှတော့ ပြောသံဆိုသံမကြားမိကြပါလား”

အမှန်လည်း ဟုတ်ပါသည်။

သူတို့ရွာ ပတ်ဝန်းကျင်ရှိ တောတောင်တွင် လိပ်နှင့်တူသော ကျောက်ဆိုသည်ကို မည်သူတစ်ဦးတစ်ယောက်မှ မမြင်ဘူး၊ မတွေ့ဘူးကြ၊ မြင်ဖူး၊ တွေ့ဖူးသူဆို၍လည်း တစ်ဦးတစ်ယောက်မှ ပြောသံဆိုသံ မကြားဘူးကြ။

သည်နှင့် တစ်လမကြာမီပင် ထိုဆေးသမား ဆရာတပည့်နှစ်ယောက် ပျောက်သွားကြသည်၊ သူတို့ပြန်ကြတော့မည်၊ သို့မဟုတ် နောက်တစ်ရွာ တစ်ကျေးသို့ ဆေးလည်ကုသွားကြ မည်ကိုလည်း မည်သူ့ကိုမှ ပြောမသွားကြ၊ နှုတ်ဆက်ဖော်ပင် မရကြ၊ သူတို့ကုသပေးခဲ့၍ရောဂါပျောက်သူများဆီက ဆေးဖိုးဝါးခဆို၍လည်း တစ်ပြားတစ်ချပ်မှ တောင်းမသွားကြ။

နာတာရှည်ရောဂါသည်တစ်ယောက်မှာ သူတို့ကုသပေးခဲ့သဖြင့် ရောဂါပျောက်ကင်းသွားသည့်အတွက် ဆေးဖိုးဝါးခ ပူဇော်ကန်တော့ချင်၍ ရွာနီးချုပ်စပ်ထိ ထိုဆေးသမားဆရာတပည့်နှစ်ယောက်ကို လိုက်ရှာသေးသည်၊ ဘယ်ရွာမှာမှ ထိုဆေးသမားဆရာ တပည့်နှစ်ယောက်ကို ရှာမတွေ့တော့။

သည်လိုနှင့် ထိုဆေးဆရာတို့ ပျောက်သွားကြပြီး နောက်လေးငါးနှစ်ခန့် ကြာသောအခါ ထိုဆေးဆရာတို့ အကြောင်းကိုလည်း မေ့မေ့ပျောက်ပျောက်ပင် ဖြစ်သွားကြလေသည်။

သို့သော် ...

ဒီတစ်ခါတော့ ထူးသလား၊ ဆန်းသလား မမေးကြနဲ့ဗျို့၊ ထူးတာ ဆန်းတာ မှ ...

“ဟော့ကောင် - ဘာထူးဆန်းလို့ ရွာရိုးကိုးပေါက် လျှောက်အော်ရတာတုန်း - ကိုလူပေါရဲ့”



တောထဲမှသွားရှာရာက ပြန်လာသော အေးသောင်သည် ရွာထဲဝင်လာသည်နှင့် အော်ကြီးဟစ်ကျယ် ပြောလာသဖြင့် ညနေစာထမင်းချက်ရန် ရေကပြင်တွင် ဆန်ဆေးနေသော ဒေါ်ဥက လှမ်းမေးလိုက်၏။

တာလသား အေးသောင်မှာ ခပ်ပေါပေါဖြစ်သဖြင့် လူကြီးတွေက သူ့ကို ငပေါ ကိုလူပေါဟုသာ ခေါ်ကြသည်၊ ခပ်ပေါပေါဟုသာ ဆိုသော်လည်း သူက စိတ်တိုတတ်သည်၊ ထို့ကြောင့် တော် တော်တန်တန်လူက သူ့ကို ကိုပေါဟု မခေါ်ရဲကြ၊ သူ့နာမည် အေးသောင်ကိုသာ ခေါ်တတ်ကြသည်၊ လူကြီးတွေက သူ့ကို ကိုလူပေါဟု ခေါ်ကြလျှင် သူက စိတ်ဆိုးပြီး ထိုလူကြီးကို ပြန်မပြောဝံ့သော်လည်း မကျေမနပ်နှင့် ပေစောင်း စောင်းကြည့်ကာ ထွက်သွားတတ်သည်၊ ရွယ်တူနှင့် လူငယ်များက ခေါ်လျှင်တော့ ဆဲဆိုရန်ပြုတတ်သည်။

သို့သော် ယခုမိကြီး၊ ဒေါ်ကြီးရွယ် ဒေါ်ဥက “ဘာထူး ဘာဆန်းလို့ ရွာရိုးကိုးပေါက် လျှောက်အော်လာရတာတုန်း ကိုလူပေါရဲ့” ဟု လှမ်းမေးသည်ကိုတော့ စိတ်ဆိုးရန် သတိမရသည့်အပြင် ...

“ဆန်းသလား ထူးသလားဆို တစ်ခါမှ မကြုံဖူးတဲ့အဖြစ် ကြီးတော်ဥရယ်”

သူ့ကို လူရာသူရာ မေးဖော်ရသော ဒေါ်ဥအား အေးသောင်က စိတ်မဆိုးသည့်အပြင် တောထဲက သူရလာသော ဝါးဆိုမှ တစ်တွဲကိုကိုင်ကာ မတ်တတ်ရပ်ပြီး ပြန်ပြောနေ၏။

“အေးပါတော် - အေးပါ၊ အေးပါ - ကဲ - နင့် မကြုံဘူးတဲ့ ထူးတာ ဆန်းတာကိုလည်း အမိန့်ရှိပါဦး၊ ငါနယ်နေ့ - တကတဲ”

ဒေါ်ဥက စိတ်မရှည်သလို ထပ်မေးလိုက်သော စကားမဆုံးခင်မှာတော့ ကိုလူပေါ အေးသောင်က ...

“ဒီလိုဗျ၊ ကျွန်တော် မှိုကျင်းတစ် ကျင်းနားသွားတော့ မှိုကျင်းနားမှာ သစ်ရွက်ခြောက်တွေနဲ့ မှို ခြေသံလိုလိုကြားတာနဲ့ မြွေပါးကင်းပါးလားလို့ အသာလေး ချောင်းကြည့်နေတော့ အမယ် - ဘာမြွေဘာကင်းမှ မဟုတ်ဘူးဗျို့၊ လိပ်ပုပ်ကြီးတစ်လုံး မှိုကျင်းနားဘက်က ယက်ကန်ယက်ကန်နဲ့ လျှောက်လာတာ မြင် ရတော့ ကျွန်တော် ဘလည်း ဒီညနေတော့ လိပ်သားစားရပြီဆိုပြီး ပြေးလည်းဖမ်းလိုက်ရော လိပ်ပုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

တာ ကျောက်ဖြစ်သွားတယ်ဗျ။ ဒီလိုအဖြစ်မျိုး တို့ရွာမှာ ဘယ်လူကြုံဖူးလဲ။ အံ့သြစရာ မကောင်းဘူးလား - ကြီးတော်ဥရယ်"

ဒေါ်ဥကို အေးသောင်က ထိုသို့ ရှည် ရှည်လျားလျား ရှင်းပြနေချိန်တွင် ကလေးများနှင့် လူကြီးအချို့နှင့် အိမ်နီးနားတွေလည်း အေးသောင်နား ရောက်လာနေကြသည်။

အေးသောင် စကားအဆုံးမှာ ဒေါ်ဥက သူ့စကားကို အယုံအကြည်မရှိ၍ ...

"ငပေါ - ငါက တကယ်မှတ်လို့ နား ယောင်နေတာ"

ဟုပြောပြီးဆန်ဆေးအိုးကိုနားထောင်နေသောကလေးများဒေါ်ဥစကားကြောင့် တဟားဟား ဝိုင်းရယ် လိုက်ကြ၏။

လူကြီးတစ်ယောက်ကမူ တွေး တွေးဆဆနှင့် ...

"ဟေ့ကောင် - မင်းမျက်စိအောက်တင် လိပ်ပုပ်က ကျောက်ဖြစ်သွားတယ်ဆိုတာ မင်း တကယ် တွေ့ခဲ့မြင်ခဲ့လို့ပေါ့ နော်"

"ဟာ - ဘကြီးသာရင်ကလည်း မဟုတ်ဘဲနဲ့တော့ ကျွန်တော်က လူကြီးတွေကို မုသာဝါဒ လိမ်ပြောမလားဗျ။ တကယ်ပါဆို - ကျွန်တော် မျက်စိအောက်တင် လိပ်ပုပ်က ကျောက်လိပ် ဖြစ်သွားပါတယ်ဆို"

အေးသောင်စကားပင် မဆုံးလိုက်ရ စောစောက ဒေါ်ဥပြောလိုက်သောစကားကို သံယောင်လိုက်ပြီး ကလေးတစ်ယောက်က မကြားတကြား ...

"ငပေါ"

ဟု ပြောလိုက်သောအခါ ကလေးများက ဝိုင်းရယ်လိုက်ကြပြန်သည်။

ဦးသာရင်ဆိုသော လူကြီးကမူ ကလေးတွေဆီ မျက်စောင်းလှမ်းထိုးလိုက်ပြီး -

"ဟဲ့ - ကောက်နာလေးတွေ သွားကြစမ်း။ ရပ်မှာ ရွာမှာ တစ်ခုခုဆို သူတို့ပဲ ရှေ့ကတော့ကောင်လေးတွေ - သွားကြစမ်း၊ ပြောနေ မကြားဘူးလား။ ဟိုကောင် ငနီးသားလားဟေ့၊ ပေစောင်းစောင်း လုပ်နေသေးတယ်၊ သွားကြစမ်းဆို မသွားကြသေးဘူးလား"

ဦးသာရင်က အနားရှိတုတ်ပိုင်းတစ်ပိုင်းကိုငုံ့ကောက်လိုက်သောအခါ ကလေးများ ထွက်ပြေးသွားကြသည်။



"ငါ့တူ - အေးသောင်၊ မင်း - မင်း အဲ့သလို တွေ့ခဲ့တာ ဘယ်မှာလဲကွ"

ဟု ဦးသာရင်က အေးသောင်မျက် နှာ စေ့စေ့ကြည့်ပြီး မေးလိုက်၏။

"အင်ဖက်တောင်မှာလေ - ဘကြီး၊ ကျွန်တော်တော့ဗျာ တကယ်အံ့ရောဲ"

"ဟာ - အေးသောင် ပြောတာ ဟုတ် နိုင်တယ်ဗျို့၊ အရင် ဟိုနှစ်တွေတုန်းက ဆေးဆရာနှစ်ယောက် အဲဒီကျောက်လိပ်ကိုပဲ မေးမေးပြီး ပျောက်သွားကြတာ၊ ဦးသာရင်လည်း မှတ်မိမှာပဲ၊ ကေန္တ အဲဒီကျောက်ရုပ်လိပ်ဝမ်းဗိုက်ထဲ ရွှေငွေတွေများရှိနေလားမသိဘူးနော်၊ အဲဒီကျောက်လိပ် ဘယ်လောက်ကြီးလဲကွ အေးသောင်ရာ"

ခါတိုင်းဆိုလျှင် "ဟေ့ကောင်ပါကြီး - ငပေါ" ဟု ခေါ်နေကျ ဦးဘကျော်ကလည်း သူ့အတွေးနှင့်သူ အေးသောင် ကို ဤတစ်ခါတော့ အရေးတယူ မေးလာ၏။

ထိုအချိန်တွင် ဦးသာရင် မောင်းလွှတ်လိုက်သော်လည်း ကလေးများက သူတို့လည်း သိချင်ကြားချင်ကြသဖြင့် သူတို့၏ ဂျင်ပေါက်ရာ ကျည်းသားရိုက်ရာသို့ ပြန်သွားကြသေးဘဲ အနီးအနား အိမ်ကြိုအိမ်ကြားက နားစွင့်နေကြရာ ဦးဘကျော်ဆီက ရွှေငွေဟူသော စကားကို ကြားလိုက်ရသောအခါ ...

"ကိုပေါကြီး - အေးသောင်၊ အင်ဖက်တောင်က ရွှေလိပ်ကြီးတစ်လုံး ရလာလို့တဲ့ ဗျို့"

ဟု တစ်ယောက်တစ်ပေါက် အော် ဟစ်ကာ အိမ်ကြိုအိမ်ကြားမှ ထွက်ပြေးသွားကြပြန်သည်။ ထိုအခါ မောင်ပေါ အင်ဖက်တောင်က ရွှေလိပ်ကြီးတစ်လုံး ရလာသည် ဆိုသော စကားမှာ တစ်ရွာလုံး ချက်ချင်းပျံ့နှံ့သွားလေသည်။

ထိုအချိန်မှာပင် ဦးဘကျော်၏စကားကိုချက်ချင်းသတိရသွားသောဦးသာရင်က တွေးတွေးဆဆနှင့် ...

"အေးသောင် - ကိုဘကျော်ပြောသလို အဲဒီကျောက်လိပ်ဗိုက်ထဲ ရွှေငွေတွေများ တကယ်ရှိနေလား မသိဘူး ကွ။ မင်း တစ်ခါတည်း ဘာလို့ထမ်းချမလာခဲ့ လဲ"

"ဟာ - ဘကြီး၊ ကျွန်တော်ကလည်း ဘယ်နေလိမ့်မတုံးဗျ။ ရွာမှာ ထူးထူးဆန်းဆန်းပြရအောင် ကောက်ထမ်းလာမလားလို့ မ,ကြည့်တော့ ဘယ်လိုမှ မ,မရဘူး နှစ်ခါ သုံးခါတောင် မ,ကြည့်ခဲ့တယ်၊ ဘယ်လိုမှ မ,မရလို့ ထားခဲ့ရပါတော"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - အေး - ဒါဆို တကယ်ထူးဆန်းတာပဲဗျ။ လာ - လာ - အဲဒီကို တို့ မြန်မြန် လိုက်ကြရအောင်"

ဦးဘကျော်မှာ သူ စောစောက တွေးထင်လိုက်သည့်အတိုင်း ကျောက်လိပ်ဗိုက်ထဲ တကယ်များ ရွှေငွေတွေ ရှိနေမလားဟူသော အတွေးနှင့် ရှေ့သို့ ခြေလှမ်း လှမ်း လိုက်ရာ ဦးသာရင်နှင့် အေးသောင်တို့မှာလည်း အင်ဖက်တောင် ရှိရာဘက် ချက်ချင်း အပြေးလိုက်ကြရလေသည်၊

ထိုအခါ ကလေးတွေ အော်ပြေး သွားကြ၍ နားစွန်နားဖျားကြားပြီး လိုက်လာကြသော ရွာသားကြီးတွေမှာ ဦးသာရင်တို့သုံးယောက် အင်ဖက်တောင်ဆီ အပြေးသွား နေကြသည်ကို မြင်လိုက်ကြရသောအခါ တကယ်ရွှေလိပ်ကြီး တွေ့ထားခဲ့ကြရ၍သာ အပြေးသွားနေကြသည် အထင်နှင့် ...

"ဟေး - ဟေး - ဟေးလူတွေ ရွှေလိပ်ရရင် တို့ကိုလည်း မမေ့ကြပါနဲ့ဗျို့ အနည်း အပါးတော့ ပေးကြပါ"

ဟု အော်ပြောသော အေးသောင်၊ ငပေါတို့နောက် ပြေးလိုက်လာကြပြန် ၏၊

နောက်က အော်လိုက်လာကြသော ထိုအသံဗလံတွေကို ကြားနေရသော အခါ ငပေါ အေးသောင်က ...

"ဘကြီး - ကျောက်လိပ်ကိုပထမဦးဆုံး ကျွန်တော်တွေ့ခဲ့တဲ့လူနော်၊ တကယ်လို့ ဦးလေးဘကျော် ပြောသလို လိပ်ဗိုက်ထဲက ရွှေငွေရမယ်ဆိုရင် ကျွန်တော့်ကိုတစ်ဝက် တော့ ပေးရမယ်နော်၊ ရေအဆုံး ကုန်းအဝက်ဆိုတာ အစဉ်အလာ ရှိပါတယ်နော်၊ ကျွန်တစ်ဝက်ကို ဘကြီးတို့နှစ်ယောက်နဲ့ ခုရွာက ပြေးလိုက်လာနေကြတဲ့ လူတွေ အညီအမျှ ခွဲဝေယူကြပါ"

"အောင်မာ၊ ဟော့ကောင် - လူပေါ၊ ဒါကျတော့ မင်းက တယ်သိတတ်ပါလား၊ မင်း မင်းတွေ့ခဲ့တာက ရွှေလိပ်မဟုတ်ဘူးကွ၊ ကျောက်လိပ်ပဲ၊ ငါကသာ ထိုးထွင်းဉာဏ်နဲ့ စဉ်းစားပြီး လိပ်ဗိုက်ထဲ ရွှေငွေ ရှိနိုင်တယ်လို့ ဦးဆုံး နိမိတ်ဖတ်တဲ့လူ ကွ၊ ရချင်းရရင် ငါကသာ တစ်ဝက် မရ သင့်ဘူးလား"

အေးသောင် လူပေါ၏ စကားကို ဦးဘကျော်က ကန့်ကွက်စကား ဆိုလိုက်ပြန် ၏၊



"ငါ့တူ - ဒါလည်း ဟုတ်တော့ ဟုတ်တယ်ကွ၊ ကိုဘကျော်က ပြောလိုက်လို့သာ ကျောက်လိပ်ဗိုက်ထဲ ရွှေရှိနိုင်တယ်ဆိုတာ ငါတို့ သိခဲ့ရတာကိုး၊ ဒါပေမဲ့ - ကိုဘကျော် ပြောတာလည်း မဟုတ်သေးဘူး၊ တို့ပထမဦးဆုံး သုံးယောက်တိုင်ပင်ပြီး လာကြတာ မို့ တို့သုံးယောက်ကတော့ အညီအမျှပဲ ယူကြရမှာ၊ ကျန်တာကတော့ ခုပြေးလိုက် လာကြတဲ့လူတွေကိုလည်း တစ်ယောက် တစ်မူးသား တစ်ပဲသားလောက်စီ ပေးလိုက် ကြရင် သူတို့လည်း ကျေနပ်ကြမှာပါ၊ ဘကြီးပြောတာ ဘယ့်နှယ်လဲ၊ တရားနည်းလမ်း ကျပါတယ်ကွနော်"

အင်းဖက်တောင်ကို အပြေးလာနေကြသော ဦးသာရင်၊ ဦးဘကျော်နှင့် အေးသောင် ငပေါတို့မှာ ပြေးရင်းလွှား ရင်းကပင် ရွှေငွေစုခွဲရေးကို သူ့အထင် ကိုယ့် အထင် ပြောလာကြသလို သူတို့ နောက်ကို ပြေးလိုက်လာကြသော ရွာသားကြီးတွေ ကလည်း ...

"ရွှေလိပ်ရရင်တော့ ကျုပ်တို့ကိုလည်း မျှပေးကြရမယ်နော်၊ ဗျို့ - ဗျို့ - ရှေ့က သွားနေကြတဲ့လူတွေ ကျုပ်တို့ပြောတာ ကြားလား၊ ရွှေလိပ်ရရင် ကျုပ်တို့ကိုလည်း ရသလောက်တော့ ပေးရမယ်နော်"

ဟု အော်ပြောရင်း အုပ်လိုက် ပြေး လိုက်လာကြသည်၊

သည်လိုနှင့် စောစောက ကျောက်လိပ်တွေ့ခဲ့ရသည်ဆိုသော နေရာသို့ ဦးသာ ရင်တို့သုံးယောက် အရင်ရောက်လာကြသည်၊ ထိုအခါ အေးသောင်ငပေါက မတ် တတ်ရပ်ပြီး ဟိုဟိုဒီဒီ ကြည့်နေပြန်ရာ ...

"ဟင် - ငါ့တူ၊ မင်း ကျောက်လိပ် တွေ့ခဲ့တယ်ဆိုတဲ့ နေရာက ဘယ်နေရာလဲ၊ ကျောက်လိပ်ကြီး တွေ့ခဲ့တဲ့နေရာ မြန်မြန်ပြလေကွာ၊ အဲဒါမှ နောက်က ပြေးလိုက်လာ ကြတဲ့ လူတွေကို တို့တစ်တွေ စောစောကပင် ရထားကြပြီးဆိုတာ အထုပ်အထည် ဖြင့် ပိုင်ပိုင်နိုင်နိုင်ပြောလို့ ဆိုလို့ ရကြမှာကွ၊ နို့မို့ရင် ငါတို့စောစောက ပြောခဲ့ကြသလို သို့တစ်ဖက်က တစ်ဝက်ယူပြီး ကျန်တစ်ဝက်ကိုတော့ ရွာသားတွေကို ဝေပေးကြရ သိမ့်မယ်၊ မြန်မြန်လုပ်ကွာ - ဘယ်မှာလဲ မင်း တွေ့ခဲ့တဲ့ ကျောက်လိပ်"

မတ်တတ်ရပ်ပြီး ဇဝေဇဝါနှင့် ဟိုကြည့် ဒီကြည့်လုပ်နေသော အေးသောင် ငပေါ ကို ဦးသာရင်က အလျင်စလို မေးလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ကောက်ထမ်း မ,မရလို့ ထားခဲ့တဲ့နေရာကတော့ ဒီဆင်ဝေပုတ်ရင်းမှာပဲ – ဘကြီး၊ ကျွန်တော် သေသေချာချာကို မှတ်မိပါတယ်"

"ဒါဆို ခု မတွေ့ပါလားကွ"

ဦးဘကျော်ကမူ အေးသောင်ကို သံသယစိတ်နှင့် စူးစူးစိုက်စိုက်ကြည့်ပြီး အသံမာမာနှင့် မေးလိုက်၏။

သူ့အထင်မှာ စောစောက ဦးသာရင်နှင့် သူတို့က ကျောက်လိပ်ထဲက ရွှေတွေတို ဦးသာရင်နှင့် သူကလည်း အညီအမျှရသင့်သည်ဆိုခြင်းကို မကျေမနပ် ဖြစ်သွား၍ တမင်သက်သက် ဇဝေဇဝါ လုပ်ပြနေသလားအထင်နှင့် ခပ်ဆတ်ဆတ် မေးလိုက်ပြန်၏။

"ဟော့ကောင် – ဘယ်မှာလဲကွ ကျောက်လိပ်၊ မင်း ပြောတော့ ဒီဆင်ဝေ ပုတ်ခြေရင်းမှာဆို"

ဦးဘကျော်က အေးသောင် စောစောက လက်ညှိုးထိုးပြရာကို ကိုယ်ထိလက်ရောက် သွားကိုင်မွှေနှောက်ကြည့်ပြီး ပြောနေပြန်၏။ သူ့အထင်မှာ အေးသောင် ငပေါသည် စောစောက ကျောက်လိပ်သာဖြစ်ပြီး ကျောက်လိပ်ဗိုက်ထဲ ရွှေရှိမည် မထင်သဖြင့် အမှန်အတိုင်း ပြောလိုက်ရာ ယခု ကျောက်လိပ်ဗိုက်ထဲ ရွှေရှိသည်ဆိုသောအခါ သူတစ်ယောက်တည်း နောက်မှသွားယူရန်အကြံနှင့် တမင်ဇဝေဇဝါ လုပ်ပြနေသည်ဟု သံသယဝင်တော့၏။ ထို့ကြောင့် ...

"ဟော့ကောင် – မင်း ပြောတုန်းကတော့ ပြောပြီး ခု ကျောက်လိပ်ဗိုက်ထဲ ရွှေရှိတယ်ဆိုမှ ယီးတီးယားတားတော့ မလုပ်နဲ့နော်၊ ငါ့အကြောင်းလည်း မင်း သိသားနဲ့"

ရပ်ရွာမှာ ထိတ်ခနဲဆို လက်ပါတတ်သူ ဦးဘကျော်က ထိုသို့ ပြောလိုက်ရာ အေးသောင်ငပေါခမျာ ...

"ကျွန်တော် အမှန်ပြောတာပါ – ဦးလေး၊ ကျောက်လိပ်က ဟိုဘက်က တွားလာတာ၊ ဒီဆင်ဝေပုတ်နားရောက်လို့ ကျွန်တော့်ကိုမြင်မှ ဝပ်ချပြီး ကျောက်ဖြစ်သွား ..."

"ကိုဘကျော် – အေးသောင်ပြောသလိုဆို အရှင်က အသေကျောက်ဖြစ်သွားတယ်ဆိုတော့ အေးသောင် ရှာပြန်လာနေတုန်း ဒီကောင် ပြေးပြီနေ့တူတယ်ဗျ။ ဒီနားသပိုက်ကို မြန်မြန်ရှာကြမှ၊ ဒါမှ နောက်က လိုက်လာကြတဲ့လူတွေကို ပြောလို့ရမှာ၊ သူတို့ ရောက်မလာမီ ရွှေလိပ်ကို ကျုပ်တို့ တွေ့ထားဖို့ အရေးကြီးတယ်နော်"

ဦးသာရင်က တွေးတွေးဆဆ ပြောပြန်၏။

"ဘကြီးပြောတာ ဟုတ်မယ်ဗျ၊ ကျောက်လိပ်က အရှင်ဆိုတော့ ပြေးပြီနဲ့ တူတယ်၊ ဒါပေမဲ့ – ဒီကောင် ဝေးဝေးလံလံတော့ ပြေးနိုင်မှာ မဟုတ်သေးဘူး၊ ဒီနားတစ်ဝိုက်မှာ ရှိကို ရှိနေဦးမှာ၊ မြန်မြန်ရှာကြရအောင်၊ အတော်ကြာ ဟိုလူတွေ ရောက်လာကြတော့မှာ"

"ဟုတ်တယ်ဟ – အဲဒါမှ အားလုံး ညီတူမျှတူ ဝေကြရမယ်ဆို ကျုပ်တို့ ဘယ်လောက်မှ ရကြမှာမဟုတ်ဘူး၊ မင်း တွေ့ခဲ့တယ်ဆိုတဲ့ ဒီနေရာတော့ အမှန်ပဲကွနော် – အေးသောင်"

ဦးဘကျော်မှာ ယခုထိ အေးသောင်အပေါ် မယုံသင်္ကာစိတ်နှင့် ဘယ်ပတ်ဝန်းကျင်တိုမှ ရှာဖွေရန်မလုပ်သေးဘဲ အေးသောင်ကိုသာ မဲပြီးမေးနေ၏။

"တာ – ဦးလေးကလည်း အရေးထဲ ဟုတ်ပါတယ်ဆို၊ ကျောက်လိပ်ကို မြန်မြန် ရှာကြပါမယ်ဆိုမှ"

သူ အမှန်တကယ်တွေ့ခဲ့သောနေရာမှာ ကျောက်လိပ်ကို မမြင်ရတော့သဖြင့် အချော်ပိတ်တိုဖွာနှင့် အေးသောင် ငပေါက ဤတစ်ခါတော့ ဦးဘကျော်ကိုပင် မအော်ငေး မြန်အော်ပြီး သူ တွေ့ခဲ့သောနေရာမှ လေးဝါးလံကို ခြေလှမ်း ရောက်သွားပြီး ကျောက်လိပ်ကို ရှာနေ၏။ ထိုအခါ ဦးဘကျော်နှင့် ဦးသာရင်တို့မှာလည်း လှုံ့ဆော်၍ ကျောက်လိပ်ရှိမည် ထင်ရာတွေကို လိုက်ရှာနေကြရပြန်၏။

သည်လိုနှင့် မကြာမီပင် ရွှေဖောကပ်၍ နောက်က ပြေးလိုက်လာကြသော လူသားကြီးများ သူတို့ရှိရာကို ရောက်လာကြတော့သည်။ ရောက်လာသူများ ကလည်း ...

"ဘယ်မှာလဲဗျို့ – ရွှေလိပ်၊ ခုမှ ခင်ဗျားတို့က ကျုပ်တို့ကို ဝေစုပေးရမှာစိုးလို့ ယုတ္တိမရှိအောင် တိုလှန် သည်ရှာ လုပ်နေကြတာလားဗျ။ ရွှေလိပ်ကို အခုတော့ ခင်ဗျားတို့ တစ်ဘက်တည်း အပိုင်စီးမလို့ ဝှက်ထားလိုက်ကြပြီ ဟုတ်"





www.burmeseclassic.com

www.burmeseclassic.com

"အဲသလို အပိုင်စီးချင်လို့တော့ ဘယ်ရမလဲဗျ။ ဒီအင်ဖက်တောင်က ကျုပ်တို့ တစ်ရွာလုံးပိုင်တဲ့တောင်၊ ဒီတောင်က လိပ်ဆို ကျုပ်တို့ တစ်ရွာ ..."

"ဟေ့လူ – ခင်ဗျား ပေါက်ကရလာပြောနေမယ့်အစား ကျောက်လိပ်ကြီးကိုတွေ့အောင် မြန်မြန်တော့ ဝင်မရှာဘဲနဲ့ ဘာတောပြောတောင်ပြောတွေ လာပြောနေတာလဲ၊ ကျုပ် တွေ့ခဲ့တဲ့ ကျောက်လိပ်က အရှင်ဗျ။ အရှင် – အရှင် – ခင်ဗျားတို့ အုတ်အော်သောင်းတင်း ပြေးလိုက်လာကြတဲ့ အသံကိုကြားလို့ ခုပြေးပြီ၊ ဒီကျောက်လိပ်ကိုရှာရရှင်ခင်ဗျားတို့တရားခံပဲ။ သောက်မှန်းကန်းမှန်းမသိဘဲ လူကိုလာဟောက်နေသေးတယ်"

ရွာသားတစ်ယောက်ကို ဤတစ်ခါတော့ စိတ်တိုတိုနှင့် အေးသောင်ငပေါက ပြန်ဟောက်တော့၏။

"တေ – တော့ကျောက်လိပ်ဆိုပါလား၊ ဗျို့ – ဟိုငနာလေးတွေ အော်သွားကြတာက ရွှေလိပ်ဆိုတွ"

"ဟုတ်တယ် – ရွှေလိပ် – ရွှေလိပ် – ဒီနားတစ်ဝိုက်ကို မြန်မြန်ရှာကြပါဆို"

ဤတစ်ခါတော့ ရပ်မှာရွာမှာ ဩဇာကြီးသူ ဦးသာရင်ကပါ အော်လိုက်တော့ ထိုရွာသားကြီးမှာ ပါးစပ်ပိတ်သွားပြီး ဦးသာရင်တို့နှင့်အတူ ကျောက်လိပ်ကို ဝိုင်းရှာကြရသည်။

သို့သော် ရွာသားကြီးတွေ တစ်ရွာလုံးနီးပါး ကျောက်လိပ်ရှင်ကို အင်ဖက်တောင်တွင် လိုက်ရှာကြသော်လည်း မိုးသာချုပ်သွားသည် ဘယ်နေရာမှာမှ ရှာမတွေ့တော့ပေ၊ ထိုအခါ မိုးလည်း ချုပ်သွားပြီဖြစ်သဖြင့် ဆက်မရှာကြတော့ဘဲ ရွာပြန်လာကြရသည်။

သူ တွေ့ခဲ့သော ကျောက်လိပ်မှာ အရှင်ဆိုသဖြင့် အပြန်လမ်းမှာတော့ အေးသောင် ငပေါကို ဘယ်သူမှ အပြစ်တင်စကား မဆိုကြတော့ပေ၊ နောက်တစ်နေ့ ဆက်ရှာကြရန်ကိုသာ တိုင်ပင်နီးနှောလာကြရသည်။

သူတို့ တိုင်ပင်နီးနှောထားကြသလိုပင် နောက်တစ်နေ့မှာလည်း ကျောက်လိပ်ရှင် ရှာဖွေသူတွေမှာ မိန်းမ၊ ကလေးများပင်ပါလာပြီး ရှာကြပြန်သော်လည်း အင်ဖက်တောင်မှာကား ထိုကျောက်လိပ်ရှင်၏ အရိပ်အယောင်ကိုပင် မမြင်ကြရသဖြင့် စိုပြားရွာသားလုံးတို့မှာ လက်လျှော့လိုက်ကြရသည်။

အကြောင်းအမျိုးမျိုးကြောင့် ကျောက်လိပ်ရှင်ရှာရာသို့ မပါမိကြသူတွေကတော့ ...

"အေးသောင်ငပေါထက် ပေါတဲ့လူတွေ အင်ဖက်တောင်မှာ ရွှေလိပ်ရှင် သွားရှာကြတာဆို၊ ဘယ့်နှယ်လဲဗျို့ – တစ်ယောက် ဘယ်နကျပ်သားစီလောက် ရွှေလိပ်ရှင်ရသတော့ ကံ မကောင်း မရထိုက်လို့၊ အဲဒီအချိန်တုန်းက ရွာမှာမရှိတာ နာတယ်ဗျို့"

ဟု သရော်မော်ကား နောက်ပြောင်ကြလေသည်။

သည်လိုနှင့် အေးသောင်ငပေါ အင်ဖက်တောင်မှာတွေ့ခဲ့သည်ဆိုသော ကျောက်လိပ်ရှင်အကြောင်းကို မည်သူမျှ စကားလုပ်မပြောကြတော့ဘဲ လေးငါးနှစ်ခန့်ကြာသွားသည်။ ထိုအခါ လူတွေမှာ အေးသောင်ငပေါတွေ့ခဲ့သည်ဆိုသော အင်ဖက်တောင် ကျောက်လိပ်ရှင်အကြောင်းကို အားလုံးမေ့မေ့ပျောက်ပျောက် ဖြစ်သွားကြလေသည်။

သို့သော် ...

❀

ဤတစ်ခါတော့ စိုပြားရွာသား ဦးစံမောင် အင်ဖက်တောင်က ကျောက်လိပ်တစ်လုံးရလာသည်ကို မည်သူမျှ အုတ်အော်သောင်းတင်း မဖြစ်လိုက်ကြရ၊ ကျောက်လိပ်ကို ဦးစံမောင် အင်ဖက်တောင်က ထမ်းချလာပြီး အိမ်ပေါ်ရောက်တော့မှ သိကြရသည်။

ထိုအခါ အေးသောင်ငပေါက တစ်စခန်း ထလာပြန်၏။

"ကျုပ်ကို အရူးလုပ်ကြတဲ့ လူတွေ၊ ကဲ – ခု အဘစံမောင် အင်ဖက်တောင်က ကျောက်လိပ်တစ်လုံးရလာတာ ခင်ဗျားတို့ အမြင်ပဲလေ၊ ဘာပြောချင်ကြသေးလဲ၊ ကျုပ်ပြောတုန်းကတော့ ခင်ဗျားတို့ မယုံခဲ့ကြဘူး"





www.burmeseclassic.com

www.burmeseclassic.com

ဟု သူ့အား နောက်ပြောင်ဖူးကြသူများကို စကားနာထိုး ကလဲ့စားစကား တွင်တွင်ပြောပြီး ဦးစံမောင်အိမ်သို့ ကျောက်လိပ်ကြည့်ရန် သူ ရောက်လာသည်။

ဦးစံမောင် ရလာသော ကျောက်လိပ်ကို ဝိုင်းကြည့်နေကြသူတွေက ...

"အေးကွ - မောင်အေးသောင်၊ မင်းအင်ဖက်တောင်မှာ အရင်လေးငါးနှစ်လောက်က တွေ့ခဲ့ရတယ်ဆိုတဲ့ ကျောက်လိပ်ရှင်က အခု ဦးစံမောင် ရလာတဲ့ ကျောက်လိပ်နဲ့ ထူးလား ကြည့်စမ်းပါဦး"

ဟူသော ပြောနိုင်ကြတော့သည်။

ဦးစံမောင်၏ ကျောက်လိပ်ကြီးကို ဝိုင်းကြည့်နေကြသော လူအုပ်ကြီးကလည်း ဤတစ်ခါမှာတော့ အေးသောင်ကို လေးလေးစားစား ဖိတ်ခေါ်ကြ၏၊ အေးသောင်ဝေ လေ့လာကြည့်ရန် လူအုပ်ကြီးကလည်း သူ့ကို လမ်းရှဲပေးကြ၏။

ထိုအခါ အေးသောင်က ဦးစံမောင်၏ ကျောက်လိပ်ကို လူတတ်ကြီးတစ်ဦးပမာ သေသေချာချာ ပွတ်သပ်မှောက်လှန်ကြည့်ပြီး ...

"ကျုပ် တွေ့ခဲ့တဲ့လိပ်က ဒီထက်ကြီးတယ်ဗျ၊ အဲဒါကြောင့်မို့ ကျုပ်တောင် ထမ်းမနိုင်ခဲ့ပါဘူးဆို၊ ခုလိပ်က သေးပါတယ်"

ဟု ကိုလူဝါက ခပ်တည်တည်နှင့် ဆရာကြီးလုပ်ပြီး ပြောလိုက်၏။

သူ ပြောသည်မှာ မှန်၏။ ယခု ဦးစံမောင် ရလာခဲ့သော ကျောက်လိပ်မှာ အစိအစုံအလင် ပါရှိသော်လည်း အေးသောင် တွေ့ခဲ့သော ကျောက်လိပ်လောက် မကြီးပေ၊ အုန်းသီးလုံးလောက်သာ ရှိလေသည်။

အေးသောင်စကားကို ကြားရသောအခါ ရွာသားကြီးတစ်ယောက်က ...

"ဒါဆို မင်း တွေ့ခဲ့တဲ့ နောက်ထပ်ကျောက်လိပ်တစ်လုံး အင်ဖက်တောင်မှာ ရှိနေဦးမှာပေါ့နော်"

"ရှိမှာပေါ့ဗျ၊ ဟိုတုန်းက တစ်ရွာလုံး အုတ်အော်သောင်းတင်းဖြစ်ပြီး ပြေးလိုက်လာကြသံကြားတော့ ကျောက်လိပ်ကြီးလည်း ကြောက်ပြီးထွက်ပြေးသွားတာနေမှာပေါ့၊ တကယ်လို့ အဲဒီတုန်းက အဲသလိုသာ အုတ်အော်သောင်းတင်း မဖြစ်ခဲ့ကြဘူးဆိုရင် ဘကြီးသာရင်တို့ ကျုပ်တို့ အဲဒီလိပ်ကြီးကို ရခဲ့ကြရမှာ သေချာတယ်၊ တိတ်တိတ်ဆိတ်ဆိတ် သွားယူမယ့်ဥစ္စာ ကျုပ်ကလည်း မသိလို့ ရွာဆော်သလို ပြောမိ



ဘယ်၊ တစ်ရွာလုံး အုတ်အော်သောင်းတင်းနဲ့ ပြေးလိုက်လာကြတော့ ဘယ်ရတော့မလဲဗျ၊ ကျောက်လိပ်နဲ့ ထိုက်တန်တဲ့လူက ကျုပ် တစ်ယောက်တည်းရယ်လေဗျာ၊ ထိုက်တန်တော့ တစ်ရွာလုံးသားတွေ နဲ့ မထိုက်တန်လို့ လိပ်က ထွက်ပြေးသွားခဲ့တာ၊ ဒီလိုဥစ္စာပစ္စည်းဆိုတာ ထိုက်တန်တဲ့ လူ့ပဲရ ..."

"မင်းပြောတာ မှန်လိုက်လေကွာ၊ ဒီလိုပစ္စည်းမျိုးဆိုတာ လူသိရှင်ကြားလုပ်လို့ ဘယ်ဖြစ်မလဲ၊ စည်းပေါက်တယ်ခေါ်တယ်၊ စည်းပေါက်တော့ ထိုက်တန်တဲ့လူပါ ထွက်ပြေး၊ အဲဒါနဲ့ မင်း တွေ့ခဲ့တဲ့လိပ်နဲ့ ခု ဦးစံမောင်ရလာတဲ့လိပ် အရောင်အသွေးကော တူရဲ့လား၊ ဘယ့်နှယ်လဲ ..."

ဟု ရွာသားတစ်ဦးက လိပ်ပိုကာ ဖွင့်နေသော အေးသောင်ပေါ်ကို အမြင်ကပ်သဖြင့် သူ့စကားမဆုံးမီပင် ဝင် မေးလိုက်၏။

ထိုသို့ သူ့စကားမဆုံးမီ ဖြတ်မေးလာသောသူအား အေးသောင်က မျက်စောင်းတစ်ချက် ရိုက်လိုက်ပြီး ထိုသူမှာ အေးသောင် ကျောက်လိပ်တွေ့တုန်းက ရွာ၌ ရှိသူမဟုတ်ဘဲ၊ ဂန့်ဂေါဘက်ရှိ သူ့ယောက္ခမအိမ်သွားနေသော ကိုအောင်လူ ဖြစ်သည်၊ သူ နောက်ပိုင်းတ ပြန်လာသောအခါ အေးသောင်၏ ရွှေကျောက်လိပ်အကြောင်းကို ကြားသဖြင့် အေးသောင်အား ...

"မင်း ရွှေကျောက်လိပ်ကြီးကို အင်ဖက်တောင်မှာ နောက်ထပ်သွားမရှာတော့ဘူးလား၊ အမှန်က မင်းနဲ့ထိုက်လို့တွေ့တာနော်၊ အဲဒါ မင်း မကြာမကြာ အင်ဖက်တောင်သွားပြီး ရွှေလိပ်ကြီးကို ရှာသင့်တာပေါ့"

ဟု ထိုစဉ်က သူ့ကိုတွေ့တိုင်း သရော်မော်ကား ပြောခဲ့သူ ဖြစ်သည်။

ထို့ကြောင့် ယခုမှ တလေးတစား အရောဝင်ပြီး အဆင်းတွေ့ မေးလာသော ကိုအောင်လူကို အေးသောင်က ...

"ဘယ်တူမလဲဗျ၊ ခု ဦးစံမောင် ရလာတဲ့လိပ်က အရောင်မွဲခြောက် ခြောက်ရယ်၊ ကျုပ်တွေ့ခဲ့တဲ့လိပ်က ရွှေလိပ်ဗျ၊ အရောင်ကို ဝင်းပြောင်နေတာ"

ဟု အရွဲ့တိုက် ပြောပစ်လိုက်၏။

သို့သော် ဤတစ်ခါတော့ အေးသောင်စကားကို မည်သူမျှ ရယ်ပွဲမဖွဲ့ဝံ့ကြတော့၊ ဦးစံမောင် ရလာသော ကျောက်လိပ်မှာ ယခု လူတွေ အများကြီး လာကြည့်ရတြ



www.burmeseclassic.com

www.burmeseclassic.com

၍သာ ကျောက်ဖြစ်နေသော်လည်း တစ်နေ့ကျ တစ်လုံးလုံး ရွှေဖြစ်လာမည့် လိပ်များလားဟု အေးသောင်စကားကိုကြားလိုက်ရမှ ဦးစံမောင်၏ကျောက်လိပ်ကိုလူတွေကပိုပြီး ဂရုတစိုက်ကြည့်လာကြပြန်၏။

အမှန်က လူတွေသာမဟုတ်၊ ကာယကံရှင် ဦးစံမောင်ကလည်း အေးသောင်၏စကားကြောင့် သူ့စိတ်ထဲမှာ ရွှေ ဖြစ်လာမည့်လိပ်၊ ထို့ကြောင့် ယခု လူတွေကို ဖြစ်လိုက်သည်ကပင် အမှားတစ်ခုခုများ ဖြစ်သွားလေပလားဟု စိုးရိမ်သောက ကြီးသွားပြန်သည်။

ထို့ကြောင့် နောက်ပိုင်းမှာ ဟိုလူလာကြည့်၊ သည်လူလာကြည့်ကြသည်ကိုပင် ကောင်းကောင်းထုတ်မပြချင် ဖြစ်နေ၏။ ဦးစံမောင် ထိုသို့ ဖြစ်မည်ဆိုကလည်း ဖြစ်ရာပင်။

ဦးစံမောင်အင်ဖက်တောင်က ရွှေလိပ်တစ်လုံး ရလာသည်ဆိုသော သတင်းမှာ တစ်ရက်၊ နှစ်ရက်ခန့်အကြာမှာပင် ရွာနီးချုပ်စပ်များကိုပါ ပြန့်နှံ့သွားလေသည်။ ထိုအခါ ရွာနီးချုပ်စပ်က ဆွေမျိုးများနှင့် ရွာလူကြီးတချို့လည်း ဦးစံမောင်၏ ကျောက်လိပ်ကို လာကြည့်ကြသည်။ ဆွေမျိုးများနှင့် ရွာနီးချုပ်စပ်များသာ မဟုတ်၊ နောက်တော့ မျက်နှာစိမ်းတွေပါ ပါလာကြပြီး ဦးစံမောင်၏ ကျောက်လိပ်ကို ငွေတစ်သိန်းပေးမည်ဟုပင် သုံ့စိမ်းတစ်ယောက် စကားခေါ်လာသည်။

ထိုအခါက ငွေတစ်သိန်းဆိုသည်မှာ နိုင်ငံတော်အစိုးရ၏ အောင်ပါလေ သိန်းထီကြီးပေါက်သလိုပင်၊ သို့သော် အေးသောင်ပြောသလို ကျောက်လိပ် တစ်လုံးလုံးသာ ရွှေဖြစ်လာလျှင်တော့ သိန်းပေါင်းကို ရာချီထောင်ချီ ရနိုင်လေသည်။

ဤအတွေးကြောင့် ဦးစံမောင်ကလည်း တစ်သိန်းနှင့်တော့ မရောင်းနိုင်ဘူးဟု ဆိုသောအခါ ဝယ်လိုသူက နှစ်သိန်းတက်ပေးသည်။ နှစ်သိန်းနှင့်လည်း ဦးစံမောင်က မရောင်းသေး။ သူ့လိပ် တစ်လုံးလုံးသာ တစ်နေ့နေ့ အေးသောင် ပြောသလို ရွှေဖြစ်လာပါက သိန်းပေါင်းကို ရာထောင်ချီ ရနိုင်မည် မဟုတ်ပါလား။

နောက်ဆုံးမှာတော့ ဦးစံမောင်၏ကျောက်လိပ်ကို ခြောက်သိန်းထိ ပေးဝယ်သူတွေက ပေးဝယ်လာကြပြန်၏။ ခြောက်သိန်းနှင့်လည်း ဦးစံမောင်က မရောင်းသေး။



သည်လိုနှင့် ကျောက်လိပ်ရပြီး နှစ်ပတ်ပင်မကြာ အရပ်ဝတ်အရပ်ဆင်နှင့် လူသုံးယောက် ဦးစံမောင်အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြသည်။ ဦးစံမောင် ကျောက်လိပ်တစ်လုံး ရထားသောသတင်းကြောင့် ကျောက်လိပ်ဝယ်ရန် ရောက်လာကြသူတွေဟု ဦးစံမောင်က ထင်လိုက်သည်။ သူတို့ကလည်း ဦးစံမောင်အိမ်ထဲ တန်းတန်းမတ်မတ် ဝင်လာကြပြီး ...

"ဦးစံမောင် အင်ဖက်တောင်က ကျောက်လိပ်တစ်လုံး ရထားတယ် ကြားတယ်၊ ဟုတ်ပါသလား ..."

သူတို့ထဲတွင် လူကြီးဟု ထင်ရသူ က ဦးစံမောင်ကို မေး၏။

"ဟုတ်ပါတယ်"

ဦးစံမောင်က တိုတိုပြတ်ပြတ်ပင် ဖြေ၏။

သူ့စိတ်ထဲမှာ ဒီကောင်တွေကတော့ ငါ့လိပ်ကို ဆယ်သိန်းအထိ ပေးဝယ်မယ့် အကောင်တွေနေမှာ၊ သူတို့ ကျောပိုးအိတ်ကြီးတစ်လုံးထဲမှာ ဆယ်သိန်းမကတောင် ငွေတွေ ပါမလားဟူသော အတွေးနှင့် ခပ်တင်းတင်းပင် နေပစ်လိုက်၏။

"ဤတစ်ခါ ဆယ်သိန်း ပေးလာလျှင်တော့ ရောင်းလိုက်လျှင် ကောင်းမည်လား" ဟူသော အတွေးမဆုံးမီမှာပင် ခေါင်းဆောင်ဟု ထင်ရသူက ...

"လုပ်စမ်းပါဦးဗျ၊ ကျောက်လိပ်ဆိုတာ ကျုပ်တို့လည်း တစ်ခါမှမမြင်ဘူးလို့ ကြည့်ရစေ"

"ခင်ဗျားတို့က ကျောက်လိပ်ဝယ်မယ့် ဧည့်သည်တွေလား၊ ဘယ်အရပ်ကလဲ"

"ဟား - ဟား - ဟား"

ဧည့်သည်သုံးယောက်က ရယ်မောပစ်လိုက်ကြသောအခါ ဦးစံမောင်မှာ ကြောင်သွားလေသည်။ ထို့ကြောင့် ဧည့်သည်သုံးယောက်၏ မျက်နှာကို ခပ်အမ်းအမ်းကြည့်နေမိစဉ် ...

"ကျုပ်တို့က ဝယ်မလို့ မဟုတ်ရပါဘူးဗျာ၊ မမြင်ဘူးလို့ ခရီးကြုံလာရင်း ပြောသံကြားတာနဲ့ ဝင်ကြည့်ကြမလို့ပါ"

သူ့ကျောက်●လိပ်ကို ကြည့်ရှုကြည့်ကြမည့် ဆိုသူများအား ထုတ်ပြသင့် မပြသင့် ဦးစံမောင် စဉ်းစားနေချိန်၌ပင် ...



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီးတို့ စိုပြားရွာ ဝင်သွားကြတယ်ကြားလို့ ကျွန်တော်လည်း တစ်ခုကိုစွဲ လိုက်လာတာ၊ လက်စသတ်တော့ ဆရာကြီးတို့က ဦးစံမောင်အိမ် ကျောက်လိပ်ကြည် ရောက်နေကြတာကိုး"

အနောက်ပိုင်းက ဦးရွှေထွန်း၏ စကားကို ကြားလိုက်ရသောအခါ ဦးစံမော ရှင်ခုန်သွားသည်၊

အနောက်ပိုင်းက ဦးရွှေထွန်းကိုမူ စကားသာ မပြောဘူးသော်လည်း မြင်ဖူး၊ ကြား ဖူးပြီး ပုံညာအနောက်ပိုင်းဘက်ကပဲ သိထားသည်၊ သူသည် အလံနီ ကွန်မြူနစ်များ နှင့်တစ်ခါတစ်ခါ ပါလာတတ်သူလည်း ဖြစ်သည်။ ထိုအခါမှ စောစောက ရောက်နေကြ သူသုံးယောက်မှာ အလံနီခေါင်းဆောင်များ ဖြစ်ကြောင်း မမေးဘဲနှင့် သိလိုက်ရ၏

ဦး တစ်ခါတော့ ဦးစံမောင်မှာ ချက်ချင်းဖောရွှေးတွေ ပြန်သွားသည်၊ သွားပြီ- သူ၏ကျောက်လိပ်ကို ခြောက်သိန်း ပေးဝယ်နေကြသည်ဟူသော သတင်းကို ကြား သဖြင့် အလံနီများသည် သူ့လိပ်ကို သိမ်းရန် ရောက်နေကြပြီ၊ စောစောကပင် ခြော သိန်းနှင့်သာ ရောင်းလိုက်ရလျှင် ...

"တဲ - ဦးစံမောင် လုပ်ဗျာ၊ ခင်ဗျား ကျောက်လိပ်ကို ဒီက ဆရာကြီးတွေ ကြည့် ရအောင် ကျုပ်တလည်း တစ်ခါမှ မမြင်ဘူးလို့ တကယ်လိပ်နဲ့ တစ်ထေရာတည်းဆို အတော်တော့ ထူးဆန်းတယ် ပြောရမှာပေါ့"

ဤတစ်ခါတော့ ဦးရွှေထွန်း၏ စကားမဆုံးမီပင် ဦးစံမောင်မှာ ကတုန်ကယင်နှ အိမ်တွင်းထဲရှိ လင်ပန်းနှင့် တရိုတသေသိမ်းထားသော ကျောက်လိပ်ကို သွားထုတ် ပြရလေသည်၊

"အေးဗျာ - ပကတိလိပ်အတိုင်းပဲဗျ၊ ထူးဆန်းတယ်လို့ပဲ ပြောရမယ် ..."

"မထူးဆန်းပါဘူးဗျာ၊ ကျောက်ဖြစ်ရုပ်ကြွင်းပါ၊ ဒါနဲ့ တစ်ခုကိစ္စက အရေးကြီ လား"

ဦးရွှေထွန်းက ထိုဆရာကြီးဆိုသူကို နှုတ်နှင့်မပြောဘဲ ခေါင်းသာညိတ်ပြပြီ မျက်နှာကလည်း ချက်ချင်းတည်သွား ရာ ဘယ်လိုရယ်၊ ဘာရယ်ဟုတော့ ဦးစံမော မသိ၊ ဆရာကြီးဆိုသူကမူ ကျောက်လိပ်ကို ကိုင်၍ပင်မကြည့်ဘဲ ...

"ဒါဆို ဦးရွှေထွန်းလာဗျာ"




စာပြောကာ အိမ်ပေါ်က မခုန်ချရုံတစ်မည် ဆင်းသွား၏၊ ထိုအခါ ဦးရွှေထွန်းနှင့် ကွန်မြူနစ်ယောက်မှာလည်း ကမန်းကတန်းနှင့် ဆရာကြီးဆိုသူနောက် ဆင်းလိုက်သွား ကြသည်၊ ဦးစံမောင်၏ ကျောက်လိပ်ကိုမူ လှည့်၍ပင် မကြည့်ခဲ့ကြတော့၊

ဦးစံမောင်မှာ ရေးကြီးသုတ်ပျာ ထွက်သွားကြသော ဦးရွှေထွန်းတို့အဖွဲ့ကို ငေး ကြည့်ကာ ကြက်သေ သေ၍ ကျန်ရစ်ခဲ့သည်၊

ညနေ သူ့မိန်းမ ယာခင်းက ပြန်လာ၏၊ ဦးရွှေထွန်းနှင့် ဆရာကြီးဆိုသူတို့ နေ့ခင်း က အကြောင်းကို သူ့မိန်းမအား ပြောပြရာ သူ့မိန်းမက ...

ထိုအခါ အံ့သြစရာတစ်ခု ဖြစ်လာပြန်သည်မှာ အင်ဖတ်တောင်မှာ စတွေ့ကြစဉ်က အဖြူရောင် ပြောင်ချောကျောက်လိပ်ကြီးမှာ ပကတိလိပ်တစ်ကောင်လို အရောင်ပြောင်းသွားပြီး လိပ်ကွတ် အကွင်း အကွင်းများ ပေါ်လာလေသည်။ ဤသည်ကို မျက်စိနှင့်တပ်အပ်မြင် နေရသော်လည်း ဤလိပ်သည် မိမိတို့အား မည်သို့အကျိုးပေးမည်လဲ၊ ဦးစံမောင်လိုပင် သူတို့လည်း ကြီးပွားကြတော့မည်လား အတပ်ထင်ကာ



www.burmeseclassic.com

www.burmeseclassic.com

"ဟင် – ဒါဆို ကျွန်မတို့လိပ်က သိန်းပေါင်းများစွာတန်လို့ သိမ်းယူဖို့ လာကြတာဖြစ်မယ်၊ ဘုရား – ဘုရား"

ဟု မျက်စိပျက် မျက်နှာပျက် ရေရွတ်လိုက်ပြီး ဦးစံမောင်မျက်နှာကို မော့ကြည့်တာ …

"ဟင် – ကိုစံ၊ ဒါဆို ကျွန်မတို့လိပ်ကို ရတဲ့ဈေးနဲ့ မြန်မြန်ရောင်းလိုက်ကြမှ ဖြစ်တော့မယ်၊ သူတို့ လာသိမ်းသွားရင် တစ်ပြားမှတောင် ရမှာမဟုတ်တော့ဘူး ရှင် အပင်ပန်းခံပြီး အင်ဖက်တောင်က ထမ်းလာတာပဲ အဖတ်တင်မယ်၊ ဒီတော့ မြန်မြန် …"

"သိမ်းမလို့တော့မဟုတ်ဘူးထင်တယ်ကွ၊ သိမ်းချင်ရင် သူတို့တစ်ခါတည်းသိမ်းသွားကြမှာပေါ့၊ တစ်ယောက်တည်း ဘာမှမထူးဆန်းဘူး၊ ကျောက်ဖြစ်ရုပ်ဆိုလား ကျောက်ဖြစ်ရုပ်ကြွင်းဆိုလားတော့ ပြောပြီး ကမန်းကတန်း အိမ်ပေါ်ကဆင်း …"

"ငါ သေချင်ပါတယ်နော်၊ အ,လိုက်တာ၊ နေ့ခင်းကြောင်တောင်ကြီး သူတို့ ဒီလိုလာသိမ်းသွားရင် ရပ်ကရွာက သူတို့ကို မတရားဘူးလို့မြင်မှာစိုးလို့ ပရိယာယ်လုပ်ပြီး ပြန်သွားကြတာလားမှ မသိတာ၊ ရှင်ပြောသလိုအနောက်ဘက်က ဦးရွှေထွန်းလည်း ပါလာတယ်ဆိုတော့ …"

"အေးကွ – မင်းပြောတာလည်းဖြစ်တော့ဖြစ်နိုင်တယ်၊ ပြီးတော့ – ဦးရွှေထွန်းက သူ့ဆရာကြီး ဆိုသူတွေကို ခေါင်းညိတ်ပြပြီး တစ်ခုကိစ္စလည်း ရှိသေးတယ်လို့ပြောတာ ငါလည်း နား မရှင်းဘူး"

"ရှင် – ဦးရွှေထွန်းက တစ်ခုကိစ္စ ပြောတယ်"

"ဟုတ်တယ် – အဲဒါ ငါနားကို မလည်တာ"

"သေလိုက်ပါတော့ ကိုစံရယ်၊ အဲဒါကြောင့် ရှင့်ကို တစ်ရွာလုံးက လူနုံ လူအလို့ ပြောကြတာပေါ့၊ တစ်ခုကိစ္စဆိုတာ ကျောက်လိပ်ကို လာသိမ်းမယ့်ကိစ္စကလွဲပြီး တခြားဘာကိစ္စများ ရှိဦးမှာလဲ – ကိုစံရဲ့၊ ခု ဘယ်လိုလုပ်ကြမလဲ၊ ညက သူတို့ တိတ်တိတ်လာသိမ်းကြမှာ ကျိန်းသေပါတော်၊ ဟင့်အင်း – ဟင့်"

ပြောရင်းက ဦးစံမောင် မိန်းမ ရွှေလိပ်သူဌေးကတော်မှာ ငိုကြီးရှိက်မ ဖြစ်လာသည်၊



"အေးကွ – ဘယ်လိုလုပ်ကြကောင်းမလဲ၊ အစ်ကိုတို့ဆီသွားပြီး တိုင်ပင် …"

"အောင်မလေးလေး – မြတ်စွာဘုရား၊ ရှင် ရူးနေလားတော့်၊ ဒါ ဘယ်သူ့ဆီသွားပြီးတိုင်ပင်ရမယ့်ကိစ္စမဟုတ်ဘူး ရှင်ရယ်၊ ရှင့်အစ်ကိုမိန်းမ မေသင်က စကားဖွပါဘိနဲ့ ဒါရှင်နဲ့ ကျွန်မ နှစ်ယောက်တည်း တိုင်ပင်ကြရမယ့်ဟာ၊ ရှင်က လူတကာသိအောင် သွားတိုင်ပင်ဦးမလို့လားတော့်"

"အဲဒါဆို ဘယ်လိုလုပ်ကြကောင်းမလဲ"

"ဘယ်လိုလုပ်ကြမလဲဆို တစ်နေရာရာသွားပြီး ဝှက်ထားကြရင်ကော တော့်"

"ဟာ – ဒါမှ လုံးလုံးကို ဆုံးမှာ၊ အေးသောင်ငပေါ ပြောတယ်ဟုတ်လား၊ ဒီလိပ်က အရှင်လိပ်၊ တောထဲရောက်တာနဲ့ ထပြေးသွားရင် …"

"ညက်နည်းလိုက်တာနော်၊ ပြောပဲမပြောချင်တော့ပါဘူး၊ ထွက်မပြေးနိုင်အောင် အင်တုံကြီးထဲထည့်ပြီး အပေါ်က ကျောက်ပျဉ်နဲ့ ဖိထားမှာပေါ့တော့်"

"ဒီလိပ်က သာမန်ကျောက်လိပ် မဟုတ်ဘူး – မိန်းမရေ့၊ တန်ခိုးဣဒ္ဓိပါဒ် ရှိတယ်၊ ငါတို့ကို ဝိဇ္ဇာဇော်ဂျီတပည့် တပသီတစ်ဦးဦးက မ,စချင်လို့ ပေးတာဖြစ်မယ်၊ ဟိုနေ့တွေက ငါးသိန်း ခြောက်သိန်းလာပေးပြီး ဝယ်ကြတာကို မရောင်းမိလိုက်တာ သိပ်မှားတာပဲ၊ ငါတို့ လောဘ အဆမတန်ကြီးရကောင်းလားလို့ မ,စထားတဲ့ ပုဂ္ဂိုလ်တဒီလောက် တောင်လောဘကြီးတဲ့ လင်မယားငါ့လိပ်ကိုငါပြန်သိမ်းသွားမှပဲဆိုပြီးများ ပြန်လာယူမယ်ဆိုရင် ဘာနဲ့ ဖိထား ဖိထား ဘယ်လိုမှ ငါတို့ ရတော့မှာ မဟုတ်ဘူး၊ နောက်တစ်ခု ဦးရွှေထွန်းနဲ့ ဟိုဆရာကြီးဆိုသူတွေက ညကျရင် မုချလာသိမ်းကြတော့မှာပဲ၊ ဒုက္ခပါပဲ – ဘယ်လိုလုပ်ကြကောင်းမလဲ"

"ကျွန်မ အကြံရပြီးတော့ ဟိုလူတွေက ကျွန်မတို့လိပ်ကို လာသိမ်းမယ်ဆို ညလူခြေတိတ်မှ လူမသိ၊ သူမသိ လာသိမ်းကြမှာ၊ ဒီတော့ ရှင်ပြောသလိုဆို ကျောက်ဖျဉ်မကလို့ တောင်ကြီးတစ်လုံးလုံးနဲ့ပဲ ဖိထား ဖိထား သူ့ဣဒ္ဓိပါဒ်နဲ့ သူ ထွက်သွားနိုင်တဲ့ လိပ်ကို ကျွန်မတို့ မျက်စိအောက်က အပျောက်ခံလို့တော့ မဖြစ်ဘူးနော်၊ လိပ်ကိုဝှက်ထားပြီး လူကိုမိရင်လည်း ရဲနီတွေတ လိပ်မရမချင်း ကျွန်မတို့ကို ညှဉ်းပန်းနှိပ်စက်ကြဦးမှာ၊ အဲဒီခါမှ ဝှက်ထားတဲ့လိပ်ကလည်း ထွက်ပြေးသွားပြီဆို သူတို့က ယုံမှာ မဟုတ်ဘူး၊ လိပ်ကို ထုတ်မပေးမချင်း ကျွန်မတို့ကို သေအောင်နှိပ်စက်ကြမှာ၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

တော့ ခုတစ်ည တစ်နေရာရာသွားပြီး လိပ်နဲ့အတူ ပုန်းအိပ်ကြမယ်၊ မိုးလင်းတာနဲ့ တလေးဘက်က ကျွန်မအစ်ကိုကြီးဆီ ပြေးကြမယ်။ ဘယ့်နှယ်လဲ ...”

“ဟ – မင်းရဲ့အကြံကောင်းလိုက်တာ မိန်းမရာ၊ ငါ့မှာကွာ ဟိုကိုရွှေထွန်းကြီးတို့ လာသွားကတည်းက ရင်ထဲ တလှပ်လှပ်နဲ့ ကတုန်ကယင်ကြီး ဖြစ်နေတာ၊ မင်းစကား ကြားလိုက်ရတော့မှ ရင်ထဲ တစ်နေတဲ့ အလုံးကြီးတစ်လုံး ကျသွားတယ် မိန်းမရယ်၊ တုတ်ငြိ – တစ်ညတလေ ဘယ်မှာအိပ်ရ အိပ်ရကွာ၊ အရေးမကြီးပါဘူး”

သည်လိုနှင့် သူတို့ လင်မယားသည် ညလူခြေတိတ်သည်နှင့် ကျောက်လိပ်ကို ဝါးကြီးတစ်ထည်နှင့်ထုပ်ကာ ရွာပြင်က ကောက်ရိုးပုံမှာ သွားအိပ်ကြသည်၊ သို့သော် အိပ်၍တားမပျော်၊ အေးသောင်တွေ့ခဲ့သော လိပ်လို ကျောက်လိပ်ရှင် ထွက်ပြေးသွားမှာစိုး၍ ဦးစံမောင်က သူ့ရင်ဘတ်ပေါ် တင်အိပ်၏၊ သူ့မိန်းမကလည်း ရွာထဲက ခွေးဟောင်သံကြားတိုင်း ရင်တခုန်ခုန်နှင့် တစ်ညလုံး အိပ်မပျော်ပေ၊ ထို့ကြောင့်လည်း မိုးမလင်းခင်တင် လင်မယားနှစ်ယောက် မှာ ကလေးမြို့က ပင်လုံရွာကို ထွက်ပြေးသွားကြလေသည်။

ထိုအခါ တစ်ရွာလုံး လူတွေက ဦးစံမောင်တို့ လင်မယားသည် ကျောက်လိပ်ကို ခြောက်သိန်း၊ ခုနစ်သိန်းနှင့် တိတ်တိတ်လေးရောင်းကာ ရွာမှ ထွက်သွားကြပြီဟု အားလုံးက ထင်ကြသည်၊ အထူးသဖြင့် ဆွေမျိုးတော်စပ်သူများကမူ ဤမျှ သိန်းထီကြီး ပေါက်သည်ထက်ပင် အလုံးအခဲကြီး ရပါလျက်နှင့် သူတို့ကို ငါးဆယ်မျိုး၊ တစ်ရာမျိုးလေးပင် ပေးမသွားကြဟု စိတ်ဆိုးကြသလို ရွာလူကြီးများကလည်း မိုက်လိုက်တဲ့ လင်မယား၊ ကျောင်းကြီးတစ်ဆောင်ကို ရွာသူရွာသားတွေ သံဖြူမမိုးနိုင်ကြလို့ အားခဲပြီး ငါးကျပ်တစ်ဆယ် စုနေကြတာ တစ်သိန်း၊ နှစ်သိန်း မလှူခဲ့တောင် တစ်ထောင်၊ နှစ်ထောင်မျိုး လှူမသွားကြဘူး” ဟု အပြစ်တင်နေကြသည်။

နောင်အခါတွင် ဦးစံမောင်တို့ လင်မယား ကလေးမြို့က ပင်လုံရွာတွင် အမှန်တကယ် ကြီးပွားချမ်းသာနေကြသည်ကိုတော့ သူတို့အား ဖိတ်ကြား၍ ရွာလုံးကျွတ် အလှူပွဲသွားကြမှ သိကြ၊ ကြားကြသည်၊

သူတို့လင်မယားသည် ခြောက်သိန်း၊ ခုနစ်သိန်းနှင့် ရောင်းချပြီး ကြီးပွားသွားကြတာလား၊ သို့မဟုတ် ကျောက်လိပ်က ရွှေဖြစ်သွား၍ ရွှေလိပ်ကို ဖဲ့ရောင်းကာ ကြီးပွား



ချမ်းသာသွားကြတာလားဆိုသည်ကိုတော့ မည်သူမျှ အတိအကျ မသိကြ၊ အလှူပွဲသွင်ရင်းနှီးသော လူကြီးများက မေးကြည့်ကြတော့မှ ဦးစံမောင်က ...

“ခင်ဗျားတို့ထင်ကြသလို ကျောက်လိပ်ကို ခြောက်သိန်း၊ ခုနစ်သိန်းနဲ့ ရောင်းရလို့ ကြီးပွားချမ်းသာလာတာ မဟုတ်ပါဘူးဗျာ၊ ကျောက်လိပ်က ရွှေဖြစ်သွားလို့ ကြီးပွားချမ်းသာလာတာလည်း မဟုတ်၊ ကျောက်လိပ်က ခုထိ ဘုရားကျောင်းဆောင်အောက်မှာ ရှိပါတယ်၊ ဘုရားခန်းထဲ ဝင်ကြည့်ကြပါ၊ အေး – တစ်ခုတော့ ရှိတယ်၊ ကျုပ်တို့ သားအိမ်သားက ဒီကျောက်လိပ်ကို ရေတိုက်အစာကျွေး ကောင်းကောင်းမွန်မွန် သက်ရှိထားပေးလို့ ခုလို ရောင်းရေးဝယ်တာ ကောင်းလာတယ်လို့တော့ ယုံကြည်ပါတယ်”

ဟု သူတို့ ကလေးမြို့ ပင်လုံရွာကို ရောက်လာကြရသည့် ဇာတ်ကြောင်းကိုပါ ပြန်ပြောင်းပြောပြလေသည်၊

သည်လိုနှင့် နောက်ထပ် ခြောက်နှစ်၊ ခုနစ်နှစ်ခန့် ကြာသောအခါ ဦးစံမောင်၏ အင်ဖက်တောင်က ရသွားသော ကျောက်လိပ်အကြောင်းအား မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြပြန်၏၊

သို့သော် ...

❦

၁၉၆၀ ခုနှစ်၊ တပေါင်းလဆန်း (၉) ရက်နေ့တွင် စိုးပြားရွာသား ကိုပြည့်စော်နှင့် ကိုအောင်ရှိန်တို့သည် မနက်ဝဲယပ် (နွားနှင့်စပါးနယ်သလို တလင်းပြည့်တွင် နယ်ထားသော ပဲများကို အမှော်အမှိုက် သန့်စင်) ရန် မနက်စောစော သူတို့ရွာက ထွက်လာကြသည်၊

တလင်းထဲရှိပဲမှော်၊ ပဲမှိုက်များကို ယပ်ပြီးသောအခါ အနားရှိ ထန်းသင်းပေါ်တက်ပြီး ထန်းရည်သောက်ကြ၏၊ ထန်းရည်သောက်ပြီးသောအခါ ရွာတို့ပြန် မဝင်ကြသေးနေကလည်း အတော်မြင့်နေပြီးဖြစ်သဖြင့် လွှတ်ထားသောနွား များကို တစ်ပါတည်း ကောက်မောင်းသွားကြရန် အင်ဖက်ရိုးတောရွာရှိ အနောက်ဘက်ရှိ အင်ဖက်တောင်သို့ နွားရှာ (နွား ကောက်) ရန် ထွက်လာကြသည်၊



www.burmeseclassic.com

www.burmeseclassic.com

ထစ်နေ့ရာအရောက်တွင် —

"ဟိုကိုအောင်ရှိန်၊ လာဗျို့ - လာ လာ၊ မြန်မြန်"

ဟုကိုပြည့်မော်၏အထိတ်တလန့် အော်ခေါ်လိုက်သံကြောင့် ကိုအောင်ရှိန်မှာ အထိတ်တလန့်ရာသို့ ချက်ချင်းပြေးချလာ၏။

သူ့အထင်မှာ ကိုပြည့်မော်သည် မြွေပါးကင်းပါး တစ်ခုခုများဖြစ်သွား၍ခေါ်လိုက်သည့် အထင်ကြောင့် တမန်းကတန်း ပြေးချလာရ၏။

"ဘင် - ကိုပြည့်မော်၊ ဘာ ..."

ကိုအောင်ရှိန်မှာ ကိုပြည့်မော်ကို စကားပင်ဆုံးအောင်မမေးလိုက်ရ၊ ကိုပြည့်မော်က အံ့သြဝမ်းသာသော အသံနှင့် လက်တကာပြပြီး သူ လက်ညှိုးထိုးပြရာသို့ ငုံ့ကြည့်လိုက်ရာ အံ့သြတကြီးဖြစ်သွားလေသည်။

အကြောင်းမှာ ကိုပြည့်မော်နှင့် လက်တစ်ကမ်းလောက်တွင် ကျောက်လိပ်ဖြူကြီး နှစ်လုံးကို မြင်နေရသဖြင့် ဖြစ်လေသည်။

သူတို့နှစ်ယောက်သည် ယခင်ကလည်း ဤအင်ဖက်တောင်တွင် သစ်ခုတ်၊ ဝါးခုတ်၊ မွှေးတောက်၊ နွားရှာ၊ ဟင်းရွက်ခူးဆိုသလို သွားလာနေခဲ့ကြသည်မှာ အကြိမ်ပေါင်း မရေမတွက်နိုင်တော့၊ သို့သော် ယခင်က ခြေရာချင်းထပ်အောင် သွားလာနေခဲ့ကြသော်လည်း တစ်ခါမှ မတွေ့ဘူးဘဲ ယနေ့ ယခုမှ ဤကျောက်လိပ်ဖြူကြီးနှစ်လုံးကို တွေ့ကြ ရခြင်းမှာ အလွန်ကံထူး၍သာ တွေ့ကြရခြင်းဆိုသည်ကိုတော့ နှစ်ယောက်စလုံး စိတ်ထဲက ချက်ချင်းသဘောပေါက်သွားကြသည်။

"ကျုပ်တို့တော့ တန်ကျပြီဗျို့ ဒါ ကံထိုက်လို့ ရတာ"

"ဟုတ်တယ်ဗျ၊ အဲဒါကြောင့် ညက ကျုပ် အိပ်မက်မြင်တာကိုး"

"ဘယ်လို မြင်လို့လဲဗျ၊ ပြောပါဦး"

"ညက ကျုပ်မြင်တဲ့အိပ်မက်က မြေပြင်မှာ ခြေမချမိဘဲ တစ်ထွာတစ်မိုက် အမြင့်က ပျံသလို သွားနေရတယ်လို့ မြင်မိတယ်"

"မှန်လိုက်တဲ့ အိပ်မက်နော်၊ အရင်က ဦးစံမောင် ကျောက်လိပ်ရတာလည်း ဒီတောင်မှာပဲဗျ၊ ပြီးတော့ အေးသောင် ကျောက်လိပ်ရှင်တစ်ကောင်တွေ့တာလည်း ဒီတောင်မှာပဲ၊ အေးသောင်ကတော့ သူ့နမျှာ အကျိုးမခံစားလိုက်ရဘူး၊ ဦးစံမောင်



ကတော့ ပင်လုံးရွာမှာ ခုထိ ကြီးပွားနေတုန်း ကျုပ်တို့လည်း မုချကြီးပွားတော့မှာပဲ၊ ဒီကျောက်လိပ်နှစ်လုံးကို ကောင်းကောင်းမွန်မွန် ပ,သထားရမယ်"

"ဟုတ်တယ် - ထားရမယ်၊ အေးသောင်က တစ်ရွာလုံးကို အုတ်အော်သောင်းတင်း ရှာဆော်သလို လိုက်လုပ်လို့ စည်းပေါက်ပြီး မခံစားလိုက်ရတာ ဖြစ်မယ်၊ ကျုပ်တို့လည်း တောမှာတောင်မှာ စကားများများ မပြောမိအောင် နှုတ်စောင့်ကြရမယ်"

"ဟုတ်ကဲ့ပါ"

သူတို့နှစ်ယောက်မှာ နှုတ်စောင့်ကြသည့်အနေနှင့် နောက်ထပ်စကား သိပ်မပြောဖြစ်ကြတော့။

ဦးစံမောင်ရသော ကျောက်လိပ်နှင့်စာလျှင် ယခု ကိုပြည့်မော်နှင့် ကိုအောင်ရှိန်တို့ တွေ့နေမြင်နေရသော ကျောက်လိပ်နှစ်လုံးမှာ ကြီးလည်းကြီး၊ ကိုယ်၊ လက်၊ ခြေ၊ ခေါင်း၊ မျက်လုံး၊ အမြီး စသည်တို့မှာလည်း ပို၍ ပီပီပြင်ပြင် ထင်ထင်ရှားရှား ရှိလှသည်။

ထို့ကြောင့် မယားညီအစ်ကိုနှစ်ယောက်ဖြစ်ကြသော ကိုပြည့်မော်၊ ကိုအောင်ရှိန်တို့မှာ ဝမ်းသာအားရနှင့် တစ်ယောက်တစ်လုံးစီ ထမ်းယူသွားကြရန် ကောက်မယူရသေးမီ ခဏ မရဘဲ အလွန်လေးနေ၏။ အမှန်မှာ ဤအရွယ်အစားရှိ အခြားအခြားသော ကျောက်လုံးများကို ယခင်က သူသည်ကိုင် မြှောက်၍ပင် ဟိုနားသည်နား လွှင့်ပစ်ခဲ့ဖူး၏၊ ယခု အရွယ်အစားချင်းတူသော ဤကျောက်လိပ်လုံးကိုကျမှ မ,မရ၊ ရွေ့မရဖြစ်နေသည်မှာ အလွန့်အလွန် ထူးဆန်းနေပေသည်။

ထို့ကြောင့် ကိုပြည့်မော်နှင့် ကိုအောင်ရှိန်တို့သည် ကျောက်လိပ်ကြီးတစ်လုံးကို နှစ်ယောက်သား အတူကိုင် မ,ကြရ၏၊ သူတို့နှစ်ယောက် ကိုင် မ,လိုက်ကြသောအခါ ကျောက်လိပ်ကြီးမှာ သူတို့လက်ထဲ လေးလေးပင်ပင် ပါလာ၏။

သို့သော် ထူးခြားချက်တစ်ခုကို တွေ့ရပြန်သည်မှာ ကျောက်လိပ်ကြီးအောက်တွင် အင်ဖက်အစိမ်းလတ်လတ်တွေမှာ ကျောက်လိပ်ကြီးဖိထား၍ ကြေမွနေသည် ဟူ၍လည်း မတွေ့ရ၊ ပကတိ အစိမ်းလတ်လတ် အရွက်မပျက် ရှိနေသည်။

အကယ်၍ ဤကျောက်လိပ်ကြီးသည် ဤနေရာ၌ နှစ်ပရိစ္ဆေဒ ကြာကြာတည်ရှိနေခဲ့သည်ဆိုလျှင် ဤကျောက်လိပ်ကြီးအောက်တွင် အင်ဖက်အစိမ်းလတ်လတ်



www.burmeseclassic.com

www.burmeseclassic.com

များကို ပုံမပျက် ပန်းမပျက် တွေ့စရာအကြောင်းမရှိချေ။ ပုပ်ဆွေးကြေမွ၍သာ သို့မဟုတ် ခြောက်သယောင်း၍သာ ရှိနေသင့်သည်။ နောက်တစ်ချက်မှာ "အင်ဖက်တောင်" ဟုအစဉ်အလာ ဘိုးစဉ်ဘောင်ဆက်ခေါ်လာကြသော်လည်း ဤတောင်တွင် အင်ဝင်ဆို၍ တစ်ပင်တလေမှ မရှိ။ ဤတောင်နှင့် အတော်လှမ်းသော အခြားတောင်များ၌သာ အင်ပင်များ ရှိသည်။

သို့ဆိုလျှင် ဤကျောက်လိပ်သည် အင်ဖက်တွေကို ဘယ်တောင်ကများယူလာပြီး သူ့အောက်တွင် အဘယ်ကြောင့် ထားလေသနည်း။ ဤသည်မှာ ထူးခြားသော ပဟေဠိပင်၊ ဤကျောက်လိပ်သည် အမှန်တကယ် အသက်ဇီဝ ရှိသဖြင့် ဟိုဟိုသည်သည် သွားလာနေခဲ့ခြင်း ဖြစ်ရမည်၊ ယခု သူတို့၏ခြေသံကိုကြားသဖြင့် ကျောက်လိပ်အသွင်ဖြင့် ခေလှုပ်မလှုပ် ငြိမ်သက်နေခြင်းပင် ဖြစ်ရမည်။

ကိုပြည့်မော်တို့ မယားညီအစ်ကိုနှစ်ယောက်သည် လိပ်အကြီးတစ်လုံးကို အစိတ်မယူလိုက်ကြပြီး ဝန်းထက်လာသော ပုဆိုးကွင်းထဲထည့်ကာ နေရာရွှေ့လိုက်ကြသည်။ ပြီးတော့မှ သူတို့အနားရှိ ဝါးရုံမှ ဝါးတစ်လုံးကို ဖြတ်တောက်ကာ ထမ်းပိုး လုပ်ပြီး ရှေ့တစ်ယောက် နောက်တစ်ယောက် ရွာကို ထမ်းချလာကြသည်။ ကျန်သော အသေးတစ်လုံးကိုမူ နောက်တစ်ခေါက် သွားယူရန် ထားခဲ့ကြ၏။

ကိုပြည့်မော်တို့ အိမ်ရောက်၍ သူတို့ ရလာသော ကျောက်လိပ်ကို ကိုအောင်ရှိန် မိန်းမ မလှပိုကို အပ်ကြသောအခါ မလှပိုက ...

"ကျွန်မ ညက ဆင်အများကြီးကို အိပ်မက် မက်တယ်။ အိပ်မက်ထဲမှာ ငါ ဘယ်ဆင်ကို စီးရကောင်းမလဲလို့လည်း စိတ်ကူးနေတုန်း နိုးသွားတယ်"

ဟု ပြောပြန်၏။

သို့နှင့် ယခု သူတို့ ထမ်းရွက်လာကြသော ကျောက်လိပ်ကြီးကို မိန်းမ သူတို့အား ကြည့်ထားကြရန် အပ်ပြီးသည်နှင့် ကျန်လိပ်တစ်လုံးကိုပါ သွားထမ်းယူကြရန် အင်ဖက်တောင်သို့ မပြေးရုံတစ်မည် ကမန်းကတန်း ပြန်လာကြသည်။

သို့သော် စောစောကမှ သူတို့နှစ်ယောက် တွေ့ထားခဲ့ကြရသော နေရာသို့ရောက်လာသောအခါ၌မူကား ကျန်ခဲ့သော ကျောက်လိပ်တစ်လုံးကို လုံးဝမတွေ့ရတော့။



ခြေရာလက်ယက်ရာ၊ တွားသွား၊ ကုတ်ခြစ်ရာတို့ကို ထိုပတ်ဝန်းကျင်မှာ သူတို့နှစ်ယောက် အတော်ကြာကြာ လိုက်ရှာကြသေးသည်။

ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံးသာ နံ့သွား၏။ စောစောက ကျန်ခဲ့သော ကျောက်လိပ်ကိုကား အစအနပင် မတွေ့ကြရတော့။ သည်လိုနှင့် မိုးချုပ်ခါလည်း နီးသဖြင့် လက်လျှော့ကာ မိမိရွာသို့ ပြန်လာကြသည်။

သူတို့နှစ်ယောက် သူတို့ရွာ သူတို့အိမ်သို့ ပြန်ရောက်လာကြသောအခါ သူတို့အိမ်နား၌ ကျောက်လိပ်လာကြည့်သူများနှင့် စည်ကားနေပြီ။ စောစောကမူ အင်ဖက်တောင်က နောက်ထပ် ကျောက်လိပ်တစ်လုံးဆီ စိတ်ရောက်နေကြသဖြင့် တိုးတိုးတိတ်တိတ်ထားရန် မမှာမိခဲ့ကြ။ ယခုမှတော့ မိန်းမနှစ်ယောက်ကိုလည်း အပြစ်တင်၍ မရတော့။

လိပ်လာကြည့်ကြသူများထဲတွင် သူတို့ရွာသား ဗိန္ဓောဆေးဆရာ ဦးလွေပွင့်က ကျောက်လိပ်ကို လင်ပန်းထဲ ရေထည့်ပြီး ထားရသည်၊ အစာရေစာကျွေးရသည်၊ သို့မှသာ အကျိုးပေးမည်၊ စီးပွားလာဘ်လာဘတက်မည်ဟု ပြောလာသဖြင့် လင်ပန်းကြီးတစ်ချပ်တွင် ရေပြည့်လုနီးပါး ထည့်၍ ကျောက်လိပ်ကို တရိုတသေ ကိုင်တွယ်ထည့်ထားလိုက်ကြ၏။

ထိုအခါ အံ့သြစရာတစ်ခု ဖြစ်လာပြန်သည်မှာ အင်ဖက်တောင်မှာ စတွေ့ကြစဉ်က အဖြူရောင် ပြောင်ချောကျောက်လိပ်ကြီးမှာ ပကတိလိပ်တစ်ကောင်လို အရောင်ပြောင်းသွားပြီး လိပ်ကွက်အကွင်းအကွင်းများ ပေါ်လာလေသည်၊ ဤသည်ကို မျက်စိနှင့် တပ်အပ်မြင်နေရသော်လည်း ဤလိပ်သည် မိမိတို့အား မုချအကျိုးပေးမည့်လိပ်၊ ဦးစံမောင်လိုပင် သူတို့လည်း ကြီးပွားကြတော့မည်ဟု အတပ်ထင်ကာ လိပ်အရောင်ပြောင်းသွားသည်ကို မည်သူ့ကိုမျှ မပြောဘဲ စိတ်ထဲကသာ ကြိတ်ပြီး ဝမ်းသာနေကြ၏။

ကျောက်လိပ်လာကြည့်နေသူတစ်ယောက်က လင်ပန်းကြီးထဲ ထည့်ထားသော ကျောက်လိပ်ကိုကြည့်ပြီး ...

"ဟ - လင်ပန်းထဲက ရေတွေ ပလုံစီနေပါလား။ ကျောက်လိပ်ကြီး ရေသောက်နေပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု အော်ပြောလိုက်ရာ အားလုံးဝိုင်းကြည့်ကြပြန်၏။

မှန်သည်၊ လင်ပန်းထဲက ကျောက်လိပ်ကြီး ခေါင်းဘက်မှ ရေတွေ ပလုံစီနေ၏။ ကျောက်လိပ်ကို အသက်ထင်ရှားမွေးထားသော လိပ်တစ်ကောင်ပမာ ပေါက်ပေါက် ဆုပ်တွေ ကျွေးထားရမည်ဟု ပြောလာပြန်ရာ မလှပိုမှာ ချက်ချင်း ပေါက်ပေါက်ဖောက် ၍ လိပ်စာကျွေးရပြန်၏။

ဝထမတော့ ဘာမှ သတိမမူမိကြ၊ လိပ်စာကျွေးထားသော ပေါက်ပေါက်ပွင့်တွေ နည်းသွားသည်ဟုသာ ထင်မိကြ၏။ ထိုစကားကြောင့် ရွာသားလူကြီးတစ်ယောက်က လေ့လှတို နားနားတပ်ပြီး ...

"နင်တို့လိပ်၊ အခုန်တကယ် အသက် ရှိမရှိ၊ ပေါက်ပေါက်ကို စား မစား၊ ပေါက် ပေါက်ပွင့်တွေကို ရေတွက်ထားပြီး ကျွေးထားကြည့်ပါလား"

ဟုအကြံပေးလာသဖြင့် ဒုတိယ အကြိမ်မှာ ပေါက်ပေါက်အပွင့်ရေမှတ်၍ (၁၄) ပွင့် ကျွေးထားသည်။ မိုးလင်း၍ ပေါက်ပေါက်ပွင့်ကို ရေကြည့်သောအခါ ကိုးပွင့်သာ ကျန်နေသဖြင့် ငါးပွင့်ကို ညက ကျောက်လိပ်ကြီး စားပစ်သည်ဟု ယုံကြည်သွားကြ သည်။

ညညတွင် လင်ပန်းထဲက တဂျက်ဂျက် လူးလွန့်ကုတ်ခြစ်သံကြားသဖြင့် ထကြည့် ကြရာ မူလလှည့်ထားသော ဦးခေါင်းဘက်သည် နောက်တစ်ဖက်သို့ ဦးတည်ရောက် နေသည်ကို သတိထားမိကြပြန်၏။ နောက်တစ်ညှ၌လည်း ကျောက်လိပ်ကြီးကို လင် ပန်းထဲထည့်၍ တင်ထားသော စံပေါ်ရှိ ပုလင်းများ လဲကျသံကြားသဖြင့် ထကြည့်ကြရာ ပုလင်း ဆယ်လုံးတွင် ရှစ်လုံးလဲကျနေသည်ကို တွေ့ကြရပြန်သည်။

ဤသည်မှာ ကျောက်လိပ်ကြီးသည် ခြေလက်တွေနှင့် လှမ်းယက်လျှောက်သွား နေ၍ ပုလင်းများ လဲကျသွားသည်ဟု အတပ်ထင်ကြပြန်သည်။ တစ်နေ့ညနေ၌ လူးလွန့်လှုပ်ရှားသံကို ကြားရ၍ ကိုပြည့်မော် မိန်းမက "တို့ ကျောက်လိပ်ကြီး ထွက် ပြေးသွားလေပလား" ဟု လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်ရာ ကျောက်လိပ်ကြီး ကိုယ် ပေါ်မှ အဖြူ၊ အပြာ၊ အဝါ၊ အစိမ်း အရောင်များ ဖြာထွက်နေသည်ကို မြင်လိုက် ရသည်။



ထိုအခါမှ လွန်ခဲ့သော ဆယ်နှစ်ကျော်လောက်က ပဲခင်းစောင့်ရင်း ကိုကြီးကိုငယ် တို့နှစ်ယောက် မြင်လိုက်ကြရသော အင်ဖက်တောင်က ရောင်စုံထွက်နေသည့် မီးသုံး လုံးသည် အင်ပင်များရှိရာ ပြင်တောင်ဘက်ဆီ ရွေ့လျားသွားကြသည်ဆိုသော စကား ကို ဆက်စပ်တွေးမိကြသည်။ ယခုတစ်လုံးသော ကျောက်လိပ်ကို ကိုပြည့်မော်နှင့် ကိုအောင်ရှိန်တို့က ရလာကြသလို လွန်ခဲ့သော လေးငါးနှစ်ခန့်က ဦးစံမောင်ကလည်း တစ်လုံး ရသွားခဲ့လေပြီ။

မယားညီအစ်ကိုနှစ်ယောက် ဖြစ်ကြသော ကိုပြည့်မော်နှင့် ကိုအောင်ရှိန်တို့မှာ ကျောက်လိပ်နှစ်လုံးကို တွေ့ခဲ့ကြရသော်လည်း တစ်လုံးက လွတ်သွားလေရာ ကျန်တစ်လုံးကိုကား နောက်ထပ် မည်သူမည်ဝါရကြသည်ကို သတင်းစကား ကြားရပေ။

ကိုပြည့်မော်တို့ကမူ သူတို့ ရရှိထားသော ကျောက်လိပ်ကြီးကို အမွှေးနံ့သာရေ နှင့် သုတ်ဖျန်းခြင်း၊ အမွှေးတိုင်၊ အလင်းတိုင် ထွန်းညှိပူဇော်ခြင်း၊ လိပ်ကြိုက်တတ်သော ပေါက်ပေါက်ပွင့်၊ ကန်စွန်းရွက်များကို ကျွေးမွေးကာ သူတို့အိမ် ဘုရားကျောင်းဆောင် အောက်တွင် တလေးတစား ပသထားကြလေသည်။

(မှတ်ချက် - နှစ်ပေါင်းများစွာ ကြာသွားပြီဖြစ်၍ မိတ္တူကူးယူထားလိုက်သော ဓာတ်ပုံမှန်တိမှန်ဝါးဖြစ်သွားပြီ၊ စာရေးသူနှင့်လည်း အဆက်အသွယ်ပြတ်သွားကြသည် မှာ ကြာလှပြီ။ ထို့ကြောင့် ကိုပြည့်မော်၊ ကိုအောင်ရှိန်တို့ ကြီးပွားချမ်းသာနေနေကြ ပြီလား၊ မည်သို့မည်ပုံ ရှိကြသည်ကိုလည်း စာရေးသူ မသိတော့။)

ပိုးကျော

www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်ကွေ့က
ပရလောကမှတ်တမ်းများ

# ဘဝတစ်ကွေ့က ပရလောကမှတ်တမ်းများ

## လူမြန်မာ

ဒ ဖော်ပြပေးလိုက်တဲ့ ပရလောကဇာတ်လမ်းတွေကတော့ ကျွန်တော့်ဘဝမှာကိုယ်တွေ့ကြုံတွေ့မြင်တွေ့ခဲ့ရဖူးတဲ့တုန်လှုပ်ဖွယ်အဖြစ်အပျက်တွေကို ဇာတ်အိမ်ဖွဲ့ စာစီကုံးထားတာပါ။ ဒီအဖြစ်အပျက်တွေကြောင့်လည်း ...ဘာကကို ကျွန်တော် ယုံကြည်ခဲ့ပါတယ်။ ပရလောကအကြောင်းစာတွေလည်း ...ခဲ့တယ်။ အခု အဲဒီ အဖြစ်အပျက်တွေကို ကျွန်တော် ပြောပြပါ့မယ်။

### ပြည်မြို့ဝါးရိပ်စားသောက်ဆိုင်က သရဲမ

ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝကရော နောက်ပိုင်းမှာပါ ပြည်မြို့ကို ...ကြိမ် ရောက်ခဲ့ဖူးပါတယ်။ သူငယ်ချင်းတွေလည်း အများကြီးရှိတာကိုး။ ပြည် ...ညော်ကြီး စားသောက်ဆိုင်ကြီးတွေ အများအပြားရှိပါတယ်။ အဲဒီထဲမှာ ဝါးရိပ် ...ဆိုင်လည်း အပါအဝင်ပေါ့။ ဝါးရိပ်က စင်တင်တေးဂီတ ရှိတဲ့ဆိုင်တော့ မဟုတ် ...ဒါပေမဲ့ - ဆိုင်မှာကောင်မလေးတွေထားထားပါတယ်။ ဆိုင်မှာထိုင်လိုက်တာနဲ့ ...င်မလေးတစ်ယောက်နှစ်ယောက်လောက်က ကိုယ့်ဝိုင်းမှာ လာထိုင်ပြီးစားစရာ ...ည်းတွေမှာပေးတော့တာပါပဲ။ ရှင်းရှင်းပြောရရင် နာဘူးတွေ ပိုက်ဆံသွားဖြုန်းတဲ့ ...ပဲပျာ။ ကျွန်တော်လည်း အဲဒီအချိန်တုန်းက အသက်လေးက (၁၉၊ ၂၀) ဆိုတော့


www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေခေါ်လို့ ပြည်ကိုသွားရင် ဝါးရိပ်မှာ အမြဲထိုင်ဖြစ်ပါတယ်၊ အဲဒီတ
ခေါက်ကလည်း ကျွန်တော်တို့ သူငယ်ချင်း(၃)ယောက် ဝါးရိပ်ကို ရောက်ခဲ့ကြ
တယ်။ မိုးလေးက တဖျောက်ဖျောက်ကျနေတဲ့တစ်ရက်ကပေါ့။ ကျွန်တော်တို့သူငယ်
ချင်း(၃)ယောက် ထိုင်နေတဲ့ဝိုင်းမှာ ထုံးစံအတိုင်း ဆိုင်က ကောင်မလေးတွေ တ
ရှန်းပါ။ ကျွန်တော်တို့လည်း သောက်ထား၊ စားထားတဲ့ အချိန်လေးက တက်လာ
ကောင်မလေးတွေကလည်း ဘေးမှာဆိုတော့ ဘယ်ပြောကောင်းမလဲ။ ဒီလိုသော
ရှင် ပေါက်ရတယ်ဆိုတဲ့ ရှေးထုံးအတိုင်း ကျွန်တော်လည်း ဆိုင်နောက်ဘက်က အိ
အသွားတစ်ယောက်တည်း ထွက်လာခဲ့ပါတယ်၊ အိမ်သာက ဆိုင်အနောက်ဘက်
တော်တော်လေးသွားရပါတယ်။ မိုးကလည်း ခပ်စိပ်စိပ်လေးကျနေတော့ ခပ်မြန်မြန်
လျှောက်သွားခဲ့တယ်၊ အဲဒီမှာ ထူးခြားတာတစ်ခု သွားတွေ့ရပါတယ်၊ မီးဖိုချော
အိမ်သာကြားအမိုးအောက်မှာ မိန်းကလေးတစ်ယောက် ရှိုက်ကြီးတငင်ငိုနေတာ
ဒီဆိုင်မှာ ဒီလိုမျိုးတာ မြင်နေကျဆိုတော့ ကိုယ့်အလုပ်မဟုတ်ပါဘူးဆိုပြီး ဆက်သွ
လိုက်ပါတယ်။ ထူးခြားတာက သူမက ကျွန်တော့်ထက်အရပ်တော်တော်လေးရှည်
တာပါပဲ၊ သူမကို ကျော်လိုက်တဲ့ ခဏမှာပဲ သူမဆီက အသံတစ်ခု ထွက်လာ
တယ်၊

"ဒီမှာရှင့်"

ကျွန်တော်လည်း အံ့ဩသွားပြီး လှမ်းကြည့်လိုက်တော့ သူမရဲ့လှပတဲ့ မျက်
တစ်စုံနဲ့ အကြည့်ချင်း သွားဆုံပါတယ်၊

စွန့်ငိုင်းလေးပါပဲ၊ ဒါပေမဲ့ - အဲဒီမျက်ဝန်းလေးတွေက အရမ်းလှပတယ်ဆို
ဝန်ခံပါတယ်၊

"ကျွန်မတို့ ဒီကနေ ခေါ်ထုတ်သွားပေးပါ"

ကျွန်တော်လည်း သောက်ထားတော့ အာသွက်လျှာသွက်ဖြစ်နေတာနဲ့ ...

"ခင်ဗျားကို ဘယ်ကိုခေါ်ထုတ်သွားပေးရမှာလဲ"

သူမက တွေဝေသွားဟန်နဲ့ ...

"ကျွန်မ ဒီမှာမနေချင်ဘူး၊ သူတို့ ကျွန်မကို ပိတ်လှောင်ထားကြတယ်"

အဲဒီအချိန်မှာပဲ အိမ်သာဘက်ကို လူတစ်ယောက် လျှောက်လာတဲ့အသံ
ကြားလိုက်ရပါတယ်၊

"ဟော - ဟိုလူယုတ်မာလာနေပြီ၊ ကျွန်မကို ကယ်ပါနော်"

ပြောရင်းဆိုရင်း သူမ ပြေးထွက်သွားပါတယ်၊ အဲဒီအချိန်မှာပဲ သူမခြေထောက်
ကြည့်လိုက်တော့ မြေကြီးနဲ့ မထိတာကို သွေးပျက်ဖွယ် တွေ့လိုက်ရပါတော့တယ်၊
အဲဒါကြောင့် သူမက ကျွန်တော့်ထက် အရပ်ရှည်နေတာကိုး၊ ကြက်သီးတွေ ဖျန်းခနဲ
ကြည့်နေတုန်းမှာပဲ အိမ်သာနားက ရေတွင်းနားမှာ သူမ ပျောက်သွားပါတယ်၊
အဲဒီမှာပဲ မျက်နှာပေါက်ဆိုးဆိုးနဲ့ လူတစ်ယောက် ကျွန်တော့်နား ရောက်လာပါတယ်၊
သူက ကျွန်တော် ဘာရပ်လုပ်နေတာလဲဆိုပြီး စူးစမ်းသလို မကြိုက်သလို ကြည့်နေ
တယ်၊ ကျွန်တော်လည်း အမူးပြေသွားပါပြီ၊

ဆိုင်ထဲကိုပြန်ရောက်တော့ ကျွန်တော်တို့ဝိုင်းမှာ ထိုင်နေတဲ့ ကောင်မလေးတွေ
မေးကြည့်တော့ အဲဒီမျက်နှာပေါက်ဆိုးဆိုးနဲ့ လူက ဆိုင်ပိုင်ရှင်လို့ ဆိုပါတယ်၊ ဒါနဲ့
ကျွန်တော့်ဘေးမှာ ကပ်ထိုင်နေတဲ့ကောင်မလေးကို ဒီဆိုင်မှာ သရဲရှိလားလို့ မေး
အံ့ဩသလိုထိတ်လန့်သလိုဖြစ်သွားပါတယ်၊ နောက်မှ အသံကို သိသိသာသာ
လိုက်ပြီး ...

"ရှင် စောငယ်နဲ့ တွေ့ခဲ့လို့လား" လို့ မေးပါတယ်၊ ကျွန်တော်လည်း -

"ခင်ဗျား သူ့ကို သိလို့လား" လို့ မေးနေတုန်းမှာပဲ စောစောက မျက်နှာပေါက်ဆိုး
ဆိုင်ရှင်ရောက်လာပြီး သူမကို ခဏဆိုပြီး ခေါ်ထုတ်သွားပါတယ်။ စောင့်နေသေး
သို့ သူမ ပြန်ရောက်မလာတော့ပါဘူး။ ဒါနဲ့ ဆိုင်ပိတ်တော့ ကျွန်တော်တို့ ပြန်ခဲ့
တယ်၊ သူငယ်ချင်းတွေကို ပြောပြတော့ သူတို့က ယုံတစ်ဝက်၊ မယုံတစ်ဝက်နဲ့ဖြစ်
ပါတယ်၊ နောက်နေ့ ဆိုင်ကိုထပ်သွားတော့ ဆိုင်ပြင်မှာမို့လို့ ဆိုင်ကို ရက်အကန့်
မရှိ ပိတ်တယ်လို့ဆိုပါတယ်။ ကျွန်တော်လည်း ကျောင်းတစ်ဖက်နဲ့မို့ ရန်ကုန်
ခဲ့ရပါတယ်၊ အဲဒီကိစ္စကိုတော့ မမေ့နိုင်ခဲ့ပါဘူး။ ဒီလိုနဲ့ နောက်(၅)လလောက်
ပြည်မြို့ကိုတစ်ခေါက်ထပ်ရောက်ခဲ့ပြန်ပါတယ်၊ ကျွန်တော် ဆိုက်ဆိုက်မြိုက်
ဝါးရိပ်ကို သွားခဲ့ပါတယ်၊ ကောင်မလေးအားလုံးက လူသစ်တွေ ဖြစ်နေပါပြီ၊
တော်လည်း အိမ်သာဘက်က အကြံနဲ့ တစ်ယောက်တည်းပဲ ထွက်လာခဲ့ပါတယ်၊
ဘာက အိမ်သာနားက ရေတွင်းမရှိတော့ပါဘူး၊ ရေတွင်းကို အပေါ်ကနေ ကွန်
လောင်းပြီး အုတ်ခုံအဝိုင်းပုံစံ အသေပိတ်ထားပါတယ်၊ ဘေးနားမှာလည်း နတ်
လိုတစ်ခုကို ဖယောင်းတိုင်မီး ပူဇော်လျက်သား တွေ့ရပါတယ်။ ကျွန်တော်လည်း





www.burmeseclassic.com


www.burmeseclassic.com

သူမကိုတွေ့လိုတွေ့ငြား ရှာဖွေသော်လည်း မတွေ့ရတော့ပါဘူး။ အဲဒီမှာပဲ ကျွန်တော့်ကို မှတ်မိပြီး စောင့်ကြည့်နေပုံရတဲ့ မျက်နှာပေါက်ဆိုးဆိုင်ရှင်က နောက်ဘက်ကို ဝင်လာတာ တွေ့လိုက်ရပါတယ်။ ကျွန်တော်လည်း သူနဲ့ မျက်နှာချင်းမဆိုင်ချင်လို့ ဆိုင်ထဲကို ခြေဦးလှမ်းလိုက်တဲ့အခါမှာပဲ ...

"ကျွန်မကို ကယ်ပါရှင် - ရှင်ပဲ ကယ်မယ်ဆို"

ကျွန်တော့်ခြေလှမ်းတွေ တုန့်ခနဲ ရပ်သွားပါတယ်။ အသံက သိသိသာသာ လိုက်သံ ပါနေပါတယ်၊ ဘယ်ကလာတဲ့ အသံလဲ၊ ကွန်ကရစ်လောင်းထားတဲ့ အုတ်ခုံ အောက်ကရေတွင်းထဲကလာတဲ့အသံထင်ပါတယ်၊ ဒါနဲ့ကျွန်တော်လည်းမျက်နှာဆိုး ဆိုင်ရှင် *အံနှာပဲ ရောက်ဖင် ဆိုင်ထဲကို ပမောဦးအခွေးပေါင်းများစွာနဲ့* ဝင်လာခဲ့ ရပါတော့တယ်။ နောက်နေ့မှာပဲ အဘွား ဆုံးတယ်ဆိုတဲ့သတင်းကြောင့် ရန်ကုန်ကို ချက်ချင်းပြန်ခဲ့ရပါတယ်။

အဲဒီအချိန်မှာပဲ ဗိုလ်ကြီး
အုန်းမော်ရဲ့ တထိတ်တ
ဝီးသဲလေးထဲထုပ်တို
တစ်ခုတစ်လေ့ထဲတ
နောက်တနေ့ ဝင်ခွဲပါတယ်။
ဝင်ခွဲထဲသူတိုမတွေ့ ရပါဘူး။
ဝီးသဲလေးထဲဆည်ထားတဲ့
ကွပ်ကြွပ်အိတ်ထဲ လေထဲမှာ
ထန်းလန်းကြီးဖြစ်နေပါတယ်။
ဗိုလ်ကြီးအုန်းမော်လည်း
မဖြစ်တော့ဘူးဆိုပြီး
ဝီးထလောက်ထုပ်တို လွှတ်ချ၊
မိန်းမနဲ့ တလေးလက်တိုဆွဲပြီး
ပြေးပါတော့တယ်





နောက်ပိုင်းမှာတော့ စာမေးပွဲရှိလို့ ပြည်ကို မရောက်ဖြစ်တော့တာနဲ့ ဝါးရိုင်ကို လည်း မရောက်တော့ပါဘူး။ ဒါပေမဲ့ - ကျွန်တော် သိနေပါတယ်၊ သူမကတော့ ကျွန် တော် လာကယ်မယ့်နေ့ကို အခုချိန်ထိ မျှော်လင့်စောင့်စားနေဦးမယ် ထင်ပါတယ်။

(ဘဝတစ်ကွေ့က တစ္ဆေမလေးသို့)

❦

### ပြင်ဦးလွင်က အထင်ကရဝိညာဉ် လွှတ်ထားတဲ့သစ်ပင်

နှစ်(၅၀)လောက် သက်တမ်းရှိတဲ့ မြစိမ်းရောင် စံအိမ်ကြီးအကြောင်းကိုတော့ ပြင်ဦးလွင်မြို့ခံအများစု သိပြီးသား ဖြစ်မှာပါ။ အခုပြောပြမယ့် ဝိညာဉ်လွှတ်ထားတဲ့ သစ်ပင်ကြီးက အဲဒီမြစိမ်းရောင် စံအိမ်ဝင်းထဲမှာရှိနေတာပါ။ မြစိမ်းရောင်စံအိမ်ကြီးက ပြင်ဦးလွင်မြို့မှာ ပရလောကနဲ့ပတ်သက်ပြီး လေ့လာချင်နေတဲ့သူတွေအတွက်တော့ သာဝရစိန်ခေါ်မှုတွေ စောင့်ဆိုင်းနေတဲ့ စံအိမ်ကြီးတစ်ခုပါ။ မြစိမ်းရောင်စံအိမ်ကြီးနဲ့ ပတ်သက်ပြီး ကျွန်တော့်မှာ ရေးစရာတွေ၊ ပြောစရာတွေ အများအပြား ရှိနေပါတယ်။ အခုပြောပြမယ့်အကြောင်းအရာလေးကတော့ မြစိမ်းရောင်စံအိမ်ထဲက ဝိညာဉ်တွေ လွှတ်ထားတဲ့သစ်ပင်ကြီး အကြောင်းပါ။

မြစိမ်းရောင်စံအိမ်ကြီးက အင်္ဂလိပ်တွေ အုပ်စိုးစဉ်အခါထဲက အစိုးရပိုင် အဆောက်အအုံကြီးအဖြစ် ရှိနေခဲ့တာပါ။ ခေတ်ကာလပေါင်းများစွာကို ဖြတ်သန်း ခဲ့ပါတယ်။ တစ်ခုထူးခြားတာက မြစိမ်းရောင်စံအိမ်ကြီးမှာနေတဲ့ လူ့တော်တော်များ များဟာ စံအိမ်ကြီးမှာ နေထိုင်စဉ်ကာလမှာ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွား ခဲ့ရတာပါပဲ။ ခြောက်လှန့်မှုတွေရှိပေမယ့် နေမရလောက်အောင်တော့ မဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ - တစ်ခါကတော့ လူတွေကို အိမ်ပေါ်မှာ နေလို့မရအောင် ခြောက်လှန့်တဲ့ ဝိညာဉ် ပေါ်လာခဲ့ပါတယ်။ မတတ်သာတဲ့နောက်ဆုံးမှာတော့ အိမ်ပေါ်မှာနေသူတွေ ဟာ သေဆုံးသူရဲ့ဝိညာဉ်ကို နေစရာပေးတဲ့သဘောနဲ့ မြစိမ်းရောင်စံအိမ် ရှေ့က အထင် ကရယူကလစ်ပင်ကြီးကို ပြောင်းရွှေ့နေစေရာကနေ ဝိညာဉ်လွှတ်ထားတဲ့အပင်ကြီး ဖြစ်လာခဲ့တာပါပဲ။

သူမနာမည်က ဒေါ်ဝါဝါရှိန်တဲ့၊ ကုန်သွယ်ရေးက ဝန်ထမ်းတစ်ဦးရဲ့ဇနီးပါ၊ ချောက် ချားစရာကောင်းတဲ့ မြစိမ်းရောင်စံအိမ်ကြီးမှာ ကုန်သွယ်ရေးက ဝန်ထမ်းတွေဟာ



www.burmeseclassic.com

www.burmeseclassic.com

အခန်းတွေကနေပြီး မိသားစုလိုက် နေကြပါတယ်။ ဒေါ်ဝါဝါရိုန်က မျိုးရိုးစဉ်ဆက် ငါး ရောင်းခဲ့တာမို့ စိတ်ကြမ်းလူကြမ်းပါ။ သူမယောက်ျားကတော့ အေးအေးဆေးဆေး သမားပါပဲ။ အိမ်ကြီးမှာနေထိုင်တဲ့ ကျန်တဲ့မိသားစုတွေက အစိုးရထမ်းတွေမို့သာ မတတ်သာလို့ ထားရာမှာနေရပေမယ့် အခြောက်အလှန့်များပြီး မြေကြမ်းတဲ့ မြစိမ်း ရောင်စံအိမ်ကြီးမှာနေကြရိုက် ဘုရားတရား မြဲနေကြပေမယ့် ဒေါ်ဝါဝါရိုန်ကတော့ သရဲတစ္ဆေကို အယုံအကြည်မရှိပါဘူး။ မကြောက်ဖူးဆိုပြီး မကြာခဏ စိန်ခေါ်မှုတွေ ကိုလည်း ပြုလုပ်ခဲ့ပါတယ်။ သူမ ကြွေးကြော်နေကျစကားက ...

"လာချင်တဲ့သရဲလာ - ဝါဝါရိုန်ရဲ့အကြောင်း သိသွားစေရမယ်" တဲ့။

ဒီလိုနဲ့ တစ်ညတော့ သူမယောက်ျား မရှိခိုက် ခွေးနက်ကြီးတစ်ကောင်က သူတို့ နေတဲ့ အခန်းပေါက်ဝကနေ လျှာကြီးတန်းလန်းထွက်ပြီး လာကြည့်နေပါတယ်။

ဒေါ်ဝါဝါရိုန်လည်း အစာလာတောင်းတဲ့ ခွေးထင်ပြီး မောင်းထုတ်ပေမယ့် ထွက် မသွားခဲ့ပါဘူး။ ဒါနဲ့ စရိုက်ကြမ်းသူပီပီ ခွေးနက်ကြီးကို ရေနွေးပူနဲ့ လောင်းလိုက်တဲ့ အချိန်မှာ ခွေးနက်ကြီးက ရုတ်တရက် ပျောက်သွားပါတယ်။ အဲဒါနဲ့တစ်ပြိုင်နက် ဒေါ်ဝါဝါရိုန်မှာ အသက်ရှူတွေ ကြပ်လာပြီး လျှာကြီးထွက်ပြီး လဲကျသွားပါတယ်။

ဒေါ်ဝါဝါရိုန်ရဲ့ညည်းညူပြီး လဲကျသံကြောင့် ဘေးအခန်းက လူတွေက ပြေးလာ ကြတော့ သူမက ကြမ်းပြင်ပေါ်မှာ လဲကျလူးလိမ့်နေပါတယ်။ သူမပါးစပ်ကလည်း ခွေး နက်ကြီးကို ရေနွေးပူနဲ့လောင်းတာ ပျောက်သွားတဲ့အကြောင်းကို ဝူးဝူးဝါးဝါးနဲ့ ပြော နေပါတယ်။ ဒါနဲ့ မဖြစ်ဖူးဆိုပြီး သူမကို ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီးကို ပို့လိုက်ကြ ပါတယ်။ ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီးက မရဘူး။

မန္တလေးဆေးရုံကြီးကိုပို့ရမယ်လို့ ဆိုပါတယ်။ သူမယောက်ျားလည်းရောက်လာ တာနဲ့ တိုင်ပင်ပြီး မန္တလေးဆေးရုံကိုပို့ဖို့ စီစဉ်ကြပါတယ်။ ဒါပေမဲ့ (၂၁) မိုင်အရောက် မှာပဲ သူမ ကွယ်လွန်သွားခဲ့ပါတယ်။

သူမ မသေဆုံးခင် ဆေးရုံကားပေါ်မှာလည်း သူမ ရေနွေးပူနဲ့ ပက်လိုက်တဲ့ ခွေး နက်ကြီးက သရဲမကြီးဆိုပြီး ကယောင်ကတမ်းနဲ့ ညည်းတွားသွားခဲ့ပါတယ်။

အလောင်းကို သင်္ဂြိုဟ်ဖို့ စီစဉ်နေတုန်းမှာပဲ ပြဿနာတွေက စတော့တာပါပဲ။ သူမ အသုဘအတွက် စီစဉ်ဖို့ မြစိမ်းရောင်စံအိမ်ကြီးဆီ ရောက်နေသူတွေကို အသံ အမျိုးမျိုး၊ အနံ့အမျိုးမျိုးပေးပြီး ခြောက်လှန့်ခဲ့ပါတယ်။ အစပိုင်းတော့ အားလုံးက ရက်

ည့်သေးလို့ သူမက ခြောက်လှန့်နေတာလို့ထင်ခဲ့ကြပါတယ်။ ဒါပေမဲ့ - ရက်လည် က်ဝေါင်းများစွာ ကြာလာတဲ့အချိန်အထိ သူမရဲ့ခြောက်လှန့်မှုတွေက ရပ်မသွား ပြင် ပိုပြီးတော့ဆိုးဝါးလာပါတယ်။ အသံတွေ၊ အနံ့တွေပေးတာတင် မကတော့ ကိုယ်ထိလက်ရောက် နောက်ကနေ တွန်းတာတွေ လုပ်လာသလို တစ်ခါတစ်ရံမှာ ရဲ့ ကြောက်လန့်စရာမျက်နှာကြီးကို မြစိမ်းရောင်စံအိမ်ကြီးမှာနေတဲ့ အခြားဝန် တွေကို ခြောက်လှန့်ပြတတ်ပါတယ်။ နောက်ဆုံး အိမ်ကြီးပေါ်မှာ ဘယ်သူမှ ရဲ့သလောက် ဖြစ်လာခဲ့ပါတော့တယ်။

ဒါနဲ့ နားလည်တဲ့သူတွေကိုခေါ်ပြီး သူမရဲ့ဝိညာဉ်ကို မြစိမ်းရောင်စံအိမ်ရှိတဲ့ခြံဝင်း သူကလစ်ပင်ကြီးမှာနေဖို့ နေရာသတ်မှတ်ပေးခဲ့ရပါတယ်။ နောက်ပိုင်း သူမက ရောင်စံအိမ်ကြီးထဲမှာ မနေရတော့ပေမယ့် ယူကလစ်ပင်နား ကိုလာတဲ့သူတွေ ဆတ်လက်ခြောက်လှန့်မြဲ ခြောက်လှန့်နေခဲ့ပါတယ်။ မြစိမ်းရောင်စံအိမ်နဲ့ အနီး တ်ဝန်းကျင်က သူတွေကတော့ အကြောင်းသိလို့ ဘယ်သူမှ ယူကလစ်ပင် နေ့ရောညပါ ဖြတ်သွားဖြတ်လာ မလုပ်ကြပါဘူး။

ဒါပေမဲ့ - မသိလို့ဖြစ်စေ၊ မတတ်သာလို့ဖြစ်စေ မဖြစ်မနေ ယူကလစ်ပင်နားက သွားရသူတွေကတော့ ယူကလစ်ပင်နားကနေ ညနေနေဝင်ရီတရောအချိန်ဖြတ် ရင် အပင်ပေါ်ကနေ အမျိုးသမီးတစ်ဦး ခုန်ချလာတတ်ပြီး အောက်ရောက်ရင် တ်ကြီး ထိုင်နေတတ်ကြောင့်ပြောလေ့ရှိကြပါတယ်။ အချို့ကလည်း ယူကလစ် မှာ ကိုယ်တစ်ပိုင်းပြတ်သရဲမကို တွေ့မြင်ရတတ်တယ်လို့ ဆိုကြပါတယ်။

အဲဒီနောက်ပိုင်းတော့ မြစိမ်းရောင်စံအိမ်ကြီးမှာ နေထိုင်သူဝန်ထမ်းတွေ အသေ တ်များလာပြီး အခုအခါမှာတော့ ခြံဝင်းကြီးနားမလှမ်းမကမ်းက မျိုးရိုးစဉ်ဆက် ရောင်စံအိမ်စောင့် ဝန်ထမ်းအစောင့်လင်မယားကလွဲရင် ဘယ်သူမှမနေရဲကြ ပါဘူး။

အစိုးရပိုင်ဝင်းကြီးမို့ ပတ်ဝန်းကျင်မှာ ယခုအခါ အစိုးရရုံးသစ်ကြီးတွေကို ထည် ဝါ တည်ဆောက်ထားကြပြီး အစိုးရအရာရှိတွေ ရုံးထိုင်နေကြပေမယ့် ဘေး က်က ပြိုကျလုဆဲဆဲ မြစိမ်းရောင်စံအိမ်ကြီးနဲ့ မလှမ်းမကမ်းက ယူကလစ်ပင် ကို အခုထိ ဘယ်သူမှ မထိရဲတာကတော့ ပရလောကသား ဖြစ်ရပ်တွေကြောင့် ဆိုတာနဲ့ အစိုးရရုံးသစ်တွေ တည်ဆောက်စဉ်က မြစိမ်းရောင်စံအိမ်ထဲမှာ သန်

www.burmeseclassic.com

တော့ပွဲတွေ အများအပြား ဘာလို့ပေးထားတာလဲ ဆိုတာကိုတော့ တာဝန်ရှိသူ
သာ သိမည်ဟုထင်ပါကြောင်း ...။

(လွန်ခဲ့တဲ့ (၁)နှစ်ကျော်က သွားရောက်လေ့လာခဲ့ဖူးတဲ့ တစ္ဆေခြောက်
အိမ်ကြီးအမှတ်တရ)

### ပန်းတောင်းမြို့ ခလရ (၉၂)က အစိမ်းသရဲတွေ

အချိန်ကား ၁၉၈၇ ...။

ပြည်မြို့တစ်ဖက်ကမ်း ပန်းတောင်းမြို့ အခြေစိုက် ခလရ (၉၂)ထဲက ဖြစ်ရပ်
လေးပါ။ ဗိုလ်ကြီးအုန်းမော်က ခလရ (၉၂)ကို ရှမ်းပြည်ဘက်ကနေ တပ်ပြောင်းလ
ရတယ်။ သူနဲ့အတူ အမျိုးသမီးနဲ့ (၄)နှစ်အရွယ် သားလေးတစ်ဦးပါ တစ်ခါတည်
အတူပြောင်းရွှေ့လာကြတယ်။ အဲဒီအချိန်က ပန်းတောင်းမြို့ဆိုတာ တကယ့်ကို
တဲ့ မြို့လေးပါ။ ဈေးဆိုင်ကြီးကြီးမားမားတောင် မရှိသေးတဲ့အချိန်ပေါ့။

ဗိုလ်ကြီးအုန်းမော်တို့ မိသားစုလည်း ရောက်ရောက်ချင်း မိမိတို့နေဖို့ ရထား
အိမ်ထောင်သည်လိုင်းခန်းတာအခန်းလေးကိုသန့်ရှင်းရေးလုပ်ရတာနဲ့ (၁)ရက်အ
တန်သွားပါတယ်။ နောက်နေ့မှာလည်း တာဝန်လွှဲပြောင်းတဲ့ ကိစ္စတွေနဲ့ နေ့
လောက်အချိန်ကုန်သွားတာမို့ အိမ်အတွက် အခြေခံလိုအပ်တဲ့မီးဖိုချောင်သုံးပစ္စည်း
တွေကိုဝယ်ဖို့ထွက်လာကြတော့ နေ့လယ်(၂) နာရီကျော်နေပါပြီ။ ထိုအချိန်တုန်း
ပန်းတောင်းမြို့ခံတွေက ပစ္စည်းပစ္စယတွေ ဝယ်စရာရှိရင် ပန်းတောင်းကနေ ဆင်
တိုက်ကားစီးပြီး ဆင်တဲကနေ ပြည်ကိုဖက်နဲ့ကူးကာ သွားဝယ်ကြရပါတယ်။ ပန်းတော
မှာ ဈေးဆိုင်ကြီးကြီးမားမား မရှိပါဘူး။ ဗိုလ်ကြီးအုန်းမော်တို့မိသားစုလည်း ပြည်
ဝယ်စရာရှိတာတွေ ဝယ်ခြမ်းပြီးပြန်လာတော့ မှောင်စပြုနေပါပြီ။ ပန်းတောင်းကိုပြ
ရောက်တော့ သူတို့ မိသားစု (၃)ယောက်လည်း ခလရ (၉၂)တပ်ရဲ့အပြင်ဂိတ်ရှေ့
ရောက်တဲ့ လိုင်းကားကို စီးလာခဲ့ကြပါတယ်။ တပ်အပြင်ဂိတ်ကိုရောက်တော့ ည(
နာရီထိုးနေပါပြီ။ ဗိုက်က ဆာနေကြပေမယ့် ပြည်ကဝယ်လာတဲ့ ငါးသလောက်
ကို အိမ်ရောက်မှ ချက်ရမှာမို့ ဗိုလ်ကြီးအုန်းမော်တို့ သားအမိ သားအဖ(၃)ယော
လည်း ခြေလှမ်းတွေကို သုတ်သုတ်လေး နင်လိုက်ကြပါတယ်။ လက်ထဲမှာ



အထုပ်တွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ပေါ့။ ကလေးကလည်း အိမ်အတွက် ဝယ်လာတဲ့
တံမြက်စည်းကို ထမ်းလို့ပါ။ ခလရ (၉၂)မှာ အပြင်ဂိတ်နဲ့ အတွင်းဂိတ်ဆိုပြီး ဂိတ်(၂)
ခု ရှိပါတယ်။ တစ်ခုနဲ့တစ်ခု ကြား (၁)မိုင်ခွဲလောက် ခြားပါတယ်။ ဂိတ်(၂)ခုကြား
လမ်းဘေးဝဲယာမှာတော့ တပ်ပိုင်လယ်ကွင်းတွေ ရှိပါတယ်။

ဒီလိုနဲ့ အပြင်ဂိတ်ကနေ အတွင်းဂိတ်ဘက်ကို လျှောက်လာကြရင်း ထူးခြားတာ
က သူတို့(၃)ယောက်စလုံးရဲ့ စိတ်တွေ ထူးထူးခြားခြားလေးလံလာတာပါပဲ။ ရုတ်
တရက် ညဘက်တွေမှာ အော်မြည်တတ်တဲ့ပိုးကောင်မွှားကောင်တွေရဲ့အသံတွေက
တိတ်သွားသောကြောင့် ညအမှောင်က ပိုလို့ချောက်ချားစရာ ကောင်းနေပါတယ်။
လမ်းမီးရှိပေမယ့် ဓာတ်တိုင်တစ်တိုင်နဲ့တစ်တိုင်က အတော်လေးခြားတာကြောင့်
လမ်းပေါ်မှာအလင်းရောင်က မှုန်ပျပျပါပဲ။ အဲဒီအချိန်မှာပဲ လမ်းဘေးဝဲယာက စပါးပင်
တွေကလေမတိုက်ဘဲသူတို့နောက်ကနေစောင်းကျလာပါတယ်။ တစ်စုံတစ်ယောက်
က စပါးပင်တွေပေါ်ကနေ နင်းပြီး သူတို့မိသားစုနောက်ကို ပြေးလိုက်လာသလိုပါပဲ။
နောက်ကနေ အပြေးလိုက်လာတဲ့ ခြေသံတွေ တရှပ်ရှပ်ကိုလည်း ကြားနေရပါ
တယ်။

မိသားစု(၃)ယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တိုင်ပင်
ထားသလို ခြေလှမ်းတွေကို အရှိန်မြှင့်လိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ဗိုလ်ကြီးအုန်းမော်ရဲ့ လက်ထဲက ငါးသလောက်ထုပ်ကို တစ်စုံ
တစ်ယောက်က နောက်ကနေ ဝင်ဆွဲပါတယ်။ ဝင်ဆွဲတဲ့သူကို မတွေ့ရပါဘူး။ ငါး
သလောက်ထည့်ထားတဲ့ ကြွပ်ကြွပ်အိတ်ကလေးထဲမှာ တန်းလန်းကြီးဖြစ်နေပါ
တယ်။ ဗိုလ်ကြီးအုန်းမော်လည်း မဖြစ်တော့ဘူးဆိုပြီး ငါးသလောက်ထုပ်ကို လွှတ်ချ
မိန်းမနဲ့ ကလေးလက်ကိုဆွဲပြီး ပြေးပါတော့တယ်။

နောက်ကနေ ခြေသံတွေနဲ့အတူ ဘေးတစ်ဖက်တစ်ချက်က စပါးပင်တွေ
ကလည်း ယိမ်းပြီး သူတို့နောက်ကို လိုက်လာပါတော့တယ်။

တော်တော်လေးကြာအောင် ပြေးလာရင်း အတွင်းဂိတ်နားမရောက်ခင် (၂)ဖာ
လုံလောက်မှာရှိတဲ့ လူတစ်ရပ်ကျော်တဲ့နတ်ရုပ်ကြီး(၂)ရုပ်နားကိုရောက်တော့ တစ်စုံ
တစ်ခုက တွန်းလိုက်သလို သူတို့(၃)ယောက်လုံး ပစ်လဲကျသွားပါတယ်။ အဲဒီအချိန်
မှာပဲ နောက်ကလိုက်လာတဲ့ခြေသံတွေက ပျောက်သွားပါတယ်။ သူတို့လည်း လူးလဲ



www.burmeseclassic.com

www.burmeseclassic.com

ထပြီး အတွင်းဂိတ်ကိုရောက်အောင် ပြေးသွားတော့တယ်။ ကြောက်အားလန့်အား ပြေးလာတဲ့သူတို့ကိုညဂျူတီစောင့်တဲ့ရဲဘော်တွေကအခြေအနေကိုသဘောပေါက်သွားကာ ဆီးကြိုပြီး ရေတိုက်ပါတယ်။ ပြီးတော့မှ ...

"အပြင်ဂိတ်ကနေ အတွင်းဂိတ်ကို ညအချိန်မတော်အသွားစိမ်းငါးစိမ်းနဲ့ဖြတ်ဖို့ မပြောနဲ့ ဒီအတိုင်း ဘာမှမပါဘဲ ဖြတ်ရင်တောင် မကြာခဏ သရဲခြောက်ခံရကြောင်း၊ အရင်ကဆို သရဲတွေက အတွင်းဂိတ်ရဲ့အထဲမှာရှိတဲ့ တပ်မိသားစုတွေရဲ့လိုင်းခန်းတွေအထိ လိုက်လံခြောက်လှန့်ပူးကပ်ကြကြောင်း၊ တပ်ထဲမှာ ပူးကပ်ခြောက်လှန့်မှုတွေ များလာလို့ မဖြစ်တော့ဘူးဆိုပြီး ရွှေတောင်က အထက်လမ်းဆရာကြီးတစ်ယောက်ကိုခေါ်တော့ သရဲတွေကများလွန်းလို့ နှိမ်နင်းတာထက် တပ်ထဲမဝင်နိုင်အောင် အတွင်းဂိတ်အနီး အပြင်ဘက်မှာ လူတစ်ရပ်ကျော်မြင့်တဲ့ နတ်သားရုပ် တစ်ရုပ်၊ နတ်သမီးရုပ်တစ်ရုပ်ကို ထုလုပ်စေခဲ့ကြောင်း၊ နတ်ရုပ်(၂)ရုပ်ထဲမှာမှ နတ်သားရုပ်ရဲ့ လက်တစ်ဖက်ကို ရှေ့ကို ဆန့်တန်းထားပြီးရပ်ဆိုတဲ့ ဟန်အမူအရာနဲ့ ထုလုပ်ထားကြောင်း၊ အဲဒီအချိန်ကစလို့ တပ်အတွင်းကို ဘယ်အစိမ်းသရဲမှ ဝင်မလာတော့သော်လည်း တပ်ပြင်ဂိတ်နဲ့ အတွင်းဂိတ်ကြားမှာတော့ ညအချိန်ဆို ဆိုးဆိုးရွားရွား ခြောက်လှန့်လေ့ ရှိကြောင်း ရှင်းပြပါတယ်။ ဘာပဲဖြစ်ဖြစ် ဗိုလ်ကြီးအုန်းမော်တို့မိသားစုအပါအဝင် အဲဒီအချိန်က ပန်းတောင်းခလရ(၉၂) တပ်မိသားစုတွေကတော့ ညကြီးအချိန်မတော်ဆို တပ်ပြင်ကိုထွက်ဖို့ များစွာစိုးရွံ့ခဲ့ကြပါကြောင်း ...။

(အခုအချိန်မှာလည်း ခလရ(၉၂)မှာ အဲဒီနတ်ရုပ်တွေ ရှိဦးမယ်ထင်ပါတယ်။ အခုအခါမှာတော့ နဝဒေးတံတား ဆောက်ပြီးပြီမို့ အရင်လို ပြည်ကို ဖက်ကူးဖို့တော့ မလိုတော့ပါဘူး။ ဒါကတော့ ခလရ(၉၂)မှာ ဖြစ်ပျက်ခဲ့တဲ့ တကယ့်ဖြစ်ရပ်မှန်လေးကို ကျွန်တော် လူမြန်မာမှတစ်ဆင့် ပြန်ပြောပြခြင်းသာ ဖြစ်ပါတယ်)

လူမြန်မာ



**မောင်ဇော်ဝင်း (မြှည်)**

## အမာရွာမှ အရှေ့ဖျားဆီသို့

"**အစ်ကိုရေ** အစ်ကိုရေ-ပြာသို၊ တပို့တွဲ နှစ်လ ဇရာဝတီတိုင်းမှာ ပွဲလက်ခံပြီးပြီနော်" ဟု ဇာတ်ဆရာရွှေမိုးပြောပြီးကတည်းက ကျွန်ုပ်နေအိမ်သို့ ပြန်ရောက်သည်ထိ ဘဝင်မကျသည်မှာအမှန်၊ အကြောင်းရင်းက ရေလမ်းခရီးကို ကျွန်ုပ် ကြောက်ခြင်းကြောင့်ဖြစ်သည်။ပရလောကကို ကျွန်တော် ယုံကြည်ခဲ့ပါတယ်။ ပရလောကအကြောင်း စာအွေ့လည်း ရေးဖြစ်ခဲ့တယ်၊ အခု အဲဒီအဖြစ်အပျက်တွေကို ကျွန်တော် ပြောပြပါ့မယ်။

"တိုတုန်းကဆိုလျှင်ပြည်ဇာတ်အဖွဲ့များမှာ ပြည်မြို့နယ်နှင့်ဆက်စပ်လျက်ရှိသော မြို့နယ်ကျေးရွာများတွင် မိုးလွတ်သည်နှင့် ဇာတ်ပွဲ၊ အငြိမ့်ပွဲများ လှိုင်လှိုင်ကြီး က,ရသည်၊ ယခုအခါတွင်တော့ ဇာတ်အဖွဲ့များတိုးလာသည်နှင့်အမျှ အငြိမ့်ပွဲ၊ ဇာတ်ပွဲများ လှိုင်လှိုင်မကရတော့ပေ။ ထို့ကြောင့် ဇာတ်ဆရာ ရွှေမိုးမှာ ရသည့်အခွင့်အရေး လက်လွှတ်မခံနိုင်ခြင်းပင် ဖြစ်လိမ့်မည်ဟု ကျွန်ုပ် တွေးမိခဲ့သည်၊ ဇာတ်ညွှန်းရေးဆရာတစ်ယောက်အနေနှင့် ဤရေလမ်းခရီးကို မလိုက်မဖြစ် လိုက်ရပေတော့မည်၊ ထို့ကြောင့် ရင်ထဲမှ ရေလမ်းခရီးကို ကြောက်သည့် အကြောက်တရားအား ဂမ္ဘီရစာပေများမှ



ဖတ်သော မဂ္ဂဇင်းစာအုပ်များနှင့်သာ ဖြေဖျောက်ရတော့မည်၊ ကျွန်ုပ် နှစ်ပေါင်းများစွာ ကြည့်မဂ္ဂဇင်းတစ်အုပ်ကို ဖတ်ရှုစဉ် "ရေမှော်ဂါထာ စွမ်းအင်" အကြောင်းကို ရေးသားထားသည့် စာမူကို တွေ့ရသည်။ စာရှုသူများ ဖတ်ရှုစေလိုသော ဆန္ဒဖြင့် "ရေမှော်ဂါထာစွမ်းအင်" အကြောင်းကို အကျဉ်းချုံး၍ ဖော်ပြလိုပါသည်။

"................ မြုပ်လုဆဲဆဲ စက်လှေပေါ်တွင် ခရီးသည်များ သွေးပျက်မတတ် အော်တစ်နေကြသည်၊ မိုးနှင့်လေက မရပ်မနားတိုက်ခတ်နေသည်ဖြစ်၍ အသက်ရှင်ရေးလမ်း မရှိတော့ပါ။ စာရေးသူလည်း အကြောက်တရားနှင့် ကြုံတွေ့နေစဉ် အညာအသက်ကို ခေါင်းပေါင်းထားသော အဘိုးအိုတစ်ယောက် မျက်လွှာကိုချကာ နှုတ်မှ တွတ်တွတ်ရွတ်ဆိုနေသည်ကို တွေ့ရသည်။ အကြောက်အလန့်ကင်းစွာ ရွတ်ဆိုနေသည့် သူ့မျက်နှာသည် အေးဆေးတည် ငြိမ်လွန်းလှသည်ဟု တွေးနေစဉ်မှာပင် "မိုးရွာလေရော စဲသွားပြီ" ဟု ကျယ်လောင်စွာ အော်လိုက်သောအသံကြောင့် စာရေးသူ၏ အတွေးရပ်သွားသည်" ဟု ရေးသားထားပါသည်။

အားလုံး၏အသက်ကို ကယ်တင်လိုက်သော အဘိုးအိုမှာ စာရေးသူ ကြားဖူးနေရှိခဲ့သော ရေမှော်ဂါထာကို ရွတ်ဆိုခြင်းသာဖြစ်မည်ဟု တွေးဆပြီး အဘိုးအို၏ အနားသို့ချဉ်းကပ်ကာ စာရေးသူမှ အဘိုးအိုအား ကျေးဇူးတင်စကားပြောပြီး "မိမိသည် ဂါထာမန္တန်များကို ယုံကြည်သူဖြစ်သောကြောင့် အဘ ရွတ်ဆိုခဲ့သော ဂါထာတော်အားကိုလက်ဆင့်ကမ်းသည့်အနေဖြင့်ပေးပါရန် တောင်းဆိုခဲ့သည်၊ ထိုအခါအဘိုးအိုသည် ခဏတာစဉ်းစားပြီး တိုးညင်းစွာဖြင့် "လူကလေးက လူသားတွေရဲ့အသက်ကိုကယ်မယ်ဆိုရင် အဘ ရေမှော်ဂါထာကိုပေးခဲ့မယ်" ဟု ပြောဆိုကာ ရေမှော်ဂါထာပါ စာရွက်ဟောင်းလေးကိုပေးရာ အောက်ပါအတိုင်း တွေ့ရလေ၏။

"ရေမှော်ဂါထာ"

ဦ မဟာ ကာရု ဂဏိတော နာထော<br>
ဟိတာယ၊ သဗ္ဗပါဏီနံ၊<br>
ပူရေတွာ ပါရမီ သဗ္ဗာ၊<br>
ပတ္တော သမ္ဗောဓိ မုတ္တမံ

www.burmeseclassic.com

ဧတေန သစ္စ ဝဇ္ဇေန

သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ကျွန်ုပ် ဖတ်ရွတ်ခဲ့ရသည့် ရေမော်ဂါထာအကြောင်းအကျဉ်းမှာ ဤမျှ ဖြစ်သည်။ ရေနစ်သူသည် ကောက်ရိုးတစ်မျှင်၊ မြက်တစ်ပင်မျှကိုပင် အားကိုးတကြီး ဆွဲတတ်ကြသည်။ ထို့ကြောင့် ရေလမ်းခရီးကိုကြောက်သော ကျွန်ုပ်မှာ ဤရေမော်ဂါထာကို အားကိုးသကြည်ညိုစွာဖြင့် လက်ခံယူဆွဲမိပါတော့သည်။

ဆရာရှင်ပြောပြထားသည့်အတိုင်း ကျွန်ုပ်မှာ ငါးပါးသီလခံယူပြီး သောက်ရေခွက်ထဲသို့ ဤရေမော်ဂါထာကို ခုနစ်ခုပ်ရွတ်ဆိုကာ သောက်လိုက်သည်။ ဤသို့နေ့စဉ် ပြုခဲ့ရာ ရက်ပေါင်း (၃၀) ပြည့်ခဲ့ပြီဖြစ်သောကြောင့် ဇာတ်ပွဲထွက်ခဲ့ရာ ရောဝတီတိုင်း ဇလုံမြို့ ယဉ်ကျေးမှုဇာတ်ရုံကြီးတွင် လေးညတိုင်တိုင် ကပြခဲ့သည်။ ထို့နောက် ကြက်ဖမွေးဆောင်းရွာအသွားလမ်းခရီးတွင် "ဒါရိုက်တာကြီးတို့ အဖွဲ့ကတော့ ပေါက်သွားပြီ" ဟု ကန်ထရိုက်တာ ဦးလှရွှေ၏ ပြောစကားက မှန်နေသည်။ ပွဲဦးည မြန်မာ့တေးအစီအစဉ်မှာ မင်းသားချောရဲနိုင်ကျော် သီဆိုစဉ်ကတည်းက ပရိသတ်၏ ပြဲဘာလက်ခုပ်သံ သောသောညံခဲ့သကဲ့သို့ မင်းသမီးချော မိုင်စန်းငြိမ်း၏ စတိတ်ရှိုးနှင့် အငြိမ့်ခန်းသာ နောက်ည နောက်ညများအတွက် ရုံပြည့်အောင် ဖိတ်ခေါ်နိုင်ခဲ့သည်။

ကျွန်ုပ်တို့ဇာတ်အဖွဲ့ ကြက်ဖမွေးဖောင်းရွာပွဲရက်ကို ရွှေ့လိုက်ရသည့်အကြောင်းမှာ ထစ်ခွဲခွဲရွာနေသောမြာသိုမိုးကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့ကရမည့် ဇာတ်ရုံမှာ မိုးလုံလေလုံ မဟုတ်ပေ။ ဝါးနှင့် တည်ဆောက်ထားပြီး အမိုးအကာမှာ ဇင်ပြာပိတ်များသာ ဖြစ်သည်။ ထို့ကြောင့် ဇာတ်သူဇာတ်သားများ နီးရာ ဘုရား၊ ကျောင်းဝန်းမှာ ပွဲကရမည့်နေ့ကို စောင့်မျှော်ရင်း မိုးခိုခဲ့ရသည်။ "ဒါရိုက်တာကြီးတို့အဖွဲ့ ပွဲကူးကြမ်းပြီ" ဟု ကိုလှရွှေ ပြောခဲ့သောစကားက မှန်နေပြန်သည်။

ကြက်ဖမွေးဆောင်းရွာမှာ နှစ်ညကပြီး အမာရွာကို နေ့ချင်းကူးရသည်။ အဖွဲ့မှာ အမာရွာ နှတ်ဆက်ပွဲညတွင် အရေ့ဖျားရွာသို့ နေ့ချင်းကူးကနိုင်ရန် ကြက်ဖမွေးဖောင်းရွာ နှုတ်ဆက်ပွဲ ညမှာကဲ့သို့ ပွဲကြည့်ပရိသတ်အား တောင်းပန်၍ ဇာတ်ပွဲကို စောစောသိမ်းကာ အရေ့ဖျားရွာသို့ ထွက်ခဲ့ကြသည်။



အရေ့ဖျားရွာအသွား စက်လှေပေါင်းမိုးပေါ်တွင် ကျွန်ုပ်နှင့်အတူရှိနေသော ကိုလှရွှေမှ "ချောင်းကြီး ချောင်းကြားကသွားလျှင် အရေ့ဖျားရွာကို မှောင်မှရောက်မယ်။ ဝင်လယ်ဝကနေ ဖြတ်မောင်းရမယ်" ဟု ပြောကာ စက်လှေမောင်းနေသူ သူ့တူငည့်ကို ရေကြောင်းပြနိုင်းပြီး သူကိုယ်တိုင် တက်မကိုင်ကာ မောင်းလေသည်။ အရှေ့အရပ်ဆီမှ နေရောင်ခြည်နုနုလေးကိုမြင်ရစဉ် လေအေးက တိုက်ခတ်နေပြန်၍ ကျွန်ုပ် ငိုက်မြည်းစပြုခဲ့သည်။ "ဒါရိုက်တာကြီးရေ - ဒီလေတိုက်တာ ကျုပ် မကြိုက်ဘူးဗျာ" သူ့အာကြောင့် မကြိုက်သည်ကို ကျွန်ုပ် မသိပါ။ ရေလမ်းခရီးသွားရသည်မို့ မေးမြန်းလျှင်လည်း မသင့်လျော်ပေ။ ထို့ကြောင့် ကျွန်ုပ်သည် ရေမော်ဂါထာကို နှလုံးသွင်းပြီး တိတ်ဆိတ်စွာပင် နေခဲ့ရ၏။ အချိန်အားဖြင့် မကြာလိုက်ပါ။ စက်လှေမှာ တုန်ခါလာပြီး ကြီးမားသော လှိုင်းလုံးကြီးများ စက်လှေကို ရိုက်ခတ်လာ၍ ဇာတ်အဖွဲ့သားများ ဆူညံစွာ အော်ဟစ်ကြတော့သည်။ ကျွန်ုပ် အမှတ်တရအရှိဆုံးက "အဘိုး - အဘိုး" ဟူ၍ အာခေါင်ခြစ်ကာ အော်နေသော ဇာတ်မင်းသားကြီး ရွှေမန်းဦးတင်လှိုင်၏ အသံဝါကြီးနှင့်

အထိုးအိုသည်
ခထာထာစဉ်းစားပြီး
ထိုးညင်းစွာဖြင့် လူထလေးတ
လူသားတွေရဲ့ အသက်ကို
ကယ်မယ်ဆိုရင် အတ
ရေမော်ဂါထာကို ပေးခဲ့မယ် ဟု
ပြောဆိုတာ ရေမော်ဂါထာပါ
စာရွက်ပေတာင်းလေးကိုပေးရာ
အောက်ပါအတိုင်း
တွေ့ရပေ၏





www.burmeseclassic.com

www.burmeseclassic.com

အတူ ကိုလှရွှေ၏ ဇနီးဖြစ်သူမှာလည်း "ဒီနေရာက စက်လှေမှောက်ပြီး ရှင့်ညီ သေတဲ့နေရာ – နောက်ကြောင်းကို ပြန်လှည့်ပါ ကိုလှရွှေရယ်" ဟု ငိုယိုကာ ပြောနေပေမယ့် ကိုလှရွှေကတော့ အရာအားလုံးကို အလေးမထားဘဲ ခေါင်းကို သွင်သွင်ခါကာ စက်လှေကို ဆက်မောင်းခဲ့သည်။

မြင်တွင်းတ လှေပေ၊ စက်လှေ နောက်မှ ကြိုးနှင့်ဆွဲကာ ပါလာသော ဝါးတင်လှေသည်မှာလှိုင်းလုံးများကြားပုခက်လွှဲခံရသလိုဖြစ်နေသည်။ ဂျင်းပုံထောင်သည့်အမိုးပေါ်တွင် ထက်ဆရာ ရွှေမိုးဝမ်းလျားထိုးမှောက်ကာ လက်နှစ်ဖက်ဖြင့်ဝါးလှေသ၏အမိုးစွန်းနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့်မြင်ကွင်းကြောင့် ကျွန်ုပ်စနေသာတော့ဘဲ စက်လှေကို ကမ်းကပ်ရန် ပြောသောအခါ "ဒါရိုက်တာကြီးလည်းလှေတတမ်းအတက် လှိုင်းတပြေးရိုက်ရင် လှေကွဲပြီး အားလုံး သေကုန်မှာ" ဟုပြောတော့မှ လှေအကြောင်း၊ ရေအကြောင်းကို နားမလည်သည့် ကျွန်ုပ်ခပ်မဆိတ်နေစဉ် အော်ဟစ်သံများက ဆိုးဝါးကျယ်လောင်လာသည့်အတွက် စက်လှေကိုနောက်ကြောင်းပြန်လှည့်ရန် ပြောသောအခါကိုလှရွှေမှာ "ရေကြောင်းသင့်ရင် ပြန်လှည့်ပေးမည်" ဟု ပြောလေတော့သည်။

ဝုန်းခနဲ ဒိုင်းခနဲ "အောင်မလေး – သေပါပြီ" ဆိုသည့် အော်ဟစ်သံများနှင့် အတူ ကျွန်ုပ်ဝင်လျှင် ဘုရားတလိုက်မိ၏။ "ကံသီလို့ ဒါရိုက်တာကြီးရေ" ဟု အစပြု၍ ကိုလှရွှေ ပြောပြသည်မှာ ကြီးမားသော လှိုင်းတွေကြား နောက်ကြောင်း ပြန်လှည့်ခဲ့လျှင် ခဲ့တိုင်သူ အတွေးတစ်ချက်မှားလိုက်သည်နှင့် အားလုံး ပင်လယ်အောက်သို့ ရောက်သွားနိုင်သည်တဲ့ ပြောပြတော့မှ ကျွန်ုပ် ကျောချမ်းသွားခဲ့သည်။

ထိုအချိန်တွင် "စက်လှေထဲ ရေတွေ ဝင်လာပြီ – ဝင် လာပြီ" နှင့် ရူညံ့စွာ အော်တစ်ပြောဆိုသံကို ကြားလိုက်ရသည်။ ကိုလှရွှေက "စက်လှေဝမ်းဗိုက်က လက်သမား ပေါက်ပွင့်သွားတာ ပူပင်စရာ မလိုပါဘူး၊ ကျွန်တော့် တပည့်တွေ လက်သမား ပေါက်ကိုပြန်ပိတ်ပြီး ဝင်လာတဲ့ရေတွေကို ခပ်ထုတ်ပစ်မှာပါ" ဟု ပြောတော့မှ ကျွန်ုပ်မှာ စိတ်သက်သာရာ ရခဲ့သည်။

ကျွန်ုပ်တို့ ချောင်ကြိုချောင်းကြားမှ အရှေ့ဖျားရွာဆီသို့ အေးချမ်းစွာသွားစဉ် "ဒါရိုက်တာကြီးကို မေးရဦးမယ်" ဟု အစချီကာ ဖာတ်တစ်ဖွဲ့လုံး ကြောက်လန့်ပြီး သွေးဆုတ်မတတ် အော်နေချိန်မှာ ဒါရိုက်တာကြီးက ကြောက်လန့်ခြင်းမရှိဘဲ နေခဲ့တာ သဘောသားလုပ်ခဲ့ဖူးလို့မဟုတ်လား" ဟု မေးသောအခါ ကျွန်ုပ်သည် "သဘောသား မလုပ်ခဲ့ပါ၊ ရေလမ်းခရီးကို ကြောက်သောကြောင့် ရေမော်ဂါထာကို ကျင့်စဉ်အတိုင်း ကျင့်ခဲ့ရွတ်ခဲ့သည့်အတွက် ရေလမ်းခရီးကိုမကြောက်တော့ပါ" ဟု ပြောပြလေတော့မှ "ဒါဆို ဒါရိုက်တာကြီးရဲ့ ရေမော်ဂါထာစွမ်းအင်ကြောင့်လားမသိဘူး၊ ဒါရိုက်တာကြီးရဲ့ "နောက်ကြောင်း ပြန်လှည့်ပါ" ဆိုတဲ့ စကားကြားလိုက်ရတော့ ဘယ်သူတွေ ဘာပြောပြော နားမဝင်ခဲ့တဲ့ ကျွန်တော့် နောက်ကြောင်းကိုပြန်လှည့်ချင်စိတ်ပေါက်လာပြီး စက်လှေကို နောက်ကြောင်းပြန်လှည့်လိုက်တာဟာ ရေမော်ဂါထာရဲ့စွမ်းအင်ကို ရရှိသားတဲ့ ဒါရိုက်တာကြီးကြောင့် ဖြစ်မှာပါဗျာ" ဟု ပြောဆိုပြီး အရှေ့ဖျားရွာသို့ ပျော်ရွှင်စွာ ခရီးဆက်ခဲ့လေတော့သည်။

ဝန်ခံချက်

၁၉၉၈ – ၉၉ သဘင်ရာသီ၊ ရာဝတီတိုင်းတွင် ပွဲကစဉ် ကျွန်ုပ်ကိုယ်တွေ့ဖြစ်ခဲ့သော ဖြစ်ရပ်မှန် ဖြစ်ပါသည်။ ရေမော်ဂါထာအကြောင်း ရေးသားခဲ့သော မူလစာရေးသူ၏အမည်ကို မဖော်ပြနိုင်ခြင်းမှာ ကျွန်ုပ်၏ မှတ်ဉာဏ်အားနည်းချက်ကြောင့် ဖြစ်ပါကြောင်း နားလည်ခွင့်လွှတ်ပေးစေလိုပါသည်။

မောင်ဇော်ဝင်း (ပြည်)



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဖော်ပန်းချီ ဝေမွန်လင်း

# အင်းသရဲဘခက်

## ကြည်အေး

"ဗျို့ - ကိုထွန်းလူကြီး ဘယ်လဲဗျ"

"ညောင်ကန်က မဝင်းစန်းဆီပေါ့ကွ"

"ကုက္ကိုစုက မခင်မြင့်ဆီ ဖြစ်မှာပေါ့"

"အိုးစုက မလုံးတင်ဆီကိုပါကွာ"

လှေတစ်စင်းနှင့် တိုးချောင်းရိုးအတိုင်း စုန်ဆင်းမည့် ထွန်းလူကို တာရိုးပေါ်မှ ဘုငယ်တစ်စု လှမ်းနောက်ပြောင်နေကြခြင်းဖြစ်သည်။ သူတို့နေသည်က ရေမ်းညီမြို့ အပိုင်ရွာငယ်လေးများ ဖြစ်သည်၊ ရေမ်းညီမြို့အပိုင် တစ်ဖက်တွင် ညောင်ကန်၊ ကုက္ကိုစု၊ အိုးစုကျေးရွာများ ရှိသည်၊ လူပျိုကြီးကိုထွန်းလူကို လှေနှင့်သွားလျှင်ရောက်နိုင်သည့် ကျေးရွာမှ နာမည်ကျော် အပျိုကြီးများနှင့် စနောက်နေကြခြင်းဖြစ်သည်၊

"ဟေ့ - ထွန်းလူ၊ ဘယ်သူ့ဆီကိုလဲဗျ"

"ဘခက်ဆီကို သွားမလို့ဟေ့"

"ဗျာ"

"အင်းသရဲ ဘခက်ကို ပြောတာလား"

"အေးပေါ့"

"ဒါဆို ကိုထွန်းလူကြီး တိုးချောင်းအင်းကို သွားမှာပေါ့"

"တုတ်တုတ်လေကွာ၊ အဆင်မသင့် အင်းသရဲဘခက်နဲ့ တွေ့ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"မလုပ်ပါနဲ့ - ကိုကြီးထွန်းလူရယ်"

"အင်းသူကြီးက ရွာဦးကျောင်းမှာ အလှူလုပ်ဖို့ အင်းလုပ်ငန်း သုံးရက် နားထားတယ်လေ"

"အဲဒါကြောင့် ဒီနေ့ အင်းထဲသွားမှာပေါ့ကွ"

"အင်းသူကြီးက သူ့အင်းမှာ အစောင့်ထားတယ်နော်"

"ဟုတ်တယ်ကွ၊ အင်းသရဲဘခက်အကြောင်း မင်း သိသားနဲ့"

"မင်းတို့ အင်းသရဲကို မကြောက်လို့ ထွန်းလူ သွားတွေ့မှာပေါ့။ ဘခက်နဲ့ ထွန်းလူ တွေ့ကြသေးတာပေါ့"

"ခက်တော့တာပဲဗျာ"

"ကိုထွန်းလူကိုတော့ ပြောရမှာ မဟုတ်ဘူး။ သူက တစ်ဖွတ်ထိုးကြီး၊ လွှတ်သာ ပေးလိုက်တော့ပေါ့"

"တဲ - အားလုံးပဲ သွားပြီဗျာ"

ထွန်းလူက သူ့လှေငယ်ပေါ်မှ ရွာသားများကို နှုတ်ဆက်ပြီး တိုးချောင်းအတိုင်း ဆန်တက်လှော်လာတော့သည်၊ ရွာသားတွေ ပြောလည်း ပြောချင်စရာ၊

အင်းသရဲဘခက်ဆိုတာ နာမည်ကြီးပါပေ့။

အင်းသူကြီးသည် သူ့အင်းစီးပွားရေးအတွက် အနှောင့်အယှက်များကို ဖြေရှင်းရန် ထလွှန်ရောက် သရဲဘခက်ကို မွေးထားသည်ဟု ပြောကြသည်။ မနှစ်ကပဲ ငါးဝင်ခိုးသူတွေ သေကြပါရောလား။

အင်းထဲ ငါးဝင်ခိုးကြရာ ဖက်ချိုးခံ ရပြီး သေခဲ့ကြသည်၊

သုံးယောက်တောင်မှ၊ သည်ကတည်းက အင်းသရဲ နာမည်ကြီးလှသည်၊ အင်းကို ရှောင်ကြသည်၊ ယခုရက် မှာ အင်းသူကြီးက ခရမ်းညိုမြို့ဦးကျောင်းမှာ အလှူအကြီးအကျယ်လုပ်သည်၊ သူ့လုပ်ငန်းတွေကို ရပ်ထားသည်။ သည်လိုအချိန်ကို ထွန်းလူ စောင့်နေရခြင်းဖြစ်သည်၊

အင်းထဲမှာ ငါးဖမ်းဖို့ လာတယ်ဆိုပေမယ့် ထွန်းလူ လှေပေါ်တွင် ပိုက်ကွန်မပါ၊ ငါးမျှားတံမပါ၊ ထွန်းလူကျွမ်းသည်က လက်ပစ်ငါးမျှားခြင်း ဖြစ်သည်။ အလေးခဲ ဆွဲထားသော ငါးမျှားချိတ်တပ်ထားသည့် နိုင်လွန်ကြိုးကို ရေထဲသို့ ဝေးဝေးပစ်လိုက်သည်၊ အစာတပ်ထားသော ငါးမျှားချိတ်တွင် ငါးဆွဲသည်တွင် ကြိုးထိပ်မှ ဖော့တုံးမြုပ်



သွားသည်၊ သည်အချိန်တွင် ထွန်းလူ ညာဘက်လက်မှ လက်ညှိုးဖြင့် ကြိုးကို ထိန်းထားသည်၊

ငါးဆွဲအား အလေးအပြုကိုကြည့်၍ လက်ပတ်ကြိုးကို အလျော့အတင်းလုပ်ပြီး လက်ညှိုးထိအားဖြင့် ငါးကို ဆွဲယူလိုက်သည်။ သည်တော့ ရေထဲက ငါးဟန်ချက်ပျက်ပြီး ပေါ်ရောက်အောင် ဆွဲတင်ရုံသာ။

ထွန်းလူကိုကြည့်လျှင် အင်းရေပြင်ကို ကမ်းစပ်မှ ငေးနေထိုင်နေသလိုပင်၊ ငါး ဖမ်းသည့်ပုံစံမပေါ်၊ အင်းထဲက ငါးကို ဟန်မပျက် ခိုးနေကျပုံစံ ဖြစ်သည်၊

သည်နေ့ အင်းလုပ်သားများ အလုပ် မဆင်း၊

အင်းထဲတွင် လူရှင်းနေသည်၊

လှေကို ချောင်းအတိုင်း ဆန်တက်လာရာမှ ညောင်ကန်ရွာနှင့် ကုက္ကိုစုရွာ အစပ် သောအမြို့တွင် လှေကို ကမ်းတစ်ဖက်သို့ ကပ်လိုက်သည်၊ လှေကိုရပ်ပြီး အင်းထဲသို့ လက်ပစ်ငါးမျှားကြိုးကို လွှတ်ချလိုက်သည်၊ လူကတော့ အင်းကမ်းစပ်မှ လမုပင်ခြေရင်းတွင် ခေတ္တရပ် လိုက်သည်၊

လက်ထဲတွင်တော့ ကိုင်းခုတ်ဓား တစ်ချောင်းကိုင်ထားသည်။ ညာဘက်မှ ဓား ကိုင်၊ ဘယ်ဘက်မှ ငါးမျှားကြိုးထုံးကို လျော့ပေးလိုက်သည်၊ ထွန်းလူ ဓားကိုင်သည် လည်း ရှင်းသည်၊ ရေပေါ်ဆွဲတင်လိုက်သော ငါးကို ကမ်းပေါ်တွင် အသေခုတ်ရန် ဖြစ်သည်၊ ပြီးတော့မှ ငါးခုတ်သားကို လှေပေါ်တင်ထားရုံသာ။

ထွန်းလူသည် တိုးချောင်းရိုးကမ်း ဘေးသို့ လှေကို တပ်လိုက်သည်၊ တာရိုးတစ် ခုတွင် အင်းရေပြင်ကျယ် ရှိသည်၊ လှေဦးကြိုးကိုဆွဲလို့ တာရိုးဘေးမှ လမုပင်တွင် ချည်လိုက်သည်၊ အင်းကမ်းနဖူးမှ လမုပင်ဖြစ်သည်၊ လှေဦးကြိုးကို လမုပင်တွင် ဝတ် ချည်လိုက်သည်၊ လမုပင်ကလည်း အပင်ကြီးတော့ မဟုတ်၊ ပင်စည်လုံးပတ်ထွာဆိုင် သာ ရှိသည်၊

"ဟ - ဘယ်လိုဖြစ်တာလဲ"

ထွန်းလူ နည်းနည်းစိတ်ရှုပ်သွားသည်၊ လှေဦးကြိုးကိုသေသေချာချာ လမုပင်ကို ချည်လိုက်သော်လည်း တစ်ခဏအတွင်း လှေကြိုးပြေ၍ ချောင်းရိုးမှာ လှေလွင့် သွားသည်၊ ထွန်းလူ လှေဦးကြိုးကို လိုက်ကောက်ပြီး လမုပင်စည်တွင် ပတ်ချည်လိုက်



www.burmeseclassic.com

www.burmeseclassic.com

ပြန်သည်။ ခြေဦးကို အခင်းဘက်သို့ လှည့်မည်ပြင်သည်။ လမုပင်မှ လှေချည်ကြိုးက ပြေလျော့သွားသည်။ ချောင်းရိုးတွင် လှေက လှမ်းသွားပြန်သည်။

"ဟြော် - လမုပင်က အချည်မခံဘူးပေါ့လေ"

ထွန်းလူ ဓားကိုသေချာစွာ ဆုပ်ကိုင်လိုက်သည်။

"သိကြရလေရောပေါ့ကွာ"

ထွန်းလူတွင် လမုပင်ရှေ့တွင် ခြေစုံရပ်လိုက်သည်။ ကိုင်းခုတ်ဓားကို ထိထိမိမိ ကိုင်လိုက်သည်။ လမုပင် ပင်စည်ကို ခါးလယ်မှဖြတ်၍ ခုတ်လေတော့သည်။ ဒေါသနှင့် အကြိမ်ကြိမ် ဘယ်ပြန်ညာပြန် ခုတ်လိုက်သည်။ လမုပင် ပင်စည်ပတ်လည်တွင် ဓားအက်ရာ ပတ်လည်ဝိုင်းပြီး ချောင်းရိုးဘက်ရှိ ပင်စည်ကို ပို၍ခုတ်ထစ်လိုက်သည်။

အချိန်မကြာလိုက်ပါ။ လမုပင် ပင်စည် ဓားအက်ရာများနှင့် တအိအိ အသံမြည်လျက် ကိုင်းများများ ချောင်းရိုးဘက်သို့ ကိုင်းကျသွားသည်။

"ငါ့လှေကြိုး အချည်မခံတဲ့အပင် သေပေရော့ - သွားရော့တွာ"

ထွန်းလူသည်ပင်စည်အထက်ပိုင်းကိုတွန်းလှဲလိုက်တော့ဝေါခနဲအသံနှင့်အတူ လမုပင်ဘိုင်းပြတ်၍ ချောင်းရိုးမှာ ဦးစိုက်သွားပြီး လမုပင် ခါးပြတ်၍ငုတ်တိုသာ ကျန်တော့သည်။



ထွန်းရဲ့ စိတ်ညစ်သွားသည်။
ငါးသုံးတောင် ဈေဝမ်းထဲ
ထည့်ပြီး ဈော်ထတ်ဖြင့်
ရှေ့ခရီးကို စတင်ဆိုက်သည်။
အားသာစိုက်ဈော်
ဈေထတော့မရှေ့။ လမုပင်
အဖျားကျရာ ချောင်းရိုးတွင်
တစ်တွာမျှမရှေ့။ ဈော်သာ
ဈော်သည် အားတန်သွားချေ်။
ဈေထတော့ မရှေ့။



"တဲ - ခုမှပဲ လှေကြိုးကို လွယ်လွယ် စွပ်ထားရချေပေါ့"

လမုပင်ငုတ်တိုတွင် လှေကြိုးကို စွပ်လိုက်သည်။ လှေငြိမ်သွားပြီး သူ့စိတ်လည်း ငြိမ်သွားပြီ။ သည်တော့မှ အဘကြီးညွန့် ပြောစကားကို ကြားယောင်မိသည်။

"ထွန်းလူ သစ်ပင်ဆိုပြီးတော့ ထင်းလိုလို့ တွေ့ကရာ မခုတ်နဲ့ကွ။ သစ်ပင်မှာ နာနာဘာဝတွေ ခိုနားနေကြတယ်။ အပင်ကြီးရင် ရုက္ခစိုးရှိတယ်။ သူတို့ နေထိုင်ရာ နေရာကို အမြေပျက်အောင် မလုပ်မိစေနဲ့။ သူတို့ ဗီမာန်ပျက်ရင် မင်းကံမြင့်နေတုန်း ဘာမှမရှိပေမယ့် မင်း ကံနိမ့်တဲ့အချိန် ဒုက္ခရောက်ရမယ်နော် သတိထား"

"ခွင့်လွှတ်တော့ - အဘညွန့်ရေ"

ဒေါသဖြင့် လမုပင်ကို ခုတ်လှဲပစ်လိုက်သည်။ အဘညွန့်မှာစကားကြားယောင်၍ လမုပင်ကိုကြည့်တော့ လူတစ်ယောက် ခြေပြတ်လက်ပြတ်နဲ့ ယိုင်လဲသွားသလို လမုပင်အဖြစ်က တော်တော်အရုပ်ဆိုးစွာ တိုးချောင်းထဲ ကျနေပြီ။ စိတ်ကတော့ ထင့်သွားသည်။ ရှိစေတော့ လှေကြိုးကတော့ လမုငုတ်တိုမှာ ရစ်ပတ်ထားပြီ။

ထုံးစံအတိုင်း လက်ပစ်ငါးမျှားကြိုးနဲ့ ခဲသီးတပ်ကို အင်းရေပြင်ထဲသို့ ဝေးဝေး လှမ်းပစ်လိုက်သည်။ ခဲသီးတပ် ငါးမျှားချိတ်ပါကြိုးစက ရေထဲငုပ်သွားပြီ။ ရေပေါ်တွင် ဖော့တုံးအဝါကလေးက လှုပ်လီလှုပ်လဲ့ မြင်နေရပြီ။ ထွန်းလူ လက်ထဲမှကြိုးကို အသာ လျှော့ပေးလိုက်သည်။ လက်ညှိုးကိုဖြတ်၍ ရစ်ထားသော ငါးမျှားကြိုးစ တဖြည်းဖြည်း ဆွဲသွားသည်။ ကြိုးနှင့်လက်ကို ငြိမ်အောင်ထားပြီး လမုပင်ငုတ်တိုဘေးတွင် ထိုင်လိုက်သည်။

မျက်လုံးအစုံက ဖော့တုံးပေါ်က အကြည့်မခွာ။

ငါးဆွဲလျှင် ဖော့မြုပ်မည်။ ဖော့အခြေအနေကြည့်၍ ကြိုးကို အလျော့အတင်းပြုပေးရမည်။ ပြီးတော့ ဆတ်ခနဲကြိုးကိုဆောင့်ဆွဲလိုက်လျှင်ပါလာပြီပေါ့။ ငါးတစ်ကောင်ကတော့ အဆွဲကြိုးကို အလိုက်သင့်လွှတ်ပေး၊ ကြိုးအတင်း အလျော့ကြည့်လို့ ဆတ်ခနဲ ကြိုးဆွဲလျှင် ပါးဟက်နှင့် ငါးမျှားချိတ် ထိထိမိမိငြိပြီ။ သည်တော့ လာလေရော့ - ငါး တစ်ကောင်ပေါ့။

မကြာမီ ဖော့တုံးလှုပ်သွားသည်။ မြုပ်သွားပြီ။

ထွန်းလူ အတွေ့အကြုံအရ သိပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကြိုးကို အလျှော့အတင်းလုပ်၍ ထိုင်ရာမထကြိုးဆွဲသည်။ နောက်ဆုံးကြိုးကို အလေးချိန်စီးစီးဖြင့် ဆွဲယူရသည်။

ငါးကြီးတစ်ကောင်မိပြီဆိုသည်ကို လက်အတွေ့ဖြင့် သိရပြီ။ လူက ပုံစံမပျက် ချောင်းရိုးနှင့်အင်းစပ်တွင်ထိုင်လျက်ကြိုးကိုတဖြည်းဖြည်းဆွဲတင်လိုက်သည်။ ပုံစံက ငါးခိုးဖမ်းသည့်ပုံမဟုတ်၊ ကမ်းခြေတွင် ခြေပစ်လက်ပစ်မှုးနေ၍ ထိုင်နေပုံ၊ သို့သော် မကြာမီ ငါးကြီးတစ်ကောင် ကြိုးထိပ်ချားမှ တလွန့်လွန့်လူး၍ ကမ်းပေါ်ရောက်လာပြီ။

ထွန်းလှ ဓားကိုကိုင်ပြီး ငါးကို ခုတ်လိုက်သည်။

တလွန့်လွန့်လူးနေသောငါး ငြိမ်သွားပြီ၊

ငါးကို ကောက်ယူ၍ လှေဝမ်းထဲ ပစ်ထည့်လိုက်သည်။

သည်လိုနှင့် ထွန်းလှတစ်ယောက် ငါးကြီးသုံးကောင်ရသည်တွင် လောဘသတ်လိုက်သည်။ အင်းထဲက ငါးလာခိုးသည်ဆိုတော့ အချိန်ယူနေ၍မဖြစ်၊ ရသမျှငါးနှင့် ကျေနပ်စွာ လှော်တက်ကြီးကိုဖြုတ်၍ ချောင်းရိုးအတွင်း လှေကို ဆန်တက်ရန် ပြင်လိုက်ပြီ။

အင်းထဲမှ ငါးသူခိုးထွန်းလှ –

ချောင်းအတိုင်း ရေကိုဆန်၍ အိုးစုလှေဆိပ်သို့ သွားရမည်။ အိုးစုတွင် မလုံးထင်နှင့် ချိန်းထားသည် မဟုတ်ပါလား။

⁂

"ဟ – လှေက ဘယ်လိုဖြစ်တာလဲ၊ လှော်လို့လည်း မရွေ့ပါလား"

ထွန်းလှ စိတ်ညစ်သွားသည်။ ငါးသုံးကောင် လှေဝမ်းထဲထည့်ပြီး လှော်တက်ဖြင့် ရှေ့ခရီးကို စတင်လိုက်သည်။ အားသာစိုက်လှော် လှေကတော့မရွေ့၊ လမုပင်အများ ကြားရှာ ချောင်းရိုးတွင် တစ်ထွာမျှမရွေ့၊ လှော်သာလှော်သည် အားကုန်သွားမည်၊ လှေကတော့ မရွေ့။

လှည့်ကြည့်လိုက်တော့ နောက်ဘက်က လှေနံရံကို မည်းမည်းသဏ္ဍာန်တစ်ခုက ဆွဲထားသလိုဟန်ပန်ကို တွေ့ရသည်။

ခြော် – လှေမရွေ့အောင် ဆွဲထားတာကိုး။

"ဟောကောင် – မင်းဘယ်သူလဲ၊ ငါ့လှေကိုလွှတ်"

"ဟီး – ဟီး – ဟီး – မလွှတ်ဘူး"

အသံနက်ကြီးဖြင့် ထွန်းလှလှေကို ဆွဲထားဟန်ပြုသည်။ ထွန်းလှ ရှေ့သို့တိုးရန် လှေလှော်၍မရတော့။

"ဟောကောင် – လွှတ် – မင်းဘာလို ချင်လို့လဲ"

"မလွှတ်ဘူးကွ၊ ဘာမှမလိုချင်ဘူး၊ ငါးဆိုတာ အင်းထဲမှာ အများကြီးတယ်။ ငါ စေတျနပ်တာက ငါနေတဲ့ လမုပင်ကို မင်းခုတ်ပစ်လို့ကွ"

"မင်း ဘယ်သူလဲ၊ လမုပင်နဲ့ မင်း ဘယ်လိုပတ်သက်လဲ"

"ငါ့နာမည် ဘခက်၊ မင်းတို့သိတဲ့ အင်းသရဲဘခက်"

"ဘခက် – အင်းသရဲဘခက် မင်း လူ့ဘဝတုန်းက ငါ့သူငယ်ချင်းပဲ ဘခက်ရဲ့"

"ခုတော့ မင်းလုပ်ရပ်က သူငယ် ချင်း လုပ်ရပ်မဟုတ်ဘူး။ ငါနေတဲ့ အပင်ကို ခုတ်ပစ်ရက်တယ်လေကွာ"

"အင်းသရဲဘခက်ဆိုတာ အင်းသူကြီး ညွန့်လှိုင် မွေးထားတဲ့သရဲပေါ့"

"ဟုတ်တယ် – ငါ ဟိုတုန်းက ငါး လာခိုးရင်း လှေမှောက်လို့သေတော့ အင်းသူကြီးက အစာကျွေးပြီး သူ့အင်းကို ငါ စောင့်ပေးရတယ်လေ။ ငါ့နာမည် မင်း သိပါတယ်၊ အင်းသရဲ ဘခက်လေ"

"ဘခက်ရာ ငါက ကုဏ္ဍိုစု အချိန်မီသွားရမှာ လွှတ်ပါကွ"

"မင်းကို မကျေနပ်ဘူး၊ ငါနေစရာမရှိအောင် လုပ်တယ်"

"ငါမသိလို့ပါကွာ၊ ကျေနပ်ပါ"

"မကျေနပ်ဘူးကွ"

"မင်းကျေနပ်အောင် ငါ ဘာလုပ်ပေးရမလဲ"

"မင်းနဲ့ငါ လှေပေါ်မှာ နပန်းလုံး မယ်"

"မလုပ်ပါနဲ့ – ဘခက်ရယ်"

"မရဘူးကွ၊ မင်းနဲ့ငါဟိုတုန်းက လည်း ချုံးတယ်လေ၊ ရှုံးတဲ့သူက နိုင်တဲ့ သူပေးတဲ့အမိန့်အတိုင်း ဖြစ်စေရမယ်"

"ပြောမရရင်လည်း မင်းလှေပေါ်တက်ခဲ့လေ၊ တွေ့ကြတာပေါ့"





www.burmeseclassic.com

www.burmeseclassic.com

ထွန်းလှသည် လှော်တက်ကို လက်နှစ်ဖက်နှင့် အားရပါးရကိုင်ပြီး အင်းသရဲဘခက်ကို လှေပေါ်တက်ခဲ့ဖို့ စိန်ခေါ်လိုက်သည်။

"ဩော် - မင်းက လက်နက်နဲ့ပေါ့၊ ရပါတယ်ကွာ"

အင်းသရဲဘခက်မှ အရိပ်မည်းအဖြစ်နှင့် လှေပေါ်ခုန်တက်လိုက်သည်။ အရိပ်မည်းလက်တစ်ဖက်တွင် တံတောင်ခန့်ရှိသော ဖြူဖြူအချောင်းကြီး ကိုင်ထားသည်။ ထွန်းလှ သိလိုက်ပြီ၊ အမဲရိုးတစ်ချောင်းကိုင်၍ အင်းသရဲဘခက် လှေပေါ်တက်ပြီး စတင်လှုပ်ရှားသည်။

လှော်တက်နှင့် အမဲရိုးတိုက်ပွဲစပြီ။

သူက ရိုက်၊ ကိုယ်ကရှောင်၊

ကိုယ်ကရိုက်၊ သူကရှောင်၊

အရှောင်အတိမ်း လှေပေါ်မှာ ယိမ်းနွဲ့နေသည်။

"တော့ - ထွန်းလှ လှေပေါ်မှာ တစ်ယောက်တည်း ကနေတာလား"

ထိုးချောင်းရိုးတွင် သူ့လှေဘေးမှာ ဖြတ်သွားသော ရွာသားများက လှမ်းမေးရင်း ဖြတ်ကျော်သွားသည်။ သရဲနှင့် ထွန်းလှ သတ်ပုတ်ပွဲကို သူတို့က သရဲကို မမြင်ကြ။ ထွန်းလှတစ်ယောက်တည်း လှော်တက်ကိုင်ပြီး ဟန်ရေးပြသည် ထင်သွားသည် လေ။

ထွန်းလှ အချေးတွင် သရဲက ခေါင်း ကို လှမ်းရိုက်သည်။

တော်ပါသေးရဲ့ လှော်တက်ဖြင့် ခုခံလိုက်သည်။

လက်ကိုင်ယိမ်းသွားသည်၊ လှော်တက် ယမ်းခါသွားသည်။ သရဲရိုက်ချက် ပြင်းလှသည်။ သို့နှင့် အပြန်အလှန် သတ်ပုတ်နေရာမှ နောက်ဆုံး ထွန်းလှလှော်တက်က အမဲရိုးကို မိမိရရ ရိုက်ချလိုက်သည်၊ အမဲရိုး ရေထဲသို့ ကျသွားပြီ။

"ဟော့ကောင် - ဘခက်၊ ငါနိုင်ပြီ။ မင်းကတိအတိုင်း ငါ့လှေကို ကုဏ္ဍိုဂုံ ရောက်အောင် တွန်းပို့ပေးစမ်း"

ထွန်းလှက လှေပေါ်တွင်ထိုင်လျက် လှော်တက်ကို ပေါ့ပေါ့ပါးပါးကိုင်ထားသည်။ လှော်တက်နှင့် ရေမထိ၊ စည်းစိမ်နှင့် လှေပေါ် လိုက်ပါသွားသည်။

အင်းသရဲဘခက်ကလည်း ကတိတည်သည်။

လှေကို တွန်းလျက် ထွန်းလှလိုရာ ခရီးသို့ ပို့ပေးသည်။



ကြဲ့ကြဲ့ဖန်ဖန် သရဲနှင့်လူ သတ်ပုတ် ပွဲ။

သရဲ အရှုံးပေးလိုက်ရပြီ။

ကတိရှိသည့်အတိုင်း လှေကို ဆန်လျက်တွန်းပေးသည်။

လှေက လှော်မည့်သူမလှော်ရဲဘဲ တရွေ့ရွေ့နှင့် အိုးစုလှေဆိပ်သို့ ရောက်လာပြီ။

"ဟ - ထွန်းလှက ရေဆန်ကိုမလှော်ဘဲ လှေကိုရွေ့နေတာပါကလား။ ရေဆန်တို့ မျှောလာတဲ့လှေပေါ်မှာ ထွန်းလှ တယ်ဇိမ်ကျနေပါကလား"

ကမ်းနဖူးမှ ရွာသားများက သရဲကို မမြင်၊ ထွန်းလှ လှေပေါ်မှထိုင်လျက်နေသည်။ ဇိမ်ကျနေသည်၊ လှေကလွတ်သောနေရာတွင် ကမ်းကပ်လိုက်သည်။

ထွန်းလှလှေပေါ်တွင် မတ်တတ်ရပ်လိုက်သည်။

"အား - အမလေး"

ထွန်းလှ ညာပခုံးစွန်းကို အမဲရိုးဖြင့် ပစ်ပေါက်ခြင်းခံလိုက်ရသည်။ အရှိန်ပြင်းသော လက်အရင်းစုံရိုး ပြုတ်ကျသွားသည်၊ လက်လှုပ်မရတော့၊ လက်ချုံရိုး အဆုံးမှ အရိုးဖုကြီးက ကြောထောင့်ရောက်နေပြီ။ ပခုံးလက်ပြုတ်သွားပြီ။

အမဲရိုးနှင့် ပစ်ပေါက်မှု ခံလိုက်ရပြီလေ။

"ဟော့ - လုပ်ကြပါဦး၊ ထွန်းလှ လက်ကြီးတစ်ဖက် တွဲလောင်းဖြစ်နေပါလား"

"အမဲရိုးနဲ့ လက်ရင်းကိုပစ်လိုက် တာ ဒက်ထိပဲ"

"ကျွန်တော့်ကိုထိန်းပြီး လှေပေါ်က ချပေးပါ၊ လက်ကို မထိစေနဲ့"

"ကဲ - ဖိုးထင်တို့ အေးမောင်တို့ မင်းတို့အစ်ကိုကြီး လှေပေါ်က တွဲချကြပါတွယ်။ ဘယ်လိုဖြစ်တာလဲကွ"

"ကျွန်တော်နဲ့ အင်းသရဲဘခက် လှေပေါ်မှာ ရန်ဖြစ်ပြီး ဘခက်ပစ်တဲ့ အမဲရိုးတာ ခုတွေပေးတာ - အဘရေ"

"ငါပြောသားပဲကွ။ နာနာဘာဝနဲ့ ရန်မလုပ်နဲ့၊ ကင်းအောင်နေလို့ ပြောထားတာ နဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"တကျွပ်များသွားတယ်အဘညွန့်ရေ၊ အင်းသရဲဘခက်နေတဲ့အပင်ကိုခုတ်ပစ်လို့ ဘခက် လိုက်ပြီးနှောင့်ယှက်တာ"

"ကဲ - ကလေးတို့မင်းတို့အစ်ကိုကြီးကို အိုးစုရွာထိပ်က မိလုံးတင်အိမ်ကို ပို့ပေး လိုက်ကြ၊ လုံးတင်အိမ်ဘေးမှာ အကြောပြင်ဆရာရှိတယ်၊ ပို့လိုက်ကြပါကွာ၊ ဟော့ - လှေထဲက ငါးတွေပါ လုံးတင်အိမ်ကို ပို့ပေးလိုက်ကြပါကွာ"

"တျေးဇူးပါပဲ - အဘညွန့်ရယ်"

ခက်တော့ခက်သည်၊

ယနေ့ လူငယ်တွေ အယုံအကြည် မရှိကြ၊

နာနာဘာဝ သူ့ဘာသာသူ ဝင့်စံနေရတာကို လူသားက ကျူးကျော်စော်ကားဟန် ဖြစ်ကြသည်၊

လူ့စည်း၊ ဘီလူးစည်း နေကြရမှာပေါ့၊

ခုတော့ အင်းသရဲဘခက်နေရာကို ထွန်းလူ သွားဖျက်ဆီးခဲ့သည်၊

မတော့နှပ်၍ လိုက်လာသော အင်းသရဲဘခက်ကို ရန်ထပ်ပြုသည်၊ အနိုင်ယူ သည်၊

မုန်းသွားသော နာနာဘာဝက မကျေနပ်တော့ လှေအဆင်းမှာ အမဲရိုးဖြင့် ပစ် ပေါက်လိုက်သည်၊

အင်းသရဲဘခက် လက်ချက်ဖြင့် ထွန်းလူ လက်တစ်ဖက်ပြုတ်ခဲ့ရလေပြီ တော၊

ဒါကြောင့် ပြောတာပေါ့၊ နာနာဘာဝဆိုပြီး လျှော့မတွက်နဲ့၊ သူ့စည်းကို သွား မကျော်နဲ့၊ ကိုယ် ကံမြင့်ချိန် ဘာမှမဖြစ်သော်လည်း ကိုယ် ကံနိမ့်သည့်အချိန်တွင် လွယ်၊

ခုတော့ - အများကြောက်နေတဲ့ အင်းသရဲဘခက် လက်ချက်ပြင်းလှသည်၊

ကြည်ဇော်




ကျတ်တို့ညှတ်ကွင်းမှ လွတ်ခဲ့သူ

မင်းရွှေမင်း (တောင်ကုတ်)

www.burmeseclassic.com

www.burmeseclassic.com

မင်းရွှေမင်း
(တောင်ကုတ်)

# ကျွတ်တို့ညွှတ်ကွင်းမှ လွတ်ခဲ့သူ

"အကျီပါး နဲ့ဘရာစီယာ – ဗိုက်ခေါက်ထူတာပြချင်လို့လား"

"ဟား – ဟား – ဟား – ဟား – ဟား – ဟား"

ဝိုင်းကြည့်ပရိသတ်များက လူရွှင်တော်များ၏ ပြက်လုံးနှင့် အမူအရာများကို သဘောကျကာ အားပါးတရ ဟားတိုက်ရယ်မောလိုက်ကြသည်။

"တာ – ဘာလဲကွ – မင်းသံချပ်က"

"ဟုတ်သားပဲကွဲ – တောက်ထိန်ရ၊ မင်းပြက်လုံးက မရယ်ရပါဘူးကွာ"

"အောင်မာ – မင်းတို့ကမှ သဘောမပေါက်ကြတာကွ၊ ဟိုမှာ သဘောပေါက်တဲ့ ပရိသတ်ကြီးက ဟားတိုက်ရယ်နေကြပြီ၊ ဒီမှာ ဟော့ကောင် – ပေါက်ဆိန် – အခုဟာက မျိုးချစ်စိတ်ဓာတ်ကွ၊ မင်းတို့က မျိုးချစ်စိတ်မရှိကြလို့ မခံစားတတ်ကြတာပါကွ၊ နားထောင် – ငါ ရှင်းပြမယ်"

"ကဲ – ရှင်းစမ်းပါကွာ – လျှာရှည်နေလိုက်တာ – ဟင်း"

"ဟား – ဟား – ဟား – ဟား – ဟား"

"ကောင်းပြီလေ – ငါ ရှင်းပြမယ်၊ ဒီခေတ်မိန်းကလေးတွေက အဝတ်အစား ဝတ်ကြတာက လုံလုံခြုံခြုံမရှိကြဘူး၊ မြန်မာမိန်းကလေးပီပီ အတွင်းခံအကျီခါးရှည် တို့မဝတ်ကြတော့ဘဲ ခါးမပါအတွင်းခံဘရာစီယာကိုဝတ်ပြီးအတွင်းကအသားအရေ တွေကို အတိုင်းသား ဖောက်မြင်ရတဲ့ အကျီပါးပါးလှာလှာလေးတို့ ဝတ်ထားကြလေ တော့ လိုင်းကား၊ ဘတ်စ်ကားတွေပေါ်မှာ လက် ကိုမြှောက်ပြီး အပေါ်တန်းကို လှမ်း ကိုင်လိုက်တိုင်း ဗိုက်သားတွေ ခါးတွေက အထင်းသား မြင်တွေ့နေရတယ်ကွ၊ ဒီတော့ လူမျိုးတာလသားလေးတွေရဲ့အသည်းနှလုံးသားကိုကလိထိုးတွလိုက်သလိုအသည်း ယားကြရတယ်၊ မယဉ်ကျေးဘူးပေါ့ကွာ၊ ကဲ – ရှင်းပြီလား"

"ဟော – မင်းပြောမှ ငါတောင် အသည်းတောင် ယားချင်လာပြီ – ဟီဟိ၊ ဒြော် – ဒါကြောင့် အကျီပါးနဲ့ ဘရာစီယာ ဗိုက်ခေါက်ထူတာပြချင်လို့လားလို့ မျိုးချစ်စိတ်ရှိတဲ့ လူငယ်တွေက သံချပ်ထိုးပြီး ပညာပေးကြတာပေါ့နော် ကိုတောက်ထိန် – ဟီဟိ"

"ဟား – ဟား – ဟား – ဟား"

"အေး – ဟုတ်တယ် – ယဉ်ကျေးမှုနဲ့ပတ်သက်လို့ ဒီထက်ဆိုးတဲ့အဖြစ်အပျက် အလေးတစ်ခု ငါပြောပြဦးမယ်၊ မင်းတို့နားထောင်"

"ဟော့ – ဟေး – တောက်ထိန် – မင်း ဘာတွေပြောဦးမလို့လဲ၊ ငါတို့အသည်းတွေ ယားနေပြီကွ၊ မင်းဆက်ပြောလို့ဖြစ်ပါ့မလား၊ ငါတို့က နားရှက်တတ်တယ်ကွ – တဲ – တဲ –"

"အေး – မင်းတို့ နားရှက်တတ်တယ် ဆိုရင်တော့ – အင်း – မျက်စိရှက်ဖို့ကောင်း တဲ့ အဖြစ်အပျက်ကလေးတစ်ခု ငါ ပြောပြဦးမယ် – နားထောင်"

"ဟေ – ဟီဟိ – ကြည့်ချင်လိုက်တာ၊ ဒါမျိုးဆို ငါ့မျက်စိက မရှက်ပါဘူးကွာ၊ တဲ – ပြောပြော – ဟီဟိ"

"ကဲ – ဒါဆို – ငါပြောပြမယ်၊ နားထောင်ကြ၊ အဟမ်း – အဟမ်း – အပျိုဝိန်ဝိန် ရေမစိမ်နဲ့ – အီကြာကွေး – အီကြာကွေး"

"ဟော့ – ဟေး – ဘာဆိုင်လို့လဲကွ"

"ဟား – ဟား – ဟား – ဟား"

"အေးပါ – အေးပါ – နားထောင်ပါကွာ၊ အင်းစိန်မယ်ပွဲ – ကြမ္ဘာကြို့ – ရွေးပွဲဖတ် ခုံ – မီးလောင်ပါရော – မယ်ဗမာ အဝတ်နဲ့ – ဆင်းပြေးလာ – ပရိသတ်မှာ ဝိုင်းလို့ အုံ့လို့"

"ဟား – ဟား – ဟား – ဟား"

www.burmeseclassic.com

"ဟာ – တောက်ထိန် – မင်းဟာက ဘာလဲကွ၊ နားလည်အောင် ရှင်းစမ်းပါဦး"

"အိုး – ရှင်းပြစရာ လိုသေးလို့လားကွ၊ အရှင်းကြီးပဲဟာ၊ အေး – မင်းတို့ နားလည်ဘူးဆိုရင်လည်း ငါရှင်းပြပါ့မယ်၊ ဒီလိုကွ – ဟိုတုန်းက မောင်ဗမာတို့မယ်ဗမာတို့ ရွှေးပွဲကျင်းပကြတယ်၊ တက္ကသိုလ်မယ်၊ ဒဂုံမယ်၊ ပဲခူးမယ်၊ ပြည်ထောင်စုမယ်ဆိုသည် စသည်ဖြင့်ပေါ့ကွာ၊ မယ်တွေ၊ မောင်တွေ ရွေးကြတယ်၊ ရွေးကြတဲ့အခါမှာ မွေးတိုင်း ဖမွေးတိုင်း အရုက်လုံရုံလေးပဲ ဖုံးဖုံးဖိဖိ ဝတ်ဆင်ထားပြီး အရွေးခံကြရတယ်တွ၊ အဲဒီလိုနဲ့ တစ်နေ့မှာ အင်းစိန်မယ်ရွေးပွဲ ကျင်းပနေတဲ့အချိန်မှာ လျှပ်စစ်မီးသာကြီး ရှော့ဖြစ်ပြီး ရွေးပွဲဇာတ်ခုံကြီးကို မီးလောင်ကျွမ်းလို့ မီးဟုန်းဟုန်းတောက်လောင်တဲ့အခါမှာ ရွေးပွဲဇာတ်ခုံပေါ်က မယ်ဗမာအဝတ်အစားနဲ့ ကိုယ်ဟန်ပြနေကြတဲ့မယ်ဗမာမလေးတွေဟာ မီးလွတ်ရာ ဇာတ်ခုံအောက် လူထုပရိသတ်ကြားထဲ ဆင်းပြေးကြတဲ့ လကွယ်၊ အဝတ်မပါ၊ ကိုယ်ဗလာမယ် ဗမာအဝတ်အစားနဲ့ဆိုတော့ ပရိသတ်တွေကလည်း ဝိုင်းအုံလို့ပေါ့ကွ၊ ဟဲ – ဟဲ – ဘယ်ပြောကောင်းမလဲကွာ၊ ပေါက်ဆိန်နဲ့ ရဲတင်းတို့ရေ – မင်းတို့သာဆိုရင် မျက်လုံးများတောင် ကျွတ်ထွက်သွားမယ် ထင်တယ်နော် – ဟဲဟဲဟဲ"

"တာတွာ – တောက်ထိန်ရာ – မင်းပြောလို့ ကြားရရုံနဲ့ပင် နားရှက်ရုံမက မျက်စိတိန်းလိုက်တာတွာ – ဟီးဟိ"

"ဟား – ဟား – ဟား – ဟား"

လူရွှင်တော် တောက်ထိန်၊ ပေါက်ဆိန်၊ ရဲခင်းတို့၏ မျက်လုံးများကြောင့် ပွဲကြည့်ပရိသတ်တို့မှာ တဟားဟားဖြင့် ပွဲကျသွားပါတော့သည်။

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ လက်ပံကျွန်းရွာ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကြီး ပျံလွန်တော်မူသဖြင့် ဘုန်းကြီးပျံပွဲတော်ကို ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကြီး ပျံလွန်တော်မူသဖြင့် ဘုန်းကြီးပျံပွဲတော်ကို ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပကြသည်၊ ညပိုင်းတွင် မင်းသမီး စိန်



နန်းကြည် ဇာတ်သဘင်အဖွဲ့မှ ကပြဖြေဖျော်နေမှုကို ရပ်ဝေးရပ်နီးများမှ ပွဲကြည့်ပရိသတ်များဖြင့် စည်ကားသိုက်မြိုက်လျက် ရှိနေသည်၊

အဆိုပါ ပွဲကြည့်ပရိသတ် ထောင်ပေါင်းများစွာထဲတွင် စုနစ်တန်းကျောင်းသားလေး မောင်ရွှေမောင်နှင့်အတူ သူငယ်ချင်းများဖြစ်ကြသော မောင်လှဖေ၊ မောင်သန်းရွှေ မောင်ကျော်အေးတို့လည်း အတူတကွ ညပွဲကြည့်နေကြသည်၊ သူတို့သူငယ်ချင်းအစုတို့မှာ ပွဲကြည့်ပရိသတ်များ၏ ညာဘက်ရေနွေးပွဲကြည့်ဇာတ်ခုံစင်မြင့်၏ ဘယ်ဘက်ပွဲခင်းဘေးနားရှိကျောင်းဆောင်အပျက် အုတ်နံရံတစ်ခုပေါ်သို့ ပွဲကြည့်ပရိသတ်သူငယ်အချို့နှင့်အတူ တက်ထိုင်၍ ဇာတ်ပွဲကြည့်နေလိုက်ကြသည်၊ အုတ်နံရံမှာ ဆောင်းနွမ်းပျက်စီး ဆွေးမြည့်နေပြီဖြစ်၍ အထိန်းအကွပ်များ မရှိတော့ဘဲ လှုပ်တုတ်လှုပ်တုတ်ဖြင့် ပြိုပျက်လဲကျမည်ကို စိုးရိမ်နေကြရသည်၊

ဇာတ်ခုံစင်မြင့်ပေါ်မှ လှုပ်ရှားကခုန်နေကြသည်ကို စိတ်ဝင်တစား အာရုံခံ ရှုစားနေကြသဖြင့် လက်ခုပ်တီးလိုက်၊ ဟားတိုက်၍ အားပါးတရ ရယ်မောလိုက်တိုင်း အုတ်နံရံမှာ လှုပ်တုပ်လှုပ်တုပ် ပြိုကျလုလု တုန်ခါနေသည်ကို စိတ်အာရုံမရောက်နိုင်ကြ

ဝင်းနှိုက်ထူစားသောက်နေသော
ဝန်းထန်အိုးခွက် အတိုအစများပါ
ချက်ချင်းပျောက်တွယ်သွား၍
ဆေးဆရာကြီးကလည်း ဆေးတယ်ညာ
ဗတ်ဝန်းတျပ်ကို မျှော်ရှူးစမ်း
ဆော့လောလိုက်သောအခါတွင်
ဆေးဆရာကြီး၏ အသည်းနှလုံးများနှင့်
တစ်ကိုယ်လုံးတုန်လှုပ်
ချောက်ချားသွားမိသည်





www.burmeseclassic.com

www.burmeseclassic.com

ဘဲဖတ်ပွဲကိုသာ စိတ်ဝင်စားနေကြသည်။ အမြင်မတော်သူ၊ စိုးရိမ်နေကြသူ လူကြီးသူမအချို့က အကြိမ်ကြိမ် သတိပေးကြသည်။

"ဟေ့ - ဟေ့ - အပေါ်ကအဖွဲ့တွေ အောက်ကို ဆင်းကြ - ဆင်းကြ - ဆင်းပေးကြပါကွာ။ ပြိုကျရင် အောက်က ပွဲကြည့်နေသူတွေကို ပိမှာသေရှာတယ်။ ကဲ - ကဲ - ဆင်းကြပါကွာ - နော်"

အဆိုပါ အုတ်နံရံအောက်ခြေရင်း ဗျာခင်းထိုင်နေကြသော ပွဲကြည့်ပရိသတ်အချို့တလည်း စိုးရိမ်ပူပန်စွာဖြင့် အောက်သို့ ဆင်းပေးကြရန် အော်ဟစ်တောင်းဆိုတန့်တားနေမှုကြောင့် မောင်ရွှေမောင်တို့ သူငယ်ချင်းတစ်စုလည်း အောက်သို့ ပြန်ဆင်းလာကြတာ ဖတ်စင်နဘောင့်တစ်နေရာ၌ မတ်တတ်ရပ်လျက် ပွဲကြည့်နေလိုက်ကြသည်။ သူတို့ ဆင်းလာပြီး မကြာမီမှာပင် ဆူဆူညံညံ အသံများကို ကြားလိုက်ရပါတော့သည်။

"ဝုန်း"

"အောင်မလေးဗျာ - သေပါပြီဗျ - ကျွတ်ကျွတ်"

"တာ - လုပ်ကြပါဦးဗျာ - ကယ်ကြပါဦးဟ"

"ကဲ - မှတ်ပြီလား - ဒီလိုဖြစ်မယ် ဆိုတာကြိုသိလို့ဆင်းကြ - ဆင်းကြအောက်ကို ပြန်ဆင်းကြလို့၊ ဒီလောက်အော်ဟစ်တောင်းဆိုနေတာ - ကဲ - အခု မြင်ပြီမဟုတ်လား - တောက် - ကွာ"

ပွဲကြည့်ပရိသတ်များထဲမှ အချို့မှာ အုတ်နံရံပေါ် တက်ထိုင်နေကြသဖြင့် အပေါ်ဝိတ်များပြီး ပြိုကျနိုင်သည့် အန္တရာယ်အခြေအနေကို ကြိုတင်ခန့်မှန်း သိထားသဖြင့် အောက်သို့ ပြန်ဆင်းကြရန် အတန်တန် ဟန့်တားပြောဆိုနေသည့်ကြားမှ အုတ်နံရံကြီး ပြိုကျသဖြင့် အုတ်ချပ်အုတ်ပုံများ ပိ၍သေဆုံးသွားခဲ့ရရှာသူ အသက်(၇)နှစ်အရွယ်ယောကျာ်းလေးတစ်ယောက်နှင့် (၁၅)နှစ်အရွယ်အမျိုးသမီးတစ်ဦးတို့နေရာတွင်ပင် အသက်ဆုံးရှုံးသွားခဲ့ကြရပြီး ခြေထောက်ကျိုး၊ ပေါင်ကျိုး၊ ခါးကျိုး၊ ဦးခေါင်းပေါက်ပြဲစသည်ဖြင့် ထိခိုက်ဒဏ်ရာရရှိသူ (၈)ယောက်ခန့် ရှိခဲ့သည်။ ထို့အပြင် (၁၆) နှစ်အရွယ် မိန်းကလေးတစ်ဦးမှာ ခါးရိုးကျိုးပြီး အောက်တစ်ပိုင်းသေ ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူများ၊ ကျိုးပဲ့ဒဏ်ရာရရှိသူများကို အုတ်ပုံထဲမှ စုပေါင်းဖယ်ရှား၍



ကယ်ဆယ်ရေးလုပ်ကြသည်။ ထိုဒဏ်ရာရရှိသူ၊ သေဆုံးသူများကို နီးစပ်ရာ ဆေးရုံဆေးခန်းများသို့ ညတွင်းချင်း ခက်ခက်ခဲခဲ လိုက်လံပို့ဆောင်ပေးကြသည်။ ဖတ်ပွဲပြနေမှုကိုလည်း ခေတ္တဆိုင်းငံ့ထားရပြီး အားလုံးငြိမ်သက်မှုရှိမှ ဖတ်သဘင်တို့ ဆက်လက်ကပြဖျော်ဖြေမှု ပြန်စကြသည်။ ပွဲကြည့်ပရိသတ်များလည်း မင်းသမီးနန်းကြည်ဖတ်သဘင် ဖြေဖျော်မှုကို မိုးစင်စင်လင်းသည်အထိ ကြည့်ရှုအားပေးခဲ့ကြသည်။

မောင်ရွှေမောင်တို့ သူငယ်ချင်း တစ်စုလည်း မိုးလင်း၍ ဖတ်သိမ်းပြီးဆုံးသွားသောအခါ ပွဲဈေးတန်းထဲ၌ အဆာပြေ ရရိုင်မုန့်တီနှင့် အကြော်စုံများ ဝယ်သုံးစားသောက်ကြပြီး ပွဲကြည့်ပရိသတ်များနှင့်အတူ ပွဲခင်းမြင်သို့ ထွက်လာခဲ့ကြသည်။

"ကဲ - ရွှေမောင် - ငါတို့ အိမ်ကို ပြန်ကြတော့မယ်ကွာ။ မင်း ငါတို့နဲ့ တစ်ခါတည်း ပြန်လိုက်မလား။ မင်းအစ်မနဲ့ ဈေးရောင်းကျန်ခဲ့ဦးမလား"

"တာ - ငါမကျန်ခဲ့ဘူးကွ။ ဒီနေ့ မင်းတို့နဲ့အတူ ရွာကိုပြန်လိုက်ခဲ့မယ်၊ ဒါဆို - မင်းတို့ သွားနှင့်ကြ၊ ငါ မမဆီက လမ်းစရိတ်ပိုက်ဆံတောင်းပြီး နောက်က ငါ ပြေးလိုက်လာခဲ့မယ်ကွာ - နော်"

"အေး - အေး - ဒါဆို - ငါတို့ သွားနှင့်မယ်၊ မင်း မြန်မြန်လိုက်ခဲ့နော်၊ ကဲ - ငါတို့သွားပြီ - မြန်မြန်လိုက်ခဲ့နော်"

သည်လိုနှင့် မောင်သန်းရွှေ၊ မောင်လှဖေ၊ မောင်ကျော်အေးတို့ သူငယ်ချင်း ယောက်သား လည်ပင်းဖက်ရင်း လက်တွဲရင်း ရွာပြန်လမ်းအတိုင်း လျှောက်လှမ်းသွားကြသည်။ မောင်ရွှေမောင်မှာ ပွဲဈေးတန်း၌ ဈေးရောင်းနေသည့် သူ၏ အစ်မထံမှ လမ်းစရိတ်ပိုက်ဆံတောင်းယူပြီး သူငယ်ချင်းများ၏နောက်သို့အမီအပြေး လိုက်သွားသည်။ လမ်းတစ်လျှောက်တွင်လည်း ပွဲခင်းမှအပြန် ပွဲကြည့်ပရိသတ်တို့ ပြည့်နက်လျက်ပင်၊ ထိုပွဲကြည့် အပြန်ပရိသတ်များမှာလည်း တဖြည်းဖြည်း နည်းပါးလာသည်။ ရှေ့တစ်မျှော်တွင် ပွဲကြည့်အပြန် ပရိသတ်များကြားထဲမှ သူငယ်ချင်းတစ်စုကို လှမ်းမြင်တွေ့နေရ၏။ မောင်ရွှေမောင်မှာ နောက်မှ အပြေးလိုက်သည်။ လူကြားထဲ ပျောက်ကွယ်သွားလိုက်၊ မြင်တွေ့လိုက်ဖြင့် ပျောက်ချီတစ်ခါ ပေါ်တစ်လှည့် ဆိုသလို လှမ်းကြည့်လိုက်တိုင်း လူအုပ်ကြားထဲမှ မြင်လိုက် မမြင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ဖြင့် မောင်ရွှေမောင်ခမျာမှာ သူငယ်ချင်းများနောက်သို့ အမီ အပြေးအလွှား လိုက်နေရသည်။

"ဟေ့ – ကိုရွှေမောင် – ကိုရွှေမောင် ရွာကို ပြန်မှာမဟုတ်လား။ လာလေ – ဒီမှာ ကူးတို့လှေထွက်တော့မယ်၊ တစ်ခါတည်းလိုက်ခဲ့လေ – လာ"

ရွာမှ ကျောင်းနေဖက်သူငယ်ချင်း မအုန်းခန့်က ကူးတို့လှေပေါ်တွင် ထိုင်နေရင်းက လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။ သို့သော် မောင်ရွှေမောင်က ရှေ့သို့ လှမ်းမျှော်ကြည့်လိုက်ပြီး သူငယ်ချင်းများကို တွေ့မြင်နေရသဖြင့် အတန်းဖော် ကျောင်းနေဖက် သူငယ်ချင်း မအုန်းခန့်ခေါ်ရာ ကူးတို့လှေပေါ်သို့ လိုက်မသွားဘဲ ရှေ့သို့သာ ပြေးလွှားနေလိုက်သည်။

"ဟေး – ဒီမှာ မောင်ရွှေမောင် – နင် ဘယ်ကိုသွားဦးမလို့လဲ။ လာလေဟာ – နင် ရွာကို ပြန်မှာပဲမဟုတ်လား။ ဒီမှာ ကူးတို့လှေ ဆန့်ပါသေးတယ်။ လာ – လာ – မြန်မြန်တက်"

"အော် – ကျွန်တော် မလိုက်သေးဘူး – အဒေါ်၊ ဟိုမှာ ကျွန်တော့်သူငယ်ချင်းတွေနဲ့အတူ လိုက်သွားလိုက်မယ် – အဒေါ် – နော်"

မောင်ရွှေမောင်က ပြောပြောဆိုဆိုနှင့်ပင် သူ လှမ်းမြင်တွေ့နေရသော သူငယ်ချင်းများနောက်သို့ အပြေးအလွှားလိုက်သွားသည်။ သူငယ်ချင်း (၃)ယောက်တလည်း ရှေ့တိုက်(၁၀၀)ခန့်တွင် လူအုပ်ကြားထဲ၌ မမြင်တစ်ချက်၊ မြင်တစ်ချက်ဖြင့် တွေ့လိုက်၊ ကွယ်ပျောက်သွားလိုက်နှင့်ပင် သူတို့နောက်သို့ မောင်ရွှေမောင် တစ်ယောက် အပြေးအလွှားလိုက်နေသော်လည်း သူငယ်ချင်းများကို လိုက်မမီဖြစ်နေသည်။

သည်လိုနှင့် ပြေးလိုက်၊ လွှားလိုက်နှင့်ပင် သူငယ်ချင်းများကို မတွေ့ရတော့ပါ။ လူအုပ်ကြီးလည်း လုံးဝပျောက်ကွယ်သွားသည်။ မျက်စိတစ်ဆုံးကြည့်၍ ဘေးဘယ်ညာ ရှာကြည့်သည်။ လမ်းသွားလမ်းလာ လူအုပ်ကြီးကိုလည်း မတွေ့ရတော့ပါ။ လူဟူ၍ တစ်ယောက်တစ်လေမှ မတွေ့ရသော၊ တိတ်ဆိတ်ငြိမ်သက်သော တောတန်းတစ်နေရာသို့ ရောက်နေမိကြောင်း သတိအသိစိတ် ဝင်လာသည်။ သို့သော် လူသွားလမ်း၏ဘယ်ဘက်ခြမ်း၊ ချောင်းကမ်းတစ်ဖက်ကမ်းတွင် ကျွန်းကလေးတစ်ကျွန်းကို



ည်။ ထိုကျွန်းကလေးပေါ်တွင် ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီးအယောက် (၈)ကျော် (၃၀)ခန့်တို့က အဝတ်လျှော်ဖွပ်သူက လျှော်၍ ရေချိုးသူက ချိုး၊ အဝတ် နေသူတွေက ဝါးလုံးတန်းတွင် အဝတ်လှန်းလျက်၊ အချို့မှာ လဲလျောင်းအနား ကျက်၊ ကလေးငယ်များက ဆော့ကစားလျက် မြင်တွေ့နေရသည်။

ထိုသူများရှိရာ ကျွန်းကလေးပေါ်သို့ ကူးသွားနိုင်ရန် ဝါးပိုးဝါးလုံးကြီးဖြင့် စီမံ လုပ် သွယ်တန်းထိုးထားသော တံတားနှင့်အတူ ဝါးလုံးတန်းများဖြင့် စီမံပြုလုပ် သော တံတား၏ လက်ကိုင်တန်းများကိုပါ တွေ့မြင်လိုက်ရသည်။ အဆိုပါမြင် တို့ မောင်ရွှေမောင်က မတ်တတ်ရပ်ကြည့်ရှုရင်း အားငယ်စိတ်၊ ဝမ်းနည်းစိတ် ဝင်လာပြီး မျက်စိလည် လမ်းမှားနေပြီဖြစ်ကြောင်း သိလိုက်ရတော့သည်။ မောင် မောင်တို့ရွာသို့ သွားရာလမ်းတစ်လျှောက်တွင် ဤကဲ့သို့ ရှုခင်းမြင်ကွင်းများကို ဘူး။ ဤမျှလောက်လည်း လူမခေါင်ပါ။ အမြဲမပြတ် လမ်းသွားလမ်းလာ ကြားလျက်ရှိသည်။ ရွာသွားလမ်းတွင် ဤကဲ့သို့ ကျွန်းငယ်မျိုးလည်း မရှိ၊ ဤသို့ ကင်းမဲ့သော တောတန်းလည်း မရှိ။ မောင်ရွှေမောင်အတွက် အလွန်ထူးဆန်း သည်။ စောစောက မောင်ရွှေမောင်၏ ရှေ့တူရူ ကိုက် (၁၀၀)ခန့်အကွာ၌ လူအုပ် မှ သူငယ်ချင်း(၃)ယောက်တို့ လက်ချင်းယှက်၊ လည်ပင်းဖက်ရင်း လျှောက်သွား ကြသည်ကို မြင်တွေ့နေခဲ့ရပြီးမှ ယခု ပျောက်ချင်းမလှ ပျောက်ကွယ်၍ မမြင်တွေ့ တော့ပါ။ အခြားလည်း လမ်းသွားလမ်းလာ မည်သူတစ်ယောက်ကိုမျှ မတွေ့ရတော့ ဖြင့် မောင်ရွှေမောင်တစ်ယောက် စိတ်အားငယ်၍ စိတ်ချောက်ချားပြီး ကြောက် လာကာ မျက်ရည်များ ယိုစီးကျလာခဲ့ပါတော့သည်။ ပါးစပ်မှ ငိုသံထွက်ပေါ်လာ သည်။

"ဟီး – ဟီး – ဟီး"

ထိုအချိန်တွင် ရှေ့တူရူ တောအုပ်လမ်းသွယ်လမ်းကြားလေးထဲမှ ရှိုင်ဖယ်သေ ကို လွယ်ထားသော ရဲဘော်ဖြူ စစ်သားတစ်ဦး လျှောက်လှမ်းလာနေသည်ကို တွေ့လိုက်ရသည်။

"ဟာ့ – ကောင်လေး – မင်းတစ်ယောက်တည်း ဒီမှာ ဘာလုပ်နေတာလဲ၊ မင်း ဘယ်ကိုသွားမှာလဲ – ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com

အဆိုပါ ရဲဘော်ဖြူစစ်သားလေးက မောင်ရွှေမောင်၏ ပခုံးကိုကိုင်လျက် စိုးရိမ်တကြီးဖြင့် မေးလိုက်သည်။

"ဟီး - ဟီး - ကျွန်တော် ရွာမကို သွားမလို့ပါ - အစ်ကို - ဟင့် - ဟီး - ဟီး"

မောင်ရွှေမောင်က အရမ်း စိုးရိမ်ကြောက်ရွံ့စိတ်များ ဆင်လာကာ အသံထွက်အောင် အားပါးတရ ငိုချလိုက်တော့သည်။

"ဟာ - ငါ့ညီရာ - မင်းကွာ - ဘယ်လိုက ဘယ်လိုမျက်စိလည် လမ်းမှားပြီးဒီဘက်ကို ရောက်လာရတာလဲကွ။ ဒါ မင်းတို့ရွာမဘက်ကို သွားတဲ့လမ်း မဟုတ်ဘူးကွ။ မင်းတော့ သေတော့မှာ ပဲကွ။ ကဲ - လာလာ - ငါနဲ့ လိုက်ခဲ့နော်။ ဟိုဘက်ကို အဝေးကြီး ပြန်လျှောက်ရဦးမယ်ကွ။ ကဲ - လာ - ငါ လိုက်ပို့မယ်"

အဆိုပါစစ်သားကြီးက မောင်ရွှေမောင်၏ လက်ကို ဆွဲကိုင်ပြီး ခေါ်သွားသည်။ မောင်ရွှေမောင်မှာ ယခုမှပို၍ကြောက်စိတ်များဝင်သွားပြီး "ဟီးဟီး - ဟီးဟီး" ဟုအသံထွက်အောင် အော်ငိုပစ်လိုက်ရင်း စောစောက ဝါးတံတားနှင့် ချောင်းတစ်ဖက်ကမ်း ကျွန်းတော်တွေ အဝတ်လျှော်ဖွပ်နေကြသည့်မိန်းမ၊ ယောကျ်ားကလေးလူကြီးများရှိရာသို့ လှမ်းကြည့်လိုက်မိသည်။ အားလုံး ပျောက်ကွယ်သွားကြပြီဖြစ်၏။ မည်သည့် အရိပ်အယောင်တို့မျှ မမြင်တွေ့ရတော့ဘဲ ချောက်ကမ်းပါးကြီးကိုသာ မြင်တွေ့ရတော့သည်။ မောင်ရွှေမောင်လည်း ထိုမြင်ကွင်း၊ ထိုအတွေ့အကြုံများကို ပြန်တွေးလိုက်မိတိုင်း ကြက်သီးမွေးညင်းများထကာ လွန်စွာထိတ်လန့်ကြောက်ရွံ့နေမိသည်။ မောင်ရွှေမောင်၏ ငိုးပစ်မှုလည်း အသံထွက်အောင် တဟီးဟီးဖြင့် အားပါးတရ ငိုယိုနေလိုက်မိပါတော့သည်။

"ဟီးဟီး - ဟီးဟီး - ဟီးဟီး"

"ကဲပါ - ငါ့ညီရာ - မင်း ငိုမနေပါနဲ့တော့ကွာ။ မင်း ငါနဲ့တွေ့တာ ကံကောင်းတယ်မှတ် - ကြားလား။ နောက်နောင်ကို အခုလို တစ်ယောက်တည်း လျှောက်မသွားနဲ့ အခု - ညီလေးတို့ရွာမကိုသွားဖို့ ကူးတို့ဆိပ်အထိ ငါ လိုက်ပို့ပေးမယ်။ မငိုနဲ့တော့ တိတ်တော့နော်"

"ဟုတ်ကဲ့ပါ - အစ်ကို။ စောစောက ကျွန်တော့်သူငယ်ချင်း (၃) ယောက်နဲ့ အဖတ်ပွဲခင်းကပြန်လာကြတာပါ။ အခု သူတို့တွေ ဘယ်ရောက်သွားကြမှန်း မသိ



ဘူး။ သူတို့တွေကိုစောစောပဲကျွန်တော့်ရှေ့က သွားနေကြတာကိုမြင်တွေ့နေရတယ် - အစ်ကို။ ပြီးတော့ - ပွဲက ပြန်လာကြတဲ့လူ အုပ်ကြီးလည်း ကျွန်တော့်ရှေ့မှာ အများကြီး မြင်နေခဲ့ရတယ်၊ အခုတော့ တစ်ယောက်မှ မရှိတော့ဘူး၊ အံ့သြဖို့ကောင်းလိုက်တာ အစ်ကို"

"အေး - အဲဒါ - မင်းကိုမကောင်းဆိုးဝါးကောင်တွေ၊ ကျတ်ကောင်တွေက သူတို့ရဲ့ညွှတ်ကွင်းထဲကိုရောက်အောင် လိမ်ညာလှည့်ဖြားပြီး ခေါ်လာခဲ့ကြတာပေါ့ကွာ။ ကဲ - ထားလိုက်ပါတော့။ နောက်နောင် သတိထားပေါ့ကွ - နော်။ အခု - မင်း - ငါနဲ့တွေ့တာ အင်မတန် ကံကောင်းတယ်လို့သာ မှတ်လိုက်ပေါ့ကွာ - နော်"

"ဟုတ်ကဲ့ - ဟုတ်ကဲ့ပါ - အစ်ကို၊ ကျေးဇူး အထူးတင်ပါတယ် - အစ်ကို ရယ်"

မောင်ရွှေမောင်တစ်ယောက် အခုမှ ပို၍စိုးရိမ်ပူပန်ထိတ်လန့်မှုများဖြစ်မိသည်။ မကောင်းဆိုးဝါးများ လိမ်ညာခေါ်လာကြမှန်း သိရှိလိုက်ရ၍ ပို၍ပို၍ပင် ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့သွားမိတော့သည်။

စာရေးဆရာကြီး မင်းသိခ် ရေးသားသော ဝိဉာဉ်လောက၊ ပရလောကကျတ်များလိမ်ခေါ်ခံရသည့်ဖတ်လမ်းအကြောင်းအရာများစွာတို့ကိုလည်းမောင်ရွှေမောင် ဖတ်ဖူးသိရှိခဲ့ဖူးပြီးဖြစ်သည်။ ဆရာမင်းသိခ်၏ ဖတ်လမ်းတစ်ပုဒ်တွင် မြန်မာ့ဆေး အစားတော်ကြီးတစ်ဦးထံ ညသန်းခေါင်ကျော်အချိန်၌ အမျိုးသား (၂) ဦး ဆေးဆရာကြီးကို လာပင့်ကြသည်။ လူမမာတစ်ယောက် အသည်းအသန် နာမကျန်းဖြစ်နေလို့ ကျေးဇူးပြုပြီး လိုက်ခဲ့ပေးပါရန် တောင်းပန်တိုးလျှိုး အမျိုးမျိုးဖြင့် လာပင့်ကြသည်။ ဆေးဆရာကြီးကလည်း သနားကရုဏာဖြစ်မိ၏။ ဆေးလွယ်အိတ်လွယ်ကာ ၎င်းတို့ ခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့သည်။ လူနာကို တွေ့ရ၍ သင့်လျော်သည့် ဆေးဝါးများတိုက်ကျွေးကုသပေးပြီး ဆေးဆရာကြီးက ၎င်းတို့ ကျွေးမွေးဧည့်ခံသော စားစရာများကို အနည်းငယ်စီ နှိုက်ယူစားသောက်နေစဉ်မှာပင် မိုးကလည်း လင်းလုခါနီးပြီဖြစ်၏။ လူနာရော လူနာရှင်များပါ ကွယ်ပျောက်သွားကြသည်၊ ၎င်းနှိုက်ယူစားသောက်နေသော ပန်းကန်အိုးခွက် အတိုအစများပါ ချက်ချင်းပျောက်ကွယ်သွား၍ ဆေးဆရာကြီးကလည်းဘေးဘယ်ညာပတ်ဝန်းကျင်ကို မျှော်ရှုစူးစမ်းလေ့လာလိုက်



www.burmeseclassic.com

www.burmeseclassic.com

သောအခါတွင် ဆေးဆရာကြီး၏ အသည်းနှလုံးများနှင့် တစ်ကိုယ်လုံးတုန်လှုပ်ချောက်ချားသွားမိသည်။

အကြောင်းမှာ ဆေးဆရာကြီးမျက်စိဖြင့် တွေ့မြင်လိုက်ရသော မြင်ကွင်းများသည် ရွာအစွန်သချိုင်းကုန်း၌ ဖြစ်နေ၍ မြေမြှုပ်သင်္ဂြိုဟ်ထားသော အလောင်းမြေပုံများ၊ အုတ်ဂူများ၊ ပျဉ်တိုပျဉ်စ၊ စက္ကူပန်းများ၊ ချုံနွယ်ချုံပုတ်များသာ ဖြစ်နေကြပြီး ဆရာကြီးကိုယ်တိုင် ထိုင်နေသောနေရာသည်ပင်လျှင် အုတ်ဂူကြီးတစ်ခုပေါ်တွင် ထိုင်နေမိသည်ကို သိလိုက်ရသဖြင့် အဆိုပါ ဆေးဆရာကြီးလည်း ကြောက်ရွံ့ထိတ်လန့်သွားမိပြီး ဘုရားဂုဏ်တော်များနှင့် ဂါထာမန္တရားများစွာတို့ကို တတ်သလောက်မှတ်သလောက် ရွတ်ဆိုလျက် သချိုင်းကုန်းအုတ်ဂူပေါ်မှ အမြန်ဆင်းကာ ရွာဘက်ဆီသို့ ခြေဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် လျင်မြန်သောအဟုန်ဖြင့် ပြေးသွားခဲ့ရသည့် ဆရာကြီးမင်းသိခ်၏ဖြစ်ရပ်ဖတ်လမ်းကို ပြန် လည်သတိရမိသွားသော မောင်ရွှေမောင်ခမျာမှာ ပို၍ပို၍ပင် ထိတ်လန့် ကြောက်ရွံ့သွားမိပါတော့သည်။

"တဲ–ညီညီ–ဘောဒီမှာ ခင်းတို့ရွာဝေ့ကိုသွားတဲ့ ကူးတို့ဆိပ်ပဲကွ။ ဟိုမှာ ကူးတို့လှေထွက်တော့မယ်။ သွား–သွား–မြန်မြန်လှေပေါ်တက်"

"အော်–ဟုတ်ကဲ့–ဟုတ်ကဲ့–ကျေးဇူးပဲ–အစ်ကို–နော်"

မောင်ရွှေမောင်မှာ ထိုရဲဘော်ဖြူ စစ်သားလေး တင်ပေးလိုက်သော ကူးတို့လှေဖြင့် စီးနင်းလိုက်ပါလာခဲ့ရာ မကြာမီအချိန်အတွင်းမှာပင် ရွာမဆိပ်ကမ်းသို့ ချောမောစွာ ဆိုက်ရောက်သွားခဲ့သည်။ ရွာမဘက်ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်ဆိုလျှင်ပဲ မောင်ရွှေမောင်၏ဖေဖေ၊ မေမေနှင့် ရွာသူရွာသားအချို့ကူးတို့လှေဆိပ်သို့ ပြေးဆင်းလာကြပြီး မောင်ရွှေမောင်ကို လှေပေါ်မှ ဆွဲတင်ချီမ၍ လမ်းပေါ်သို့ ပွေ့ချီခေါ်ဆောင်လာခဲ့ကြသည်။

"အောင်မလေး–သားလေးရယ်–မသေကောင်းမပျောက်ကောင်း ဘယ်ကိုများသဝေထိုးနေခဲ့တာလဲ။ ဒီမှာ သားရဲ့သူငယ်ချင်းတွေ အကုန်လုံးရောက်နေကြပြီ။ တိုဘက်လမ်းက သားနဲ့သူငယ်ချင်း သမီးလေး မအုန်းခင့်တို့ သားအမိနဲ့ တွေ့ခဲ့သေးတယ်ဆို၊ ဘာဖြစ်လို့ လိုက်မလာခဲ့တာလဲ။ ဘယ်သူတွေ ခေါ်ဆောင်ခေါ်သွားကြတာလဲ။ အချိန်တန်လို့ပြန်ရောက်မလာလို့ စိုးရိမ်ပူပန်ပြီး လိုက်ရှာကြတော့မလို့၊ လူစုပြီး ထွက်လာခဲ့ကြတာ၊ တော်သေးတာပေါ့–သားလေးရယ်၊ ချောချောမောမောသာမှမဖြစ်ဘဲပြန်ရောက်လာလို့၊ ဟင်း–မေမေ့မှာဖြင့် စိတ်ပူလိုက်ရတာ–သားလေးရယ်"

မောင်ရွှေမောင်၏ မိခင်ကြီးမှာ စိုးရိမ်ပူပန်ပြီး မျက်ရည်စမ်းစမ်းဖြင့် သားဖြစ်သူမောင်ရွှေမောင်ကိုအားပါးတရသိုင်းဖက်၍ကျောပြင်ကိုလည်းလက်နှစ်ဖက်ဖြင့်ပွတ်သပ်ကာ တရှုပ်ရှုပ်ဖြင့် ငိုနေလိုက်သည်မှာမြင်ရသူအားလုံးစိတ်မကောင်းစွာဖြင့် ငေးကြောင်၍ကြည့်နေကြသည်။

"ကဲ–သားကို ဖေဖေ တစ်ခုမေးကြည့်မယ်၊ ကူးတို့ဆိပ်မှာ သမီးလေး မအုန်းခင်တို့သားအမိနဲ့ တွေ့တယ်ဆို၊ သားကို လိုက်ခဲ့ဖို့ခေါ်သေးတယ်ဆို၊ သားက ဘာဖြစ်လို့လိုက်မလာတာလဲ၊ သားက ဘယ်သူတွေနောက်ကို လိုက်သွားတာလဲ၊ ကဲ–ပြောစမ်းပါဦး"

မောင်ရွှေမောင်၏ဖခင်က သူ့သားကို မသင်္ကာသောမျက်လုံးဖြင့် စိုက်ကြည့်၍ မေးလိုက်သည်။

"ဟုတ်ကဲ့–ဒီလိုပါ ဖေဖေ၊ သားကို မအုန်းခင်တို့ သားအမိက ကူးတို့လှေပေါ်ကနေ လှမ်းခေါ်နေတဲ့အချိန်မှာ သားရှေ့နားမှာ သားရဲ့သူငယ်ချင်း မောင်သန်းရွှေတို့ အောင်လှဖေတို့၊ မောင်ကျော်အေးတို့က ရှေ့ကို ဆက်သွားနေကြတာကို မြင်တွေ့နေရတယ်၊ ပွဲခင်းပြန် ပရိသတ်တွေလည်း အများကြီး သွားနေကြတာကို မြင်တွေ့ရလို့ သား ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ အဲဒီလူတွေနောက်ကိုပဲ ပြေးလိုက်သွားမိတယ်၊ နောက်တော့မှ ချောင်းတစ်ဖက်ကမ်း ကျွန်းကလေးပေါ်မှာ လူတွေ အများကြီးပဲ၊ အဝတ်လျှော်နေကြတယ်၊ ရေချိုးနေကြတယ်၊ လဲလျောင်းအနားယူနေကြတယ်၊ ကျွန်းဘက်ကို ကူးဖို့ဝါးတံတားထိုးထားတယ်၊ အဲဒီတော့မှ အဲဒီမြင်ကွင်းတို့ တွေ့မြင်လိုက်ရတော့မှ သားလည်း လမ်းမှားပြီး မျက်စိလည်နေမှန်း သိလိုက်ရတော့တယ်–ဖေဖေ၊ အဲဒီအချိန်မှာ စစ်သားတစ်ယောက် ရောက်လာပြီး သားကို သူ လိုက်ပို့ပေးလို့သာ အခုလို ပြန်ရောက်လာနိုင်တာပဲ–ဖေဖေရယ်၊ အဲဒီစစ်သားက ကြော့ရှင်းသော





www.burmeseclassic.com

www.burmeseclassic.com

တတော့အဲဒါကျုတ်ကောင်တွေ၊ မကောင်းဆိုးဝါးကောင်တွေဖန်ဆင်းပြထားတာလို့ ပြောတယ် - ဖေဖေ၊ ဟုတ်လားဟင် - ဖေဖေ"

"အောင်မယ်လေး - ဟုတ်တာပေါ့ သားရယ်၊ ငါ့သား ကံကောင်းလို့သာပေါ့။ သား သေသွားနိုင်တယ်၊ ဝါးတံတားကို လျှောက်လိုက်တာနဲ့ တံတားပျောက်ပြီး ချောင်းထဲပြုတ်ကျသေမယ်လေကွာ၊ အောင်မယ်လေးကွာ - ဟိုစစ်သားလေးကို ကျေးဇူးတင်ရမယ်၊ သား - သေသွားနိုင်တယ်ကွာ၊ ကြည့်စမ်း - အဲဒါ နာနာဘာဝ ကျုတ်ကောင်တွေ လူညှို့စားခေါ်ဆောင်သွားတာ၊ သူတို့ညွှတ်ကွင်းကို ရောက်မသွားခင်ဟိုစစ်သားနဲ့တွေ့လို့ သားသေဘေးကလွတ်ခဲ့တာပေါ့သား ရယ်၊ အောင်မလေး - လေး - သား ကံကြီးလို့သာပေါ့ကွယ်၊ နောက်နောင်ကို အစစသတိထားရမယ်ကွ - သားနော်"

မောင်ရွှေမောင်၏ ဖေဖေ ပြောပြလိုက်တော့မှ ကြားရသူ ရွာသူရွာသားများ အားလုံးနှင့် မောင်ရွှေမောင်ပါ တုန်လှုပ်ချောက်ချား အံ့ဩသွားကြရသည်၊ ထိုအခါ မောင်ရွှေမောင်၏ မိခင်ကြီးမှာမူ ဝမ်းသာဝမ်းနည်းသော မျက်လုံးအစုံဖြင့် အချစ်ဆုံး သားထွေးလေး မောင်ရွှေမောင်ကို အားပါးတရ သိုင်းဖက်၍ ငိုယိုကာ အော်ပြောလိုက်သည်မှာ ...

"အိုး - အမယ်လေး - ကံကြီးပေလို့သာပေါ့၊ ငါ့သားလေး မသေမပျောက်ဘဲ နာနာဘာဝ မကောင်းဆိုးဝါးကျုတ်တို့ရဲ့ညွှတ်ကွင်းက ပြန်လွတ်လာခဲ့တာပေါ့၊ အောင်မယ်လေး - သားလေးရဲ့ - ဟီး - ဟီး - ဟီး"

"ဗျာ - ကြပ်တို့ညွှတ်ကွင်း"

ထိုအသံများမှာ ဘေးမှ နားထောင်နေကြသော ရွာသူရွာသားများထံမှ အံ့ဩ ထူးဆန်းစွာဖြင့် တစ်ညီတစ်ညွတ်တည်း ထွက်ပေါ်လာသော အာမေဍိတ်သံများပင် ဖြစ်ပါတော့သည်၊

(ကွယ်လွန်သွားကြပြီဖြစ်သော ကျေးဇူးရှင် ဖေဖေ၊ မေမေနှင့် ဇာတိမြေမှ ရွာသူ ရွာသား၊ သူငယ်ချင်းများသို့ လွမ်းဆွတ်သတိရ အမှတ်တရဖြင့်)

—— မင်းရွှေမင်း (တောင်ကုတ်)




**ဒဂုန်ရွှေမျှား**

**မနင်းဆီနှင့် ထူးဆန်းသောအချစ်ဝတ္ထုများ**

www.burmeseclassic.com

www.burmeseclassic.com



# တာရာပေါ်က တစ္ဆေများ

ကာံလင်း

ဒီနှစ် ပုဇ္ဇာရုံကျောင်း ကထိန်ကတော့ အတော့်ကို စည်တာဗျို့၊ ဆရာတော်ဆိုတာ ဝမ်းသာလို့ တပြုံးပြုံး ဖြစ်နေရောဗျာ။ ဒီလိုဗျို့ ထနောင်းကုန်းကနေ ရန်ကုန်တို့၊ မန္တလေးတို့ကို ပြောင်းသွားတဲ့ ကျုပ်တို့ရွာသားဟောင်းတွေ သူတို့ချင်းအဆက်အသွယ်လုပ်ပြီး ရွာကိုစုပြန်လာကြတာဗျ။ လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက ရွာမှာ ကထိန်ခင်းဖို့ ငွေစုကြတယ်ဆိုပဲ။ လှူလိုက်ကြတာဗျာ၊ ကျုပ်တို့ တစ်ရွာလုံး မီးခိုးကို တိတ်ရောပဲ။



www.burmeseclassic.com

www.burmeseclassic.com

ပဒေသာပင်တွေလည်း သီးထားလိုက်တာ နည်းရောလားဗျာ။ အပင်နှစ်ဆယ် လောက်ကို ရှိတာဗျ။

ရွှေတောင်ဦးဘုရားပွဲမှာ တီးနေကျ ကိုမြင့်တို့ ဒိုးပိုင်းနဲ့ ဦးရွှေရိုး၊ ဒေါ်မိုးအကနဲ့ ရွာထဲက လမ်းစေ့အောင် ကထိန်လှည့်ကြတာဗျ။ ထနောင်းကုန်းသားတွေ ပျော်ချက်တော့ ပြောမနေတော့နဲ့ဗျာ။

ကျွန်တို့ကာလသားတွေကတော့ လွတ်ပင်ပန်းတာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်တို့ကလည်း ပျော်နေတာဆိုတော့ ပင်ပန်းတယ်လို့ကို မထင်ဘူးဗျို့။

ကျုပ်တို့ကာလသားတွေ တစ်ယောက်မှ အိမ်မပြန်ရဘူးဗျ။ အားလုံး ဆရာတော့်ကျောင်းမှာပဲ အိပ်ကြရတာ။ အိပ်တယ်သာ ပြောတာပါဗျာ၊ မေးရုံကလေးပါပဲ။ မနက်တွေရောက်ရော ညတတည်းက ရက်ပြုတ်နေကြတာမို့လား။

တန်ဆောင်မုန်းဆိုတော့ ကျုပ်တို့ အညာက အတော်အေးနေပြီလေဗျာ။ ရန်ကုန်ကလာတဲ့ ကိုစိန်မောင်တို့၊ ကိုမြ မောင်တို့ဆိုရင် ကျောင်းဝင်းထဲမှာ မီးလှုံနေကြတာဗျ။

ကိုစိန်မောင်နဲ့ ကိုမြမောင်က ရန်ကုန်မှာနေကြတာ။ တက္ကစီကားတွေ ထောင်ထားတယ်ဆိုပဲ။ သူတို့ညီအစ်ကိုလည်း ကိုယ်တိုင် တစ်ယောက်တစ်စီးမောင်းတယ်။ ပြီးတော့ သုံးစီးလောက်က သူတို့ထောင်ထားပြီး သူများကို ငှားထားတာ။

အခုလာတော့ လိုက်လာတဲ့တက္ကစီသမားတွေ ခြောက်ယောက်၊ ခုနစ်ယောက်လောက် ရှိတယ်ဗျ။

"တော့ကောင် – တာတေ၊ လာပါဦးကွ"

ကိုမြမောင်ရော၊ ကိုစိန်မောင်ရော ကျုပ်ကို လှမ်းခေါ်တာဗျ။ ကိုစိန်မောင်ကြီးခေါ်လို့ ကျုပ်က သူတို့ မီးလှုံတဲ့နေရာကို သွားလိုက်တယ်။

"ထိုင်ပါဦးကွ တာတေရ၊ မနက်အတွက် အလုပ်တွေများနေလို့လား"

ကိုမြမောင်က ကျုပ်ကို မေးတယ်၊ သူတို့ညီအစ်ကိုက အသက်သုံးဆယ်ကျော်လောက် ရှိကြပြီဗျ။ အညာသားတွေသာ ဆိုတယ်၊ ဒီလူတွေက အသားလတ်လတ်



တွေဗျ။ ညီအစ်ကိုနှစ်ယောက်စလုံး လူပုံချောတွေဗျ။ စိတ်ထားလည်း လွတ်ကောင်းကြတာ၊

ကျုပ်က ကိုစိန်မောင်ကြီးနားမှာ ဝင်ထိုင်လိုက်တယ်။ ကိုစိန်မောင်က ရန်ကုန်ကလာတဲ့ သူတို့မိတ်ဆွေ တက္ကစီဆရာတွေဘက်ကို လှည့်ကြည့်ပြီး ပြောသဗျ။

"ကိုဝင်းတို့၊ ကိုကြည်စိုးတို့ ခင်ဗျားတို့ မဖဲဝါကို ကြားဖူးကြသလား"

"ဟာ – ကြားဖူးတာပေါ့ဗျ ကိုစိန်မောင်ရဲ့ ဘာဖြစ်လို့တုံး"

ဟိုလူနှစ်ယောက်ထဲက တစ်ယောက် ချက်ချင်းပြန်ပြောတယ်၊

"ဟောဒီက ကျုပ်တူတာတေက မဖဲဝါကြီးနဲ့ လွတ်ခင်တာဗျ"

"ဟေ – ဟုတ်လား၊ နို့ – မောင်တာတေ၊ မဖဲဝါကို မြင်ဖူးသလား"

ကျုပ်ကို အံ့ဩတဲ့မျက်နှာနဲ့ကြည့်ပြီး ကိုကြည်စိုးဆိုတဲ့လူက မေးတယ်ဗျ။

"ဟာ – မြင်ဖူးပါပြီလားဗျာ"

လို့ ကျုပ်က ပြန်ပြောလိုက်တော့ ရန်ကုန်ကလာတဲ့ ကားဆရာတွေ အံ့ဩပြီးခေါင်းတွေ ထောင်လာကြရောဗျို့။

"ဟင် – ဘယ်လိုပုံစံမျိုးတုံးကွ – မောင်တာတေရ"

အသက်ခလေးဆယ်ကျော်လောက်ရှိတဲ့ ကားဆရာက ကျုပ်ကို မေးတယ်ဗျ။

"အစက ကျုပ်မြင်ရတဲ့မဖဲဝါက အရုပ်အရှည်ကြီးဗျ"

"ဟေ – ဘယ်လောက်တောင် ရှည်လို့တုံး မောင်တာတေရဲ့"

ကားဆရာတစ်ယောက်က မီးဖိုထဲကို ထင်းတုံးတစ်တုံး ထိုးထည့်ရင်း ကျုပ်ကို လှမ်းမေးတယ်ဗျ။

"ဆယ်ပေလောက် ရှိတယ်ဗျ၊ ဆံပင်ဖားလျားကြီးနဲ့ မျက်လုံးကြီးကနီနီကြီးတွေ၊ မျက်နှာကြီးက တော်တော်ကို ကြောက်စရာကောင်းတာဗျ"

"ဟေ – ဟုတ်လားကွ၊ နို့ – နေပါဦး အဝတ်အစားက ဘယ်လိုဝတ်တုံး"

ကိုဝင်းလို့ ခေါ်တဲ့ ကားဆရာက ကျုပ်ကို မေးပြန်တယ်၊

"တော်တော်ရှေးကျတဲ့ အဝတ်အစားမျိုးဗျ၊ ခါးထောင်အင်္ကျီ လက်ပွပွကြီးနဲ့ ဘီအထက်ဆင် အပြာကြီးကြီးကို ဝတ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com

"နို - နေပါဦး မောင်တာတေ၊ စောစောက ပြောတဲ့အထဲမှာ အစက မြင်တုန်းက ဆိုတာပါတယ်၊ အခုနောက်မြင်တော့ရော"

"ဒီနောက်ပိုင်းမှာတော့ မဖဲဝါကြီးက ကြိုက်တဲ့အသွင်ကို ပြောင်းနိုင်တာ တွေ့ရတယ်ဗျ"


"ဟော - ဟုတ်လား မောင်တာတေရဲ့ ဒါဆို မဖဲဝါကြီးက မြို့ထဲ ရွာထဲမှာ လျှောက်သွားလာနေရင်တောင် ကျုပ်တို့ ဘယ်သိမှာတုံး"

"တာ - အဲဒီလို မဟုတ်ဘူးဗျ။ မဖဲဝါက မြို့တွေ၊ ရွာတွေထဲကို အကြောင်းကိစ္စမရှိဘဲ မဝင်ရဘူးဗျ"

"ဟော - ဟုတ်လား၊ မောင်တာတေ ဒီအကြောင်းကို ဘယ်လိုသိတာတုံး"

ကားဆရာတစ်ယောက်က မေးပြန်ရောဗျ။

"တစ်ခါတစ်လေကျ ဘန့်ဗွေးတုန်းဘက်မှာ မဖဲဝါနဲ့ ကျုပ် တွေ့တယ်၊ သူက ကျုပ်အရွယ်လောက်ရှိတဲ့ မိန်းကလေးပုံစံ လုပ်ထားတာဗျ၊ သူ့ခွေးနက်ကြီးကိုလည်း ခွေး



အဲဒီတံတားကြီးကို ခုကျော်သွားပါတယ်ဆိုမှကွာ
ငါ ကားထဲထနေ မော့ကြည့်တာ မျက်နှာကို မမြင်လိုက်ရဘူး။
ထဘီကြီးရင်ရျားထားတာကွ။ အဲဒါတော့ ငါ တွေ့လိုက်ရတယ်။
ငါ့မှာ ကြက်သီးတွေ အလုံးအကြီးကြီးတွေ ထသွားတာပေါ့



သေးသေးလေးပုံစံ ပြောင်းထားတာ၊ ကျုပ်ဖြင့် လုံးဝကို မမှန်းမိပါဘူးဗျာ၊ နောက်တော့ ရွာတံခါးမှာ ရွာထဲဝင်ဖို့ လုပ်ရင်း သူ့ကို လှည့်ခေါ်လိုက်တယ်၊ ဒီတော့မှ သူက ကျုပ်တို့ "အဲ့ - တာတေ နင်ပဲသွား၊ ငါရွာထဲ ဝင်လို့မရဘူး" လို့ ပြောတာဗျ။

"ဟော - ဟုတ်လားကွ၊ မောင်တာတေရဲ့"

စကားဆိုတာ စမိသွားရင်း ဆက်ပြောဖြစ်တော့တာမို့လား ကျုပ်က သူတို့ကို ကျုပ်ရဲ့အတွေ့အကြုံနည်းနည်းပါးပါး ပြောပြတာပေါ့၊

ဒီမှာတင် စကားဝိုင်းကြီးက သရဲအကြောင်းတွေ ရောက်သွားတာပေါ့ဗျာ၊

ဒီလူတွေကလည်း ကားဆရာတွေဆိုတော့ နေ့ရောညပါကားတစ်စီးနဲ့ လမ်းပေါ်နေကြရတဲ့သူတွေကိုးဗျ၊ သူတို့မှာလည်း အတွေ့အကြုံတွေက နည်းတာမှ မဟုတ်တာ၊

သူတို့ပြောတဲ့အကြောင်းတွေကလည်းတော်တော်ကိုစိတ်ဝင်စားဖို့ကောင်းတာဗျို့ ပထမဆုံး စပြောတာက ကိုဝင်းဆိုတဲ့ ကားဆရာဗျ၊

"အေး - ပြောရဦးမယ်ပေါ့၊ ဒီတုန်းက ရန်ကုန် - မန္တလေး လမ်းဟောင်းပဲ ရှိသေးတာကွ ကြည့်စို့ရဲ့၊ ငါက ရန်ကုန်က သူဌေးတစ်ယောက်ရဲ့ကားကို မောင်းနေတာ၊ အဲဒီနေ့က သူဌေးက သူ့ရွာကို ကိစ္စတစ်ခုရှိလို့ သွားတာပေါ့၊ သူဌေးနဲ့ ငါနဲ့ နှစ်ယောက်ထဲသွား၊ ကားက အက်စ်အီးအနီလေးကွ၊ ညနေ ဈေးရိုင်းသွင်းချိန်လောက်ကျတော့ ပဲခူးနဲ့ သူ့ရွာကြီးကြား ရောက်ပြီကွ"

ကားဆရာကိုဝင်းက ပြောရင်းနဲ့ ရေနွေးကြမ်းတစ်ကျိုက် သောက်လိုက်တယ်ဗျ၊ ကျုပ်ရော ကျန်တဲ့လူတွေရောကိုဝင်း ဆက်ပြောမှာကို စောင့်နေကြတာပေါ့ဗျာ၊

"အေး အဲဒီနေရာလည်းရောက်ရော ငါတို့ရှေ့မလှမ်းမကမ်းမှာ ကောင်လေးတစ်ယောက်ကို ခွေးနက်ကြီးတစ်ကောင် လိုက်ကိုက်နေတာပေါ့"

"ဘယ်လိုဗျ - ကိုဝင်းရဲ့ ကောင်လေး - ဟုတ်လား"

ကားဆရာတစ်ယောက် ဝင်ပြီးမေးတယ်ဗျ၊ ကိုဝင်းက ခေါင်းညိတ်ပြပြီးဆက်ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com

"အေး – ဟုတ်တယ် – ကိုမိုးရဲ့ကောင်လေးဗျ။ အသက်ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်လောက် ရှိမယ်ဗျ၊ ပုဆိုးခါးတောင်းကျိုက်ကလေးနဲ့ဗျ။ ပြေးနေတာမှ အသက်ကိုလုပြေးနေရတဲ့ပုံဗျ"

"နောက်ကလိုက်တဲ့ခွေးက ကြီးသလား"

"ဟာ – ကိုမိုးရာ ကျုပ်ပြောရင် ခင်ဗျား ယုံချင်မှလည်း ယုံမှာ၊ နွားမတမ်းတစ်ကောင်လောက်ရှိတာဗျ။ ခွေးနက်ကြီး"

"နေဦးဗျ – ကိုဝင်းရဲ့ ခင်ဗျားမြင်နေရတာကို ခင်ဗျားရဲ့သူဌေး မြင်ရဲ့လား"

ကိုမိုးဆိုတဲ့ ကားဆရာက ထပ်မေးသဗျ။

"မြင်တယ်၊ မြင်တယ်၊ သူက နောက်ခန်းမှာ ထိုင်လာတာ၊ သူလည်း မြင်တယ်။ မြင်လို့ သူဌေးက ပြောတာပေါ့ဗျာ"

"တင် – ခင်ဗျားသူဌေးက ဘာပြောတုံး"

"ကိုဝင်း – ကိုဝင်း – ဟိုရှေ့မှာ ကားရပ်ပေးလိုက်၊ ကျုပ်ကောင်လေးကို ကားပေါ် ခေါ်တင်လိုက်တယ်၊ ဒီကောင်လေး ဒီနားမှာ နေတာပဲဖြစ်မှာ၊ သူ့အိမ်ကို လိုက်ပို့လိုက်ကြတာပေါ့ဗျာ"

"သူဌေးပြောတော့ ငါက ကားကိုရှေ့ကျော်မောင်းတာပေါ့ကွာ၊ ရှေ့ရောက်တော့မှ ကားကို ရပ်လိုက်တယ်၊ ငါ့သူဌေးက နောက်ခန်းတစ်ခန်းကို မြန်မြန်ဖွင့်လိုက်ရောတော့၊ ဒီတုန်းမှာ သေလုမြောပါးပြေးနေတဲ့ ကောင်လေးက ငါတို့ကားနားကို ရောက်လာရောဟ။ ငါ့သူဌေးက ကားထဲက ခေါင်းကလေး ပြူထွက်ပြီး… "ဟဲ့ – ကလေး လာ – လာ – ကားပေါ်မြန်မြန်တက်လို့ လှမ်းခေါ်လိုက်တာကွ"

"ဟာ – ကောင်လေးက ကားထဲ ပြေးဝင်ရောလားဗျ"

ကိုဝင်း ပြောတာကို စိတ်ဝင်တစား နားထောင်နေတဲ့ ကိုမိုးက ဖြတ်မေးလိုက်တယ်ဗျ။

"ဝင်ဖို့ နေနေသာသာ၊ သူဌေးကို လှည့်ရယ်ပြပြီး ဆက်ပြေးသွားတယ်၊ ဒီတော့မှ ငါ့သူဌေးလည်း အောင်မလေးလို့ အော်ပြီး ကားတံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်တယ်ကွ"



"ဟင် – ဘာဖြစ်လို့တုံး ကိုဝင်းရဲ့"

ဒီတစ်ခါ မေးတာက ကိုစိန်မောင်ကြီးဗျို့။

"ကျုပ်သူဌေးကို လှည့်ရယ်ပြတဲ့ ကောင်လေးက မျက်လုံးနီနီကြီးတွေနဲ့ဗျ။ ပါးစ
ထဲမှာ အစွယ်တွေ ဖွေးနေတာဗျို့"

"ဟာ"

လူစုနစ်ယောက်လောက် တစ်ပြိုင်တည်း အော်တဲ့အသံဗျို့ ပြီးတော့မှ ကိုဝင်
ဆိုတဲ့ လူက ဆက်ပြောတယ်၊

"ကျုပ်လည်း ဒူးတွေ တုန်နေတော့တာပေါ့ဗျာ။ ခွေးနက်ကြီးကလည်း ကျုပ်တို့
ကားဘေးက ကပ်ပြီးပြေးသွားတာ၊ နည်းတဲ့အကောင်ကြီးလားဗျာ၊ သူဌေးရော
ကျုပ်ရော ကြက်သေသေပြီး ကြည့်နေကြတုန်းမှာပဲ ကောင်လေးက ညောင်ပင်ကြီ
တစ်ပင်အောက်ကို ပြေးဝင်တယ်၊ ခွေးနက်ကြီးကလည်း နောက်က လိုက်တာပေ့
ကွာ၊ ညောင်ပင်အောက်လည်း ရောက်ရော၊ ကောင်လေးရော ခွေးနက်ကြီးပါ ဖျတ်ခ
ပျောက်သွားရောဗျို့ ဒီတော့မှ ကျုပ်လည်း သတိဝင်လာပြီး ကားကို မောင်းထွက်
ရတော့တာပေါ့ဗျာ၊ သူဌေးကတော့ သူ့ရွာရောက်တဲ့အထိ ပရိတ်တွေ မနားတမ်းရွတ်
တော့တာပဲဗျို့"

ကိုဝင်းက စကားလည်းဆုံးရော ဒူးယားစီးကရက်ကလေးတစ်လိပ်ကို သူ့အိတ်
ထဲကထုတ်ပြီး မီးညှိဖွာလိုက်တယ်ဗျ။

"အင်း – ကိုဝင်းပြောလို့ ငါလည်း ပြောရဦးမယ်ဟေ့"

သူတို့ထဲမှာ အသက်အကြီးဆုံးဗျ။ ဒီလူ့နာမည်က ဦးတင်ဝင်းတဲ့ဗျို့

"ဟာ – ပြောပါဦးဗျ၊ ဦးတင်ဝင်းရဲ့"

ဒီတစ်ခါဝင်ပြောတာက ကိုမြမောင်ဗျ။ အားလုံးကတော့ ငြိမ်ပြီး နားထောင်နေတ

❋

"ဒီလိုကွ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကပေါ့ကွာ၊ အခု အမြန်အလမ်းကြီးမှာ
၁၁၅ မိုင် မရောက်ခင်လောက်မှာ ငါ တစ်ယောက်တည်း ကိစ္စရှိလို့ နေပြည်တော်
သွားတာ"

www.burmeseclassic.com

www.burmeseclassic.com

"အခုမောင်းတဲ့ကားနဲ့ပဲလားဗျ"

ကိုဝင်းက ဝင်းမေးလို့ ဦးတင်ဝင်းက ပြန်ပြောတယ်၊

"မဟုတ်ဘူးကွ၊ ဒီတုန်းက ငါတို့ အိမ်က မတ်တူးနဲ့ သွားတာ၊ ရန်ကုန်က ထွက်တာတည်းကိုက နောက်ကျနေပါပြီကွာ။ အဲဒီနားရောက်တော့ ညကိုးနာရီလောက်ရှိပြီ၊ ငါ့တားမီးရောင်အောက်မှာ ခွေးနက်ကလေးနှစ်ကောင်ကွ၊ ပြေးနေတာတွေ့တယ်"

"ခွေးတွေက အကြီးကြီးလားဗျ"

ကိုစိန်မောင်က ဝင်မေးပြန်ရောဗျို့၊

"ဟာ - မကြီးဘူးကွ၊ ပုံမှန်ခွေး အရွယ်ပါပဲ။ ငါ့ကားမီးရောင်အောက်မှာ မြင်နေရတာ"

"ကားလမ်းပေါ်မှာ ပြေးနေတာလားဗျ"

"မဟုတ်ဘူးကွ၊ ကားလမ်းဘေးမှာ ပြေးနေတာ၊ ပထမတော့ အဲဒီ ခွေးနှစ်ကောင် တမှန်မှန်ပဲ ပြေးနေတာ။ တဖြည်းဖြည်းနဲ့ ခွေးတွေက တအားပြေးလာတာပေါ့၊ ဘယ်လောက်မြန်လာသလဲဆိုရင် မိုင်(၇၀)လောက် မောင်းနေတဲ့ ငါ့ကားထက်တောင် ပိုမြန်မှာ သေချာတယ်"

"ဟာဗျာ - ခွေးက အဲဒီလောက် ပြေးနိုင်လို့လား"

"တင် - ဒါဆိုရင် တဖြည်းဖြည်း ဝေးသွားမှာပေါ့"

ကားဆရာတွေက တစ်ယောက်တစ်ခွန်း ဝိုင်းမေးကြတာဗျို့၊

"ဟာ - ဟုတ်တာပေါ့ကွ၊ တဖြည်းဖြည်းဝေးပြီး ပျောက်သွားရောပေါ့"

"ဟင် - ဒါများ ဦးတင်ဝင်းကလည်း ဘာထူးဆန်းလို့တုံးဗျ"

ကိုမိုးက ဝင်ပြောရောဗျို့၊ ဦးတင်ဝင်းက ရေနွေးခွက်ကလေး ကောက်ကိုင်ပြီး တစ်ကျိုက် မော့သောက်လိုက်တယ်၊

"တကောင် - မောင်မိုးရဲ့၊ ငါ့စကားက မဆုံးသေးဘူးလေကွာ၊ အဲဒါနဲ့ ငါလည်း ကားကို ဆက်မောင်းလာတာပေါ့၊ ခဏလောက် မောင်းလိုက်တယ်ဆိုရင် သွားတွေ့တော့တာပဲပေါ့"

"ဟင် - ဘာကိုတုံးဗျ၊ ဦးတင်ဝင်း ရဲ့"



"စောစောက ခွေးနက်နှစ်ကောင်လေကွာ။ ဒီကောင်နှစ်ကောင်က ငါ့ရှေ့က ပြေးပြီး လမ်းကနေ ငါ့ကို ပိတ်စောင့်နေတဲ့ပုံကွ။ ဒီတစ်ခါတော့ လမ်းဘေးမှာ မဟုတ်ဘူးကွ။ လမ်းပေါ်မှာ ရပ်နေတာ၊ ငါ့ကို ကျောပေးထားတာလည်း မဟုတ်တော့ဘူး။ ငါ့ဘက်ကို လှည့်ပြီး ရပ်နေတာ၊ ငါ့ကားမီးရောင်လည်း မြင်ရော ကားဆီကို တန်းပြေးလာကြတာပေါ့"

"ဟာ - တော်တော်ဝေးသေးလားဗျ"

ကားဆရာတစ်ယောက်က ဝင်မေးပြန်ရောဗျ။

"ဝေးသေးတယ်ကွ၊ ဒါပေမဲ့ - ဟော့ - အဲဒီခွေးသေးသေးလေးတွေက ပြေးရင်းပြေးရင်းနဲ့ အကြီးကြီးတွေ ဖြစ်လာတာကွ"

"ဟာ"

ဒီတစ်ခါတော့ အားလုံး အံ့သြပြီးအော်လိုက်ကြတာဗျို့၊

"အေးကွ - ပြေးရင်းနဲ့ ခွေးနက်ကြီးတွေက နွားပေါက်အရွယ်လောက်တွေ ဖြစ်လာတာ၊ ကားမီးရောင်မှာ မျက်လုံးကြီးတွေဆိုတာ နီရဲပြီးတောက်နေတာတော့၊ ပါးစပ်ကြီးတွေ ဟထားတော့ အစွယ်ကြီးတွေ ဖွေးနေတာပဲတော့၊ ငါလည်း တားခုန့်တွေ့ အတုန်တင်ပြီး ပိတ်ထားလိုက်တယ်၊ လျှာနီနီကြီးတွေက တွဲလောင်းကြီးတွေထုတ်နေတာမြင်တော့ တစ်ကိုယ်လုံးမှာ ကြက်သီးတွေ ထလိုက်တာကွာ။ မပြောပါနဲ့တော့၊ ခဏလိုနဲ့ ခွေးကြီးနှစ်ကောင်က တဖြည်းဖြည်း ငါ့ကားနဲ့ နီးလာရောပေါ့၊ ငါလည်း ဘာလုပ်ရမှန်းမသိတာနဲ့ လီဗာကိုနင်းပြီး ဝင်တိုက်ပစ်ဖို့ ဆုံးဖြတ်လိုက်မိရောပေါ့၊ ဘာပြောကောင်းမလဲကွာ၊ နစ်လံလောက်အလိုလည်းရောက်ရော ခွေးနက်ကြီးနှစ်ကောင် ဟိုကို လွှားခနဲနေအောင် ခုန်အုပ်တော့တာပဲကွာ၊ ငါလည်း လန့်သွားပြီး ကားကို ဆွဲဆောင့်လိုက်မိတယ်၊

"ဟင်"

"ဘာပြောကောင်းမလဲကွာ၊ ကားက ဝုန်းခနဲနေအောင်မှောက်ပြီး လိမ့်သွားရောပေါ့။ ငါလည်း သတိလစ်ပြီး ဘာမှမသိတော့ဘူးပေါ့ကွာ"

"ဟာ - ဦးတင်ဝင်း ဘာဖြစ်သွားတုံး"



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်တာပေါ့ကွာ၊ နံရိုးနှစ်ချောင်းကျိုးတယ်၊ ခြေထောက်တစ်ဖက် ကျိုးတယ်၊ ဆေးရုံမှာ နှစ်လကျော်ကျော် ကြာသွားတယ်"

အားလုံးက ခေါင်းလေးတညိတ်ညိတ်နဲ့ ဦးတင်ဝင်းကို ငိုင်းကြည့်နေကြတာပေါ့ ဗျာ။ ဒီအထဲမှာ တာတေလည်း ပါတာပေါ့။

"ကဲ - ကိုမိုးရော၊ သရဲတွေ၊ နာနာဘာဝတွေ မြင်ဖူးလားဗျ"

ကိုစိန်မောင်က ကိုမိုးဘက်လှည့်ပြီး မေးလိုက်တယ်။

"မြင်ဖူးပါပြီလားကွာ၊ ဒါမျိုးဆိုတာက တစ်ခါမဟုတ် တစ်ခါတော့ မြင်ဖူးကြတာ ပါပဲကွာ"

"တင် - ဒါဆိုရင် ပြောပါဦးဗျ"

"ဒီလိုကွ၊ ငါတ တောင်ကြောင်းမှာ နေတာလေ၊ တစ်ရက်ကျတော့ ငါတို့လမ်းမှာ အရက်မူးနေတဲ့တောင်တစ်ယောက် ခြောက်ထပ်ကနေ ပြုတ်ကျပြီး သေရောပေါ့။ အဲဒီထိုက်ရဲ့ရှေ့မှာ ပိတောက်ပင်ကြီးတစ်ပင် ရှိတယ်ကွ၊ အဲဒီပိတောက်ပင်ကို ပိုင်ရှင်က သေသေချာချာကို အုတ်ပေါင်တွေခွေပြီး စိုက်ထားတာ၊ နွေဆိုရင် အဲဒီအုတ်ပေါင်မှာ ထိုင်ရတာ ပိတောက်ရိပ်ကလေးနဲ့ဆိုတော့ တယ်ပြီးအေးတာကွ"

ကိုမိုးတ စီးကရက်လေး ဖွာလိုက်တယ်။

"အဲဒီကောင်က ခြောက်လွှာက ပြုတ်ကျတော့ အဲဒီပိတောက်ပင်ကို ဖြတ်ဝင်သွားပြီးတော့မှ အုတ်ပေါင်နဲ့ ခေါင်းနဲ့ ဆောင့်မိတာ"

"ဟာ - ပွဲချင်းပြီးပေါ့နော် ကိုမိုး"

"ဟာ - ပြီးတာပေါ့ကွာ၊ အဲဒီနားမှာ ကင်းလှည့်နေတဲ့ကင်းသမားတွေ ပြောတယ်၊ "ခွပ်" ဆိုတဲ့ အသံကြီးကြားလို့သူတို့ပြေးလာတာတဲ့၊ အဲဒီနားရောက်တော့ ခေါင်းထဲက ထွက်တဲ့ဦးနှောက်တွေဆိုတာ ပိတောက်ပင်အောက်မှာ အပုံလိုက်ထွက်နေတာ တဲ့ပေါ့"

"အေးပေါ့ကွ၊ ခြောက်ထပ်ဆိုတာ နည်းတဲ့အမြင့်မှ မဟုတ်တာ"

ကိုမြမောင်က ဝင်ပြောတယ်။

"အေး အဲဒီမှာတင် ဇာတ်လမ်းစတော့တာပဲပေါ့"



"ဘာ - ဟုတ်လားဗျ"

"အဲဒီလိုဖြစ်ပြီး နှစ်ရက်လောက်ကြာတော့ အဲဒီအိမ်ရှင်က သူစိုက်ထားတဲ့ [illegible]တ်ပင်ကို ခုတ်ပြီး အုတ်ခုံတွေပါ တူးထုတ်ပစ်လိုက်တာ၊ ငါကားသိမ်းပြီး ပြန် [illegible]တော့ အဲဒီပိတောက်ပင်နေရာမှာ မြေတောင်ညှိထားပြီကွ၊ နောက်တစ်နေ့မနက် [illegible]ကြီးမှာ တို့ လမ်းထဲက မုန့်ဟင်းခါးတို့၊ အသုပ်တို့ရောင်းတဲ့သူတွေ လှည်း [illegible]တွန်းပြီး ဆိုင်ထွက်ဖို့ လာကြတာပေါ့ကွာ၊ အဲဒီပိတောက်ပင်နေရာလည်း [illegible]ရော အောင်မယ်လေး - သရဲ - သရဲဆိုပြီး ထအော်ရောပေါ့၊ သူတို့ရဲ့လှည်း [illegible]မှာ ထားခဲ့ပြီး ပြေးလိုက်ကြတာ တန်းနေတာဆိုပဲ၊ နောက်တော့ လမ်းထဲက [illegible]ထွက်လာပြီး ကောင်မလေးတွေကို ဆိုင်အထိ လိုက်ပို့ကြရတာပေါ့ကွာ၊

[illegible]အေး - နောက်တစ်နေ့ည ရောက်တော့ ငါ့မှာ မနက်အစောကြီး လေဆိပ်ပို့ရမယ့် [illegible]ရှိတာနဲ့ ကားကို အိမ်ယူထားပြီး မနက် ၄ နာရီ ပြန်ထမောင်းရတာပေါ့ကွာ၊ [illegible]တောက်ပင်နဲ့ မလှမ်းမကမ်းကိုရောက်တော့ ငါ့ကားမီးရောင်အောက်မှာ တွေ့ [illegible]တာပဲပေါ့"

"ဘာ - ဟုတ်လားဗျ ကိုမိုးကြီးရဲ့၊ ဘယ်လိုပုံစံကြီးတုံးဗျ"

"အေး - အဲဒီလူ ခြောက်ထပ်က ပြုတ်ကျတုန်းက အဝတ်အစားတိုင်းပဲကွ၊ စစ် [illegible]ောင်အင်္ကျီနဲ့ ပုဆိုးအနက်ကွက်ကလေး ဝတ်လို့ကွ၊ မြေညှိထားတဲ့ပိတောက်ပင် [illegible]နေရာမှာ ငုတ်တုတ်ကြီး ထိုင်နေတာပေါ့၊ တစ်ကိုယ်လုံးမှာလည်း သွေးတွေ [illegible]အေး - ထူးဆန်းတာက မျက်နှာလုံးဝမပါဘူးပေါ့"

"ဗျာ"

[illegible]အားလုံး ပါးစပ်က ထွက်လာတဲ့အသံတွေပဲဗျို့၊

"ဘယ် ဘယ်လိုဗျ၊ ကိုမိုးရဲ့ မျက်နှာမပါဘူး ဟုတ်လား"

"အေး - ဟုတ်တယ်ကွ စိန်မောင်ရဲ့၊ ဒီကောင့်မှာ မျက်နှာမပါဘူး၊ မျက်နှာနေရာ [illegible]ကြီးကွ၊ မျက်လုံးတို့၊ ပါးစပ်၊ နှာခေါင်း ဘာမှမရှိဘူး၊ အသားပြောင်ကြီး ဖြစ် [illegible]

"ဘာ - ကိုမိုး မကြောက်ဘူးလားဗျ"



www.burmeseclassic.com

www.burmeseclassic.com

ကိုဝင်းက ဝင်ပြီး မေးပြန်ရောဗျ။

"မကြောက်ဘဲ နေမလား - ကိုဝင်းရ၊ ကြောက်တာပေါ့၊ ကြွက်သီးတွေဆို ထလိုက်တာမှ တဖျန်းဖျန်းဖြစ်နေတော့တာ။ ဆံပင်တွေဆိုတာ အပေါ်ကို ထောင်ထသလိုကို ထင်တာကွ"

"အဲဒီတော့ ကိုမိုး ဘာလုပ်တုံး"

"ငါလည်း ဆက်မကြည့်ရဲတော့တာနဲ့ ကားမီး ပိတ်ပစ်လိုက်တယ်၊ လူတွေ မောကျတဲ့အချိန်ဆိုတော့ တစ်လမ်းလုံး တိတ်ဆိတ်နေတာကွ၊ အိမ်မီးတွေ ပိတ် ကြတော့ လမ်းမာတ်မီးတိုင်က မီးရောင်ပဲ ရှိတာလေကွာ၊ အဲဒီနေရာက အမှောင် တနေတာဆိုတော့ ဘာမှမမြင်ရတော့ဘူးပေါ့၊ ခဏကြာတော့ ငါ့စိတ်က ဒီကောင် ကြည့်ချင်လာပြန်ရောဟေ့၊ ဒါနဲ့ ကားမီးကို ပြန်ဖွင့်လိုက်တယ်၊ မရှိတော့ဘူး ပျောက်သွားပြီ။ ဒါနဲ့ ငါလည်း ကားကို မှန်မှန်ပဲ မောင်းပြီး ထွက်လာခဲ့ရတာပေါ့ကွ"

"ဟာ - ကိုမိုးဟာတလည်း တော်တော်ကို ကြောက်စရာကောင်းတာပဲဗျား၊ ဒီနောက်ပိုင်းရော အဲဒါကြီးကို တွေ့ကြသေးလား"

"အဲဒီတတည်းက လမ်းထဲမှာ ဘုန်းကြီးတွေပင့်ပြီး ပရိတ်တွေ ရွတ်ကြတာ၊ ဒီနောက်တော့ ဘာမှ မမြင်ရတော့ပါဘူး၊ ငါတို့ တွေ့ကြတယ်ဆိုတဲ့ အချိန်ကလည်း ရုတ်တောင် မလည်သေးဘူးလေကွာ"

"ဪ - ဟုတ်သားပဲ၊ ဒါကြောင့် ဖြစ်မှာပါ"

ကိုမိုးပြောတဲ့ တစ္ဆေအကြောင်းကို အားလုံးငြိမ်ပြီး တွေးနေကြတယ်ဗျို့။

"တဲ - ကိုစိန်မောင်ကြီး ခင်ဗျားလည်း ပြောပြပါဦးဗျ၊ ခင်ဗျားရဲ့ကိုယ်တွေ့ လေးပေါ့ဗျာ"

ကိုဝင်းက ကိုစိန်မောင်ကို ပြောခိုင်းပြန်ရောဗျို့။

"တော်တော်တော့ကြာသွားပြီကွ၊ လှိုင်သာယာဘက်ကိုထိုးထားတဲ့ဘုရင့်နောင် တံတားကြီးပေါ်မှာပေါ့ကွာ"

"ဘယ်တံတားတုံး၊ ပထမတံတားလား၊ နောက်တံတားလား"



"ဟ - ကိုမိုးရ၊ အဲဒီတုန်းက ဒုတိယတံတား မရှိသေးဘူးလေဗျာ၊ ပထမတံတားကိုပြောတာ၊ ဘုရင့်နောင်တံတားလေဗျာ၊ အောင်ဇေယျတံတား မဟုတ်ဘူး"

"ဪ - ဟုတ်ပြီ - ဟုတ်ပြီ"

"ညဘက် ၁၂ နာရီလောက်ဗျ၊ ကျုပ်က လှိုင်သာယာကို ပါစင်ဂျာသွားပို့ပြီး ပြန်လာတာ၊ စက်မှုဇုန်ကိုလိုက်ပို့ရတာဗျ၊ ဒီလူတွေက ညဘက် ဘီယာဆိုင်ပိတ်မှ ထပြန်ကြတာထင်ပါရဲ့ဗျာ၊ ကျုပ်လည်း သူတို့ကို သေသေချာချာပို့ခဲ့ပြီးမှ ပြန်လာခဲ့တာ၊ တံတားပေါ်တက်ရုံပဲ ရှိသေးတာဗျ၊ မီးရောင်အောက်မှာ သေသေချာချာကို မြင်လိုက်ရတာ"

"ဟင် - ဟုတ်လား၊ ဘာကို မြင်လိုက်တာတုံးဗျ ကိုစိန်မောင်ရဲ့"

"မဖဲဝါကြီးဗျ - မဖဲဝါကြီး"

"ဘာ - မဖဲဝါ၊ ဟုတ်လား - ကိုစိန်မောင်"

အားလုံးက မဖဲဝါလို့ပြောလိုက်တော့ စောစောကထက် ပိုပြီးစိတ်ဝင်စားသွားကြတာဗျို့။

"ပြောစမ်းပါဗျ - ကိုစိန်မောင်ရဲ့ ခင်ဗျား ဘယ်လိုမြင်လိုက်ရတာတုံး"

အရမ်းကို သိချင်နေကြပြီဗျ။

"အဲဒီဘုရင့်နောင်တံတားကြီးရဲ့သံပေါင်ကြီးတွေပေါ်မှာ ခေါင်းကြီးတစ်လုံးထမ်းပြီး တံတားကြီးကို ခွကျော်သွားတာကွ"

"ဟာ"

အားလုံး အံ့သြသွားကြတာဗျို့၊ ကျုပ်လည်း အံ့သြတာပါပဲဗျာ၊

"ဒါဆို အကြီးကြီးပေါ့ဗျ"

"ဟာ - မင်း စဉ်းစားသာကြည့်တော့ - မောင်ဝင်းရာ"

"အဲဒီတံတားကြီးကို ခွကျော်သွားပါတယ်ဆိုမှကွာ ငါ ကားထဲကနေ မော့ကြည့်သော မျက်နှာကို မမြင်လိုက်ရဘူး၊ ထဘီကြီး ရင်လျားထားတာကွ၊ အဲဒါတော့ ငါ တွေ့လိုက်ရတယ်၊ ငါ့မှာ ကြက်သီးတွေ အလုံးအကြီးကြီးတွေ ထသွားတာဟေ့"

"ခေါင်းကြီးထမ်းထားတယ် ဟုတ်လား - ကိုစိန်မောင်၊ ဘာသဘောတုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com

တိုမိုးဆိုတဲ့ ကားဆရာက ဝင်ပြောတယ်။

"အဲဒါ မကောင်းတဲ့နိမိတ်ဗျ ကိုမိုးရဲ့ ကျုပ် အရင်ကတည်းက ကြားဖူးတယ်။ ရွာတစ်ရွာနားကို မဖဲဝါ ခေါင်းထမ်းပြီး ရောက်လာတာတွေ ဘာတွေမြင်လိုက်ရတယ် ဆိုရင် အဲဒီရွာမှာ လူတွေ ဆက်တိုက် သေတတ်တယ်တဲ့ဗျာ"

"ဪ - ဒီလိုလား"

"အေး - အဲဒါနဲ့ ကျုပ်လည်း ကားစတီးရာတိုင်ကြီး တောင့်တောင့်ကြီး ဖြစ်နေတာ မှာ ကြောင်ပြီး ဘာလုပ်ရမှန်းမသိတာ၊ မဖဲဝါကြီးကတော့ တံတားကြီးကို ခွကျော် ပြီး ပျောက်သွားတာပဲ။ နောက်တော့ ကျုပ်နောက်မှာ ကားတွေ တန်းစီးနေပြီး တီ - တီ - တီဆိုတဲ့အသံတွေ ထွက်လာမှ သတိပြန်ဝင်လာပြီး ကားမောင်းထွက်လာခဲ့ရတာပေါ့ ဗျာ၊ တချိန်ချက်စိတ်ထဲမှာတော့ ဒီအကြောင်း တွေးမိတိုင်း ချက်ချင်းကို ပြန်မြင်လာတာ ဗျ။ အဲဒီမြင်ကွင်းကြီးကိုတော့ ကျုပ် တစ်သက်မှာ မေ့လို့ရမှာ မဟုတ်ပါဘူးဗျာ"



အေးတွ - ပြေးရင်းနဲ့
ခွေးနယ်ကြီးတွေထ
နွားပေါ်တ်အရှယ်လောက်တွေ
ဖြစ်လာတာ။ တားမီးရောင်မှာ
မျက်လုံးကြီးတွေဆိုတာ
နီရဲပြီးတောက်နေတာပေါ့။
ပါးစပ်ကြီးတွေ ဟထားတော့
အစွယ်ကြီးတွေ ဖွေးနေတာပဲပေါ့၊ ပါးလည်း
ထားမှန်တွေ အတုန်တတ်ပြီး
ပိတ်ထားလိုက်တယ်။
ရှေ့နိနီကြီးတွေက တွဲလောင်းကြီးတွေ
ထွေနေတာဖြင့်တော့ ထစ်လိုက်ရုံးမှာ
ကြွတ်သီးတွေ ထလိုက်တာကွာ။
မပြောပါနဲ့တော့



"နို့ - နေပါဦးဗျာ၊ ကိုစိန်မောင်ကား နောက်မှာ ရပ်နေတဲ့တား...
မြင်လိုက်ကြသလားဗျို့"

"ဟာ - အဲဒါတော့ မသိဘူးဗျ၊ ကျုပ်ကိုတော့ ငုတ်တုတ်ကြီးမေ့နေတာလား...
ပျော်နေတာလားနဲ့ ဝိုင်းအော်ကြတာပဲဗျ"

"နောက်တော့ ဘာဖြစ်သေးတုံးဗျ"

"ဖြစ်တာပေါ့ဗျာ နောက်တစ်နေ့ အဲဒီတံတားပေါ်မှာ ဒိုင်နာတားအကြ...
ထစ်စင်းမှောက်လို့ လူ (၂၂)ယောက် ပွဲချင်းပြီး သေတယ်လေဗျာ"

"ဟာ - ဟုတ်တယ်၊ ဟုတ်တယ် - ကျုပ်တို့လည်း ကြားလိုက်တယ်။ ဪ - အဲဒီ...
မြစ်ခင် မဖဲဝါကြီး ခေါင်းထမ်းပြီး ကျော်သွားတာကိုး"

အားလုံးငြိမ်သွားတယ်ဗျ။ ညဥ့်ကလည်းနက်လာ၊ အအေးဓာတ်ကလည်းပိုလာ...
ဒီမိုထဲကို ထင်းတုံးတွေ ထပ်ထည့်ပြီး စကားဝိုင်း ကောင်းနေကြတာပေါ့ဗျာ၊ လူတွေ...
မှာ တစ်ခါမဟုတ် တစ်ခါ အံ့ဩစရာတွေ ကြုံရတတ်တယ်ဆိုတာကိုတော့ ကျုပ်...
သိသွားတာပေါ့ဗျာ၊

"ကဲ - ကိုမြမောင် ပြောပါဦးဗျာ၊ ခင်ဗျား အတွေ့အကြုံကလေးတွေပေါ့ဗျာ"

ကိုမြမောင်ကလည်း သူဝတ်ထားတဲ့ ဂျာကင်အင်္ကျီကို ရင်ဘတ်ဆွဲပြီး စေ့လိုက်...
တယ်ဗျ၊ ပြီးတော့မှ ပြောတယ်။

"၂၀၀၈ - ခုက နာဂစ်မုန်တိုင်းကြီးကိုတော့ မင်းတို့ မှတ်မိကြမှာပေါ့"

"ဟာ - ဒါမေးစရာမှ မဟုတ်တာဗျာ၊ မှတ်မိတာပေါ့ဗျာ၊ မြစ်ဝကျွန်းပေါ်မှာနေတဲ့...
ကျုပ်တို့ဆွေမျိုးတွေ တော်တော်ပါသွားတာပဲဗျာ၊ ဘယ်မေ့ပါ့မလဲ"

ကိုဝင်းက ပြောတာဗျ၊

"အေး - အဲဒီနာဂစ်ကြီးဖြစ်ပြီး တစ်ပတ်လောက်ကြာတဲ့အချိန်ပေါ့ကွာ၊ လမ်းတွေ...
ပြန်ပြီးဖွင့်ခါစပေါ့၊ သစ်ပင်တွေ လဲတာတွေ၊ ဓာတ်တိုင်လဲကျတာတွေကို ရှင်းလင်းပြီ...
ခံ့တာလေးပေါ့ကွာ၊ ငါလည်း ကားလေးပြန်မောင်းရတာပေါ့၊ မနက်လေးနာရီလောက်...
ပြီကွ၊ ငါက ကမ်းနားလမ်းအတိုင်း မောင်းလာတာ၊ မြစ်ဝကျွန်းပေါ်သဘော်ဆိပ်...
နားရောက်တော့ ၁၅ လမ်း၊ ၁၆ လမ်းလောက်မှာပေါ့၊ ညောင်ပင်လေးဈေးနားပေါ့ကွာ...

www.burmeseclassic.com

လူတစ်ယောက် အိတ်အမည်းတစ်လုံး ပခုံးမှာ လွယ်ထားတာကွ၊ ငါ့ကားကို တားတယ်၊ ဘယ်သွားမှာလဲဆိုတော့ အင်းစိန်တဲ့ကွ၊ ငါလည်း ဈေးစကားပြောပြီး တင်လိုက်တာပေါ့ကွာ၊ ဒီလူက နောက်ခန်းက တက်တယ်၊

ထုံးစံအတိုင်းပေါ့ကွာ၊ ဒီလူနဲ့၊ ငါနဲ့ စကားလေးဘာလေး ပြောတာပေါ့၊ ဒီအချိန်ဟာတော့ လူတိုင်းပြောတဲ့စကားကတော့ မုန်တိုင်းအကြောင်းပဲ များတာပေါ့ကွာ၊

ဒီလူက သူတို့ မြစ်ဝကျွန်းပေါ်ရွာတွေမှာ ရွာလုံးကျွတ်လူတွေ သေကြတဲ့အကြောင်း၊ လယ်ကွင်းတွေထဲမှာ အလောင်းတွေ အများကြီးရှိနေတဲ့အကြောင်းတွေပြောတာပေါ့ကွာ၊ ငါကလည်းဟိုမေးဒီမေးပေါ့လေ၊ ဒါနဲ့ ငါက ကားနောက်ကြည့်မှန်ကလေးထဲကနေ ဒီလူကို ကြည့်လိုက်မိတယ်ကွ၊ ဟာခနဲနေအောင် ငါ့ပါးစပ်ကယောင်အော်လိုက်မိတယ်ဟ၊ ဒီမှာတင် ဒီလူလည်း လန့်သွားပြီး...

"ဘာတုံးဗျ - ဘာဖြစ်လို့တုံး"

လို့ ပြန်မေးတယ်ကွ၊ ငါကလည်း ချက်ချင်းသတိထားပြီး ပြောရတာပေါ့ကွာ၊

"ခွေးသိုးတစ် ကားရှေ့ကဖြတ်ပြေးတာ တိုက်မိတော့မလို့ ကံကောင်းလို့ဗျာ"

လို့ ငါက ပြောလိုက်တော့ ဒီလူက မုန်တိုင်းအကြောင်းကို ဆက်ပြောရောဟ၊

"နို့ - ခင်ဗျားက နောက်ကြည့်မှန်ထဲမှာ ဘာတွေ့လိုက်လို့တုံး"

"မိန်းမကြီးဟ - မိန်းမကြီး၊ ဆံထုံးကြီးနဲ့ကွ၊ မျက်လုံးပြူးကြီးနဲ့ ငါ့ကို ကြည့်နေတာ"

"ဗျာ - မိန်းမကြီးဟုတ်လား၊ ခင်ဗျား တင်လာတာက ယောကျ်ားကြီးမဟုတ်လား"

"အေး - အဲဒါကြောင့် ပြောတာပေါ့ကွ၊ ငါ ဒီလူကို မသိမသာ လှည့်ကြည့်တယ်၊ ယောကျ်ားပေါ့၊ ငါနဲ့ စကားပြောနေတာပဲဟာ၊ ဒါပေမဲ့ - ဒီလူကို မှန်ထဲက ကြည့်လိုက်ရင် မိန်းမကြီး ဖြစ်နေရောဟ"

"ဟာ - ခင်ဗျားဟာက ဆန်းလှချည်လားဗျ - ကိုမြမောင်ရဲ့"

"အေး - ငါလည်း ကြောက်လာတာပေါ့ကွာ၊ ဒါမျိုး တစ်ခါမှ ကြုံဖူးတာမှ မဟုတ်တာ၊ ကြက်သီးတွေထပြီး ကျောထဲက စိမ့်ခနဲ စိမ့်ခနဲ ဖြစ်သွားတာ၊ မြေနီကုန်းမီးပွိုင့်မှာ



...ခုပ်တော့လည်း ငါနောက်ကို သေသေချာချာ လှည့်ကြည့်တယ်၊ ဒီလူက ငါ ...တဲ့လူပဲ၊ ဒါပေမဲ့ - မှန်ထဲက ပြန်ကြည့်ရင် မိန်းမကြီးမှ မိန်းမကြီးပဲ၊ မျက်လုံးပြူး ...နဲ့ တိုကြည့် သည်ကြည့် ကြည့်နေတာ"

ငါလည်း ဘာလုပ်ရမလဲလို့ တွေးတာပေါ့ကွာ၊ ပိုက်ဆံမယူတော့ဘူးပြောပြီး ...တုန်းမှာပဲ ဆင်းခိုင်းလိုက်ရမလား၊ ဘာလုပ်ရင် ကောင်းမလဲလို့ တွေးတာပေါ့ ...

လှည်းတန်းပွိုင့်မှာ ကားမီးနီမိနေတုန်းမှာ ငါ တစ်ခု ဆုံးဖြတ်လိုက်တယ်၊ မီးနီ ...တော့ ကားကိုဆက်မောင်းလိုက်ပြီ ကမာရွတ်ရဲစခန်းရှေ့မှာ ကားကိုထိုးရပ်လိုက် ...၊ ပြီးတာနဲ့ တွေ့တဲ့ရဲနှစ်ယောက်ကို အကျိုးအကြောင်း ခပ်မြန်မြန် ပြောပြလိုက် ...ရဲနှစ်ယောက် ထွက်လိုက်လာတယ်၊ တစ်ယောက်က ဒုရဲအုပ်၊ တစ်ယောက်က ...ကြပ်ကွ၊ ကားဆီရောက်တော့ ဒီလူကို ကားအပြင်ထွက်ခိုင်းပြီး စခန်းထဲကို ခေါ် ...တယ်၊ ငါလည်း လိုက်ခဲ့ရတာပေါ့ကွာ၊

ဆိုတိုပြောရရင်တော့ စခန်းမှူးက ဒီလူ့အိတ်ကို ရှာရောဟ၊ ဘာတွေ တွေ့ ...လို့ ထင်တုံး"

"တင် - ဘာတွေ တွေ့တုံးဗျ - ကိုမြမောင်ရဲ့"

"ရွှေတွေလေကွာ၊ ရွှေတွေပေါ့၊ လက်စွပ်တွေ၊ ဆွဲကြိုးတွေ၊ လက်ကောက်တွေ၊ ...ပ်တွေပေါ့၊ နည်းတာမဟုတ်ဘူးဟ၊ တချို့နားကပ်တွေမှာ လူ့နားရွက်အဖျား ...တွေ တောင်ပါသေးတယ်၊ လက်စွပ်တွေဆိုရင်လည်း တချို့လက်စွပ်မှာ ...သားတွေ ကပ်နေတာကွ"

"ဟာ - ဘယ်လိုဖြစ်တာတုံးဗျ"

"စခန်းမှူးက ဒီကောင်ကိုစစ်တော့မှ ပေါ်တာဟ၊ ဒီကောင်က မုန်တိုင်းအပြီးမှာ ...ကွင်းထဲတင်နေတဲ့အလောင်းတွေက ရွှေတွေကိုဖြတ်ယူပြီး ရန်ကုန်ကို သုတ်ချ ...တိုးကွ"

"ဟာ - ဒါဆိုရင် ကိုမြင့်မောင် မြင်တဲ့ မိန်းမကြီးဆိုတာက"



www.burmeseclassic.com

www.burmeseclassic.com

"ဟာကောင် - မောင်ဝင်းရဲ့ အဲဒါ နာဂစ်မုန်တိုင်းထဲမှာ သေသွားတဲ့ မိန်းမကြီး... သူဝတ်ထားတဲ့ပစ္စည်းတွေကိုစွဲပြီး အလောင်းကပစ္စည်းတွေ ဖြုတ်ယူတော့ ဒီလူ... သွားလေရာ တကောက်ကောက်လိုက်နေတော့တာပေါ့ကွ"

"ဩော် - ဒီလိုလား၊ နောက်တော့ ဘာဖြစ်သွားတုံး"

"အဲဒါတော့ ငါ မသိဘူးကွ၊ ငါကတော့ ဒီလူကို ရဲလက် အပ်လိုက်တာပဲကွ။ ဩော် - အေး - အေး - အဲဒီမှာ ပြောစရာရှိသေးတယ်ကွ။ စခန်းမှူးက ငါနဲ့ ထွက်လိုက်လာပြီး ကားတံခါးဖွင့်တယ်၊ ပြီးတော့ ကားထဲကို ခေါင်းငုံ့ပြီး ပြောတယ်၊ "ဟိုအဒေါ်ကြီးလည်း လာ - လာ - ခင်ဗျားပစ္စည်းတွေ ယူတဲ့လူကို ကျုပ်တို့ အရေးယူတော့မှာ ခင်ဗျားရှိမှဖြစ်မယ်၊ လာခဲ့ - လာခဲ့လို့ ပြောပြီး ခေါ်သွားတယ်ကွ"

"ဟာ - ဟို - တစ္ဆေမကြီးက လိုက်သွားရောလား"

"အဲဒါတော့ ငါလည်းမသိဘူးလေကွာ၊ စခန်းမှူးတော့ ခပ်တည်တည်နဲ့ ခေါ်လုပ်... သွားတာပဲကွ။ ငါလည်း ကားခတစ်ပြားမှမရဘဲ ပြန်လှည့်ခဲ့ရတာပေါ့ကွာ"

သူတို့တစ်တွေ ကိုမြင့်မောင် ပြောတဲ့ဇာတ်လမ်းကိုလည်း တော်တော်ကို စိတ်... ဝင်စားကြတာပဲဗျ။ ဘယ်သူ ဘယ်ပြောပြော စိတ်ဝင်တစားနဲ့ နားထောင်တဲ့ လူတ... ယောက် သူတို့ထဲမှာ ရှိသေးတယ်ဗျ။ ဒီလူက ဆေးလိပ်တွေ ဘာတွေလည်း သောက်... တာ မတွေ့ရဘူး။

"ကဲ - ကိုဆွေဝင်း၊ ခင်ဗျား အလှည့်လေဗျာ၊ နည်းနည်းပါးပါး ပြောပါဦးဗျ"

ကိုဝင်းကပြောတော့ ကိုဆွေဝင်းဆိုတဲ့လူက ထနောင်းပင်ကိုမှီပြီး နေရာက... ရှေ့ကို နည်းနည်းတိုးလိုက်တယ်။ ဒီဘိုးတော်က အသက်ငါးဆယ်ကျော်လောက် ရှိမယ်ထင်တယ်၊ ဦးဆွေဝင်းဆိုတဲ့ ဘိုးတော်က ပြောပြတယ်ဗျ။

"အဲဒီတုန်းက ငါ တက္ကစီ မောင်းခါစပေါ့ကွာ၊ တာမွေသင်္ချိုင်းကြီးကလည်း မ... ပြီးခါစပဲ ရှိသေးတာ။ ည ၁၁ နာရီလောက် ရှိပြီကွ။ ငါ ခရီးသည် လိုက်ပို့ပြီး ... ဟောင်းလမ်းက ပြန်လာတာ၊ ငါ့ရှေ့မှာက ဆိုက်ကားတစ်စီးကွ၊ ပါစင်ဂျာတင်ပြီး န... သွားတာ။ တဖြည်းဖြည်းနဲ့ အဲဒီဆိုက်ကားကို ငါ့ကားက ကျော်တက်ပြီး ငါ အမှတ်တမဲ့...



ဆိုက်ကားပေါ်က ပါစင်ဂျာကို ကြည့်လိုက်မိတော့ပေါ့၊ "အောင်မယ်လေး" ဆိုပြီး ... ထအော်မိတော့တာပဲကွာ"

"ဟင် - ဦးဆွေဝင်း ဘာဖြစ်လိုက်လို့တုံး"

"ဘာဖြစ်ရမတုံးကွ - မောင်ဝင်းရ၊ အဲဒီလူတင်နင်းလာတဲ့ပါစင်ဂျာတ မိန်းမတ... ဒါပေမဲ့ ငါကြည့်လိုက်တဲ့အချိန်မှာ ခေါင်းမပါဘူးကွ၊ လည်ပင်းငုတ်တိုကြီးနဲ့"

"ဗျာ"

အားလုံးက လန့်အော်ကြပြန်ရောဗျို့။

"ငါလည်း ကားကိုအရှိန်နည်းနည်းလျှော့ပြီး ဆိုက်ကားဆရာကိုလှမ်းအော်လိုက်... မိရောပေါ့၊ ဟေ့ - ဆိုက်ကားဆရာ၊ ခင်ဗျားပါစင်ဂျာမှာ ခေါင်းမပါဘူးလို့ အော်လိုက်... တော့ ဆိုက်ကားသမားလည်း သူ့ခရီးသည်ကို လှည့်ကြည့်လိုက်ရောပေါ့"

"ဟာ - ဒီလူကော မြင်ရရဲ့လား"

"မြင်တာပေါ့ မောင်ဝင်းရာ၊ တစ္ဆေမက တမင်ကို ခြောက်တာပဲဟာ၊ ဆိုက်ကား... သမားဆိုတာ ဘာပြောကောင်းလိမ့်မတုံးကွာ။ အောင်မလေးဗျလို့ အသံကုန်အော... ပြီး ဆိုက်ကားပေါ်ကနေ ခုန်ချပြီး ပြေးရောပေါ့၊ ငါလည်း နောက်ပြန်လှည့်ကြည့်တော... ဆိုက်ကားပေါ်မှာ ဘာမှ မတွေ့တော့ဘူးကွ"

"ဟင် - အဲဒီခေါင်းပြတ်တစ္ဆေမက ချက်ချင်းဘယ်ရောက်သွားတုံးဗျ"

ကိုမိုးက ဝင်မေးတယ်ဗျို့။

"ဟာ - ကိုမိုးရာ တစ္ဆေပါဆိုနေမှ ခြောက်ပြီးတော့ ပျောက်သွားတာပေါ့ကွ"

"ဆိုက်ကားသမားတော့ ဘယ်လိုဆက်လုပ်လည်းမသိတော့ဘူး။ ငါလည်းတ... ကို ခပ်သုတ်သုတ်မောင်းပြီး တာမွေအိုးစုဘက်ကို ထွက်ချခဲ့ရောတော့။ အဲဒါငါ့ မျက်... နဲ့ကို တပ်အပ်မြင်ခဲ့ရတဲ့ ခေါင်းမပါတဲ့ တစ္ဆေပဲကွ"

အားလုံးငြိမ်ပြီး နားထောင်နေတာပေါ့ဗျာ။

"ဝုန်း"

"အောင်မယ်လေးဗျ"



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်ပြီး တွေးနေကြတုန်းမှာပဲ ကျုပ်တို့နောက်ဘက်က "ဝုန်း" ဆိုတဲ့ အသံကြီး ကြားလိုက်ရတာဗျို့။ အားလုံး ထအော်လိုက်ကြတာဗျာ။ နောက်လှည့်ကြည့်တော့မှ ကျုပ်တို့နောက်က တစ်ထပ်ကျောင်းကလေးရဲ့ခေါင်းမိုးသွပ်ပြားပေါ်ကို ဆရာတော်ရဲ့ ကြောင်ကြီး ခုန်ချလိုက်တာဗျို့။

"ညောင် - ညောင် - ညောင်"

ဆိုတဲ့ ကြောင်အော်သံကို ကြားလိုက်တော့မှ အားလုံးသဘောပေါက်ပြီး ရယ်လိုက်ကြတာဗျာ။

"ဟား - ဟား - ဟား - ဟား - ဟား"

ဆိုတဲ့ အသံကြီးက ပုဗ္ဗာရုံကျောင်းဝင်းထဲမှာ လွှမ်းသွားရောဗျို့။

"ဟား - ဟား - ဟား - ဟား"

တာတေ

**[illegible]**

(၁) ဥသျှစ်ရွက်နုနု သတ္တုရည် (၁၂)ပဲသားခန့်ကို နေ့စဉ် နံနက်စောစောထ၍ ရက်ကြာကြာ စွဲသောက်ပါက သက်သာသည်။

(၂) ခံတက်ခေါက်မြစ် သုံးခွက်၊ တစ်ခွက် တင်ကျို၍ သောက်က ဆီးချိုပျောက်သည်။

(၃) ငှက်ပျောပွင့်ကို ချက်ပြုတ်စားပါ။

(၄) ဆီးဖြူသီးအစေ့ကို စားပါ။

(၅) တမာခေါက်ကိုပြုတ်၍ နံနက်စောစော ရက်များများ သောက်ပါ။

(၆) သရက်ရွက်အနုကလေးများကို အခြောက်လှန်း၍ အမှုန့်လုပ်သောက်ပါ။



ဇော်ဂျီစိန်ဖေနှင့်
ကြေးလိပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com

မင်းတိုင်ပင်
(မြရောင်မြေ)

ဇော်ဂျီစိန်ဖေနှင့်
ကြေးလိပ်ကလေး

# ဦးစိန်ဖေ ...

**ဇော်ဂျီစိန်ဖေဟု ခေါ်ကြ၏။**

ဦးစိန်ဖေသည် သူကြီးဦးဖျော့ အုပ်ချုပ်စဉ်အခါက ဆယ်အိမ်ခေါင်းလူကြီး၊ မြေ သာကော်မတီတစ်ဦးဖြစ်၍ လူကြီး စိန်ဖေဟု ခေါ်ကြပြန်သည်။ သို့သော် ဇော်ဂျီစိန်ဖေ ဟု ခေါ်ခြင်းသည် ပို၍ စိတ် ဝင်စားစရာ ကောင်းပါ၏။

အသက်အရွယ်အားဖြင့် (၇၀) ကျော်ခန့် ဇရာအိုအရွယ်၊ သူ၏ ဥပမိရုပ်ကား အရစ်ရှည်ရှည်၊ အသားညိုညို၊ ပိန်ပိန်သွယ်သွယ်၊ မျက်လုံးမှေးမှေး၊ ခါးကုန်းသယောင် ရှိတာ ပို၍ထူးခြားသည်မှာ ပုဆိုးအဖြူပိတ် သို့မဟုတ်ပါက ပုဆိုးကွက်တုံးအဖြူရောင် အင်္ကျီလက်တို၊ လက်ရှည်နှင့် တိုက်ပုံအင်္ကျီအဖြူ ရောင်အပြင် ပိတ်စဖြူ ခေါင်းပေါင်း လျက်မှတ်ဆိတ်မွေးတစ်ထွာခန့်အရှည်ကဖြူဖွေးလျက်ရှိပါသည်။ သူသွားသည့်အခါ နဂါးရုပ်ပါသော တောင်ဝှေးတစ်ချောင်းနှင့် လွယ်အိတ်ဖြူကြီးလွယ်လျက်ထီးကောက် ဝခုံးချိတ်လျက် အမြဲလို တွေ့ရပါသည်။ ပို၍ထင်ရှားသည်မှာ (၁၀၇) လုံး ပုတီးကုံးကြီး ဆွဲထားခြင်း ဖြစ်၏။

ဦးစိန်ဖေသည် ကျွန်ုပ်၏အဘွားနှင့် မောင်နှမဝမ်းကွဲ တော်၏။ သူ့တွင် မွေးချင်း ညီငယ် ဦးမောင်တင့်နှင့် ညီအစ်ကို နှစ်ယောက်သာ ရှိပါ၏။ အိမ်ထောင်ဖက် မရှိ၍ ညီ သားနှင့်သမီးနှစ်ယောက်ထွန်းကားပြီးနောက် တစ်အိုးတစ်အိမ် ထူထောင်ကာ တစ်ခြံ တည်း အိမ်ခွဲနေခဲ့ကြသည်။ သူ၏ ခြံထဲတွင် ခေါင်းရင်းဘက်၌ ဝါးခန်းမိုး၊ ထရံကာ အဆောင်လေးတစ်ခု ရှိပါသည်။ ထိုအဆောင်ထဲတွင် ဖားဖို၊ မီးသွေးနှင့် ဖိုဆွဲသည့် ပစ္စည်းပစ္စယများ ပြည့်နက်လျက် တွေ့ရပါမည်။ အမြဲတမ်း လို ဖိုဆွဲခြင်းအလုပ်ကိုပါ လုပ်ပါ၏။ သူ၏ခြံထဲ လယ်ထဲမှ ကြို့ပင်နှင့် မဲဇလီပင်များ ကို မီးဖုတ်၍ မီးသွေးပြုလုပ်ကာ ထိုဖိုဆွဲ ခြင်း ပြုလုပ်ပါသည်။

ဝတ်ဖြူစင်ကြယ်ဝတ်လေ့ရှိသော ဦးစိန်ဖေကို ဘိုးတော်စိန်ဖေဟု ခေါ်ရမည့် အစား ဇော်ဂျီစိန်ဖေဟု ခေါ်ခြင်းမှာ ဝိသေသထူးနေပါ၏။ ပွဲထဲမှာ အနီရောင်အင်္ကျီနှင့် ကောင်းဘီအနီ၊ ဦးထုပ်အနီရောင်အပြင် တောင်ဝှေးအနီရောင်နှင့် ကပြသော ဇော်ဂျီ သည် စည်းချက်မှန်မှန်နှင့် (ဇော်ယောင်ဂျီယောင် ဆေးကြိတ်တဲ့ မောင်) ဆိုသည့် သီချင်းကို မြိုင်မြိုင်ဆိုင်ဆိုင် ကခြင်းဖြင့် အလွန်ကြည့်၍ကောင်းလှပါသည်၊ ကျွန်ုပ်တို့ ငယ်ငယ် ရွာက ရုပ်သေးဆရာကြီး ဝိဇ္ဇာလှ ခေါ် ဇော်ဂျီပုံ ဆရာလှ၏ ရုပ်သေးပွဲ ထွက် သည့်အခါ ကပြပုံကို ပြန်သတိရမိပါသည်။ ရှေးခေတ်မင်းသားကြီး၏ အဆိုနှင့် ဆိုင်း ဆရာတီး၊ အကကောင်းကောင်း ရုပ်သေးရုပ်က တကြိုးမြိုင်၍ အလွန်ကြည့်၍ခံစားတတ် လောက်ကောင်းသည့်ပြင် ရယ်စရာလည်း ကောင်းနေပါ၏။ ထို့ကြောင့် ဇော်ဂျီဆိုသည်မှာ အနီရောင်ဝတ်စုံဖြင့် ဆေးတောင်ဝှေးထမ်းထားသည်ကိုသာ အားလုံးသိကြပါ သည်။

ယခုတော့ ဝတ်စုံအဖြူနှင့် ဇော်ဂျီ စိန်ဖေဟု ဘာကြောင့် ခေါ်ကြသလဲ၊ ထူးပြီး ခေါ်တာကို သိချင်လာ၏။ ဒီပြင် ရွာထဲက ဘုရားကြီးကုန်း ဘုရားငုတ်တိုကြီးနားမှာ ကျောင်းဆောက်နေသည့် အဘဆရာမြစ်က ပိတ်ဖြူဝတ်၊ ပိတ်ဖြူစည်း၊ တောင်ဝှေး လွယ်အိတ်နှင့် ဆေးနီမင်ကြောင်ထိုးထားပြီး အလှူခံထွက်သည့်အခါ ဘိုးတော်ဆရာ မြစ်ဟု ခေါ်ကြပါ၏။ နောက်တစ်ခါ အဘဆရာမြစ်က အနီရောင်ဝတ်စုံနှင့် တောင်ဝှေး လွယ်အိတ်အနီလွယ်လျက် အလှူခံလာသည့်အခါ ဇော်ဂျီဆရာမြစ်ဟု လူကြီးများက





www.burmeseclassic.com

www.burmeseclassic.com

ခေါ်ကြရှန်ပါ၏။ ဒီတော့ ဘိုးတော် ဆရာမြစ်၊ ဇော်ဂျီဆရာမြစ် နှစ်မျိုးဖြစ်နေပြန်ပါသည်။

အဘဦးစိန်ဖေနှင့် အဘ ဆရာမြစ်တို့နှစ်ဦး တစ်ခါတလေ စာရေးသူတို့ အဘွားအိမ်၌ ဆုံကြပါသည်။ နှစ်ဦးစလုံးသည် အဘွားထက် အသက်ကြီးသူများဖြစ်၍ အစ်တီဟု ခေါ်ပါသည်။ သူတို့က ညီမဟုခေါ်သည့်အပြင် လုံမလေးဟုလည်း တစ်မျိုးခေါ်ပါ၏။ စာရေးသူတို့အဘိုးကိုတော့ ဆရာထွန်းဟု ခေါ်ပါ၏။ ဆရာမြစ်က ဦးစိန်ဖေအား ဇော်ဂျီစိန်ဖေ ခေါ်သလို ဇော်ဂျီစိန်ဖေက ဆရာမြစ်ကို ဇော်ဂျီဆရာမြစ်ဟု ခေါ်ပါသည်။ သူတို့ နှစ်ဦး တွေ့ဆုံသည့်အခါ နားမလည်သော စကားများကို ပြောကြပါ၏။

တဘောင်လိုလို၊ စကားပုံလိုလို စကားများကိုလည်း ပြောပါ၏။ စာရေးသူ မှတ်မိသလောက် ပြန်တင်ပြချင်ပါသည်၊ ထိုအဓိပ္ပာယ်ကိုတော့ မသိရှိအမှန်ပါ၊ ဆိုလိုတောင်း၍ ဆိုနေပါ၏။

အဘဆရာမြစ်က စာရေးသူတို့ အဘွားအား ဤသို့ ပြောပါ၏။

"ညီမရေ - ရှစ်ခု၊ ရှစ်ခု တယုယု၊ ကိုးခုမှာမူ၊ အိုးလိုဆူ၊ ဆယ်ခုမှာကား မတရားဆယ့်တစ်ခုမှာတော့ ပြတနမ်း နမ်း စဉ်လိမ့်မယ် - မှတ်ထား၊ ကြားလား"

ထိုအခါ ဇော်ဂျီစိန်ဖေက သဘောကျသည့်ပုံနှင့် ခေါင်းညိတ်ကာ ...

"တုတ်တယ် - ညီမရဲ့ပြဒါးသေ တစ်ဆွေ၀၊ သံသေတစ်ပြည်၀တဲ့၊ တို့ အဂ္ဂိရတ်ပညာမှာ ပြဒါးကို သေအောင်ထိုးရင် ရွှေဖြစ်မယ်၊ ဒီရွှေဖြစ်ငွေဖြစ်တဲ့ အတတ်ကို ရလျှင်တော့ တစ်ဆွေလုံးမက တစ်ပြည်လုံး ချမ်းသာမယ်၊ ဒီတော့ အစ်ကိုတို့ မြေလျှိုမိုးပျံတဲ့ ဝိဇ္ဇာအတတ်ကို ရပြီပေါ့ကွယ်"

"ဇော်ဂျီစိန်ဖေရေ၊ ကျုပ်လည်း မြေလျှိုးမိုးပျံတဲ့အတတ် အောင်မြင်တော့မှာပါ ခုမကြာခင် နတ်ပြည်နဲ့ တာဝတိံသာကို ကြွရဦးမယ်"

"ဟုတ်လား - ဇော်ဂျီဆရာမြစ်ရယ်၊ ဝမ်းသာပါတယ် - ကျုပ်ကတော့ အဂ္ဂိရတ်ပညာ ဓာတ်လုံးထိုးလို့အောင်ရင် ထွက်တော့မယ်ဗျ၊ ဟဲ - ဟဲ - ဟဲ - ဟဲ - ဟဲ"

"အစ်ကိုတို့ - ရေနွေးကြမ်း သောက်ကြပါဦး၊ ဒီမှာ ထန်းလျက်ခဲပါ"



"အေး - သာဓု - သာဓု - သာဓုပါကွယ်၊ ငါ့ညီမတို့ကိုလည်း အစ်ကိုတို့က မခေယ်ကူညီမယ်ကွယ့်၊ ဘာမှမပူနဲ့ ကြားလား - ဟဲ - ဟဲ - ဟဲ"

"ဆရာမြစ်ရေ - ကျုပ် ပြန်ဦးမယ်၊ နောက်တော့ ဆုံကြတာပေါ့၊ အင်း - လောကီ ထွက်ရပ်လမ်းမြန်းကြဖို့တယ် မလွယ်လှပါလား၊ ဒုက္ခ - ဒုက္ခ - ဒုက္ခ - ဘုရား - ဘုရား - ဘုရား -"

"ကောင်းပါပြီ - ဇော်ဂျီစိန်ဖေရေ၊ ကြွပေဦးတော့၊ ကျန်းမာချမ်းသာပါစေ - မြေလျှိုး မိုးပျံနိုင်တဲ့ ဝိဇ္ဇာကြီးဖြစ်ပါစေဗျား"

"လုံမလေး - အဘ ပြန်ဦးမယ်ကွယ့်၊ ဘုရား - ဘုရား - ဘုရား - အနိစ္စ - ဒုက္ခ - အနတ္တပါလား၊ သံသရာကြီး တယ်ရှည်ပါလား"

## ဇော်ဂျီစိန်ဖေ၏ အတိတ်ဘဝဇာတ်ကြောင်းပြန်ခြင်း

ရှေးခေတ်က နိုင်ငံကြီးသားများ ကြီးစိုးအုပ်ချုပ်သည့်ခေတ်ဆိုတော့ မြန်မာပြည်ကြီး စစ်ဘေးစစ်ဒဏ်သင့်သလို အမျိုးမျိုးသော ဖိနှိပ်ချုပ်ချယ်မှုကို ခံကြရသည်။ လယ်သမားများကို ချစ်တီးများက လယ်ခွန်လယ်ခနှင့် လယ်လုပ်ရ၏။ အုပ်ချုပ်သူတအင်္ဂလိပ်မျက်နှာဖြူများ၊ သူတို့၏လူမျိုး၊ သူတို့၏စီးပွားရေး၊ သူတို့၏လုံခြုံရေးအတွက် စစ်တပ်တွင် ဂေါ်ရခါးများအား ခန့်ထားစေ၏၊ ဗမာလူမျိုး ဗုဒ္ဓဘာသာတွေကို နှိမ်ထားသည်၊ စာတတ်ပေတတ် မရှိစေရန် အမျိုးမျိုးနှိပ်ကွပ်စေခဲ့သည်၊ စာတတ်သူသည် အင်္ဂလိပ်လူမျိုးနှင့် အဆက်အသွယ်ရှိမှ မြို့ကျောင်းတွင် နေနိုင်၏၊ သို့မဟုတ်က ဘုန်းကြီးကျောင်းများတွင် ဘုန်းကြီးကျောင်းသား ဘုန်းကြီးစာသင်၍ ဆွမ်းခံရင်း နေကြရ၏။ အလွန်ဆုံးစာတတ်မှ သင်္ချိုဟ်၊ ပါဠိစာပေများနှင့် ဗေဒင်အတတ်၊ အဂ္ဂိရတ်အတတ်များကို သင်ယူကြရ၏။ ကိုးရှောင်းတွက်နည်းနှင့် ဂဏန်းသင်္ချာကို တွက်ကြ၏။

ဒီပြင် စစ်ဘေးစစ်ဒဏ်နှင့် လက်နက်ဘေးတို့ကြောင့် ပြေးရင်းလွှားရင်း တသင်ခဲ့ကြရသည်။ ဦးစိန်ဖေတို့ငယ်စဉ်က မိဘများက တွယ်လွန်ကြပြီး ညီအစ်ကို နှစ်ယောက် ကျန်ခဲ့သည်၊ ညီဖြစ်သူ ဦးမောင်တင့်က ငါးနှစ်သားအရွယ်တွင် သူတ ရှစ်နှစ်သား



www.burmeseclassic.com

www.burmeseclassic.com

အရွယ် ဘုန်းကြီးကျောင်းသားဘ၀နှင့် နေရ၏၊ ဆရာတော်သည်လည်း မျိုးချစ်စိတ်ဓာတ် လွန်စွာထက်သန်သူဖြစ်၍ တုတ်ပြီး၊ ဓားပြီး ကွမ်းယာမန်း၊ ထုံးမန်းအတတ်ကိုတတ်၏၊ တပည့်များကိုလည်း သင်ပေး၏၊ ထိုဆရာတော်ကြီးက ဆွမ်းစားပြီးတာနှင့် ဗိုလ်ရုံဝင်၍ဗိုလ်ဆွဲလေ့ရှိသည်၊ ထိုအခါ ဦးစိန်ဖေတို့ညီအစ်ကိုနှစ်ယောက်က ဗိုလ်ဆွဲမီးသွေးသည့်ပေးရ၏၊ ဆရာတော်က သူတို့ညီအစ်ကိုကို စကားတစ်ခွန်း ပြောခဲ့၏၊ ထိုစကားသည် ဦးစိန်ဖေတို့ညီအစ်ကိုနားထဲ စွဲနေပါ၏၊ ဆရာတော်၏စကားကို မြေဝယ်မကျနားထောင်သည့် တပည့်များ ဖြစ်ကြပါသည်၊

"စိန်ဖေနဲ့ မောင်တင့်၊ တို့ ကျွန်ဖြစ်ရတာ လူ့အောက်ကျတယ်ကွာ၊ ပြဒါးသေရင် တစ်ဆွေ၀၊ သံသေရင် တစ်ပြည် ၀တယ်နော်၊ ရွှေဖြစ်ငွေဖြစ်အတတ်၊ အဝိဇ္ဇာပညာကို တတ်ရင် ငါတို့ တိုင်းပြည် ချမ်းသာမယ်၊ ငွေရှိရင် ဘာမဆို ဝယ်နိုင်တယ်ကွ၊ ဒါမှ ကျွန်ဘ၀က လွတ်မြောက်မှာကွ - မှတ်ထား"



ဇော်ဂျီစိန်ဖေထ ထိုကလေး၏
လေထဲမှာအရောတို့ ထိုင်ကြည့်ရ
ကြေးညှိတက်နေသော
ဆိပ်ရုပ်ကလေး ဖြစ်နေသည်ကို
သိသဖြင့် ထိုကလေးထံမှ
မှန်ဗိုးပေး၍ ယူထားလိုက်၏။
ထို့နောက် ထပ်ပွန်းချဉ်ထိုး
ချဉ်ရည်နှင့်
အထန်ထန်ဆေးကြည့်ရ
ကြေးဝါးရောင်ဆိပ်ရုပ်ကလေး၊
ခေါင်း၊ လက်၊
ခြေထောက်တို့ ပေါ် လာတော့၏



"မှန်ပါ့ဘုရား - မှတ်ထားပါ့မယ်"

"အေး - မင်းတို့မှတ်ထားရမှာက ဗိုဝင်ရင် အောင်လမ်းမြန်းနိုင်တဲ့ မြေလျှိုးမိုးပျံတဲ့ အတတ်၊ ဆေးအတတ်၊ အင်းအတတ်၊ ဂန္ဓာရီအတတ်၊ မဟာဂန္ဓာရီအတတ်တွေဆိုတာ ရှိတယ်ကွယ့်"

"မှန်ပါ့ဘုရား - မှတ်ထားပါမယ်၊ တပည့်တော်တို့ ကတိပြုပါတယ်"

"ရှေးပုဂံခေတ်က ရှင်အရှင်ဂေါဏဆိုတာ ရှိခဲ့ဖူးတယ်၊ ကြားလား - ငါပြောတဲ့ပြဒါးသေ တစ်ဆွေ၀၊ သံသေတစ်ပြည်၀ဆိုတာ ဗိုလ်ထိုးရင်း နောက်ဆုံးမှာ ပြဒါးသေပြီးတော့ ရွှေတွေ ဖြစ်ကုန်တယ်၊ ဒီတော့ လက်ညှိုးထိုးမလွဲခဲ့တဲ့ ဘုရားစေတီတွေဟာ ပုဂံသူ ပုဂံသားတွေရဲ့ ကောင်းမှုကုသိုလ်တွေ ဖြစ်ခဲ့တယ် မဟုတ်လား"

"မှန်ပါ့ဘုရား - မှန်ပါ့"

"လှည်းဝင်းရိုးသံ တညံညံ ပုဂံဘုရားပေါင်းတဲ့၊ ဒါတောင် ရေထဲဆင်းပြီးပျက်သွားတဲ့ဘုရားက ရွှေလသာ ဝါဝါဝင်း ဘုရားရေသို့ ဆင်းတဲ့ကွယ့်၊ ဘယ်လောက်များလိုက်သလဲ၊ အဲဒါဟာ ရွှေဖြစ်ငွေဖြစ်အတတ်ကြောင့် ပုဂံပြည်မှာ ရွှေမိုးငွေမိုးရွာပြီး သာသနာတော်ကြီး ပွင့်ထွန်းခဲ့တယ်၊ မင်းတို့လည်း ကြိုးစားကြ၊ ငါ မသေခင် သင်ပေးခဲ့မယ်"

"မှန်ပါ့ဘုရား - ကြိုးစားပါ့မယ်"

ဒီလိုနဲ့ ဦးစိန်ဖေနှင့် ဦးမောင်တင့်တို့ညီအစ်ကိုအရွယ်ရောက်ချိန် ဆရာတော်ကြီးလည်း ရှောင်လွှဲမရ မရဏလမ်းသို့ ဘ၀နတ်ထံ ကြွမြန်းခဲ့ရလေတော့သည်၊ အားကိုးခဲ့တဲ့ ညီအစ်ကို ဖြစ်ရ၏၊

ထို့နောက် ညီအစ်ကိုနှစ်ယောက် ဆရာတော်ကြီး၏ တပည့်ရင်းများ ဖြစ်သဖြင့် အဝိဇ္ဇာပညာရပ်အတွက် ကြေးပုရပိုက်နှင့် ရေးထိုးထားသည့် စာများ ရရှိလိုက်ကြ၏၊ ဆိုပစ္စည်းသည်လည်း ဆရာတော်ကြီး ခေါင်းအုံးထဲမှ ရလိုက်သဖြင့် ပိုမိုဝင် မြတ်နိုးအနိုးထားကြရသည်၊ ဦးစိန်ဖေ အသက် (၂၀) အရွယ် ရောက်သောအခါ ရွာထဲမှ ဒေါ်ဖော့ဆိုသူနှင့် အိမ်ထောင်ပြုသလို ညီ ဦးမောင်တင့်တလည်း ဒေါ်ခင်လေးဆိုသူ နှင့် အိမ်ထောင်ပြုတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

ညီအစ်ကိုနှစ်ဦး သိပ်မဝေးသော မြို့ထဲတွင် နေထိုင်ကြပြီး ဆိုးတူကောင်းဖက် နေထိုင်ကြ၏။ ဦးစိန်ဖေကား သားသမီးနှစ်ယောက် ထွန်းကားလျက် ဦးမောင်တင့်ကား သားသမီးငါးယောက် ထွန်းကားခဲ့ပါသည်။ မိရိုးဖလာ တောင်သူလယ်သမား အလုပ်ဖြင့် အသက်မွေးကြ၏။ ဦးစိန်ဖေသည် ထယ်ထိုး၊ လယ်ထွန်ရင်း နီးစပ်ရာ သစ်ဝင်ရိပ်အောက်၌ တရားမမွှစာပေများဖတ်ရှုသလို အင်္ဂါ ရတ်ပညာမှ ကြေးပုရပိုက်တိုလည်း ဖတ်မှတ်လေ့လာပါသည်။ တစ်ခါတလေ ညီအစ်ကိုနှစ်ယောက် ဖိုဆွဲသူနှင့် ဖိုထိုးသူတို့ဖြင့် အလုပ်ရှုပ်ခဲ့ကြပါသည်၊ သူတို့ ဖိုထိုးသည့်အခါ ဘယ်သူမှ အဝင်မခံတော့။ တံခါးအလုံပိတ်လျက် တရှဲရှဲနှင့် ဖိုထိုးပါတော့သည်။

အင်္ဂါရတ်ပညာကို လေ့လာလိုက်စားရင်း ဓာတ်လုံးထိုးခြင်း၊ ရွှေဖြစ်ငွေဖြစ် ထိုးခြင်းဖြင့် သူတို့လုပ်ငန်းကို အောင်မြင်ရန် ကြိုးပမ်းကြ၏။ သို့သော် ပြဒါးကို ရွှေတွေး လုပ်ရွှေဖြစ်ငည်ထင်ခဲ့၏။ သို့သော်လည်း ရွှေသာ ပျောက်သွားသည်၊ ရွှေဖြစ်မလာခဲ့ပေ။ နောက်ဆုံးတော့ မီးသွေးဖုတ်ရ၊ မီးပုခံရ၊ ရွှေကုန် ငွေကုန် ဖြစ်ခဲ့ရတော့၏။ လက်ဝတ်လက်စားနှင့် စုဆောင်းထားသမျှ ရွှေတိုငွေစများရှိထည့် ရှိထည့်နှင့်သာ လှုယ် ငွေကုန်သည့်အပြင် ရွှေပါကုန်လေတော့၏။

ဦးစိန်ဖေက လုံးဝမလျှော့၊ ဝါသနာကို မစွန့်လွှတ်၊ သူနှင့် ကြုံသူများကိုလည်း အင်္ဂါရတ်ပညာအကြောင်း၊ ဆေးအကြောင်းတွေကိုအားကျနားထောင်ကောင်းအောင် ပြောတတ်၏။ ရွှေဖြစ် ငွေဖြစ် အတတ်ပညာကို နောင်လာ နောက်သားတွေကို လက်ဆင့်ကမ်းအမွေပေးခဲ့ချင်၏။ သို့သော် သူ့အနား ဘယ်သူမှ မကပ်ကြ၊ ဘယ်အလုပ်ဘယ်တာ သာရေးနာရေးဖြစ်ဖြစ် သူ ရောက်သွားလျှင် အင်္ဂါရတ်အကြောင်းကိုသာ ဦးစားပေး ပြောတော့၏။ လူများက ပြက်ရယ်ပြုကြ၏။ ထို့ကြောင့် ဦးစိန်ဖေအား အင်္ဂါရတ်စိန်ဖေဟူ၍လည်း ခေါ်ကြပါတော့သည်။ ဦးစိန်ဖေ အသက်အရွယ် ရလာသောအခါ ဥပုသ်သီလ ဆောက်တည်၊ တရားထိုင်၊ ပုတီးစိပ်သည့်အလုပ်ကို တစိုက်မတ်မတ် လုပ်ခဲ့ပါ၏။ သို့သော် အင်္ဂါရတ်ဖိုထိုးခြင်းကိုတော့ သူ လုံးဝ မလျှော့၊ ဖွဲတောင်းကောင်းနှင့် လုပ်ခဲ့၏။ ယခုတော့ သူ၏ဖိုရုံထဲမှ လုံနှင့်ပြာမှုန့်တွေက ဒုန်ဒေးဖြစ်လာ၏။ မီးသွေးဖိုးနှင့် လုံဖိုးကတော့ ရှိသမျှမလောက်၊ စပါးရောင်းပြီးထည့်၊ သစ်ပင်ရောင်းပြီး



ထည့်ခဲ့ရ၏။ အဖြေကတော့ ဓာတ်လုံးကြီး၊ ဓာတ်လုံးလေးများ မြောက်မြားစွာ ထွက်လာ၏။ ဘယ်လိုစွမ်းမယ်၊ ဘယ်ပီယ သိဒ္ဓိစွမ်းမယ်ဆိုတာတော့ မသိရပေ။ ဦးစိန်ဖေ သူ နှင့်ရင်းနှီးသောသူများက နေသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ ပေါ်သိဒ္ဓိစုံလို့ပေါ့၊ ဘာကို စွမ်းမယ်လို့ မပြောနိုင်။ သူက ဒေါနပုဏ္ဏား ဓာတ်တော်ဆေးလို စွန့်ကြဲဝေငှနေသူ ဖြစ်ပါ၏။

ဦးမောင်တင့်ကတော့ အစ်ကို့အလုပ်ကို ယခင်ကလောက် ဝင်မလုပ်တော့။ စီးပွားရေးကိုပဲ ဇောက်ချလုပ်ကိုင်နေခဲ့သည်၊ ရပ်ရွာတွင် ဩဇာရှိသော ရွာလူကြီးတစ်ဦး ဖြစ်ပါတော့သည်။ ထိုအချိန်က ဦးစိန်ဖေသည် ကံဆိုးမသွားရာ မိုးလိုက်လို့ရွာသလို ဖနီးသည် ဒေါ်မဖော့ ရောဂါရလာ၏။ စီးပွားရေးလည်း ချွတ်ခြုံကျလာ၏။ နောက်ဆုံးတွင် ဇနီးသည် ဆုံးခဲ့ရလေတော့သည်။ ဦးစိန်ဖေ သားသမီးနှစ်ယောက်ကျန်ခဲ့သည်၊ အိမ်ထောင်ပျက် မုဆိုးဖိုဘဝနှင့် ကျင်လည်ခဲ့ရတော့သည်။

ဦးစိန်ဖေသည် ကျေးရွာ မြေယာ ကော်မတီလူကြီးတစ်ယောက်ဖြစ်ပါ၏။ ဝိဇ္ဇာရှု အင်္ဂါရတ်ရှုးကြီးလို မြင်ကြသည်။ ထို့ကြောင့် ဇော်ဂျီစိန်ဖေဟု ခေါ်ကြ၏။ စာရေးသူတို့ ရွာတွင် ဇော်ဂျီသုံးဦး ပေါ်ထွန်းခဲ့ရာ ဇော်ဂျီဆရာမြစ်၊ ဇော်ဂျီပုံ ဆရာလှ၊ ဇော်ဂျီစိန်ဖေ ဟူ၍ ပြောစမှတ် တွင်ခဲ့ပါတော့သည်။ ဇော်ဂျီဆိုပေသည့် အပြုအမူ အပြောအဆို ကတော့ တခြားစီ ပြောနေကြပါ၏။

ဇော်ဂျီ ဆရာမြစ်ကတော့ တာဝတိံသာ နတ်သား၊ နတ်သမီးတွေ တွေ့တဲ့ အကြောင်းသာ ပြောခဲ့သည်။ ဇော်ဂျီပုံဆရာလှကလည်း ဖာတ်ထဲမှ ပုံထောက်လေ ပြည့်ပွန်းထောက်၊ ငိုချင်းများကိုနားမငြီးအောင် ဆိုငိုပြတော့၏။ ဇော်ဂျီစိန်ဖေကတော့ ဓာတ်လုံး အစွမ်းထက်ကြောင်း၊ ရွှေဖြစ်ငွေဖြစ်အတတ်ကို အောင်မြင်တော့မည့် အကြောင်း၊ သူ ချမ်းသာလျှင် အားလုံးမ,မည့်အကြောင်း အားကျလောက်အောင် ပြောပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့မှာ ဖော်ဂျီစိန်ဖေ၏အိမ်ရှေ့တွင် သူ၏တူများ၊ မြေးများ ကလေးတစ်အုပ်လုံးဆော့ကစားကြ၏။ တချို့က သပွတ်သီးနွှား လုပ်ဆော့သူ၊ အုန်းလက် နွားလုပ်ဆော့သူနှင့် ကစားကြ၏။ ကလေးတစ်ဦးကတော့ ကြေးညှိတက်နေသော ပိုင်းပိုင်းသဏ္ဌာန်အရာလေးတစ်ခုကိုကြိုးနှင့် ဆွဲကစားနေ၏။ ဖော်ဂျီစိန်ဖေက ထိုကလေး၏လက်ထဲမှအရာကိုကိုင်ကြည့်ရာကြေးညှိတက်နေသောလိပ်ရုပ်ကလေးဖြစ်နေသည်ကိုသိသဖြင့် ထိုကလေးထံမှမုန့်ဖိုးပေး၍ယူထားလိုက်၏။ ထို့နောက် ကင်ပွန်းချဉ်သီးချဉ်ရည်နှင့် အတန်တန်ဆေးကြည့်ရာ ကြေးဝါးရောင်လိပ်ရုပ်ကလေး၊ ခေါင်း၊ လက်ခြေထောက်တို့ ပေါ်လာတော့၏။ လိပ်ကလေး ကျောကုန်းတွင် အကွက်များ ပေါ်လာသော ဂဏန်းတလုံးများ ရေးထားသည့် အင်းကွက်ကလေး ဖြစ်၏။ ထိုလိပ်သည်ကားရှေးဟောင်းပစ္စည်းဖြစ်ပြီး ဝိဇ္ဇာပညာရှင်တို့ အသုံးပြုထားကြောင်း သိပါသည်။

ထိုလိပ်ကလေးရသည့်နေ့မှစ၍ ဖော်ဂျီစိန်ဖေ အိပ်မက်ထူးများ မက်လေတော့၏။ တစ်ညတွင် အလွန်ထူးဆန်းသော အိပ်မက်ကို မက်လေတော့သည်။

ထိုအိပ်မက်ထဲ၌ ဝတ်ဖြူစင်ကြယ် တောင်ရှည်နှင့် အုပ်ပေါင်းအဖြူ ပေါင်းထားသော ဘိုးတော်တစ်ဦးနှင့် ဖော်ဂျီ အဝတ်အစားနှင့် ပုဂ္ဂိုလ်တစ်ဦးက လက်ညှိုးထိုးပြီးနောက် -

"မင်း - ဒီလိပ်ရုပ်ကို အဂ္ဂိရတ်ပညာနှင့် ဓာတ်လုံးဖြစ်အောင် ထိုးရင် ရွှေဖြစ်ငွေဖြစ်အတတ်ကို ရမယ်၊ မြေလျှိုးမိုးပျံ တဲ့ ဂန္ဓာရီအတတ်လည်း တတ်မြောက်မယ်"

ဟုပြောကာ တဖြည်းဖြည်းနှင့် ကွယ်ပျောက်သွားလေတော့သည်။ အိပ်မက်ပြီးနောက် လန့်နိုးလာသောအခါ ဖော်ဂျီစိန်ဖေ စဉ်းစားမိ၏။

"ငါ့ကို ဝိဇ္ဇာဖော်ဂျီတွေ စောင့်ရှောက်နေပြီ၊ သူတို့ပြောတဲ့အတိုင်း ပြုလုပ်နိုင်မှ အောင်မြင်မှာ"

ဟု တွေးတောရင်း ဝမ်းသာနေမိ၏။ ဒီလိုထူးခြားတဲ့ အိပ်မက်မျိုး ခုတစ်ကြိမ်သာ ဝထမဆုံးဖြစ်တော့ လက်လွှတ်မခံလိုတော့၊ ပိုင်နိုင်စွာ ဆုံးဖြတ်ချက် ချလိုက်သည်မှာ ကြေးလိပ်ကလေးအား လုံထဲထည့်ပြီးနောက် ဖိုထိုးရန် ဆုံးဖြတ်ပါတော့သည်။ သူ၏ဆုံးဖြတ်ချက်ပုစ္ဆာ တစ်ပုဒ်ကဲ့သို့ အဖြေထွက်ပါတော့မည်။ တစ်နေ့ ဖော်ဂျီစိန်ဖေ၏မြို့မှ ပေါက်ကွဲသံနှင့်အတူ မီးခိုးများ အလိပ်လိုက်တက်ကာ ကောင်းကင်သို့ ဖုံးလွှမ်းသွားပါတော့၏။ လိပ်ရုပ်ကလေးသည်လည်းမည်သို့ပျောက်ကွယ်သွားသည်ကိုတော့ မသိနိုင်ပါ၊ အဂ္ဂိရတ်ကိုပင်ပန်းကြီးစွာ ရှာဖွေထိုးနေခဲ့သည့် ဖော်ဂျီစိန်ဖေသည် ထိုနေ့အခါ၌မည်သို့အကျွတ်တရားရသွားသည် မသိ၊ စကားမပြောတော့ဘဲ ဘုရားခန်းရှေ့တွင်အမြဲတမ်း ပုတီးစိပ်၊ တရားထိုင်ကာ ဝိပဿနာအလုပ်ကိုပဲ လုပ်ပါတော့၏။ သမီးဖြစ်သူက ထမင်းဟင်းနှင့် စားစရာများ လာပို့သည့်အချိန်တွင် ထမင်းစားပြီးနောက်အနည်းငယ်အချိန်တွင် တရားရှုမှတ်နေသည့်အချိန်သာ ဖြစ်ပါ၏။ ဖော်ဂျီစိန်ဖေတစ်ယောက် အိမ်တံခါးပိတ်ပြီး ဆိတ်ငြိမ်စွာ တရားရှုမှတ်နေသည်မှာ နေ့စဉ်ဖြစ်၍ မည်သူ့ကိုမှ ထပ်မံစကားပြောခြင်း၊ တွေ့ဆုံခြင်းမျိုး လုံးဝမရှိတော့ပေ၊ နှုတ်မှ စကားပြောခြင်းလည်း မရှိတော့၊

ထို့နောက် အချိန်ကာလအားဖြင့် တစ်နှစ်ကျော်ကြာခဲ့ချိန်မှာ ဖော်ဂျီစိန်ဖေ အနေသူ၏ အဘွားအိမ်သို့ ရောက်လာတော့၏။ ယခင်တုန်းက ပြောသည့် အဂ္ဂိရတ်ဓာတ်ရုပ်အကြောင်းတော့ မဟုတ်တော့၊ ယခုပြောသည့် စကားများကတော့ ဘဝအသက်တာအတွက် မှတ်တမ်းတစ်ခုလို့ ဆိုရပါမည်၊

"ညီမရေ - ခန္ဓာရလာလျှင် အိုဘေး၊ နာဘေး၊ သေဘေး ဘယ်သတ္တဝါမှ မလွတ်ဘူးကွယ့်၊ တို့ မြတ်စွာဘုရားတောင် ပရိနိဗ္ဗာန်ပြုရတယ်၊ ဒီတော့ ဇာတိရလာရင် အိုနာ သေ မလွတ်ကြဘူးနော်၊ မသိတဲ့အဝိဇ္ဇာကြောင့် သံခါရ ဖြစ်တယ်၊ သံခါရကြောင့်စိမ်လို့ ဝိညာဉ်နာမ်ရုပ် သဠာယတန၊ ဖဿ၊ ဝေဒနာ ဖြစ်တယ်၊ တစ်ခါ တဏှာ ဥပါဒါန်၊ ကမ္မဘဝ ဖြစ်ပြန်ရော၊ ဒီတော့ ဇာတိ ဇရာ ဗျာဓိ မရဏ ဒါလည်း အိုနာသေ မလွတ်ဘူးကွယ့်၊ အိုနာသေ လွတ်အောင်လုပ်ဖို့က မိမိခန္ဓာကို ဉာဏ်နဲ့ စောင့်ကြည့်တဲ့ ဝိပဿနာအလုပ်ပဲ၊ ခန္ဓာဉာဏ်ရောက်၊ မဂ်ဖိုလ်ပေါက်အောင် ကြိုးစားမှတ်ရင် မဂ်ဆိုက်ဖိုလ်ဝင်ပြီး နောက်ဆုံး နိဗ္ဗာန်ရောက်မှ သန္တိသုခ အေးငြိမ်းရာဖြစ်မှာနော်၊ အစ်မလည်း ရောက်မှာပါကွယ်"

"ဟုတ်ကဲ့ - အစ်ကို - ပြောပါဦးရှင်"





www.burmeseclassic.com

www.burmeseclassic.com

"ဒီတော့ အစ်ကို ထွက်ရပ်လမ်းကနေ ဝိဇ္ဇာကျင့်စဉ်လမ်းကို ကျင့်ခဲ့တယ်၊ အဝို့ရတ် ဖိုထိုးခဲ့တယ်၊ နောက်ဆုံးတော့ နည်းနာမကျတော့ ပိုးသာကုန် မောင်ပုံစောင်း မတတ်ခဲ့ဘူး၊ အမှန်ကိုသိလို့အမှားကို အမှန်ထင်ခဲ့မိတဲ့အမှားပါကွယ်၊ သမ္မတိသစ္စာ အမြင်မှန်ရဖို့ အလွန်အရေးကြီးပါတယ်ကွယ်၊ ဒီတော့ ညီမတို့လည်း ဝိပဿနာ တရား အားထုတ်ပွားများပါလို့ အစ်ကို တိုက်တွန်းချင်တယ်ကွယ်၊ နောက်လှူရင် လည်း အတ္တမပါစေနဲ့၊ အကျိုးကို ကြည့်မသွားနဲ့၊ သစ္စာနုလောမိက ဉာဏ်နဲ့ ပြုကြပါ"

"ကောင်းပါတယ် - အစ်ကိုစိန်ဖေရယ်၊ ကျွန်မတို့ ဆောင်ရွက်ပါ့မယ်"

"အေး - သာဓု - သာဓု - သာဓုပါကွယ်၊ ငါ့ညီမတို့ သစ္စာသိတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြပါစေ"

ဇော်ဂျီစိန်ဖေ၏ နောက်ဆုံးစကားကြောင့် နှိုးဆွှန်ရောက်ကြောင်း ဝိပဿနာ တရားအားထုတ်ရန် ဆုံးမဩဝါဒ ပေးခဲ့ပါတော့သည်၊ အသက်အရွယ်အားဖြင့် (၇၀) မှ (၈၀) အတွင်း နေဝင်ချိန်၊ ဇရာက အိုး၊ ဗျာဓိက နာ၊ ယခုတော့ အိုနာနိုပ်စက်မှုကြောင့် ရေကာလမ်းတ မြန်းမကြာတော့ ပေ၊

ဦးစိန်ဖေသည် ဇော်ဂျီဖေဘဝက ပြောသည့် အပြောအနေမျိုးမဟုတ်တော့ဘဲ အေးဆေးတည်ငြိမ်သော တရားရှင်ကြီး ဖြစ်နေပြီလားလို့ ထင်နိုင်ပါသည်၊ သမာဓိ ရငြိမ်ဖြစ်၏ ကြောမိသောအချိန် အသက် (၈၀) ဝန်းကျင်တွင် တရားရှုမှတ်ရင်း ဘဝ တစ်ပါးသို့ ပြောင်းရွှေ့ခဲ့ပါတော့သည်၊ ဇတိ ဇရာ တရားကြီးကား သတ္တဝါတိုင်းကို ရေကာစံတွင်းသို့ ပို့ဆောင်နေပါတော့၏၊

ဦးစိန်ဖေသည် သေဆုံးပြီးနောက် တောင့်တင်းမာကြောခြင်း မရှိဘဲ လက်များ ခြေများသည် ပျော့ပျောင်းနူးညွတ်နေသည်၊ အသားရောင်သည် ဝါဝင်းလျက် ရှိပါ သည်၊ လုံးဝပုပ်စော်နံခြင်း မရှိပါ၊ ပကတိအိပ်ပျော်နေသည့်အလား မြင်ရပါသည်၊ ဤ အကျိုးသည် ဝိပဿနာအလုပ် အားထုတ်သည့် ပုဂ္ဂိုလ်များ၏ လက္ခဏာပင် ဖြစ်ပါ သည်၊ သေလည်းမတောင့်တင်း၊ အပုပ်နံ့ကင်းဆိုသည်မှာ စကန်ဖြစ်နေပါတော့သည်၊ ဝိပဿနာအလုပ်၏ အကျိုးပေးသည်ကား ထူးခြားလှပါပေသည်၊



ညီဖြစ်သူ ဦးမောင်တင့်သည် ကျောင်းဒါယကာ၊ သိမ်ဒါယကာတော်ကြီး အတန်ဆောင်လှူကြီးတစ်ဦးဖြစ်ခဲ့ပြီး ကျေးရွာတွင် ဩဇာရှိသူ ပုဂ္ဂိုလ်ကြီးတစ်ယောက်၊ သူ့အစ်ကို ဇော်ဂျီစိန်ဖေအားကြည့်ပြီး သံဝေဂတရား ရရှိသွားပုံကတော့ ဤသို့ တည်း၊

"ခြော် - အစ်ကို၊ ဝိဇ္ဇာပညာကို လိုက်စားပြီး ဝိဇ္ဇာဇော်ဂျီ ဖြစ်လိုတယ်နော်၊ နောက်ဆုံးတော့ မရဏရှင် သေမင်းလက်တွင်းသို့ ဆင်းခဲ့ရပါပြီလား၊ အစ်ကို့ကိုပညာ ပေးလိုက်တာက ကြေးလိပ်ရုပ်ကလေးပါလား၊ ကောင်းရာသုဂတိ လားနိုင်ပါစေ"

ယနေ့ဆိုလျှင် နှစ်ပေါင်းလေးဆယ် ကျော်သောကာလသို့ ကြာမြင့်ခဲ့ပါပြီ၊ ဇော်ဂျီ စိန်ဖေ၊ ဇော်ဂျီဆရာမြစ်၊ ဇော်ဂျီပုံ့ဆရာလှ၊ အဘ ဦးမောင်တင့်တို့သာမက စာရေးသူ တို့ မိဘဘိုးဘွားတွေ မရဏရှင် သေမင်းတွင်းသို့ သက်ဆင်းခဲ့ရပေပြီ၊ ထိုအတိတ် ကြောင်းများတို့သည် နှစ်ပေါင်းများစွာတိုင်လျှင် အတိတ်သမိုင်းဟု ထင်ခဲ့ရပါဦးမည်၊ ရှေးလူကြီးသူမများ၏ ရိုးသားမှု၊ ကြိုးစားမှုတို့သည် အရိပ်ပမာ၊ အိပ်မက်ပမာ ကျန်ရှိ နေရန်အတွက် အမှတ်ရစေခြင်းငှာ ဇော်ဂျီစိန်ဖေနှင့် ကြေးလိပ်ရုပ်ကလေးက သက် သေတည်နေပါဦးတော့မည်တကား၊

အားလုံး ကောင်းရာသုဂတိ ရောက်ရှိစံစားနိုင်ပါစေသော်ဝ် ...၊

သာသနာတော်မြတ် ဝိဇ္ဇာဓာတ် လျှမ်းပတ်ကမ္ဘာ တည်ပါစေ ...၊

———— မင်းတိုင်ပင် (မြရောင်မြေ)

www.burmeseclassic.com

www.burmeseclassic.com



သန်လျင် မောင်ကျောက်ခဲ

# ရွာလေး

ရွာလေး

သန်လျင် မောင်ကျောက်ခဲ

**လူ့ဘဝရပ်နဲ့** သူ့ဇာတိဆိုသလို ...

တစ်ရွာတစ်ပုဒ် ဆန်းတယ်လို့လည်း ပြောတယ် ...

ဘယ်လိုပဲဆိုဆို ရှေးက အဘိုး၊ အဘွားများ ပြုလုပ်ခဲ့သည်ကို

တစ်သွေဝေမတိမ်း လိုက်လုပ်ကြတာ များပါတယ်။

ခုလည်း ကျုပ်တို့ရွာမှာ ဒီနေ့ ရွာဆော် လိုက်အော်နေတယ်၊ လဆန်း (၅) ရက်နေ့ ရွာတော်ရှင် ကန်တော့မယ်ဆိုတဲ့အကြောင်း ကန်တော့ရာမှာ ကုန်ကျမှုကို ရွာသူကြီးက အကုန်အကျခံတယ်၊ ဆယ်အိမ်ခေါင်း ဘိုးကုလားက တာဝန်ခံထူးတာက သူများ ရွာတွေမှာ ရွာတော်ရှင် ကန်တော့တာက မုန့်ဆီကြော် အဖြူ၊ အနီ၊ ကောက်ညှင်း ဆိုင်း၊ မုန့်လုံးရေပေါ်၊ မုန့်ဆီတ်ရွေး၊ မုန့်ကြာစေ့၊ ငှက်ပျောသီး၊ အုန်းသီးစိမ်း နဲ့ ပွဲပြင်ပြီး ကန်တော့တာ၊

ကျုပ်တို့ရွာက ထူးမှထူး၊ အများနဲ့မတူ၊ ဆန်တစ်ပြည်ချက်နဲ့ ကြက်သားဟင်း၊ ကြက်ဆိုရင်လည်း ပိသာကျော်မှ ကြိုက်တာ၊ အရက်ကတော့ ကျုပ်တို့ ရွာမှ ထန်းချက်အရက်ဦးရေအဆီ ပြင်းပြင်းတစ်လုံး၊ ဆေးလိပ်၊ ကွမ်းယာတွေ ပါရသေးတယ်၊ ကန်တော့ချိန်ကလည်း မနက်ပိုင်းမဟုတ်ဘူး၊ ညနေနေဝင်ရီတရောနွားရိုင်းသွင်းချိန် ထိပ်ရတာ၊



www.burmeseclassic.com

www.burmeseclassic.com

မတာန်တော့ရင် မရဘူးလား။ မလုပ်နဲ့ ကိုယ့်လူ၊ နတ်နဲ့နဂါး မလှည့်စားနဲ့လို့ ဆိုမိ
တယ်လေ။ ကျုပ်တို့ ရွာတော်ရှင်က အကြွေးမထားဘူး။ လက်တွေ့သမား၊ မရယ်
နဲ့ မယုံမရှိပါနဲ့ ကိုယ့်လူ။ သူ့ကို ရှိသေလို့ကတော့ စောင့်ရှောက်တယ်။ ကျုပ်တို့ ရွာ
တွမှာတ ဓလေ့တစ်ခု ရှိတယ်၊ အရက်စုပြီးသောက်သောက်၊ တစ်ယောက်တည်း
သောက်သောက် ရွာတော်ရှင်ကို အရင်မြှောက်ရတယ်၊ မမြှောက်ဘဲနဲ့ သောက်ရင်
တော့လား ဘာပြောကောင်းမလဲ အဲဒီအရက်ပိုင်း ဘာရယ်မဟုတ်ဘဲ ရန်ဖြစ်ပြီးမှ တစ်
ယောက်နဲ့တစ်ယောက် ထိုးကြိတ်ကြပြီး ထိပ်ပေါက်ခေါင်းကွဲဖြစ်ရော၊ ကျုပ်ပြောတာ
ယုံရင် ရွာမှာ လာစမ်းကြည့် သိလိမ့်မယ်။

အဲ–ယုံကြည်လို့ အလုပ်ဖြစ်သွားတဲ့သူလည်း ရှိတယ်၊ ခင်ဗျားတို့ကို ကျုပ် ပြော
ပြမယ်။

✿

သူ့နာမည်က ခင်ဆောင်လို့ ခေါ်တယ်။ အညာသားအစစ်၊ သူ့အစ်ကို တင်မောင်
က အရင်ရောက်တာ၊ ကျုပ်တို့ရွာမှာ အညာကနေပြီး ထန်းရည် လာရောင်းတာ။
ကိုတင်မောင်လာပြီး သုံးနှစ်မြောက်တော့ သူ့ညီ ခင်ဆောင် ရောက်လာတာ။ နေညို
ရင် ထန်းရည်ခါးသောက်တတ်တဲ့ ကျုပ်တို့အဖွဲ့နဲ့ ရင်းနှီးသွားတယ်။

ကျုပ်နဲ့ ခင်မောင်နဲ့က အခုမှ တွေ့ကြပေမယ့် ရေးရေစက်ခေါ်ရမလား။ ညီအစ်ကို
အရင်းသမာ ရက်ပိုင်းအတွင်း ခင်သွားတယ်၊ တစ်ခါတလေ ကျုပ် အိမ်ပြန်မအိပ်ဘူး။
ခင်ဆောင် ထန်းရည်ဆိုင်မှာပဲ သူနဲ့ အတူတူ အိပ်ဖြစ်တယ်။ ကျုပ်က အရက်သမား
ဆိုတော့ ထန်းရည်က သိပ်မတိုးဘူး။ ဒီပြဿနာကို ခင်ဆောင် အညာသားက ဖြေရှင်း
ပေးတယ်၊ ထန်းရည်ချိုးထဲမှာ အရက်ချက်တဲ့ ထန်းလျက်ကို စိမ်ပေးတယ်၊ ထန်း
လျက်ပျော်သွားရင် အဲဒီထန်းရည်က ဝန်မကျတော့ဘူး၊ တစ်ခွက်ဆိုတစ်ခွက် ခနီး
ရောက်တယ်။

ခင်ဆောင်ကလည်း အမြဲတမ်း ရွာတော်ရှင်ကို ကန်တော့တယ်၊ ဆိုင်ကလည်း
လူမပြတ်ဘူး၊ ရောင်းကောင်းတယ်၊ ကျုပ်တို့ အရပ်ကလူတွေက မလုပ်ကြဘူး။ သူ
ကျုပ်တို့ရွာမှာ တစ်ဆောင်းတစ်နွေလုပ်လိုက်ရင် အညာမှာ ကျန်ခဲ့တဲ့မိသားစု စားနိုင်



တယ်၊ သူတို့မိသားစု (၇) ဦးကို တစ်ဦးတည်း ရှာကျွေးနေတာ။ မိုးတွင်းချိန်ကို ထိုင်စား
နိုင်တယ်၊ ကျုပ်တို့ ရွာကလူတွေ မသိဘူး၊ ကျုပ်က သူနဲ့ အနီးကပ်ဆုံးဆိုတော့
သိတယ်၊ ကျုပ်စကားတောင် ရှည်သွားပြီ၊

ဒီလို – ဒီလို ကျုပ်ရှေ့က ပြောတဲ့အတိုင်းပဲ အနောက်ရွာမှာ အသုဘခေါ်တယ်။
ကျုပ်နဲ့ ခင်ဆောင် ဖဲဝိုင်းကောင်းတယ် အသံကြားလို့ သွားကစားဖို့ နှစ်ဦးတိုင်ပင်
ကြတယ်၊ ကျုပ်ကလည်းကျုပ်တို့ရွာတော်ရှင်အကြောင်းကို ပြောပြတော့ ခင်ဆောင်
က ...

"ကဲ – ဒါဆို ဒီည အသုဘမှာ ဖဲသွားရိုက်မယ်၊ ငွေက ကျွန်တော့်မှာ ရှိတယ်၊
ခင်ဗျားပြောတဲ့အတိုင်း ရွာတော်ရှင်ကို မြှောက်ပါ" လို့ ကျုပ်ကို ပြောတယ်၊

"ဟုတ်ပြီ – ကိုယ့်လူ၊ မင်း ကတိတည်မှ ဖြစ်မယ် ကြားလား" ကျုပ်က ပြော
လျှင် ...

"ကျွန်တော် တာဝန်ယူတယ်၊ လုပ်ရမဲ့အလုပ်ကို ပြောပါ"

"အထွေအထူး မဟုတ်ပါဘူးကွာ၊ ဒီညနေ နွားရိုင်းသွင်းချိန်မှာ အရက်တစ်လုံးနဲ့
မြှောက်ကွာ၊ ဖယောင်းတိုင် နှစ်တိုင်ထွန်း၊ မင်း ပြောရမှာက ရွာတော်ရှင်ကြီးကို
အရက်နဲ့မြှောက်ပါတယ်၊ ကျွန်တော့်ကို ကူညီပါ၊ ဒီည အနောက်ရွာက မသာမှာ ဖဲ
သွားကစားမယ်၊ ငွေဘယ်လောက်နိုင်အောင် လုပ်ပေးပါ၊ အဲဒီလို နိုင်ရင် ကျွန်တော်
နောက်ကျရင် အရက်တစ်လုံးနဲ့ ကြက်တစ်ကောင်ချက်၍ လာကန်တော့ပါမယ်၊ အဲဒီ
လိုပဲ ပြောရမယ်၊ ဘယ်လိုလဲ ..."

ကျုပ်စကားဆုံးရင်ပဲ ခင်ဆောင် ပျော်သွားတယ်၊ ချက်ချင်း အရက်တစ်လုံး သွား
ဝယ်ထားတယ်၊ မှောင်ရီပျိုးချိန်မှာ ခင်ဆောင် ရွာတော်ရှင် နတ်စင်ကို သွားပြီး တန်
တော့တယ်၊ ကျုပ်လမ်းပေါ်ကပဲ ကြည့်နေတယ်၊ ကျုပ်က အရက်ထန်းရည်သာ
သောက်တာ၊ ဖဲတော့ မရိုက်ဘူးဗျာ၊

ဘာ – ဖဲနိုင်လား၊ နိုင်တာပေါ့ဗျာ၊ အသုဘအိမ်မှာ ကစားဖော်တွေတောင် မယုံ
သင်္ကာဖြစ်လာတယ်၊ ခင်ဆောင်ကို အကြံဖန်သမား၊ ညာကျ်သမားဆိုပြီး ရွာခံလူမိုက်
တွေက မကျေနပ်ဘူးဗျ၊ ကျုပ်က ဝင်ရှင်းပြရသေးတယ်၊ ကျုပ် ရှင်းပြမှ သူတို့ လက်ခံ
တယ်၊ ကျုပ်က အရက်သောက်တယ်၊ ဒါပေမဲ့ မဟုတ်တာတော့ မလုပ်ဘူး၊ ဖဲဝိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

မယ့်လည်း မယ့်စရာ၊ ခင်ဆောင်ခေါ်သမျှ အပွင့်က ပေါ်နေတာကိုး၊ ကျုပ်လည်း ခင်ဆောင်ကို တိုးတိုးမေးကြည့်တယ်၊ ရွာတော်ရှင်ကို ကတိပေးတောင်းသည့် ငွေပြည့်ပြီလားပေါ့၊

ခင်ဆောင်ကငွေကိုရေကြည့်တော့ ရည်မှန်းချက်ပြည့်ပြီး နည်းနည်းပိုတယ်ပြောတဲ့ကျုပ်တ ပိုတာ၊ အရက်ဖိုးနဲ့ ကြက်ဖိုးပေါ့၊ တော်တော့လို့ ပြောပြီးပြန်လာကြတယ်၊ ကျုပ်တို့ အနိုင်နဲ့ ပြန်လာတာကို သိပ်တော့မကြည့်ဘူး၊ ခင်ဆောင်တစ်ယောက်တည်းဆို ဒီကောင်တွေ ပြဿနာရှာနိုင်တယ်၊ ကျုပ် ပါလို့ပေါ့၊

ဘာပြောတယ်၊ နောက်ည သွားသေးလား၊ သုံးညဆက်တိုက်သွားတယ်၊ သုံးညပုံး တောင်းသလောက်ရတယ်၊ နေ့တိုင်းလည်း အရက်နဲ့ ကြက်နဲ့ တင်ရတယ်ဗျား ခေါ်ချောက်ချက်ပြင်ပါ၊ ခင်ဆောင်ဆို ဘာလေးစားစား သူ့တဲအပြင်ထွက်ပြီး ရွာတော်ရှင်ကြီးကို ခြောက်တောတာပဲလေ၊

ပြောရရင်နဲ့ ကျုပ်တို့ရွာက ရွာတော်ရှင် ကန်တော့ပုံ ကျန်ဦးမလို၊ အဲဒါက တစ်နှစ်တစ်ခါလုပ်တာ၊ သကြန်တော့ခင် လုပ်တာ၊ အဲဒီနေ့ မွန်းလွဲတာနဲ့ ဆယ်အိမ်ခေါင်းဘိုးကုလားက ဦးဆောင်ပြီးချက်တာ၊ သူ့အဖွဲ့မှာ လူငါးဦး ရှိတယ်၊ အရက်ကိုလည်း နေ့ညက ချက်ပြီးပြီး ရွာတော်ရှင်ကြီးအတွက် ပထမအရေဦးရေအဆီဖယ်ပြီး ကျန်တာက ကန်တော့ပွဲပြီးရင် သူတို့ သောက်မယ့် ထန်းလျက် (၁၀)ပိဿာတောင် ချက်ထားတာ၊ အခုလို မဟုတ်ဘူး၊ အဲဒီအချိန်က ရွာတိုင်း ရွာတိုင်း ထန်းလျက်အရက်၊ တောက်ညှင်းအရက်ချက်ပြီး သောက်ကြတာ၊ B.E.D.C တို့တင်လဲဖြူတို့ရွာတွေမှာ သောက်ဘူး၊ ချက်အရက်မှ ချက်အရက်ပေါ့ဗျာ၊

ကြက်သားဟင်းကို ခုတ်ထစ် ရေ စင်အောင်ဆေးကြောပြီး ဟင်းအိုးအတွက် ပိုအစ်သော ပစ္စည်းတွေ ပစ်ထည့်တာ၊ ငရုတ်သီးက အတောင့်လိုက် ကြက်သွန်လှီးထည့်၊ ဆား၊ နနွင်းပစ်ထည့်၊ အခုလို အချိုမှုန့်မသုံးဘူး၊ ငံပြာရည်လေးပါ ထည့်သေးတာ၊ စုံရင် အိုးပိတ်တည်တော့တာပဲ၊ ထမင်းကိုလည်း တစ်ပြည်ချက်၊ ဒါက ရွာတော်ရှင်အတွက် သူတို့ စားဖို့က ဒီကိုယူမလာနဲ့၊ အိမ်မှာချက်၊ အားလုံးချက်ပြုတ်ပြီးရင် ရိုးချိုးမှောင်စပျိုးချိန်၊ နွားရိုင်းသွင်းချိန် ရောက်လျှင် ဆန်ကောထဲငှက်ပျောရွက်ခင်း၊ ဆန်ကောက အသစ်အဟောင်း မသုံးရဘူး၊



အားလုံးပြီးရင် ထမင်းတစ်ပြည်ချက်ကို အရင်ထည့်၊ ထမင်းက ကြက်သားဟင်းကို အကုန်လုံးမှောက်ထည့်လိုက်၊ ထည့်ပြီးသွားရင် ရွာတော်ရှင် နတ်စင်မှာ အလင်းတိုင် နှစ်တိုင်၊ အမွှေးတိုင် ထွန်းလို့ ညောင်ပင်ပတ်လည်မှာ အမွှေးနံ့က ကြိုင်နေတယ်၊ သည်တော့မှ ဆယ်အိမ်ခေါင်းဘိုးကုလားက ထမင်းဆန်ကောကြီးကို တပည့်များနှင့် ညောင် ပင်ခြေရင်းကို မ,သွားကြတယ်၊ ထမင်းပွဲချပြီးလျှင် အရက်ဆီပုလင်းတို့ခွင်း၍ ထားသည်၊ ဆယ်အိမ်ခေါင်း ဘိုးကုလားမှ ...

"ရွာတော်ရှင်ကြီး ခင်ဗျား၊ တစ်ရွာလုံးကိုယ်စား နှစ်စဉ်မပျက်၊ ပူဇော်ပသပါတယ်၊ အရက်နဲ့ ကြက်သားဟင်းထမင်းကို သုံးဆောင်ပါ၊ ရွာသူရွာသားများ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ၊ ရွာကိုနှောင့်ယှက်ဖျက်ဆီးမည့် သူများကိုလည်း တားဆီးသုတ်သင်ပေးပါ၊ တစ်ရွာလုံးကိုလည်း စောင့်ရှောက်ပေးပါ၊

ထထယ်မြင်လိုက်ရတာက အမွှေးတွေက ထံထောင်ထောက်ရှည်ထယ်၊ မျက်နှာကလည်း မျက်လုံးနှစ်လုံးနဲ့ ပါးစပ်ပဲပေါ်တယ်။ မျက်လုံးက အိုးစည်ပိုင်းက လင်ကွင်းလောက်၊ ပါးစပ်ကလည်း အစွယ်တွေနဲ့ ကိုယ်လုံးက ညောင်ပင်လုံးလို ကွယ်နေတယ်။ ညောင်ပင်လုံးက ပုဆိုးတစ်ပတ်သာတယ်။ အားလုံး တခဏ်အတွင်းမှာ ဟာ–အမလေး–လုပ်ကြပါဦး၊ ဘာကြီးလဲဟ ...



www.burmeseclassic.com

www.burmeseclassic.com

ဆယ်အိမ်မှူးဘိုးကုလားက ကျယ်ကျယ်ပြောလိုက်၊ တိုးတိုးပြောလိုက်နဲ့ ပြောနေတယ်။ သူနဲ့ ခပ်လှမ်းလှမ်းမှာ ကျုပ်နဲ့ သူ့တပည့်တွေ ရပ်ကြည့်နေကြတယ်။ တစ်အောင့်လောက်ကြာတော့ ဘိုးကုလား ကျုပ်တို့နားရောက်လာတယ်။ ဘိုးကုလားရောက်လာပြီး (၁၅) မိနစ်ခန့်အထိ အခြေအနေ မထူးခြားသေးဘူး။ တချို့က ပြောတယ်၊ ခွေးယောင်ဆောင်ပြီး စားတယ်၊ ခွေးကို ကပ်ပြီးစားတယ်၊ အမျိုးမျိုးပြောကြတာ၊ အရင်နှစ်တွေက ကျုပ် ခရီးသွားနေတာနဲ့ မကြုံတာက များတယ်။ ဒီနှစ်တော့ တိုက်တိုက်ဆိုင်ဆိုင်ကြုံတော့ ကျုပ် လိုက်လာတာပေါ့။

နောက်ပြီး ရွာတော်ရှင်ကြီးက ခင်ဆောင်ကိုဖဲနိုင်အောင် လုပ်ပေးတာလေ၊ ကျုပ်အသိ ဒီတော့ ရွာတော်ရှင်ကို အရမ်းအထင်ကြီးတာပေါ့။ နတ်စင်က ဖယောင်းတိုင်ငြိမ်းအောင်ဆိုရင် နောက် (၁၀) မိနစ်လောက် စောင့်ရဦးမယ်၊ ဖယောင်းတိုင်က လေဆိုတ်ရင်နာရီဝက်ခံတာတို့။ အားလုံး ကျုပ်ပါဆိုလျှ (၇) ယောက်တိုင်ပင်ထားသည့်အတိုင်း တစ်ယောက်မှ စကားမပြော၊ တစ်ယောက် အသက်ရှူသံကို တစ်ယောက်ကြားနေရတယ်။ တစ်ချက် တစ်ချက် ပုရစ်အော်သံ၊ ပုစဉ်းရင်ကွဲအော်သံ၊ ဝါးရုံကြားတွေက ကြားနေရတယ်။

သိပ်မကြာပါဘူး၊ အချိန်က ပုံမှန်ပါပဲ၊ စိတ်စောနေလို့ ကြာတယ်ထင်တာ၊ နတ်စင်က မီးရောင်ငြိမ်းခါနည်းပြီ၊ ကျုပ်လည်း ဘာရယ်မဟုတ် စိတ်ကူးမိလည်းမသိ၊ ပါးစပ်မှ အသံတိုးတိုးလေး ထွက်သွားတယ်၊ ကျုပ်ဘေးက လူတော့ ကြားနိုင်တယ်၊ ဝတ်ဝန်းကျင်က တိတ်ဆိတ်နေတာကိုး၊ ကျုပ်ပြောတာက ...

"ရွာတော်ရှင်ကြီး - ထမင်းစားရင် ကိုယ်ထင်ပြပါလို့" မရည်ရွယ်ဘဲနဲ့ ပြောမိတယ်၊ ကြောက်လည်းကြောက်တယ်၊ ကြည့်လည်းကြည့်ချင်တယ်၊ ကျုပ်နဲ့ အဖော် (၆) ယောက်ရှိသေးတာကိုး၊ သူ့တို့ဆီမှာ ငှက်ကြီးတောင်ဓားကိုယ်စီ၊ ဘာမှမပါတာက ကျုပ်၊ အရက်တစ်ဝက်သောက်ပြီး ရဲဆေးတင်လာသေးတယ်။

မကြာပါဘူးဗျာ၊ လူကို အေးခနဲ ဖြစ်သွားတယ်၊ ကျုပ် ဒီလောက် အေးတဲ့လေ အတိုက်မခံဖူးပါဘူး၊ ဉာဏ်ပင်ကြီးကိုမော့ကြည့်လိုက်တော့ စည်းချက်ညီညီနဲ့ ဘယ်ညာယိမ်းတယ်လို့ စိတ်ထဲမှာ ထင်ရတယ်၊ သူတို့တွေတော့ မသိဘူး။ ကျုပ် ခံစားနေရတာ လေပွေမွှေသလို အောက်ခြေက ဉာဏ်ကိုင်းတွေ လှုပ်ရှားသွားတယ်၊ ကျုပ်



ကြောက်ပေမယ့် အဖော်တွေရှိတော့ သေသေချာချာ ဉာဏ်ပင်ခြေရင်းတိုက် ကြည့်နေတာ၊ မတိုင်ပင်ထားဘဲနဲ့ ကျုပ်တို့ (၇)ယောက် အသားချင်းထိသွားကြတယ်။ ကျုပ် လတ်ဖျားတွေ နည်းနည်းအေးလာတယ်။

ဟော - ဟာ - ဟာ - ဉာဏ်ပင်ခွကြားက မြေကြီးပေါ်ကို တစ်လှမ်းပဲ လှမ်းပြီးဆင်းတဲ့ခြေထောက်ပဲ တွေ့ရတာ၊ မီးရောင်မရှိ ကြယ်ရောင်လေးနဲ့ပဲ တွေ့ရတာ၊ ကျုပ်နဲ့ဆို ပေ (၃၀) လောက်ပဲ ဝေးမှာ၊ ဟော - ကြည့်ရင်းကြည့်ရင်း အရက်ပုလင်းအဖေါ် ရောက်သွားပြီး ပြန်ကျလာတယ်၊ အရက်က အဆီပုလင်းက အရက်နှစ်ပုလင်း ဆန့်တယ်၊ ဒါကို သူ တစ်ခါတည်း မော့တယ်၊ အံ့ရော - ကျုပ်တို့ဆို ရေနစ်ဆလောက်ရတာတောင်အတော်ပြင်းသေး၊ ဟော - ထမင်းဆန်ကောကြီးကိုလက်တစ်ဖက်ကကိုင်ပြီး တစ်ဖက်က တစ်လုတ်ပြီးတစ်လုတ်စားနေတာ ကြယ်ရောင်လေးနဲ့ လက်လှုပ်တာကို ကျုပ်တို့က မြင်နေရတာ၊ ဆယ်အိမ် ဘိုးတုလားလည်း ဆေးမိတဲ့အကြီး ဖြစ်နေတယ်၊ အရင်နှစ်တွေက ပြလား၊ မပြလား မသိဘူး၊ ကျုပ်က ဒီနှစ်မှ မြင်တာကိုး၊ ရှည်ပြီး ကျုပ်က ကိုယ်ထင်ပြပါလို့ ပြောသေးတယ်၊ ခုတော့ ကျုပ် ကိုယ်တော်တဲ့ဆေး ကိုယ်မစားနိုင်ဘူး ဖြစ်နေတယ်၊

ကျုပ်ကလည်း ကျုပ်ပဲ၊ မလုပ်ပါနဲ့ဆို လုပ်ချင်တယ်၊ သူများ ပြောတာကို လက်ခံဘူး၊ ကိုယ်တွေ့မှ ယုံချင်တာ၊ အဲ - ကျုပ်တို့ ကြည့်ရင်းကြည့်ရင်းနဲ့ ဟင်းနဲ့ထမင်း ကုန်လောက်ပြီထင်တယ်၊ လက်လှုပ်တာ နေးသွားပြီ၊ အရင်လို မမြန်တော့ဘူး၊ ကျုပ် လုပ်သင့်တာကို လုပ်မိသေးတယ်၊ ရွာတော်ရှင်က ဘယ်လိုပုံသဏ္ဌာန်လဲပေါ့၊ ကြွေးချင်တာ၊ ဒါနဲ့ ကျုပ် ကြောက်ကန် ကန်တယ်ပဲပြောဗျာ၊ ဘိုးကုလားမှာထားတာ မေ့သွားတယ်၊ မီးနဲ့ မထိုးကြည့်နဲ့၊ စကားမပြောနဲ့ဆိုတာ ကျုပ် သတိမရတော့ဘူး၊ လက်ထဲမှာ ကိုင်ထားတဲ့ သုံးတောင့်ထိုး လက်နှိပ်မီးနဲ့ ဉာဏ်ပင်ရင်းကို လှမ်းထိုးလိုက်တယ်၊ ဓာတ်ခဲကလည်း ညနေကမှ အသစ်လဲထားတာ၊ ညအမှောင်မှာ ကျုပ်မီးရောင်က ဉာဏ်ပင်ခြေရင်းမှာ လင်းထိန်သွား တယ်၊

တကယ်မြင်လိုက်ရတာက အမွေးတွေကတဲတောင်လောက်ရှည်တယ်၊ မျက်နှာကလည်း မျက်လုံးနှစ်လုံးနဲ့ ပါးစပ်ပဲပေါ်တယ်၊ မျက်လုံးက အိုးစည်ပိုင်းက လင်ထွင်းထွက်၊ ပါးစပ်တလည်း အစွယ်တွေနဲ့ ကိုယ်လုံးက ဉာဏ်ပင်လုံးကို ခွယ်နေ



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ညောင်ပင်လုံးက ပုဆိုးတစ်ပတ် သာတယ်။ အားလုံး တဒင်္ဂအတွင်းမှာ ဟာ–အမလေး – လုပ်ကြပါဦး၊ ဘာကြီးလဲဟ။ အသံမျိုးစုံ ကြားလိုက်ရတယ်။ ကျုပ်ကို နိုး ကြည့်နေတဲ့ မျက်လုံးကြီးကို ကျုပ် ကြည့်ရင်းနဲ့ နောက်ပိုင်း ဘာတွေဖြစ်တယ်ဆိုတာ ကျုပ် တကယ်မသိတော့တာပါ။

"သတိရပြီလား – သတိရပြီ မဟုတ်လား"

ပြောလည်းပြော၊ ကျုပ် ကိုယ်လုံးကို လှုပ်ပြီးမေးနေတဲ့ ခင်ဆောင်အသံကို ကျုပ် ကြားလိုက်ရတယ်၊ ဒါနဲ့ – ကျုပ် မျက်လုံးဖွင့်ကြည့်တော့ ခင်ဆောင် ထန်းရည်ဆိုင် ရောက်နေသည်။ သေးမှာလည်း ဘိုးကုလားတို့အုပ်စု ခေါင်းရင်းမှာက ဆရာကြီး ဦးဘိုးသိန်း ဘယ်အချိန်က သွားဝင့်လိုက်တယ် မသိ။

"ကျုပ်တို့လည်းအကြောင်းပြောပါဦးဗျာ၊ ကျုပ် ရွာတော်ရှင်ကို မီးနဲ့ထိုးကြည့်ပြီး ဘယ် လိုမှ နောက်ပိုင်း မမှတ်မိတော့ဘူး"

ဆယ်အိမ်မှူး ဘိုးကုလားက ...

"အေး – မင်းမီးထိုးပြီး လဲကျသွားတယ်၊ ငါတို့လည်းမြင်လိုက်ရတယ်။ ညောင်ပင် ပေါ်ကို တစ်လှမ်းထဲတက်သွားတာ နောက်ပိုင်းက မြင်ရတာ၊ မင်းကို ထမ်းခေါ်ကြတာ ပဲ။ ဒီကျတော့ မင်းက တမူးမူးနဲ့ အိပ်ပျော်နေလို့ မနက်လင်းမှ ဆရာကြီးကို ခေါ်ပြီး တို့ တစ်ခေါက်ပြန်လာတာ" ဘိုးကုလား စကားဆုံးတော့ ...

"မပြောပါနဲ့ – ဘိုးကုလားရာ၊ မီးနဲ့လည်း ထိုးလိုက်ရာ ကျုပ်မြင်လိုက်ရတာ ကျုပ် ထောင် လန့်ပြီးမေ့သွားတယ်ဆိုတော့ စဉ်းစားတာကြည့်တော့ဗျ၊ ခုထိ မြင်နေတုန်း ရုပ်စိမ့်တိတ်လည်း မြင်နေရတယ်ဗျာ"

ဒီတော့ ဆရာကြီး ဦးဘိုးသိန်းက...

"အေးအေး – ခုတော့ ဘာမှစိတ် မပူနဲ့ – လူလေး။ အဘပေးတဲ့ ဆေးကို သောက် လောလောဆယ် ဒီလက်ဖွဲ့လေးကိုဆွဲထား၊ ကောင်းသွားမှာပါ။ ရေမန်းလေးလည်း သောက်လိုက်၊ မင်းပဲ မြင်ချင်တယ်ဆို၊ ဒုက္ခမပေးပါဘူး၊ သတိပေးတာပါ။ အေး – မင်း တို့ လူငယ်လေးတွေက လက်တွေ့မှ ယုံချင်တာကိုး။ သူတို့လည်း သူတို့မှာ ထိုက်သင့်



တဲ့ တန်ခိုးကုဒ္ဒိပါဒ်ရှိတယ်၊ အတိတ်က ပြုလုပ်ခဲ့တဲ့ ကုသိုလ် အကုသိုလ်ကြောင့် ဖြစ် နေရတာ၊ ခု မင်းတို့က တစ်နှစ်တစ်ခါ သူ့ကို ဒါနပြုပြီး ကျွေးတယ်၊ သူက မင်းတို့ရွာကို စောင့်ရှောက်ပေးတယ်၊ မင်းတို့နဲ့ မိတ်ဆွေတွေ ဖြစ်နေကြတာပေါ့။

ရုပ်သဏ္ဍာန်ကိုတော့ သူတို့ဖန်ဆင်းလို့ရတာပေါ့။ မင်းတို့က အလှူအတန်းလုပ် တိုင်း သူတို့အမည်ကိုခေါ်ပြီး အမျှအတန်းပေးဝေပါ၊ ဒါမှ သူတို့ကို ကူညီရာရောက် မယ်၊ မင်းတို့ရွာမှာ ရွာတော်ရှင်ကို ကြက်သားဟင်း၊ အရက်၊ ထမင်းနဲ့ မြှောတ်တာ အခုမှမဟုတ်ဘူး၊ ငါတို့ အဘိုးတွေ လက်ထက်ထဲက စဉ်းစားကြည့်ပေါ့။ သက်တမ်း ဘယ်လောက် ကြာပြီလဲဆိုတာ"

"ဒါဆို ဆရာကြီး၊ ဘာတွေလုပ်ရမလဲဟင်"

"မင်းတို့ရွာထုံးစံအတိုင်း အရက်နဲ့ ကြက် ညကျရင် သွားမြှောက်လိုက်ပေါ့ကွာ။ ဒါ့အပြင် မင်းကလည်း တောင်းပန်လိုက်ပေါ့၊ ကောင်းသွားမှာပါ"

ဆရာကြီးက လုပ်ရမှာပြောဆိုပြီး ဘိုးကုလားတို့နှင့် ပြန်သွားသည်၊ ကျုပ် ဆရာ ကြီးကို လက်ဆုံမိုး၍ ကန်တော့လိုက်သည်၊ ငြိမ်နေတဲ့ ခင်ဆောင်က ...

"ကဲ – ကိုယ့်လူ ကြည့်ဦးမလား"

ကျုပ်ကို မေးတော့ ...

"မြင်ဖူးသွားပြီကွ၊ ဒီရွာမှာ ငါ ပထမဦးဆုံးမြင်ဖူးတာ၊ ဒါပေမဲ့ – ငါ တော်တော် လန့်သွားတယ်ကွ၊ ညနေကျရင် မင်း လိုက်ခဲ့ရမယ်နော်"

"စိတ်ချပါ၊ ခု သိသွားပြီ မဟုတ်လား၊ ထန်းရည်သွားတက်လိုက်ဦးမယ်၊ ခင်ဗျား ကြက်သားဟင်းချက်ထား၊ ကျုပ် ပြန်လာရင် အရက်ဝယ်ခဲ့မယ်၊ သွားပြီနော်"

အညာသား တတွတ်တွတ်မှာရင်း ထန်းရည်ကျည်တောက်နဲ့ ယင်းထောင် ဆွဲ၍ ထွက်သွားတယ်၊ ကျုပ်လည်း အချိန်မဆွဲတော့ဘဲ ကြက်သားဟင်းချက်ရန် မီးဖိုချောင် ထဲသို့ ဝင်ခဲ့တယ်၊ ဒါမှ ညနေ ရွာတော်ရှင် ကန်တော့ရန် အချိန်မီမှာပေါ့ဗျာ၊ မဟုတ် ဘူးလား၊

လိုအင်ဆန္ဒ ပြည့်ဝပါစေ ...

— သန်လျင်မောင်ကျော်ခဲ

www.burmeseclassic.com

www.burmeseclassic.com




ရမ္မက်မီးခိုးလျှံ

# ယက္ခဒေဝီ

၁၉၃၅ ခုနှစ်၊ ရန်ကုန်မြို့ဆင်ခြေဖုံးရပ်ကွက်တစ်နေရာ။

ကုန်သည်ကြီး ဦးပွ အိမ်ရှေ့မှာ လူသံသူသံတွေက ဆူညံပွက်လောထနေတယ်၊ မထနေနိုင်ရိုးလား ဦးပွရဲ့ တစ်ဦးတည်းသော လူပျို...မောင်ဖိုးလှတစ်ယောက် သရဲပူးသလို ရူးသလိုဖြစ်နေပြီး သောင်းကျန်းနေတော့...။ ဖိုးလှဆိုတာ ကုန်သည်ကြီးဦးပွ၊ ဒေါ်စုံတို့ရဲ့တစ်ဦးတည်းသော သားလှရတနာ။ ...ညာ တတ်ကျောင်းဆရာလေး အသက်ရှယ်ကတော့ သုံးဆယ်ကျော်ဝန်းကျင်...ပဲ ရှိသေးတာ။ သူ့မှာ အိမ်ထောင်ရက်သားတောင် မကျရှာသေး။ အိမ်ထောင်...နေနေသာသာ ချစ်သူရည်းစားတောင်ရှိရဲ့လားမသိ၊ ရုပ်ရည်လေးကလည်း လှပုံ...ရယ်၊ အသားဖြူဖြူ၊ လူကောင်သွယ်သွယ်၊ အရပ်မနိမ့်မမြင့်နဲ့ မျက်နှာမြင်ချစ်ခင်...ဆိုတဲ့ တောင်းဆုပြည့်ထားသူ ပျိုမေတို့မှာ ကြိုက်ချင်စရာ၊ ချစ်ချင်စရာ။ မိဘ...တို့ အလုပ်အကျွေးပြုချင်သေးလို့ အိမ်ထောင်ရက်သားတောင် မပြုသေးတာပဲ...ပေါ့ – အခုတော့ သူ့ကျောင်းဆရာ တာဝန်ကျတဲ့ ရွာလေးမှာ ကလေးတွေကို...သင်နေရင်း သီတင်းကျွတ်ကျောင်းတွေ ခဏပိတ်လို့ မိဘအိမ်အလည် အပြန်မှာ...လိုတွေ ဖြစ်တာပဲ။

ဖိုးလှတစ်ယောက် အော်ဟစ်သောင်းကျန်းနေတာ မျက်ထောင့်ကြီးကလည်း...နေပြီ၊ တောက်တခေါက်ခေါက်နဲ့ အနီးအပါးလာတဲ့ သူတိုင်းကိုလည်း မအေတွေ၊ ...တွေတိုင်းထွာနေလို့ ဘယ်သူမှ အနားမကပ်ရဲ၊ အရင်ကတော့ မိကောင်းဖခင်သား...ကောင်းသားပီပီ စကားပြောရင် ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ရယ် အခု...နောက်တစ်ယောက်လား ထင်ရအောင် အာဠာဝက စီးသလို ကြမ်းရမ်းနေတာ။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တာကတော့ ရွာက ပြန်ရောက်ရောက်ချင်းနေ့မှာ သူ့အမေ လက်ရာ ကြက်သား
ဘူးသီးကာလသားချက်လေးနဲ့ ထမင်းလေးမြိန်မြိန်စားတယ်၊ နောက် ရေမိုးချိုးပြီး
ခေါင်းထဲကိုက်သလို ပြီးစီစီ ဖြစ်ချင်လာသလိုနဲ့ သူ့ အိပ်ရာစောစောဝင်သွားတယ်၊
သူ့မှာအလုပ်သွားကတောင် စစချင်း ဖျားနာချင်သလားဆိုပြီး ငန်းဆေးလေးတွေ
နွေးလေးနဲ့ တိုက်လိုက်သေး၊ နောက်တော့ လူတွေအိပ်လောက်ချိန်မှာ "အား"
အသံနက်ကြီးနဲ့ ထအော်တယ် မိဘတွေလည်း ယောက်ယက်ခတ်ကုန်တာပေ့
နောက်တော့မီးတွေ၊ ဘာတွေထွန်းကြည့်တော့ဖိုးလုခများ ဗျာပေါ်မှာ ချွေးတွေ သံရ
နဲ့ လူးလိမ့်နေတော့တာ ပါးစပ်ကလည်း ကယောင်ကတမ်းတွေ အော်လို့ ဖတ်လ
တ အဲ့သလိုစတော့တာပဲ၊ နောက်တော့ တစ်စစနဲ့ ကြမ်းတမ်းလာပြီး သူ့ရှူးကြီး
အော်တစ်ဆဲဆိုကြိမ်းမောင်းသောင်းကျန်းနေတော့တာပဲ၊ ပထမတော့ မိဘများမေ
ရှာသိုရှာရိုးလို့ထိုးဘို့တိတ်တိတ်ဆေးကြိတ်ကု၊ နောက်များတော့ တစ်ချိန်လုံးအော်
ဆဲသောင်းကျန်းအနီးနားက ပစ္စည်းတွေ၊ ခုံတွေ၊ စားပွဲတွေ ကန်ကျောက်အော်ဟစ်
ပြီးသီးရှူးနဲ့တစ်တောင်လိုစိတ်ရိုင်းတွေ ဝင်နေလို့မိဘတွေမှာလည်း ဘာလုပ်တတ်
တော့လဲ၊ အရပ်ကူဝါ လူဝိုင်းဝါတွေဖြစ်ပြီး အနီးပါးက ခင်မင်ရာ ခင်မင်ကြောင်း
ရပ်ဆွေရပ်မျိုးတွေကို အကူအညီတောင်းရတော့တာပေါ့၊ ဒေါ်စုံမှာလည်း သား
အဖြစ်ကိုကြည့်ပြီး တငိုငို တရယ်ရယ်နဲ့ဖြစ်နေရှာတယ်၊ ဆရာတွေ သမားတွေဆို
လည်း ခေါ်ပြတာ စုံနေပြီ၊ အကုန်လက်လန်ထွက်ပြေးကြရတာ တစ်ခါက ဆရာ
ယောတ်များကိုဆို အနီးအုန်းပွဲငှက်ပျောပွဲက အုန်းသီးနဲ့ ကောက်ပေါက်တာ ဖူးယော
သွားဆိုပဲ၊ နောက်ပြီး နောက်ဆရာတစ်ယောက်ကိုတော့ နံရံမှာချိတ်ထားတဲ့ ငှက်
တောင်ဓားနဲ့လိုက်ခုတ်တာ အနားမှာရှိတဲ့လူတွေ ဝိုင်းဆွဲလို့သာ၊ မဟုတ်ရင် အဲဒီဆ
ရာ အသက်နဲ့ ခန္ဓာအိုးစားကွဲနေလောက်ပြီ၊ အကုန်လုံးကတော့ ကောက်ချချေ
ဖိုးလုခများ ရွာသူ့မ်း စားခံရရှာပြီတဲ့၊ ဆရာကောင်း သမားတော်တွေလည်း ရှာ
ပြတာပဲ၊ ဒါပေမဲ့ မသက်သာတဲ့အပြင် တစ်စတစ်စ ဆိုးဆိုးလာတယ်၊ ကြာရင်ဖို
တစ်ယောက် လုံးပါးပါးတော့မယ်၊ လူကသာ တဖြည်းဖြည်း ပိန်ချုံးသွားတာ၊ စား
တတော့ ဆန်တစ်ပြည်ခွဲချက်ကို တစ်ထိုင်တည်း ကုန်အောင်စားသတဲ့၊ အမဲသား
ပိဿာလိုက် ချက်ကျွေးရတယ်၊ ရောဂါကျွမ်းနေပြီ၊ ကျောင်းတွေပြန်ဖွင့်တာ
ဆရာလေးဖိုးလုခများ မပြန်နိုင်ရှာတော့ဘူးရယ်လေ၊

တစ်နေ့ - အဲဒီမှတ်မှတ်ရရတစ်နေ့ပါပဲ၊

❦



အသားဖြူဖြူ၊ အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ပေါက် လုံးကြီးပေါက်လှ အမျိုးသမီး
တစ်ယောက် အသက်အရွယ်က အစိတ်နဲ့ သုံးဆယ်ကြားရှိမယ် ထင်ရတယ်၊ ရုပ်ရည်
ကတော့ မိုးပေါ်က နတ်သက်ကြွေလာတဲ့ နတ်သမီးလေး တစ်ပါးအလား ထင်
အောင် ချောမောလွန်းလှတယ်၊ အခုလို မငြိမ်မသက်ဖြစ်ပြီး မကောင်းလှတဲ့ ခေတ်
ကြီးမှာ မိန်းမပျိုလေးတစ်ယောက်တည်း ဟိုဟိုသည်သည် လျှောက်သွားနေတာ
ဆိုတော့ သတ္တိနဲ့တော့ မဟုတ်ဘူးပေါ့၊ သူမက ဝါးခမောက်ကို ခပ်ငိုက်ငိုက်ဆောင်း
ထားတယ်၊ မျက်နှာပေါ်မှာလည်း သနပ်ခါးအဖွေးသားအကျအနလူးလို့ ဖျင်လွှယ်
အိတ် ခပ်ဖောင်းဖောင်းကိုလည်း လွယ်ထားသေးရဲ့၊ နောက်ပြီး ပင်နီရုပ်နဲ့ ရှမ်းဘောင်း
ဘီလို ပွပွရွရွ ဘောင်းဘီကြီး ဝတ်ထားတယ်၊ ရုတ်တရက်ကြည့်ရင် ယောက်ျားလေး
တစ်ယောက်လို့ထင်ရပေမယ့် အသေအချာကြည့်မှ မိန်းမချောလေးတစ်ယောက်မှန်း
သိနိုင်တာ၊ သူမက နေပူပူမှာ မြေလှမ်းကျဲကြီးတွေနဲ့ လျှောက်သွားနေရင်း ဖိုးလုတို့
အိမ်ရှေ့ရောက်တော့ တုံ့ခနဲရပ်လိုက်တယ်၊ ပြီးတော့ အိမ်ကို အသေအချာမျက်လုံး
သားတော့ဝဲကြည့်ရင်း ခေါင်းခါလိုက်တယ်၊ နောက်တော့ အိမ်ထဲကို ဘယ်သူ့ဘယ်ဝါ
ခွင့်မတောင်းဘဲ ဆိုးဆိုးဆတ်ဆတ် ဝင်သွားတော့တယ်၊

အိမ်ထဲကို အခွင့်မတောင်းဘဲ ပိုင်စိုးပိုင်နင်းဝင်လာတဲ့ မိန်းမပျိုကြောင့် လူတွေ
ယုပ်လှုပ်ခတ်ခတ် ဖြစ်သွားတယ်၊ နောက်တော့ ဦးပွနဲ့ ဒေါ်စုံခများ မိန်းမပျိုကို မျက်လုံး
အပြူးသားနဲ့ ကြည့်နေတယ်၊

"ဘာ - ဘာကိစ္စများရှိလို့လဲ - ကလေးမရယ်"

ဒေါ်စုံခများ မိန်းကလေးကိုပဲ ခရီးဦးကြိုပြုရမလား၊ ဘာပဲမေးရမလဲနဲ့ ချီတုံချတုံ
ဖြစ်ရင်းက မေးတယ်၊

"ကိစ္စကတော့ ကျွန်မ ကိစ္စမဟုတ်ပါဘူး၊ ဟော့ဒီ ဒေါ်ကြီးတို့ အိမ်မှာဖြစ်နေတဲ့
ကိစ္စ ဖြေရှင်းပေးဖို့ပါ"

မိန်းကလေးစကားကြောင့် ဒေါ်စုံခများ ပိုအံ့အားသင့်သွားရတယ်၊

"အခု ဒေါ်ကြီးတို့ သားခန္ဓာကိုယ်ထဲ မှာ ဝင်ရောက်ပူးကွယ်နေတဲ့ အကောင် ဟာ
တော်တော်စားနော်၊ နယ်နယ်ရရလည်း မဟုတ်၊ ဒီအတိုင်း ဆက်ထားထားရင် ဒေါ်ကြီးတို့
သားပြန်အသက်ရှင်ဖို့မလွယ်၊ အခုတောင် ကိုဖိုးလုခများ အိမ်ရှေ့က အမိုးအောက်မှာ
...ာငယ်လေးနဲ့ ထိုင်မှိုင်နေရှာပြီ"

မိန်းကလေးစကားကြောင့် ဒေါ်စုံပို စိတ်ရှုပ်လာတယ်၊ ဒါကို မိန်းကလေးက
...တာပေါက်ဟန်နဲ့ပဲ ဘာမှမဖြစ်သလို လေပြေလေးနဲ့ ဆက်ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်ကြီး - အခုဒေါ်ကြီးတို့အိမ်မှာဝင်ရောက်သောင်းကျန်းနေတာတခြားမဟုတ်ဘူး။ သူ သွားပြီး ကျောင်းစာသွားသင်တဲ့ ရွာက ရွာစောင့်သဘက်ကြီး မွေးနီကြီးပဲ။ သူက ဒေါ်ကြီးတို့သားခန္ဓာကိုယ်ထဲ တစ်စုံတစ်ယောက်ရဲ့စေခိုင်းချက်ကြောင့် ဝင်ရောက်ပူးကပ်နေတယ်၊ ဒေါ်ကြီးတို့သား ကိုဖိုးလု အစစ်ခမျာမှာတော့ သူ့ခန္ဓာအပြင်မှာ ဝိညာဉ်နာမ်သားဘဝနဲ့ ရောက်နေရရှာတယ်၊ ဘယ်လောက်မတရားလဲ"

ပထမတော့ ဒေါ်စုံခမျာ ယုံရမလို မယုံရမလို၊ ဒါပေမဲ့ သူတို့သားဘဝက ဆရာလည်းစုံပြီ၊ ပေါက်တဲ့နဖူးမထူးတော့ပြီမို့ မိန်းကလေးကိုပဲ အားကိုးတကြီး ဖိတ်ကြားလိုက်မိတယ်။

"တလေးမရယ်၊ ဒါဖြင့်လည်း အဒေါ်တို့သားကိုကယ်နိုင်ရင်ကယ်ပါကွယ်၊ ဘယ်လောက်ကုန်ကုန် —"

"အို - ထောက်ပါဘူး။ ကျွန်မက အသပြာဆရာ မဟုတ်ပါဘူး။ ကျွန်မ ဘယ်သူ ဘယ်ဟာကိုမှလည်းအရေးမကြီးပါဘူး။ တကယ်တော့ဒေါ်ကြီးတို့သားအသက်ရှင်ဖို့ အရေးကြီးတာပါ"

မိန်းကလေးက ပြောပြောဆိုဆိုနဲ့ အိမ်ပေါ်လိုက်ခဲ့တယ်၊ အိမ်ရှေ့ခန်း ရောက်တော့ အရူးကြီးလို ဆံပင်တွေဖွာလန်ကြဲအော်ဟစ်သောင်းကျန်း ဆဲရေးနေတဲ့ ဖိုးလုကိုတွေ့တော့ —

"ဟိတ်"

ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတစ်ယောက်ပေမယ့် သူမရဲ့မာန်ပါတဲ့ ဟိန်းဟောက်မှုကြောင့် ဖိုးလုအပါအဝင် အနီးအနားက လူပရိသတ်တွေအကုန် တုံ့ခနဲ ငြိမ်ကျသွားတယ်။

"မွေးနီကြီး - နင် လုပ်နေတာတွေ အခုချက်ချင်းရပ်စမ်း"

မိန်းမပျိုရဲ့အမိန့်အာဏာကြောင့် ဖိုးလုခမျာ စောစောက ဘီလူးသဘက်စီးသလို ကြမ်းတမ်းသောင်းကျန်းနေရာကနေ ရုတ်ခြည်းဆိုသလို ကြောင်ငယ်လေးတစ်ကောင်အလား ဝပ်ဆင်းသွားတယ်။

နောက်တော့ မိန်းကလေးက သူမ ရဲ့လွယ်အိတ်ကြီးထဲက ရွှေရောင်အင်းချပ်လေးတစ်ခုကို ထုတ်လိုက်တယ်။ ပြီးတော့ မျက်လုံးကို ခဏစုံမှိတ်ပြီး ပါးစပ်က တဖွဖွ ခပ်တိုးတိုးရွတ်တယ်၊ ပြီးတော့ ဖြုန်းခနဲ အဲဒီ အင်းချပ်နဲ့ ဖိုးလုကို ပေါက်ချလိုက်တာ ဝုန်းဆိုပြီး တော်လဲသံကြီးတစ်ခုကို ကြားလိုက်ရသလို အိမ်တစ်ခုလုံး သိမ့်ခနဲ တုန်သွားတယ်၊ ပြီးတော့ ဘယ်တနေဘယ်လိုမီးခိုးတွေ ထွက်လာမှန်းမသိ ထွက်လာတာ



အိမ်တစ်အိမ်လုံးပိန်းပိတ်အောင်မှောင်ကျသွားတယ်၊ ပြီးတော့ ဝုန်းခနဲ ဖိုးလုတစ်ယောက် နေရာမှတင် ခွေခနဲ ပျော့ခွေကျသွားလို့ သူ့အမေ ဒေါ်စုံခမျာ မှောင်နဲ့မည်းမည်းတနေ သားဖြစ်သူကို မနည်းပွေ့ဖမ်းရတယ်၊ မဟုတ်ရင် ကြမ်းပြင်ပေါ်အရှိန်နဲ့ ကျသွားတော့မယ်လေ၊ နောက် တော့ ...

အရာအားလုံး ပုံမှန်အတိုင်း ပြန်ဖြစ်သွားတယ်၊ နောက် မီးခိုးတွေ အကုန် တစ်မဟုတ်ချင်းပျောက်ပြီး အလင်းရောင် ပြန်ရလာတယ်၊ ထူးဆန်းတာက ခုနက ဖိုးလုကို ပစ်ပေါက်လိုက်တဲ့ အင်းချပ်လေးဟာ မိန်းမပျိုလက်ထဲမှာ ပုံမပျက် ပြန်ရောက်နေတော့တယ်၊ မိန်းမပျိုက ဘာမှစကားမဆိုဘဲ အဲဒီအင်းချပ်လေးကိုအိတ်ထဲ ပြန်ထည့်လိုက်တယ်။

"မွေးနီကြီးရယ် - မိုက်မဲစမ်းပါဘိ၊ မကြာခင် နင့်ကို ဘိုးဘိုးတို့တော့ ဒဏ်ခတ်တော့မယ်၊ ဘာမဟုတ်တဲ့စုန်းထီးကဝေစုတ်ခိုင်းတာနဲ့ပဲ လုပ်ရတယ်လို့၊ အေးလေ - ဒီတလည်း နင့်ကိုအာဏာစက်နဲ့ ခိုင်းတာကိုး၊ နင်လည်း ဘယ်ငြင်းဆန်ဝံ့မလဲ၊ သူမ က ခပ်အေးအေးပဲ တစ်ယောက်တည်း ပြောနေသလို ရေရွတ်လိုက်တယ်၊ လူတွေ အားလုံးက ဖိုးလုတို့မိသားစုကို တစ်လှည့်၊ မိန်းမပျိုကို တစ်လှည့်ကြည့်နေကြတယ်၊ နောက်တော့ ဖိုးလု သတိရလာတယ်၊ ရေဆာတယ်ဆို ရေတောင်းသောက်နေတာနဲ့ မိန်းမပျိုက ဒေါ်စုံကို ဘုရားသောက်တော်ရေ ခပ်ခိုင်းလိုက်တယ်၊ ပြီးတော့ ရေတော် ခွက်ကို သူမလက်နဲ့ တစ်ချက်ကိုင်ပြီး ဂါထာတွေ ရွတ်လိုက်တယ်၊ နောက်မှ ရေတချို့ကို ဖိုးလု နဖူးပေါ်သပ်ချပြီး ကျန်တာ အကုန်သောက်စေတယ်၊ နောက်တော့ ဖိုးလု သတိကောင်းကောင်း လည်လာတယ်။

နောက်တော့ ဖိုးလုဟာ သူ့နဂိုမူရင်း ပုံမှန်ပြန်ဖြစ်လာတယ်၊ နောက် နေရာမှ ကျုံ့ကျုံ့ကလေးထိုင်ပြီး မိန်းကလေးကို မျက်လုံးရွဲကြီးတွေနဲ့ ကြည့်နေရှာတယ်၊ နောက်တော့ မိန်းကလေးက သွားတက်လေးတွေပေါ်အောင် ပြုံးရယ်ပြသလို ဖိုးလုကလည်း ပါးချိုင့်လေးတွေပေါ်အောင် ပြန်ပြုံးရင်း ရှက်ကိုးရှက်ကန်းဖြစ်နေရှာတယ်၊ မိန်းကလေးကပဲ စပြီး ...

"ကိုဖိုးလုရယ် - ရှင်နယ်နော်၊ မိန်းကလေးက ကြိုက်လို့ဆေးတွေ ဝါးတွေနဲ့ လုပ်တယ် ပြုတယ်ဆို ကြားကောင်းသေး အခုတော့၊ ရှင့်ကို လုပ်တဲ့သူပြုစားတဲ့ သူက သဘက်ကျားရင့်မကြီးနော်"



www.burmeseclassic.com

www.burmeseclassic.com

မိန်းမပျိုစကားကြောင့်ထိုင်နေတဲ့ပရိသတ်ရောဖိုးလှမိဘနှစ်ပါးပါအူလည်လည် ဖြစ်သွားတယ်။ ဘာကိုဆိုလိုမှန်း မသိဘူးလေ။ မိန်းမပျိုက သက်ပြင်းရှည် တစ်ချက် ချလိုက်တယ်။ ပြီးမှ – ခေါင်းတစ်ချက်ခါရင်း ...

"တကယ်တော့ရှင့်ကိုပြုစားတဲ့ကဝေဟာ သဘာဝတရားကိုလွန်ဆန်ပြီးယောက်ျား သားအချင်းချင်း ရှင့်ကို စွဲလမ်းနေတာနော်။ ဒါကို ရှင်က လက်မခံတော့ အခုလို လုပ် တော့တာပဲ။ ရှင့်ကို ဘယ်သူက ဒီလိုပြုစားတယ်ဆိုတာတော့ သိပါတယ်နော်"

ဖိုးလှက ခေါင်းတစ်ချက် ညိတ်လိုက်တယ်။

"သိပါတယ် – ဆရာမလေး"

"ကျွန်မကို ဒေဝီလို့ပဲ ခေါ်ပါ"

"ဟုတ်တဲ့ – ဒေဝီ၊ တကယ်တော့ သူဟာ ကျွန်တော် စာသွားသင်နေတဲ့ ရွာက ရွာသူကြီးရဲ့သားပါ။ အသက်ရွယ်တဖြင့် နှစ်ဆယ်လောက်သာ ရှိဦးမယ်၊ ပထမတော့ ကျွန်တော်လည်း ညီလိုအစ်ကိုလို ခင်လို့သိပ်အရောဝင်တယ်ပဲ ထင်ခဲ့တာပါ။ နောက် တော့ ဒီကောင်လေးရဲ့ ရှုစုန်တော့တဲ့ ဆက်ဆံမှုတွေကြောင့် ရိပ်စားမိလာတယ်။ ဒါကြောင့်ကျွန်တော်လည်းအနေနည်းနဲ့ယဉ်ယဉ်ကျေးကျေး ငြင်းဆန်ခဲ့ပေမဲ့ ဒင်းလေး က တစ်ဆင့်တက်လာလို့ ကျွန်တော် သူ့ကို တစ်ချက်ထိုးကြိတ်မိတယ်။ ဒါကို သူက အငြိုးတေး ထားသွားတာကိုး ဗျ"

ဒေဝီက စပ်ဖြဖြဖြစ်သွားတဲ့ သူမ မျက်နှာကို ပြင်လိုက်ပြီး ...

"ရှင်တလည်း သူ ကျွေးတဲ့ အစား သောက်စားမိတာကိုး"

"ဟုတ်ပါတယ် – ဒေဝီ၊ ကျွန်တော်တလည်း ဘာရယ်မဟုတ်ဘူးလေ၊ သူတ အချို သတ်ပြီး ကျွန်တော့်ကို ပြန်တောင်းပန်ရာတော့ ကျွန်တော်လည်း ပြုံးပြန်လာခါနီးဆို တော့ သူက ကျွန်တော့်ကို လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းခေါ်တိုက်လို့ စားမိသောက် မိသောကိုးဗျ"

"ကောင်းလို့ပေါ့ရှင်၊ မဟုတ်ရင် အခုချိန် ရှင့် အသက်ပါလောက်ပြီ၊ ကျွန်မတို့ ဘိုးဘိုးတို့က စေနိုင်းလို့သာ ရောက်လာရပါတယ်။ မဟုတ်ရင် ရှင့် ဘဝ ရင်လေးစရာ မွေးနံကြီးက နှစ်ချို့သဘက်ကြီးလေ။ ရှင့်ခန္ဓာထဲ ဝင်မွှေနေမှာ။ ရှင့်ဝိညာဉ်တောင် အပြင်ရောက် သွားရတာပဲ ကြည့်တော့၊ မဟုတ်ရင် ရှင့် ကိုယ်ထဲ ရှင်ပြန်ဝင်နိုင်တော့ မယ် မထင်ဘူး။ ရှင့်အူတွေ၊ အသည်းတွေ နတ်စားသွားလို့လေ"

ဒေဝီစကားကြောင့် ဖိုးလှအပါအဝင် နားထောင်နေသူအပေါင်းမှာ ကြက်သီး မွေးညင်း တဖြန်းဖြန်းထသွားရတယ်။



"ဒါပေမဲ့ – အခု မစိုးရိမ်ပါနဲ့တော့။ အားလုံးကောင်းသွားပါပြီ။ ကိုဖိုးလှလည်း နောက်ဆို မှတ်ထားပေါ့ရှင်၊ နေရာတိုင်း အားနာတာ မကောင်းဘူး။ အားနာရင် ခါးပါ သတ်တယ်နော်"

ဒေဝီစကားကြောင့် ဖိုးလှခမျာ ရှက်ကိုးရှက်ကန်း ဖြစ်သွားရတယ်။

"ကဲပါလေ – ရှင့်ကို မကောင်းကြံတဲ့ သူကြီးသားတော်မောင် ခမျာလည်း အခု ဆို သူ့အကျိုးသူပြန်ခံနေရပါပြီ။ သူဟာ ယုတ်ညံ့တဲ့ကဝေအတတ်ပညာကို သုံးခဲ့လေတော့ အခုဆို သူကိုယ်တိုင် ကိုယ့်ရှူးကိုယ်ပတ် အလူးအလဲဖြစ်နေရပါပြီ"

ဒေဝီက ပြောရင်းဆိုရင်းနဲ့ သူမ အိတ်ထဲက ကတ္တီပါရုံ့အိတ်လေးတစ်ခု ထုတ် လိုက်တယ်။ နောက်တော့ အဲဒီအတွင်းက ရွှေရောင်အလုံးသေးသေးလေးတစ်ခု ထုတ်ပြီး ဖိုးလှ လက်ထဲ ပေးလိုက်တယ်။

"ဒါရှင့်ကို ဘိုးဘိုးတို့က ပေးလိုက်တာပဲ၊ ရန်နိုင်ဆေးလုံးတဲ့။ အမြဲ ကိုယ်နဲ့ မကွာ ဆောင်ထားပေတော့။ နောက်ဆုံး ရှင့်ကို ချစ်လို့ဖြစ်ဖြစ်၊ မုန်းလို့ဖြစ်ဖြစ် ဘယ်သူမှ မပြု စားနိုင်တော့ဘူးပေါ့ရှင်"

ဖိုးလှက ခေါင်းတညိတ်ညိတ်နဲ့ လက်ခံယူလိုက်တယ်။ လူတွေအားလုံး ကလည်း ဘယ်လောက်ဆရာကြီးတွေ ပယောဂ ဗိန္ဓောဆရာတွေ ကုတာတောင်မရလို့ လက်လျှော့ ထားတဲ့ ဖိုးလှကို မိန်းကလေးတစ်ယောက်က အေးအေးဆေးဆေးလေးပဲ ထမင်းစား ရေသောက်သလို ကုသပေးလိုက်လို့ အံ့ဩမဆုံး ဖြစ်နေတယ်။ နောက်တော့ သူမ ဘယ်သူလဲ၊ ဘယ်ကလာလဲဆိုတာတွေ စပ်စုစရာ ဖြစ်လာပြန်တယ်။ ဒေဝီကတော့ အံ့ကို ဘာဝေသာနေတယ်။ သူမနာမည် ဒေဝီ တဲ့၊ သူမကို ငယ်ငယ်ကတည်းက ရှမ်း ဆေးဆရာကြီးတစ်ယောက်က မွေးစားထားတာတဲ့၊ ဒီထက် သူမ ဘာမှပိုမပြောဘူး လေ၊ သူမ ဘယ်ကလာတယ်၊ ဘယ်ကိုသွားမှာလဲလည်း မသိ။ သူမပြောတဲ့ ဘိုးဘိုးတို့ ဆိုတာတွေကို စိတ်ဝင်စားပေမဲ့ အခွင့်တက်ထပ်မမေးရဲကြတော့ဘူး။ အဲဒီနေ့က ဒေဝီတစ်ယောက် ညဉ့်နက်သွားလို့ ခရီးမဆက်ဖြစ်တော့ဘူး။ ဒါကြောင့် သူမ ဒေါ်စုံတို့ အိမ်မှာပဲ တည်းခိုဖြစ်တယ်၊ သူမက ဒေါ်စုံနဲ့အတူ အိပ်တယ်၊ ဒေါ်စုံပြောပြချက်အရ ဒေဝီဟာ တစ်ညလုံးနီးပါး ဘုရားရှိခိုးပြီး တရားထိုင် ပုတီးစိပ်၊ ဂါထာတွေ ရွတ်နေတာ တဲ့။ မိုးလင်းခါနီးမှသာ ခဏတစ်ဖြုတ် အိပ်စက်အနားယူတယ်တဲ့။ မနက်မိုးလင်းတော့ ဒေဝီကို မနက်စာနဲ့ ဦးပွတို့ မိသားစုက ဧည့်ခံကျွေးမွေးကြသေးတယ်။ ဒါပေမဲ့ ဖိုးလှတို့ နတ်စာ ထမင်းဝိုင်းမှာ မတွေ့ရဘူး။ မိဘများကဖြင့် ခြော် – ဒီကောင်လေး အိပ်ရာ နိုးဘူးပေါ့လေ။ ဒါနဲ့ – ဒေဝီလည်း ဦးပွတို့ လင်မယားကိုသာ နှုတ်ဆက်ပြီး ပြန်ထွက် လာတော့တယ်။ သူမ လျှောက်ရမယ့်ခရီးက အဝေးကြီးလေ။



www.burmeseclassic.com

www.burmeseclassic.com

နောက်တော့ သူမရဲ့ဝါးခမောက်လေးကို ဆောင်းရင်း တလှုပ်လှုပ်ထွက်လာခဲ့တယ်။ နောက်က တဗုန်းဗုန်းပြေး လိုက်လာတဲ့ ခြေသံကြားမှ လှည့်ကြည့်မိတယ်။ ခြေဗြဲ - ဖိုးလှတစ်ယောက်အခုတော့ဖြင့် မုတ်ဆိတ်ကျင်စွယ်တွေ ရိတ်သင်ပြီး အသေအချာ သပ်သပ်ရပ်ရပ် ဖီးလိမ်းလို့။ ဒီလိုပြင်ဆင်နေလို့လည်း မနက်စာ အတူလာမစားနိုင်တာ သူမ သဘောပေါက်လိုက်တယ်။ ဒီလိုဆိုတော့လည်း လူပုံချောက ရင်ခုန်စရာပါလား။

"ဒေဝီ - ဟို - ပြန် - ပြန်တော့မှာလား။ ကျွန်တော်တို့ ထပ်တွေ့ကြရဦးမှာလား"

သူက အထစ်ထစ်ငေါ့ငေါ့ မေးတယ်။ သူမက တစ်ချက်ပြုံးပြီး ပခုံးတွန့်လိုက်တယ်။

"ကျွန်မလည်း မသိဘူး"

"ကျွန်တော်မှာ ဒေဝီပေးတဲ့ အသက်ပဲ ရှိတော့တယ်နော်။ ကျွန်တော် ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော် ဒေဝီကို စောင့်နေပါရစေ"

သူက တောတို့အသက်စပ်မရှိ တရားရေလွှတ် ပြောချလိုက်တယ်။

"ကျွန်တော်တတော့ထပ်တွေချင်သေးတယ်။ အခုတော့ မွေးနီကြီးက ကျွန်တော့်နှလုံးသားကို မစားသွားဘဲ ဒေဝီက စားလိုက်ပြီ"

ဖိုးလှက ရှက်ကိုးရှက်ကန်းနဲ့ ပြောချင်သလို ပြောချလိုက်လို့ ဒေဝီခမျာ တံတွေးသီးမတတ် ဖြစ်သွားရတယ်။ နောက်တော့ သူမက ရယ်ကျဲကျဲနှင့် ...

"အဲ့လို တပ်မက်တတ်တဲ့ ကဝေတစ်ယောက်ရဲ့ ရမ္မက်မီးစိုးလျှံကြောင့် ရှင့်ဘဝအမှောင်ထုံးမလိုဖြစ်ပြီးခဲ့ပြီ။ ရှင်က အခု ကျွန်မကို ချစ်စကားတွေ လာပြောနေတာလား။ ရှင့်ဘဝအမှောင်ထုံးမှာ မကြောက်ဘူးလား"

"ဒေဝီအတွက်ဆို ကျွန်တော် ဘဝ ဘာဖြစ်ဖြစ်ပါ။ ကျွန်တော် ဒေဝီကို မြင်မြင်ချင်း ချစ်သွားတာပါ။ ဒေဝီကို စတွေ့တုန်းက ကျွန်တော်က ကျွန်တော့် ခန္ဓာကိုယ် အပြင်ရောက်နေရတဲ့ ဝိညာဉ်ဘဝပါ။ ပြောရမယ်ဆို ကျွန်တော့် ဝိညာဉ်ကတောင် ဒေဝီကို တွယ်တာနေတာပါ။ ဒေဝီမှာ ချစ်ရမယ့်သူ ဒါမှမဟုတ် လင်ယောကျ်ားမရှိဘူးဆို ကျွန်တော် နောက်မဆုတ်ပါရစေနဲ့"

ဒီတစ်ခါတော့ ရှက်သွေးဖြာရတဲ့ သူက ဒေဝီရယ်ပါ။ သူမက ဘာရယ်မဟုတ်ဘဲ ဖိုးလှရဲ့လက်မောင်းကို နှုတ် ဆက်တဲ့သဘောနဲ့ ဖျတ်ခနဲ ဆုပ်ကိုင်မိတယ်။ အဲ့အချိန်မှာ သူမခေါင်းထဲ လင်းခနဲ ဖြာခနဲ ဖြစ်သွားပြီး ...



"သမီး - နန်းဒေဝီ၊ တကယ်တော့ သမီးဟာ တစ်နေ့နေ့တစ်ချိန်ချိန် မောင်ဖိုးလှနဲ့ အတူ ဘဝတစ်ခုကို အတူတူတည်ဆောက်ကြရမှာ။ ပါရမီတွေလည်း အတူဖြည့်ဆည်းရင်း ပေါင်းဖက်ကြရမှာ၊ နောက်ပြီး တစ်နေ့မှာ ကျိန်းသေပေါက် မောင်ဖိုးလှရဲ့ ရင်သွေးရတနာ မောင်ဖိုးစံဆိုတဲ့ အမျိုးကောင်းသားလေးတစ်ယောက်ကို မွေးဖွားပေးဦးမယ်။ မောင်ဖိုးစံဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လူသတ္တဝါတွေကို ကူညီစောင့်မမယ့် အထက်လမ်း ဝိဇ္ဇာပုဂ္ဂိုလ်ကြီးတစ်ဆူ ဖြစ်လာမကွဲ့။ ဒါဟာ ရှောင်လွှဲလို့မရတဲ့ နိယာမပဲ။ ဒါကြောင့် သမီးနဲ့ မောင်ဖိုးလှဟာ နောက် နှစ်နှစ်နေရင် မလွဲမသွေ တစ်နည်းနည်းတစ်ဖုံဖုံနဲ့ကို ထပ်မံဆုံတွေ့ကြရမှာပဲ။ ကဲ - ကဲ - ခုတော့ဖြင့် လုပ်စရာရှိတာ ဆက်လုပ်ဖို့ ခရီးဆက်ပေဦးတော့"

သူမကြားနေကျ သူမကို တာဝန်တွေပေး၊ စေစားနေကျ ဘိုးဘိုးရဲ့အသံကို သူမ တစ်ဦးတည်းသော ပီပီသသ ကြားလိုက်ရတယ်။ ဖိုးလှကတော့ မကြားနိုင်ဘူးပေါ့။ ဒါကြောင့်လည်း အူလည်လည် ပုံစံနဲ့ ...

"ဒေဝီ - ဘာ - ဘာဖြစ်သွားတာလဲ ဟင်"

သူမက ဘာမှမပြောဘဲ တစ်ချက်သာပြုံးရင်း ဖိုးလှရဲ့မျက်ဝန်းတွေကို အသေအချာ စိုက်ကြည့်လိုက်တယ်။ နှစ်ဦးသား ရင်တွေ ဒိတ်ခနဲခုန်သွားရတယ်။ ဒါပေမဲ့ လောလောဆယ် ဖြစ်ပေါ်လာတဲ့ ရင်ခုန်သံကို ခဏချွန်းအုပ်ရင်း ...

"ဘာမှမဟုတ်ပါဘူး - ကိုဖိုးလှရယ်၊ လောလောဆယ် ကျွန်မ ခရီးသွားစရာ ခရီးလေးကို ဆက်သွားလိုက်ဦးမယ်။ ဒါပေမဲ့ ကျွန်မတို့နှစ်ယောက် ထပ်ဆုံကြမှာပါ"

သူမ စကားကြောင့် ဖိုးလှတစ်ယောက် ကလေးလေးတစ်ယောက်လို အူမြူးပြုံးရွှင်သွားတယ်လေ။ ဒါနဲ့ပဲ လောလောဆယ်အတွက်တော့ ဒေဝီတစ်ယောက် ရှေ့ဆက်ရမယ့်ခရီးကို ရှေ့ဆက်ဖို့ခြေလှမ်းတွေဦးတည်ရင်း အနာဂတ်မှာ တော်စပ်ရမယ့် ခင်ပွန်းလောင်း၊ ပြီးတော့ - သူမရဲ့ အမျိုးကောင်း သားလှရတနာလေးရဲ့ဖခင်လောင်းကို လက်ပြနှုတ်ဆက်ရင်း ...

(ဘိုးဘိုးတို့ရဲ့ ရှေ့ဖြစ်နိမိတ်ဟော ချက်အရ ဒေဝီနဲ့ဖိုးလှတို့နှစ်ယောက် ၁၉၃၇ - ခုနှစ်မှာ ဘာတွေဆက်ဖြစ်ကြတယ်ဆိုတာ စာဖတ်သူတို့ကို အထူးတွေ ဆက်ရှေပြရန် မလိုတော့ပါဘူးနော်။ အားလုံးသဘောပေါက်ကြမှာပါ။ ဤမှာ စကားချပ်)

ယက္ခဒေဝီ

www.burmeseclassic.com

# ကျော်မင်းသိန်း

**တစ်နေ့ကျန်** ပူထားသည့်နေက အပူပြန်၍ မကုန်သေးထင့်၊ လေပူကလည်းလုံးဝမတိုက်၊ သစ်ရွက်လေးများပင် တကယ့်ကျောက်ရုပ်။

သည်အရပ်၊ သည်ဒေသက မြန်မာပြည်တစ်ဝှမ်း သူ ရောက်ခဲ့ဖူးသမျှ အပူဆုံးသော ရပ်ဝှမ်းထင့်။ မိုးနည်းရေရှားသည့် အညာအရပ်။

သည်ထနောင်းကုန်းရွာလေးလို့ ကျန်းမာရေးမှူးအဖြစ် ရောက်လာ တတည်းက မှတ်ခမ်းစပ်၊ ယားနာနှင့် ပိုးထိ (မြွေကိုက်) ဒဏ်ရာရသူများကိုသာ အများဆုံးကုသပေးရသည်။

တုတ်မီး (လက်နှိပ်မီး) မပါလျှင် အောက်သို့ (အပြင်သို့) လုံးဝ မထွက်ရဲ ခေါ်လိုက်သည့် နာတို့ (မြွေပွေး)၊ အမိုက်တောင်း၊ အဝဏ်ပေါင်းပုံ၊ ယုတ်စွ အဆုံး အိမ်ရှေ့တိုင် သတိထားရှင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com

အဆိုးဆုံးက ရေအိမ် (အိမ်သာ) တွင်းရှိ ရေအိုး၊ အတွင်းအပြင် သေသေချာချာ ကြည့်ပြီးမှ တက်ရသည်။ မြွေပေါက်တော့ လုံးဝမတွေ့ရှိပေ။

ည ဆယ်နာရီ ကျော်လာပြီ၊

ယခုမှ လေအေးလေး တဖြူးဖြူး၊ သို့သော် နေ့တွင် အပူလွန်ကဲ ညဘက် အအေးများသည့်အရပ်၊ တကယ့် စားသတိ၊ သွားသတိ၊ နေသတိဆိုသော အရပ်၊

ကျန်းမာရေးမှူး ဦးအောင်လတ်၊ ပြတင်းပေါက်မှဝင်လာသော လေနအေးကြောင့် အနည်းငယ် လန်းလာသည်၊ လှဲနေသော ပက်လက်ကုလားထိုင်မှထ မီးဖိုတွင်းရှိ ကြောင် အိမ်တွင်းမှ ဝီစကီ ပုလင်းထုတ်၊ ဖန်ခွက်တွင်း လက်နှစ်လုံးခန့် ထည့်လိုက်သည်။

တောနယ်လတ်ဆေးပေးခန်း ဇရိယာတွင်း ဆောက်ပေးထားသည့် ဝန်ထမ်းအိမ်လေးတွင်း အသားသားချို့ တစ်ကိုယ်တည်း နေရသူ၊

လတ်တိုလတ်တောင်း တစည့်တော့် တွန်းညိုက ညနေကမှ မိဘများရှိရာ ရွှေပန်းတောရွာသို့ တစ်ညအိပ် ပြန်သွားသဖြင့် တစ်ယောက်တည်း၊

သည် ထနောင်းတုန်းတော့ရွာအုပ်စုတွင်းရှိ မန်ကျည်းတုံး၊ ကျောက်အိုင်၊ မြေး တွင်း၊ လက်ပံ စသော ရွာလေးများသို့ တစ်နေကုန် ဆိုင်ကယ်နှင့် လှည့်ခဲ့ရသဖြင့် လူတ နုံးချိနေသည်၊ အသက်ကလည်း ငါးဆယ်ကျော်လာပြီဖြစ်၍ ပင်ပန်းလွန်းလျှင် အိပ်ရာဝင်ခါနီး ဝီစကီ နှစ်ပက်ခန့် သောက်လေ့ရှိသည်၊

ညဆယ့်နှစ်နာရီထိုးသံတ ရွာထိပ်ရှိ ကင်းတဲမှ လွင့်ပျံ့လာသည်၊

ဦးအောင်လတ် အိပ်ရာဝင်တော့မည်၊

ဝင်သန်းသည့်အခါ ဝီစကီသစ်မှုးလာမှုတို့ကြောင့် မျက်ခွံတို့ မှေးစပြုလာပြီ၊

❦

"ဝုန်း – ဝုန်း – ဝုန်း"

"ဒုန်း – ဒုန်း – အိမ်ရှင်တို့ – အိမ်ရှင် တို့"

အိမ်ရှေ့တံခါးမကြီးအား ထုနှက်သံ တဒုန်းဒုန်း ကြောက်လန့်စွာ ကျယ်ကျယ် လောင်လောင် အော်နိုးသံကြောင့် ဦးအောင်လတ် နိုးလာရသည်၊

တံခါးထုသံ၊ ခေါ်နေသံများက ရပ် မသွား၊



ဦးအောင်လတ် ရုတ်တရက်နိုးလာသော်လည်း အသံမပြုသေးဘဲ မှိန်း၍ ခေါ်နေသံကို နားစွင့်လိုက်သည်၊

အသံကကြားနေကျ ရွာသားများ အသံမဟုတ်၊ ပြီး – ကြောက်လန့်တကြားအော်သံ ရောစွက်နေသံ၊ သည်အသံက အသံစိမ်း၊ ထနောင်းကုန်းရွာက အသံမဟုတ်၊

မျက်စိက ဆက်၍မှေးနေချင်သော်လည်း လူနာဖြစ်နေလျှင်ဟူသော သဘောအသိကြောင့် အိပ်ရာမှထ ဘက်ထရီခေါင်းကိုမှိတ် နှစ်ပေမီးချောင်းလေး လင်းလာမှ တံခါးဆီ လျှောက်သွားသည်၊

"ဆရာ – ဆရာ – ကျွန်တော့်ကို ကယ်ပါဦး"

တုန်ယင်နေသော အကူအညီ တောင်းသံကြောင့် အိမ်ရှေ့တံခါးကို ဖွင့်လိုက်သည်၊

တံခါးဝတွင် လူတစ်ယောက်၊

တက်ထရက် အင်္ကျီနက်ပြာ၊ ဘောင်းဘီရှည်နက်ပြာ၊ ခြေတွင် အမည်းရောင် ရှူးဖိနပ်ဝတ်ဆင်ကာ ကြောက်ရွံ့တုန်လှုပ်နေသူတစ်ဦး၊

မျက်နှာက စတ္တုတစ်ရွက်နယ် ဖြူဖွေးကာ သွေးမရှိတော့၊

ဦးခေါင်းတွင်လည်း ဆံပင်များက ကျိုးကန်းသိုက်နယ် ရှုပ်ပွလျက် ဆံပင်များတွင် ခုန်များ၊ အမှိုက်များက ကပ်လျက် အင်္ကျီအပြာရောင်က ဖုန်များဖြင့် ဖြူဖွေးနေပြီး မျက်နှာပြင်တစ်ခုလုံး သွေးစေများ ပေကျံခြောက်သွေ့နေသည်၊

သည့်အပြင် လည်ပင်း လက်ဖျံလတ်မောင်းတို့နှင့် ခြေထောက်တွင် ပွန်းပဲ့ အက်ရာများ၊ ဘောင်းဘီတွင်လည်း ဖုန်၊ သဲ၊ အမှိုက်များ ပေကျံနေသည်ကို လုပ်သင့်ရင် သမားမျက်စိဖြင့် တခဂ် အကဲခတ်လိုက်မိသည်၊

ကြောက်လန့်ပြူးကျယ်နေသော မျက်စိအစုံက နောက်ကျောကို လှည့်မကြည့်ဝံ့သည့် အမူအရာနှင့် ...

"တံခါး – တံခါးပိတ်လိုက်ပါ ခင်ဗျာ၊ နောက်က လိုက် – လိုက် – လာကြ – တယ်"

စည့်စိမ်းလူနာတို ကျန်းမာရေးမှူးအမြင်နှင့် အကဲခတ်လိုက်ပြီးမှ ဦးအောင်လတ်တ ...

"ခင်ဗျား ဘယ်ကြောက်လာပုံရတယ်"

"ကျွန်တော်မို့ပေါ့ ဒီပြင်လူဆို ပွဲချင်းပြီးသွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လတ်က ညှော်စိမ်းနောက် အမှောင်ထုထွင်း တစ်ချက်ကြည့်တံခါးပိတ်လိုက်ပြီး —

"တွေ့ဖူးတင်ပါတယ် - ဆရာ"

ညှော်စိမ်းက ညာဘက်လက်ဖြင့် ဦးအောင်လတ်အား လက်ဆွဲနှုတ်ဆက် တစ်ဆက်တည်း ဝီစကီခွက်ကိုယူ တန်းမှော့ကာ ပြန်ပေးလိုက်သည်။

နှုတ်ဆက်လိုက်သော ညှော်စိမ်း၏ ညာလက်က ရေခဲတုံးနယ် အေးစက်နေပြီး သခုထိ တုန်ရင်နေမှန်း ဦးအောင်လတ် သတိထားမိလိုက်သည်။

သည့်အပြင် ညှော်စိမ်းက သူ့ဘယ်လက်ကို ဘောင်းဘီနှိုက်ထားလျက်က ယခုထိ ထုတ်သေးသည့် ထူးခြားချက်ကိုလည်း သတိထားလိုက်မိသည်။

မိမိကို အန္တရာယ်ပြုလာလေမလား။

ညှော်စိမ်းသည် ညှော်ဆိုးလော၊ ညှော် ကောင်းလော ဝေခွဲမရသေး။

သူ့ ဆံပင်တီး နှစ်ခေတ်စဆုံး သွေးများ ရဲရဲနီလျှက်။ ယောဝ်ယမ်း၍
မျက်နှာထို ဆက်နှင့်ဖွတ်လိုက်သည်။ မျက်နှာတွင်လည်း သွေးစေးများ။
သို့သော်လျှင် စောစောက ခွက်တွင်းမှ ရေသည် ရေမဖြစ်နိုင်။
သွေးများပင်။ စောစောက ပွန်းလှိုးနေသော
ကြောတ်စိတ် ပြန်ပေါ် လာသည်။
ရင်ထဲ ထထိတ်ထိတ်ခုန်လာပြီ။
ကြောက်ဖွယ်ကောင်းသော အဖြစ်ဆန်းနှင့်
ကြုံတွေ့နေရပြီ။
ညှော်ဆိုးတွင်ရပြီ။
အစောင်ကထထမ်းနှင့်
မျက်နှာထက်နှင့်
ဆံပင်ဖြင့်နှစ်ခေတ်ရှိ
သွေးများထို
ကြီးတန်းထက်မှ
မျက်နှာထုတ်ပဝါနှင့်
ဆွတ်လိုက်သည်





မိမိကို အန္တရာယ်ပြုရန် သက်သက်က လက်နက်တစ်စုံတစ်ခုကို ဆုပ်ကိုင်ထားသည် ထင်မိသော်လည်း ဖဟိဒ္ဓိသွင်ပြင် ကြောက်ရွံ့နေပုံက ဖုံး၍မရ။

မိမိအတွက် အန္တရာယ်မရှိကြောင်း အတွေ့အကြုံအရလည်း သုံးသပ်မိပြန်သည်။

ရေမရောထားသော ဝီစကီသုံးပတ်ခန့်ကြောင့် ညှော်စိမ်း၏ မျက်နှာတွင် သွေးရောင်များ ပြန်လွှမ်းလာပြီး ...

"ကျေးဇူးအထပ်ထပ်ပါ ဆရာ" ဟု ဆိုကာ သူ့အတွေ့အကြုံကို ခရားရေ လွှတ်တတွတ်တွတ် မရပ်မနား ပြော တော့သည်။

ကျွန်တော့်နာမည် အောင်နိုင်သူပါ - ဆရာ၊ ရန်ကုန်ဇာတိပါ။ အသက် ၄၀ ရှိပါပြီ။ ခေတ်သစ်ဝမာ ကုမ္ပဏီက အရောင်းမြှင့်တင် မန်နေဂျာပါ။ ကုမ္ပဏီက အထက်မြန်မာနိုင်ငံကပဲမျိုးစုံကို ရှာတွေအထိ လိုက်ဝယ်၊ ရန်ကုန်ကနေ Export တင်ပို့ပါတယ်ဆရာ။ ကုမ္ပဏီက မန်နေဂျာချင်း အချိန်းမှာ မနေ့ကမှ မြင်းခြံကို ရောက်လာတာပါ ဆရာ။ မြင်းခြံ ရုံးခွဲမှာ တာဝန်အပြောင်းအလဲလည်း တာဝန်လွှဲပြောင်းလက်ခံပြီး ညနေဘက် ရုံးက ဆိုင်ကယ်နဲ့ ထွက်လာခဲ့ပါတယ်"

အောင်နိုင်သူက မန္တလေးထိတော့ ရောက်ဖူးသည်။

မြင်းခြံမြို့က သူနှင့် တကယ့် အစိမ်းသက်သက်။

သို့သော် - သူ့ဆန်စား ရဲရမည်ပဲလေ။

တစ်ကိုယ်ရေသမားဖြစ်၍ ပူပင်ကြောင့်ကြမှုမရှိ။

သည်ရာထူးအထိ အောက်ခြေအဆင့်မှ တက်လာခဲ့သူဖြစ်၍ လုပ်ငန်းအတွေ့အကြုံ ရှိသည်။

လုပ်သက်တစ်လျှောက် ရုံးတွင်းထိုင်ထန်းတက်ဆာပေး လုပ်ခဲ့သူမဟုတ်။ တာဝန်ကျရာအရပ်တွင် အောက်ခြေကျေးရွာများရှိ ကုမ္ပဏီဆိုင်ခွဲများတို့ထိ ဆင်း၍ ဝန်ထမ်းများ၊ ပြည်သူများနှင့် ထိတွေ့ဆက်ဆံတတ်၍ ဝန်ထမ်းများ၊ ကုန်သည်နှင့် ရပ်သူရွာသားများ၏ ချစ်ခင်မှု ရယူထားတတ်သူ။

မြို့နယ်တွင်းရှိ လက်ခွဲမဲဒိုင်များသို့ ရောက်ဖူးချင်သည်။

နယ်မြေရုံးတွင် လက်ရှိအမျိုးသမီး ဝန်ထမ်းများသာရှိနေ၍ အနီးစပ်ဆုံးပဲအဝယ်နိုင်ရှိသော မြေနီကွင်းရွာသို့ ဟွန်ဒါဆိုင်ကယ်လေးနှင့် ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မြို့နယ်မြေပုံ၊ ကျေးရွာပဲအဝယ်ဒိုင် အညွှန်းမြေပုံကိုယူခဲ့ပြီး လုပ်နေကျ ထုံးစံအတိုင်း တစ်ကိုယ်တော် ထွက်လာခဲ့ခြင်း။

သို့မှလည်း အောက်ခြေနှင့် အထက်၏ ကွာဟချက်ကို ညှိနှိုင်းပေးနိုင်မည်။ အောက်ခြေဝန်ထမ်းများ၊ ရောင်းချစားသုံးသူ၊ စိုက်ပျိုးသူတို့၏ အခက်အခဲများကို သိရှိပေါင်းစပ်ပေးနိုင်မည်၊

ကုမ္ပဏီအောင်မြင်လျှင် သူ့ဘဝလည်း အောင်မြင်သည့် ကျွဲကူးရေပါ စီမံကိန်း။ ထို့ကြောင့်လည်း ကုမ္ပဏီက သူ့ကို လက်လွှတ်မခံဘဲ အောင်နိုင်သူမှ အောင်နိုင်သူ ဖြစ်နေခြင်းပင်၊

မြေနီတွင်း လက်ပံသာယာ စသော ရွာများရှိ အဝယ်ဒိုင်ဝန်ထမ်းများနှင့် မိတ်ဆက် ပြဿနာများ ဖြေရှင်းပြီး ထွက်လာတော့ ညနေဖြောက်နာရီ၊ ...ပြည်မှုများ တင်ပြသည်ကို နားထောင်၊ လမ်းညွှန်ချက်များ ပေးပြီး ထွက်လာတော့ ညနေခြောက်နာရီ၊

နေရောင်ခြည်ရှိနေသေး၍ အလင်းရောင် ရှိနေသေး၍ သည်အချိန်ပင် ရှိမည်မထင်သေး။

ခြောက်နာရီဆိုသော လက်ပတ် နာရီ၏ညွှန်းဆိုချက်ကြောင့် လက်ပံသာယာမှ ထွက်လာပြီး နာရီဝက်ခန့်အကြာ လမ်းတစ်နေရာတွင် ဆိုင်ကယ်က ထိုးရပ်သွားသည်၊

ဆင်းကြည့်စစ်ဆေးမှ ဆီတိုင်ကြီးထဲ ဆီတစ်စက်မှ မရှိ၊

တာဝရိုက်တာ ဝိုက်ဆက်မှ ဆီယိုနေခြင်းကို သူ မသိခဲ့၊

သိလိုက်ချိန်တွင် "ရေလည်" ရောက်နေပြီ၊

မှောင်လာပြီ၊

ခက်သည်က သည်အရပ် သည်ဒေသက နေ့ဘက် အလွှန်မှ၊ ညဘက် အလွှန်ချမ်းသောဒေသ၊

ပြီး – သူက လူစိမ်း၊ မှောင်လာပြီ၊

တစ်ရွာနှင့်တစ်ရွာ အလှမ်းက ဝေးသည်၊

ထိုင်ငိုင်နေ၍ မဖြစ်၊

လှည်းလမ်းအတိုင်း ဆိုင်ကယ်တွန်းလာခဲ့သည်၊

လမ်းတွင်တွေ့သော ကားများကို အကူအညီတောင်းမည်၊

မြန်မာပြည်လေ သိတယ် မဟုတ် လား၊



အတော်ကြာ တွန်းလာသည်အထိ ကျောက်လမ်းမရောက်သေး။ လူအစ်သောက်မှလည်း မတွေ့၊

စက်ဘီး၊ ဆိုင်ကယ်ဆိုသည်ကလည်း စီးနေစဉ်က မသိ၊ လမ်းတွင် ဖျက်၍တွန်းရသည်ဆိုပါမှ တကယ့်ဝန်ထုပ်ဝန်ပိုး၊ ထားခဲ့၍လည်းမရ၊ လူက ပင်ပန်း၊ တစ်ဖန် ဆိုင်ကယ်ကိုပါတွန်း၊ တကယ့်ဒုက္ခ၊

တွန်းလိုက်၊ နားလိုက်၊ တွန်းလိုက်၊

သည်လိုပုံဖြင့် မိုးကြီးချုပ်လာပြီ၊

ခုထိ လှည်းလမ်းက မထွက်ရသေး၊ ကျောက်လမ်းလည်း မမြင်၊ မှောင်ချက်ကလည်း ကိုယ့်လက်ချောင်းများပင် မမြင်ရ၊ တစ်ကြိမ်မှ မရောက်ဖူးသော အရပ်ဒေသ၊ ပြီးတော့ နေ့မဟုတ် ည၊

မိမိ မျက်စိလည် လမ်းမှားနေ ကြောင်း ရိပ်မိလာသည်၊ အမှောင်ထဲ လှည်းလမ်းပေါ်ဆိုင်ကယ်တွန်းရင်းမှ ဤအရပ်ထွက်ကုန် နာတို (မြွေပွေး)များ အကြောင်း စဉ်းစားမိလာသည်၊

ကြောက်ကြောက်နှင့် ဘုရားတ၍ ကံကိုသာ ပုံချမိတော့သည်၊

ဆိုင်ကယ်မပါဘဲ လူချည်းဆိုက မထောင်းတာ၊ ယခုအချိန်မှ ဆိုင်ကယ်ကို ပစ်ထားခဲ့၍လည်း မဖြစ်၊

မှောင်နေသဖြင့် လမ်းမသိတော့၊ မမြင်ရ၍ ရိုးပြတ်ထဲ ပပ်ကြားအက် လယ်ကွင်းနှင်းဆိုးမြေမှန်းမသိ၊

ဆိုင်ကယ်တွန်းလာခဲ့ရ၍မောလာ သည်၊ လက်ပန်းကျ၊ ခြေညောင်း၊ ဗိုက်ကဆာ၊ အကြိတ်တွန်းလာရင်းမှ သစ်ပင်များ အုပ်ဆိုင်းနေသော တောရိပ်စပ်အတွင်း ရောက်နေမှန်း သိလိုက်ရ သည်၊

မကြောက်တတ်သော်လည်း အားငယ်လာမိသည်၊

တကယ်ပင် လမ်းပေါ်တွင် လမ်းပျောက်နေပြီ၊

ဆိုင်ကယ်ရပ်ထောက်ပြီး ဘောင်းဘီအိတ်တွင်းမှ ဂတ်စ်မီးခြစ်ကို ထုတ်ခြစ်၍ လက်မှ နာရီကို ကြည့်မိသည်၊

ညဆယ်နာရီ၊

တစ်ရှိုတစ်ရှို မြေဝပ်ငှက်ကလေးများ ထပြေးသံ၊

မုစဉ်းရင်ကွဲများ တစီစီအော်သံ၊ ညပိုးမွှားလေးများအသံမှ တစ်ပါး လုံးဝ အငြိမ်၊



www.burmeseclassic.com

www.burmeseclassic.com

မိုတ်တုတ်တုတ်ကြယ်ရောင်ဖြင့် အဝေးကိုမျှော်ကြည့်မိသည်၊ မီးရောင်နှင့်ခွေးဟောင်သံကြားက လူရှိမည်၊ လူတွေ့လျှင် အကူအညီ ရနိုင်သည်။

ပစ္စုပ္ပန်အနေအထားအရ—

မီးရောင် – ခွေးဟောင်သံဝေး၍ ကြက်တွန်သံပင် မကြားရ၊ ကြားချင် တွေ့ချင်မိသာ ကားမီးရောင်နှင့် ဟွန်းသံဆိုသည်က ဝေးစွ။

လက်ရှိအနေအထားအရ မှောင်မိုက်နေ၍ မိမိရောက်ရှိနေသည့် နေရာပင်သိ။

အေးလာပြီဖြစ်၍ နင်းရိပ် မြူရိပ် တို့က အုံ့ဆိုင်းလာပြန်သည်။

ထိုတ်လိုက်သည့် လေကလည်း ကြာပွတ်နှင့် အရိုက်ခံနေရသည်လား ထင်ရသည်။

ဆိုင်ကယ်သာတွန်းနေရသည်၊ ရှေ့လည်းမမြင်၊ နောက်လည်းမမြင်၊ အမှောင်ထုနှင့်မီးခိုးမြူငွေ့ဆိုင်းအတွင်း တစ်စချင်း တိုးဝင်နေမိသည်။

တကယ့် ဒုက္ခတရားသည့်အဖြစ်။

❦

ဆိုင်ကယ်ကိုတွန်းလာရင်း ရှေ့မမြင်နောက်မမြင် နောက်ကျောမလုံရသည့်ကြားကတ်တဲ ထင်၍လား၊ ကြောက်စိတ်က စေ့ဆော်သည်လားမသိ၊ မမြင်ရသော ရှေ့အမှောင်ထဲက လူရိပ်လိုလို ပျိုးခနဲ ဖျတ်ခနဲ ရိုးခနဲ ရိပ်ခနဲ တစ်စုစုမြင်လိုက်ရသယောင်ယောင်။ မျက်စိအမြင်မှားသည်ပဲလေဟု စိတ်ကိုတင်းကာ ရှေ့သို့ တစ်လှမ်းပြီး တစ်လှမ်း ရင်မောစွာ တွန်းလာခဲ့မိသည်။

တံတောင်းလာပြီနှင့် တူသည်။

မှုန်ဖျလှသော ကြယ်ရောင်ကြောင့် ရှေ့တွင် လမ်းခွဲလေးတစ်ခု၊ မောမောနှင့် လမ်းခွဲတွင် ဆိုင်ကယ်ဒေါက်ထောက် လမ်းပေါ်တွင်ပင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး အသက်ကိုဝအောင် ရှူသွင်းလိုက်မိသည်။

ထိုင်ရင်းမှ မျက်စိအစုံကလည်း ရှေ့ဘက်သို့ တရစပ်။

"ဟင်"

ရှေ့အမှောင်ထဲတွင် အဆောက်အအုံတစ်ခုခုကို မှုန်ပျပျမြင်မိလိုက်သည် ထင်သည်။ အားတက်လာပြီး ထိုရေးတေးတေးကိုပင် ကောက်ရိုးတစ်မျှင်နယ် အားကိုးစိတ်ဖြင့် ဆိုင်ကယ်ကို တွန်းလာခဲ့သည်။



နီးလာလေ – သေချာလေ။

မှန်သည်၊ ရှေ့တွင် အဆောက်အအုံ တစ်ခု။

အမှောင်ထုထွင်း နစ်မြုပ်နေ၍ ရုတ်တရက် ဘာမှန်းမသိ မြင်ကွင်းက ထင်ရှားလာပြီ။

ဘာပဲဖြစ်ဖြစ် တည်းခိုခန်းလား ထမင်းဆိုင်လားမသိမည်သည့်အဆောက်အအုံဖြစ်ဖြစ် လူတော့ရှိမည်၊ အကူအညီအရိပ်ခိုခွင့် ရတော့မည်၊ ဒုက္ခတောက လွတ်တော့မည်။

သို့သော် မီးရောင်တော့မရှိ၊ မတွေ့ရ။

အောင်နိုင်သူ တစ်အားတက်လာသည်။

ဆိုင်ကယ်ကို အရှိန်မြှင့်၍ တွန်းလာ ခဲ့သည်။

လမ်းက ကွေ့ကောက်ကျဉ်းမြောင်း၍ တစ်ဖက်တစ်ချက်တွင် သစ်ပင်များ အုပ်ဆိုင်းနေသည်။

လွန်ခဲ့သော နာရီပိုင်းက ကြုံတွေ့ခဲ့ရသော ဒုက္ခ သုက္ခ သောကများ ပျောက်တော့မည်၊ အားငယ်စရာ မရှိတော့။

အဆောက်အအုံက တစ်ထပ်တိုက် ပုလေး။

မီးခိုးခေါင်းတိုင်ကအစ အုတ်နှင့် သပ်သပ်ရပ်ရပ်။ သို့သော် ပြတင်းတံခါးတို့က လေတိုးလိုက်တိုင်း တကျွီကျွီ တဝုန်းဝုန်း ပွင့်လိုက်ပိတ်လိုက်။

❦

အဆောက်အအုံက အတော်ပင် ဟောင်းနွမ်းရှေးကျလှသည်။

အဆောက်အအုံရှေ့ဘက်တွင် လမ်းညွှန်တိုင်မှ ပြုတ်ကျနေသော တွဲရရွဲ ဆိုင်းဘုတ်တစ်ခု။

အောင်နိုင်သူ ဂရုမစိုက်အား။ ဝုန်းခနဲ ဆိုင်ကယ်ဒေါက်ထောက် အိမ်တံခါးမရှေ့ တံခါးကြီးအား တဝုန်းဝုန်း တဒိုင်းဒိုင်းထု၊ ပါးစပ်ကလည်း အော်ခေါ်တော့သည်။

"ဒုန်း – ဒုန်း"

"အိမ်ရှင်တို့ – အိမ်ရှင်တို့"



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်သူ ထုနေသော ကျွန်းတံခါးကြီးနှင့် ကြမ်းပြင်ကြားမှ လက်ခနဲ မီးရောင်ကို မြင်လိုက်ရ၍ ပိုးအာတက်လာသည်။

အမှောင်တွင်း ကျင့်သားရနေသော မျက်စိက လျှပ်တစ်ပြက် မီးရောင်ကို မြင်လိုက်သည်က အမှန်။

တဝုန်းဝုန်းထု၊ တကြော်ကြော် အော်နေ၍လားမသိ။

ခြေသံများနှင့်အတူ မီးရောင်များတွေ့ရပြီး တံခါးကြီး ပွင့်သွားတော့သည်။

"အား" ဟု အသံမထွက်စေရန် အောင်နိုင်သူ မနည်းပါးစပ်ပိတ်လိုက် ရသည်။

တံခါးကြီး လာဖွင့်ပေးသူက ဆံမျှင်တစ်မျှင်မှမရှိသည့် ခေါင်းတုံးကြီး။ အရပ်ပု၊ တုန်းနေသောခါးတွင် ဘုကြီးတစ်လုံးက ထွက်နေသေး။

မျက်နှာက ဆင်နှင်းသရက်သီးနှယ် ပြားနေပြီး မျက်စိနှစ်ဖက်က ပေါက်ပက်။

ဝတ်ထားသည်က နီတုလားများ ဝတ်လေ့ရှိသည့် ပိတ်စိမ်းပါးအနက် လက်ရှည်၊ လုံချည်ကို ဒိုးထိုးဝတ ခါး တောင်းကျိုက်ထားပြီး ဖိနပ်မပါ။

လက်မှာတော့ ဆင်နှာခေါင်းနှယ် စမ်းတဝါးဝါး။

နှုတ်ခမ်း သရဲမျက်နှာကြီးနောက်မှ ကပ်ပါလာပြီး ဝါဆိုဖယောင်းတိုင်မီးပြနေသူ တ အသက်ဆယ့် ဘောင်းဘီရှည်၊ မျက်လုံးမျက်ခုံးကောင်း၊ နှာတံစင်းစင်း၊ မနိမ့်မမြင့် အထုပ်နှင့် ရှိသင့်သော အဝန်းအဝိုက်၊ အမိုး၊ အကျဉ်အကားတို့နှင့် ခန္ဓာကိုယ် အချိုးအဆက် ပြေပြစ်လှသည့် ချောကလျာလေး။

အောင်နိုင်သူ အော်တော်နှင့် စကား မပြောဖြစ်။

သရဲသဘက် ခေါင်းတုံးကြီးကိုကျော်ကာ ကလျာလေးကို ငေးကြည့်နေမိသည်။ အော်ဂလီဆန်စရာ သရဲသဘက် ခါးကုန်းတစ္ဆေကြီးကို တွေ့၍ လန့်အော်မိမတတ်မှ ညို့မျက်ဝန်းလေးများပိုင်ရှင် အသက်သုံးဆယ်ခန့်ရှိ ကလျာမလေးအား ငိုင်ကြည့်နေမိခြင်း။

မချောလေးကလည်း ချစ်ရည်ရွှမ်းလဲ့သော မျက်နက်ဝန်းကလေးများနှင့် ပြန်ကြည့်နေသည်။

အတန်ကြာမှ အောင်နိုင်သူက သူ့အဖြစ်သနစ်ကို နတ်သံမနှောဘဲ ဖွင့်ပြောအကူအညီတောင်းတော့သည်။

သရဲခေါင်းတုံးက လက်ခံချင်ပုံမရ။

လှယမင်းလေးက သူ့ကို စေ့စေ့ကြည့်ပြီးမှ သရဲခေါင်းတုံးအား ...



"လက်ခံလိုက်ပါ - သူ့အတော် ဒုက္ခ ရောက်လာပုံရတယ်"

သည်အသံကြားမှ သရဲခေါင်းတုံးက လက်နှစ်ဖက် စမ်းတဝါးဝါးလုပ်တာ မျက်မမြင် ပုဏ္ဏားနှယ် ထွက်သွားတော့သည်။

လှယမင်းလေးက သူ့အား အခန်းတစ်ခန်း ဖွင့်ပေးလိုက်သည်။

"စားစရာ ဘာများရှိသလဲဗျာ။ ကျွန်တော် အရမ်းဗိုက်ဆာနေလို့ပါ"

မိန်းမချောလေးက သူ့ကို အားနာဟန်နှင့် တစ်ချက်ကြည့်လိုက်ပြီး ...

"အားနာပါတယ်ရှင် စားစရာတော့ မရှိပါဘူး"

"ဆောရီးဗျာ - တည်းခိုခွင့်ပြုတဲ့ အတွက် ကျေးဇူးပါ"

"အိပ်ပျော်အောင် အိပ်နော်"

မိုးနတ်သူဇာလေးက သူ့ကိုအပြုံးလေးပေး နှုတ်ဆက်ထွက်သွားပြီး ခုမှ ဝမ်းဗိုက်က တကျိုက်ကျိုက်။

❀

အောင်နိုင်သူ အခန်းအား သေသေချာချာ ကြည့်လိုက်သည်။

တိုက်ခန်းတိုင်များမှာ ရှေးဟောင်းပွတ်လုံး ကနုတ်ပန်းတိုင်များနှင့် အိပ်ရမည့် ခုတင်ကြီးကလည်း ရှေးဟောင်းကျွန်းခုတင်ကြီး ခြင်ထောင်ရှိဖာများကလည်း ဂန္ထဝင်ပစ္စည်းများဖြစ်ကြောင်း သတိထားမိလိုက်သည်။

မျက်နှာသစ်ရန် ကြွေဇလုံတစ်ခု၊ မျက်နှာသုတ်ပဝါတို့ကို အခန်းထောင့်ကြီးတန်းတွင် တွေ့ရပြီး ကြွေဇလုံဘေးတွင် ရှေးဟောင်းကျွန်းဗီရိုကြီးတစ်လုံး။

ဗီရို၏နဖူးစီးတွင် အမြီးဖြန့်ကျက်ချထားသော ဒေါင်းနှစ်ကောင်နှင့် အလယ်တွင်တ ဒေါင်းတစ်ကောင်၊ ဗီရို၏ ဘေးပွတ်တိုင်များကို ကနုတ်ပန်းများ ဖော်ထားသော မျက်နှာစာတွင်လည်း ကနုတ်ပန်းများ ထုဆစ်ထားပြီး သပြေသီးမှည့်ရောင် သုတ်ထားသည်။

တစ်ဖန် သပြေသီးမှည့်ရောင် သုတ်လိမ်းထားသည့် ကုလားထိုင်နှစ်လုံးတသည်း ကနုတ်ပန်းများ ဖော်ထားပြီး ပက်လက်ကုလားထိုင် တစ်လုံးကလည်း ချထားရေနှင့်။

သည့်ပြင် မည်သည့်ပစ္စည်းမှ မရှိ။

အခန်းထောင့်တစ်နေရာတွင် သော့ပိတ်ထားသည့် အခန်းတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com

အောင်နိုင်သူ ဖွင့်ကြည့်သည်။ မရ။

ပိုင်ရှင်သည် ရှေးဟောင်းပစ္စည်းများကို လေးစားမြတ်နိုး တန်ဖိုးထားပုံရသည်။ တစ်ခန်းလုံးရှိ Antique ပစ္စည်းများ၏ တန်ဖိုးကပင် မနည်း။

တစ်လမ်းလုံး ကျေးဇူးရှင် ဆိုင်ကယ်တွန်းလာခဲ့ရ၍ သူ့တစ်ကိုယ်လုံး ညစ်ပေနေသည်။

အိပ်ရာဝင်ခါနီး ရေလောင်းလိုက် ချင်စိတ်က ပေါ်လာသည်။ ခဏတော့ လဲနေဦးမည်တွေး၊ အပေါ်အင်္ကျီချွတ်၊ စွပ်ကျယ်နှင့်ပင် ခုတင်ထက် ကျောဆန့် လှဲနေလိုက်မိသည်။

ခုတင်ပေါ် နဖူးပြင်ထက် လက်တင်ပြီးမှ သရဲခေါင်းတုံးနှင့် နတ်မိမယ်လေး အကြောင်း တွေးတော်သွားပြန်သည်။ မည်သို့မှ မလိုက်ဖက်သော အတွဲ။

ကျွန်ုပ်သရဲခေါင်းတုံးက ပိုက်ဆံဝါလားဖြစ်၍ နတ်မိမယ်လေးကို သိမ်းပိုက်ထားသည်လား။ အတယ်ဝင် လင်မယားအစစ်လား။ မည်သို့များ တော်စပ်ကြပါသနည်း။

လင်မယားဆိုလျှင်လည်း မလိုက်ဖက်သော စုံတွဲတစ်သက်လုံး နေရမည့် ဒုက္ခ။ ချစ်ချင်ကြင်နာနေလျှင် အကြောင်းမဟုတ်။ မချစ်ခင် မနှစ်သက်ပါပဲလျက် အတူနေကြရလျှင် –

ဤလည်း တစ်ဒုက္ခ။

အခန်းက လုံနေ၍ မွန်းကျပ်မှု အိုက်လာသည်။ စောစောက အတွေးကြောင့် ရပ်နေသော ရေချိုးချင်စိတ်က ပေါ်လာပြန်သည်။ တံခါးပိတ်ထားသော အခန်းသည် ရေချိုးခန်းနှင့် အိမ်သာတွဲထားသော အခန်းဖြစ်နိုင်သည်ဟူသော အတွေးနှင့် မိန်းမချောလေး ပေးထားခဲ့သော သော့တွဲထဲမှ သော့များဖြင့် တစ်ချောင်းပြီးတစ်ချောင်း ဖွင့်ကြည့်လိုက်မိသည်။

သူ့အတွေး မှန်ပါသည်။

ရေချိုးခန်းနှင့် သန့်စင်ခန်း။

အသုံးမပြုသည်မှာ အတော်ကြာပြီထင့်။

မှိုနံ့နှင့် အောက်သိုးသိုး အနံ့များပင် ရနေသည်။ အမှောင်ရိပ်တွင်း ကျနေသည့် ရေဘုံဘိုင်ခေါင်းကိုစမ်း၍ ဖွင့်လိုက်သည်။

ရေက ဝေါခနဲမဆင်း။ ကြွက်မြီးတန်းသည့်ပမာ တစ်စက်ချင်း။ အနားတွင် တွေ့ရသည့် ရေခွက်နှင့် ရေတစ်စက်ချင်းကို ခံထားလိုက်မိသည်။



ရေပိုက်ခေါင်းက အမှောင်ရိပ်တွင် ရောက်နေ၍လားမသိ။ မြင်ရသည့် ရေများ ညစ်ညစ်။

မသုံးဘဲထားသည်မှာ ကြာမြင့်၍ သံချေးရေများလားမသိ။ ကိစ္စမရှိ။

တစ်ကိုယ်လုံးမချိုးရသည့်တိုင် မျက်နှာသစ် ကိုယ်လက်ပွတ်သပ်နိုင်လျှင်လည်း ...

ရေကျသံက တစ်စက်ပြီး တစ်စက်။

အောင်နိုင်သူ စိတ်မရှည်တော့။

ရေချိုးခန်းတွင်းဝင် ခံထားသော ရေခွက်မှ ရေများနှင့် မျက်နှာသစ်လိုက်မိသည်။

ရေက စေးထန်းထန်း၊ ချွဲပျစ်ပျစ်။

မိုးနည်းရေရှားဒေသဖြစ်၍ ရေသန့်အထွက်နည်းတာပဲဟူသော အတွေးနှင့် မျက်နှာသစ်ပြီး ခုတင်တွင် ထိုင်ချလိုက် သည်။

အခန်းတွင်းရှိ ဇယောင်းတိုင်နှင့် သူ့လက် သူ ပြန်ကြည့်လိုက်သည်။

"ဘုရား – ဘုရား"

သူ့လက်ဝါး နှစ်ဖက်စလုံး သွေးများ ရဲရဲနီလျက်။ ယောင်ယမ်း၍ မျက်နှာကိုလက်ဖြင့် ပွတ်လိုက်သည်။

မျက်နှာတွင်လည်း သွေးစေးများ။

သို့ဆိုလျှင် စောစောက ခွက်တွင်းမှ ရေသည် ရေမဖြစ်နိုင်။ သွေးများပင်။

စောစောက ပုန်းလျှိုးနေသော ကြောက်စိတ် ပြန်ပေါ်လာသည်။ ရင်က တထိတ်ထိတ် ခုန်လာပြီ။ မကြုံဖူးသော အဖြစ်ဆန်းနှင့် ကြုံတွေ့နေရပြီး မည်သို့လုပ်ရပါ့။ ... ခေါင်ကတဘက်နှင့် မျက်နှာထက်နှင့် လက်ဝါးပြင်နှစ်ဖက်ရှိ သွေးများကို ကြိုးတန်းမှ မျက်နှာသုတ်ပဝါနှင့် ဆွတ်လိုက်သည်။

အိပ်မက်တော့မဟုတ်။ လူသတ်၊ အလောင်းဖျောက်ရန်ကြိုးစားနေသည့် အိမ်သို့ ... များရောက်လာခြင်းများလား မသိ။

အတိုပြန်ဝင်လာ၍ လေကို နှာခေါင်းနှင့်ရှူ ပါးစပ်နှင့်ထုတ်လိုက် ငါး ကြိမ်ခန့်ရှိမှ ငြိမ်လာသည်။

အည်မှ ခွာမှ ဖြစ်တော့မည်။ မခွာနိုင်လျှင် ကိုယ့်အလုည့်။ ပြတင်းပေါက်များ ... ကြည့်သည်။ မရ။ ပြတင်းအပြင်မှ တံခါးရွက်များကို သံနှင့်စိုက်ထားပုံ၊ တံခါးကြီး ... လုံးဝမကွာ။



www.burmeseclassic.com

www.burmeseclassic.com

လှောင်အိမ်တွင်းမှ ကြွက်ဘဝ။

"ရှပ် - ရှပ် - ဖျပ်"

"ဖျပ် - ရှပ် - ရှပ်"

ထိုစဉ် - တဖြည်းဖြည်း နီးကပ်လာသော ခြေသံလိုလိုကို ကြားလိုက်မိသည်။

အာရုံစိုက်၍ နားထောင်လိုက်စဉ် ခြေသံလိုလိုက အခန်းဝတွင် ရပ်သွားသည် [illegible] ထင်လိုက်သည်။

တံခါးလက်ကိုင်ဘုတစ်ရစ်ချင်းတဖြည်းဖြည်းလည်လာသည်ကိုဖယောင်း[illegible] စီးရောင်နှင့် တွေ့နေရသည်။

သူ့ကို နှုတ်ပိတ်တော့မည်။

ခြောက်စိတ်တ ခြေဖျားမှ ဆံစအထိ။

[illegible] (သွေးစက်) တစ်စက်ချင်းတတောက်တောက် ရွေ[illegible] [illegible] ကြားနေရသည်။

"[illegible]"

"[illegible]"

[illegible] တ်ခြောင့်အောင်နိုင်သူ ဘုရားတ၍တံခါးအ[illegible] မျက်နှာလှည့်လိုက်သည်။ တံခါးဝတွင် သရဲခေါင်းတုံးကြီး ...

"ဝုန်း"

အောင်နိုင်သူ လွှားခနဲခုန် တံခါးမကြီးအား ပြန်ပိတ်လိုက်သည်။ တံခါးကို [illegible] ထိုးရင်း ...

"သွား - သွား - မလာနဲ့ - မလာနဲ့" ဟု သံကုန်အော်လိုက်မိသည်။

သရဲခေါင်းတုံး ခြေသံများ ဝေးသွားမှ စိတ်ကို လျှော့လိုက်သည်။

အခန်းကျဉ်းလေးထဲ ကျဉ်းထဲကြပ်ထဲ လှောင်ပိတ်အသတ်မခံနိုင်။

ထွက်ပြေးရန် စဉ်းစား၊ တံခါးမကြီး ဖွင့်လိုက်သည်။ တကယ့်အမှောင်တွင်း။

လွတ်မြောက်လိုစိတ်က တွန်းအား ဖြစ်လာသည်။

အခန်းထောင့်ရှိရေပေါင်းဗီရိုကြီးကို မ၊ တံခါးမကြီးတွင်ကပ်၊ ခဏတော့အ[illegible] အတား ဖြစ်သွားပြီ။

ပင်ပန်းလွန်း၍ ခုတင်ကြီးထက် ပက်လက်လဲကျသွားတော့သည်။

❦

ပက်လက်လန်လျက် ခုတင်ထက် လဲမိတော့မှ မျက်စိအစုံက မျက်နှာကြက်ဆီ [illegible]ရောက်သွားသည်။

ခုတင်တွင် စောစောက ဖာခြင် ထောင် မရှိတော့။

မျက်နှာကြက်တွင် ခုတင်အလယ် ခန့် လူအိပ်မည့် ရင်ညွှန့်တည့်တည့် သံချွန်ကြီး [illegible]တစ်ချောင်းက လုံတစ်ချောင်းနှယ်။

ထိုလုံတစ်ချောင်းအလား ချွန်မြနေသော သံချွန်ကြီးနှင့် ခုတင်တိုင်ကို ပင့်ကူ [illegible]တစ်ကောင်က အိမ်ဖွဲ့ထားသည်။

လူတစ်ကိုယ်တွင် ကြောက်ရွံ့စိတ် တစ်ခုရှိသည်။

သရဲတစ္ဆေတို့ကို အောင်နိုင်သူ မမြင်ဘူး၍ မကြောက်။ မြွေ၊ ကင်း၊ ပိုးဟပ်တို့ကို [illegible]ည်း အာရုံမရှိ။

သို့သော် - ပျော့စိစိ၊ ကပ်စေးစေးအမျှင်နှင့် ပင့်ကူကိုမူ သူ ရွံ့သည်။ ပင့်ကူက သံ[illegible]ကြီးထိပ်များနှင့် သူ့ (ပက် လက်) မျက်နှာအထက်နားတွင် ပင့်ကူမျှင်ချ၍ ဒန်းစီး[illegible]ည်ပမာ လှုပ်ရှားနေသည်။

အောင်နိုင်သူက ခြောက်လှန့်၊ ပင့်ကူက ပြန်တက်ပြေး၊ ပြန်ဆင်း၊ ပြန်ခြောက်၊ [illegible]တယ့်ဂျာအေး သူ့အမေရိုက် သံသရာ။

တစ်ခဏအကြာတွင် ပင့်ကူက သူ့မျက်နှာပေါ် ပြုတ်ကျလာ၍ အောင်နိုင်သူ [illegible]ာင်တစ်ဖက်စွန်းသို့ လိမ့်ချလိုက်ပြီး ဝုန်းခနဲ ထအရပ်။

"ဒိုင်း - ဖောင်း"

တဒင်္ဂလေး တကယ့်ဆံတစ်ခြည်ခြား အချိန်ကလေး။

မျက်နှာပေါ် ပင့်ကူအကျ တစ်ဖက်စွန်းသို့ အောင်နိုင်သူ လိမ့်အရှောင် ဝုန်းခနဲ [illegible]ထ။

မျက်နှာကြက်မှ သံချွန်လုံချောင်းကြီးက စောစောက သူ လှဲနေသောနေရာ (သူ့ [illegible]ညွှန့်တည့်တည့်) တွင်း ဝုန်းခနဲထိုးကျကာ ခုတင်ကြမ်းပြင်အား ဖောက်ထွက် [illegible]န်းလန်း။

တကယ့် နဂါးခံတွင်း၊ ကျားခံတွင်း၊ သေမင်းတံခါးဝမှ လက်မတင်လေး လွတ် [illegible]ြောက်လာသော အောင်နိုင်သူ။

"ဂျစ် - ဂျစ် - ဂျစ်"





www.burmeseclassic.com

www.burmeseclassic.com

တဒင်္ဂ စက္ကန့်ပိုင်း အချိန်လေးအတွင်း သေမင်းလက်မှ လွတ်မြောက်လာသော အောင်နိုင်သူ၊

တဒင်္ဂ စက္ကန့်ပိုင်းအတွင်း ဝေးကြောင်နေမိစဉ် အခန်းနံရံအား တဂျစ်ဂျစ် ကုတ်ခြ သံကြောင့် သတိပြန်ဝင်လာသည်၊

အသံက ခုတင်နှင့်ကပ်လျက် နံရံမှ အသံ၊

မကြာမီ အက်ကြောင်းငယ်တစ်ခုနှင့် ထိုအက်ကြောင်းငယ်ကြားမှ ဖျပ်ခနဲ မီးရောင်လတ်လတ်ကို လျှပ်တစ်ပြက် မြင်လိုက်ရသည်၊

အောင်နိုင်သူ အခန်းတွင်းမှ ဖယောင်းတိုင်ကိုမှုတ်၊ ရေချိုးခန်းတွင်း ပြေးဝင် တံခါးပိတ်ထားလိုက်တော့ သည်၊

နောက်မှတံခါးကို တဖြည်းဖြည်း ဖွင့်ကြည့်ရာ မီးရောင်နှင့် လက်တစ်ဖက် ကြားအက်တွင်းမှ ထွက်လာတာ လက်တစ်ဖက်က ဘီလပ်မြေသရိုးများ မရှိတော့ ညှပ်၍ အခန်းချင်းဆက် နှုတ်ခံများကိုဖယ်ရှားပြီး လူတစ်ကိုယ်စာ ဝင်ပေါက်မှ အခန်းချင်း ဝင်လာသူက သရဲခေါင်းတုံး ခါးကုန်းကြီး၊

❀

ခေါင်းတုံးကြီးက လက်နှစ်ဖက် ဆန့်တန်းပြီး အခန်းတွင်းဝင်လာကာ အောင်နိုင်သူ ခုတင်ထက်ရှိ မရှိ လက်ဖြင့် စမ်းသပ်ရှာဖွေနေသည်၊

နောက်ထပ်နှုတ်ခံများကိုဖယ်၍ဝင်လာသူက အကျီဖြူလက်ရှည် ဘောင်းဘီရှည်ဖြင့် ရှေ့တလျာ၊

မရွှေချောက လက်တစ်ဖက်ဖြင့် မီးအိမ်ကိုင်ဆွဲဝင်လာသည်၊

မချောလေးမျက်နှာက ချစ်စရာ တစ်ကွက်မှ မရှိတော့၊

တကယ့်သွေးဆာနေသည့် တစ္ဆေမ မျက်ခွက်၊

"တောက်"

ခုတင်ထက် လုံးစုံ၍မရှိမဆန့်သေနေမည့်အောင်နိုင်သူ၏အလောင်းကောင်ကို လိုက်လံရှာဖွေစမ်းသပ်နေရာ မတွေ့ရသဖြင့် စားခါနီး အစာပါးစပ်ဝရောက်ခါမှ ပြုတ်ကျသွား၍ သရဲခေါင်းတုံး ခါးကုန်းကြီးက တောက်တစ်ချက် ခေါက်လိုက်သည်၊

အောင်သေအောင်သား စားရတော့ မည့်ပုံနှင့် အခန်းတွင်းဝင်လာသည့် သရဲ တလည်း သဘောပေါက်သွားဟန်ဖြင့် ခေါင်းတုံးခါးကုန်း သရဲအား ...



"ခုမှ တောက်ခေါက်မနေနဲ့၊ နင် သောက်သုံးမကျလို့ အခုလွတ်သွားတာ ခန်းထဲမှာ ရှိနိုင်တယ်၊ တွေ့အောင်ရှာ"

မရွှေချောက လက်တစ်ဖက်ဖြင့် မီးအိမ်ပြ၊ ကျန်လက်တစ်ဖက်ဖြင့် ခေါင်းတုံးကြီး အားဆွဲ၍ ရေချိုးခန်းဆီလာနေပြီ၊

အောင်နိုင်သူအတွက် လုံခြုံမှု မရှိတော့၊

ရေချိုးခန်းအတွင်း ရေပိုက်များ သွယ်တန်းထားသည့် မျက်နှာကြက်တွင် လူတ ကိုယ်စာ ဝင်ပေါက်တစ်ခု၊

အောင်နိုင်သူ ပိုက်တန်းများ တွယ်တက်၊ အပေါက်၏အပေါ်ဘက် ထုပ်တန်းများ ကို ဆွဲခို၍ မျက်နှာကြက်ပေါ်မှ သစ်သားတန်းတွင် မျောက်တစ်ကောင်နယ် ငြိမ်ကုတ် နေမိသည်၊

ညှီစို့စို့အနံ့များကြောင့် အသက်ပင် ရှူ၍မရ၊

ဝုန်းခနဲ အသံကြောင့် ရှောင်တွင် တွယ်ကပ်နေသော အောင်နိုင်သူ၊ ရေချိုးခန်း ဘက်သို့ ငုံ့ကြည့်လိုက်သည်၊

ရေချိုးခန်းတံခါး ပွင့်သွားပြီး သူ့ကို အခန်းတွင်းမတွေ့၍ ပိုက်တန်းတစ်လျှောက် မော်ကြည့်နေသော ခေါင်းတုံးသရဲ နှင့် သွေးဆာနေသော တစ္ဆေမ၊

တစ္ဆေမက ရေချိုးခန်းအတွင်း သူတို့ ဖွက်ထားသော ပုဆိန်တစ်လက် ထုတ် လိုက်ပြီး ပုဆိန်အား ဝင့်ပြကာ ...

"ဟဲ့ကောင် - ဆင်းခဲ့စမ်း၊ နင့် အသက် ထားခဲ့"

အောင်နိုင်သူ ပြေးပေါက်ရှာရပြန်ပြီ၊

"ဟား - ဟား - ဟား"

တစ္ဆေမက မျက်မမြင် သရဲခေါင်းတုံးအား မီးအိမ်ကို အပ်၊ လက်တစ်ဖက် ပုဆိန်ကိုင်ဆွဲ၊ ရေပိုက်လမ်းကြောင်းအတိုင်း သူ့နောက်ထပ် လိုက်လာပြီ၊

"ခွမ်း"

အောင်နိုင်သူက မျက်နှာကြက်အောက် ဘေးဘက်ရှိ မှန်ပေါက်တစ်ခုအား တံတောင်နှင့်ရိုက်ခွဲပြီး ထိုအပေါက်မှ ခဲရာခဲဆစ် တိုးထွက်ကာ ခေါင်မိုးပေါ် ရောက် လာပြီ၊

"ဟား - ဟား - ဟား - နင်ဘယ်ပြေးမလဲ၊ အကောင်"



www.burmeseclassic.com

www.burmeseclassic.com

မိန္တာမက ပြေးပေါက်မရှိ၊ တွေဝေနေသော သူ့ထံ အော်ဟစ်ဆဲဆိုရင်း ပုဆိန်ကို ကိုင်ကာ ဝင့်ကာ တဖြည်းဖြည်း ကပ်လာနေပြီ။ ပြေးမလွတ်သည့် သားကောင်ကို အပြတ်ရှင်း အောင်ပွဲခံတော့မည့်ပုံ။

ရှေ့မှ သေပြေးရှင်ပြေး ပြေးနေသော အောင်နိုင်သူ၊ ခြေချော်ကာ တလိမ့်လိမ့် လိမ့်ကျသွားရာမှ ဆုပ်မိဆုပ်ရာ ဆုပ်ကိုင်လိုက်ရာ ရေတံလျှောက်တစ်ခု၊

ညီတို့စို့၊ ပုပ်အဲ့အဲ့ အနံ့များကြောင့် ရေတံလျှောက်ကို ဆုပ်ကိုင်လျက် တန်းလန်းမှ အောက်ဘက်သို့ ငုံ့ကြည့်လိုက်မိ သည်၊

"ဘုရား - ဘုရား"

မြင်တွေ့လိုက်ရသည်က အပိုင်းပိုင်း ခုတ်ထစ် ဖြတ်တောက်ထားသော လူ့ခန္ဓာ အစိတ်အပိုင်းများ။

သူ့နောက်မှ မိန္တာမကလည်း ပုဆိန်ကိုင်ကာ တဟီးဟီး တဟားဟားဖြင့် လိုက် [illegible]သည်။

[illegible] ခန္ဓာကိုယ် အောက်ပိုင်းအား နာရီရှိန် [illegible] အားထည့်ကာ ခန္ဓာကိုယ်အောက်ပိုင်းကို [illegible]လိုက်သည်။ တွတ်တိ —၂

[illegible] အိမ်အမိုးနှင့် တင်နေသည့် သစ်ဝင်ကြီးတစ်ပင်ဆီသို့ ဖင် တရွှေ့ရွှေ့ နှင့် ချော်တက်လာခဲ့သည်၊

မိန္တာမကလည်း တရွတ်ရွတ် ကောက်၊

သစ်ဝင်ကြီးအောက်ရောက်၍ သစ်ကိုင်းတစ်ကိုင်းအား ရိုန်း၍ ခုန်အဆွဲ ဟန်ချက် ပျက်ကာ အောင်နိုင်သူတစ်ယောက် တဝုန်းဝုန်းဖြင့် တလိမ့်ခေါက်ကွေး အိမ်အမိုး ဆင်ခြေလျှောအတိုင်း ပြုတ်ကျလာသည်၊

အဆီးအတားမရှိ၊ အမိုးအစောင်းအတိုင်း လိမ့်ကျလာရာမှ လက်တစ်ဖက်က ဆွဲမိဆွဲရာ ဆွဲလိုက်ရာ လူက လေထဲတွင် တန်းလန်းယိမ်းထိုးလျက်၊

လူ ဆွဲထားလိုက်မိသည်က အိမ်အမိုးစွန်းနှင့် အောက်ခံတန်း၊၊ အောက်တွင် လည်း အမှောင်ထု၊ နောက်မှလည်း မိန္တာမက ဖဝါးခြေထပ်၊ ခုန်လည်း မချင့်၊

"ဟား - ဟား - ဟား - သေစမ်း - သေစမ်း"

သို့ - တွဲလောင်းဖြင့် လေထဲတွင် ဝှေ့ယမ်းနေစဉ် မိန္တာမက တဟားဟား ရယ်မော ကာ ပါးစပ်မှလည်း ကြိမ်း၊ လက်ကလည်း သူကိုင်ထားသော ပုဆိန်ဖြင့် အောင်နိုင်သူ၏



အမိုးစွန်းတန်းကို ဆုပ်ကိုင်ထားသည့် လက်ကို အားပါးတရ ခုတ်ချလိုက်တော့ သည်၊

"အား ..."

နာကျင်မှုဝေဒနာက တစ်ကိုယ်လုံး ပျံ့နှံ့သွားပြီ၊ အောက်ဘက်ရှိ ချုံပုတ်ကြီးတွင်း သို့ အော်ဟစ်ရင်း ပြုတ်ကျသွားတော့သည်၊

နာကျင်မှုကို အလေးမထားနိုင်၊ အသက်ရှင်သန်ရေးအတွက် သေပြေး ရှင်ပြေး ဆင်တန်းတောတိုး ခြေဦးတည့်ရာ ပြေးရတော့သည်၊

အသားကုန်ပြေးနေရာမှ နောက်ဘက်မှ အလင်းရောင်ကြောင့် လှည့်ကြည့်လိုက် သူ ထွက်ပြေးလာခဲ့သော မရဏထောင်ချောက် မိန္တာစံအိမ်ကြီးမှာ မီးတဟုန်းဟုန်း တောက်လောင်နေသည်ကို သူ မြင်တွေ့လိုက်ရသည်၊

အောင်နိုင်သူ ပြောသမျှကို ဦးအောင်လတ်က အသေအချာ နားထောင်သည်၊ ပြောနေစဉ်အတွင်း ဖြတ်မေးခြင်း လုံးဝမရှိ၊

အောင်နိုင်သူက ဖြစ်ကြောင်းကုန်စင်ကို ပြောပြီးသည့်တိုင် ကြောက်စိတ်တ ငြယ်သေး၊

နဖူးနှင့် မျက်နှာပြင်တွင် ချွေးများစို့လျက်၊

ဦးအောင်လတ်က အစအဆုံး အသေအချာနားထောင်ပြီးမှ သတိဖြင့် တစ်ချက် ချလိုက်ပြီး ...

"မောင်ရင့် ပုံပြင်လေးက အတော်လေးနားထောင်လို့ ကောင်းတာပဲ၊ ဒါထက် ခင်းပြောတဲ့ မရဏစံအိမ်ကြီးက ဘာကြောင့် မီးလောင်တယ်လို့ မင်း ထင်သလဲ၊ ဆိုပါဦး..."

ဦးအောင်လတ်၏ အမေးကို အောင်နိုင်သူက ချက်ချင်းမဖြေသေး၊ ပုလင်းထဲမှ အရက်ထပ် သုံးပတ်ခန့်ထပ်ထည့်၊ ရေမရောဘဲ မော့ချလိုက်ပြီး ...

"မိန္တာမက ကျွန်တော့်ကို လိုက်ရှင်းတုန်း မမြင်မစမ်းနဲ့ ခလုတ်တိုက်လဲ၊ မီးအိမ် ကွတ်ကျ၊ မီးလောင်တာလို့ ထင်တာပဲ - ဆရာ"

ဦးအောင်လတ်က ...



www.burmeseclassic.com

www.burmeseclassic.com

"မင်း မဆိုးဘူး ငါ့ညီ၊ စိတ်ဝင်စားအောင်လည်း ပြောတတ်တယ်၊ ဇရပက်ထပ် မေးခွန်းတွေလည်းအဆီအငေါ်တည့်အောင် ယိုပေါက်ဟာပေါက်မရှိဖြေတတ်တယ်၊ အကျိုးအကြောင်းလည်း ခိုင်လုံ၊ ယုတ္တိလည်း ရှိတယ်၊ မင်း စာရေးဆရာ လုပ်ပါလား တတယ့် Master Story Teller ပဲကွ"

သူ့သရော်စကားအဆုံး အောင်နိုင်သူက ဝုန်းခနဲ ထရပ်လိုက်ပြီး ...

"ဆရာက ကျွန်တော့်ကို လူလိမ်၊ လူညာ၊ အရူးလို့ ပြောချင်တာလား၊ ဒါဖြင့် ဒါဘာလဲဗျ"

အောင်နိုင်သူက တစ်ချိန်လုံး လှုပ်ပင်မလှုပ်သော သူ့ဘယ်လက်ကို သားရေအောင်းဘီအိတ်တွင်းမှ ထုတ်ပြလိုက်တော့သည်၊

သည်တစ်ကြိမ် ပါးစပ်အဟောင်းသား ဖြစ်သွားသူက ဦးအောင်လတ်၊ အောင်နိုင်သူ၏ သေတ်ဝဲလတ်၊ လတ်ချောင်းလေးများမှာ လက်မပုလွှဲ၍ ကျန်လက်ချောင်းများ ပြတ်ထွက်နေပြီး သွေးသွေးစ် ရစ်ပတ်ကာထားသည့် အဝတ်စုတ်များတွင် သွေးအတိုင်းစိမ်းလတ်မှာလည်း ထဆတ်ဆတ် တုန်ခါလျက်၊

⁂

ဝိုင်း၍အုံကြွေရာတောင်းသည်တာ အောင်နိုင်သူ၏ ပြောပြတိုင်တန်းချက်အရနည်းခြေရာတင်းမှုနှင့် တစ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်သေများ၊ ထိုအခင်းဖြစ်နေရာကို လိုက်လံရှာဖွေကြရာ လတ်လတ်ဆတ်ဆတ် မီးလောင်ထားသော ကွင်းခြင်တဲ့ယ်တစ်ခု၊ ခပ်လှမ်းလှမ်း သစ်ပင်အောက်တွင် တုံးလုံးပက်လက်လဲနေသော တွန်ဒါဆိုင် ကယ်တစ်စီး၊

၎င်းအခြေအနေများကို မြင်တွေ့လိုက်ရသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၏ စကားက ပိုရှင်းသည်၊

"အဲဒါ ကျတ်ကုန်းပဲ ဆရာတို့" တဲ့၊

အောင်နိုင်သူနှင့် ဦးအောင်လတ်သည်တစ်ခါ ပါးစပ်အဟောင်းသား၊





www.burmeseclassic.com

www.burmeseclassic.com

နန္ဒဝင်းကျော်ခေါင်
(ဒေဝတ္တာလူ့ပြည်)

# သရဲချောင်း

ကျွန်ုပ် စာရေးသူသည် အကြောင်းအရာတစ်ခုကို ဖွဲ့နွဲ့စွာတင်ပြလိုသည်မှာ ထုံးစံလို ဖြစ်နေ၏၊ ယခုတင်ပြမည့် အကြောင်းအရာသည် မန္တလေးတိုင်းဒေသကြီးရှိမိတ္ထီလာမြို့နယ်အတွင်း ပျော်ဘွယ်ဟူသော မြို့ကလေးနှင့် မိုင်ခန့် ဝေးကွာသည့် ချောင်းကလေးတစ် ချောင်း၏ လွန်စွာဂမ္ဘီရဆန်စွာ လွန်စွာ ခန့်ကြွယ်လှသည့် အဖြစ်အပျက် တစ်ခုအား မျက်မြင်ကိုယ်တွေ့တွေ့ရှိလိုက်ရ၍ ကျွန်ုပ် စီးလာသောကားကို သရုပ်ဆောင်မင်းသား "ဟိန်းကြွယ်စင်" အမည်ရှိ ဥတိတ်တို မေတ္တာရပ်ခံ တောင်းပန်ပြီး ကားကိုရပ်ခိုင်းကာ ကျွန်ုပ်၏ လက်ကိုင်ဖုန်းလမြင့် အမှတ်တရ ဓာတ်ပုံရိုက်ရတော့၏။

သရုပ်ဆောင်မင်းသား ဟိန်းကြွယ်စင်မှာ ကျွန်ုပ် စာရေးသူအား လွန်စွာလေးစားသားငယ်၊ ညီငယ်တစ်ယောက်သဖွယ် ချစ်ခင်ရသူမှာလည်း ကျွန်ုပ် စာရေးသူပင် ဖြစ်လေ၏။

တစ်ဦးမေတ္တာ၊ တစ်ဦးမှာဟုပင် ဆိုရပေတော့မည်ဖြစ်၏။ ထို့ကြောင့် ၎င်း မောင်းနှင်လာသည့် ကားကလေးကို ရပ်ကာပေး၏။ ချောင်းမှာ အရှေ့အရပ်တွင် မိုးညို့လာလျှင် ခပ်မြန်မြန် မောင်းနှင်ရသော သရဲချောင်းဖြစ်နေလေ၍ ၎င်းမင်းသားဟိန်းကြွယ်စင် ကြောက်မည်ဆိုက ကြောက်လောက်ပါပေ၏။ အရှေ့အရပ်မှ မိုးညို့လာလျှင် ဆင်သတ္တဝါပင် ရေစီးထဲပါသွားလောက်အောင် ရေစီးကြမ်း၏ဟု ဆို၏။



တံတားရှိသော်လည်း တံတားပေါ်တွင် ဆယ်ဘီးကားကြီး နှစ်စီးခေါင်းချင်းဆိုင်ကာ ပြင်းထန်စွာ တိုက်မိထားပြီး လမ်းပိတ်နေ၍ ဖြတ်သန်းသွားလာခြင်း မပြုနိုင်ပါချေ။

ထိုတံတားသည် ကျွန်ုပ်တို့ စီးနင်း လာသော ပရိုဘောက်ကားလေးမျိုးသာ နှစ်စီးချောင်ချောင်ချိချိ ဖြတ်သန်းလာ၏။ ဆယ်ဘီးကားကြီးနှစ်စီး ဖြတ်သန်းသွားလာ၍ မရပါချေ။

သို့သော် - တံတားပေါ်တွင်မှ ဆယ်ဘီးကားကြီးနှစ်စီးမှာ တောင်ဘက်မှာ တစ်စီး၊ မြောက်ဘက်မှာတစ်စီး၊ တစ်စီး ကို တစ်စီးတွေ့လျက် တံတားတစ်ဖက်တွင် မစောင့်ဆိုင်းကြတော့ပဲ ပဇာသို့သော စိတ်ဆင်ရိုင်းကြီးက မဒုပ်စီး မထိန်းသိမ်းကြတော့ဝဲ သရဲချောင်း၊ သရဲတံတားကြီးပေါ်တွင် ခေါင်းချင်းဆိုင် တိုက်ကြလေသနည်း။

"ဒုန်း"

ကားကြီးနှစ်စီးပေါ်ပါလာသည့် ကားမောင်းသမားတို့မှာ နှစ်ဦးစလုံးပြင်းထန်စွာ ဒဏ်ရာကိုယ်စီရကြလေ၏။

ကျွန်ုပ်မှာ စာရေးဆရာတစ်ဦး ဖြစ်လေ၍ ၎င်းကားမောင်းသမားနှစ်ဦးကို ကြည့်တာ ရှေးကာလက မွန်သူရဲကောင်း ဗညားဒလကိုပြေး၍သတိရမိ၏။

တောင်ငူကိုတရုတ်တပ်ကြီး လာဝိုင်းစဉ် မွန်သူရဲကောင်း သမိန်ဘရမ်းကိုလည်း မြန်မာဘုရင်တို့မှ ဖမ်းမိထား၏။ တရုတ်တို့ တပ်ဘက်မှ သူရဲကောင်းတစ်ဦးချင်း စီးချင်းထိုးမည်ဟုအကြောင်းကြားစာရောက်လာရာမြန်မာတို့ဘက်မှသူရဲကောင်းတို့မှာ သားတော် မင်းရဲကျော်စွာစစ်ချီရာသို့ လိုက်ပါသွားကြကုန်၏။ သူရဲကောင်း ရှားပါးနေချိန် တရုတ်သူရဲကောင်းကို ရင်ဆိုင်ရန် သူရဲကောင်း ရှားပါးနေ၍ ဖမ်းမိထားသော မွန်သူရဲကောင်း သမိန်ဘရမ်းကို အကူအညီတောင်းကာ တရုတ်သူရဲကောင်းအား တိုက်ခိုက်ခိုင်းရလေတော့၏။

ဤတွင် တရုတ်သူရဲကောင်းနှင့် မြန်မာဘက်မှ မွန်သူရဲကောင်း သမိန်ဘရမ်းတို့ မြင်းနှစ်စီးဖြင့် မြို့တံတိုင်းအပြင်ဘက်တွင် တစ်ဦးချင်း မြင်းနှစ်စီးပေါ်တွင် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်၍ ရဲရဲရင့်ရင့် ရင်ဆိုင်တိုက်ခိုက်သည်ကို တွေးမိပြီး သရဲတံတားပေါ်မှ ဆယ်ဘီးကားသမားကြီးနှစ်ဦး ကားခေါင်းချင်းဆိုင် တိုက်ကြပုံတို့ နှိုင်းယှဉ်တွေးမိပြီး ကျွန်ုပ် စာရေးသူမှာ ပြုံးမိလေ၏။

"ခြော် - ဒေါသ - ဒေါသ"



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကျွန်ုပ် စာရေးသူ တွေးထင် သကဲ့သို့ မဟုတ်ပါချေ။ ကျွန်ုပ် စာရေးသူတို့ တားလေး ပုဂံသို့သွားရောက်ပြီး အပြန် သရဲချောင်း၊ သရဲတံတားသို့ ပြန်လည်ရောက်ရှိချိန်၌ တံတားပေါ်တွင် ခေါင်းချင်းဆိုင်တိုက်မိထားသော ဆယ်ဘီးကားကြီးနှစ်စီးစလုံး မရှိတော့ပါချေ။

သက်ဆိုင်ရာမှ လာရောက်ခေါ် ဆောင်သွားပုံရ၏ဟု ကျွန်ုပ်ဘာသာ တစ်ဦးတည်း တွေးမိလေတော့၏။

အနီးအပါးရှိသရဲချောင်းနှင့် သရဲတံတားအနီး နေထိုင်သည့်အဘကြိုင် ဟူသည့် အကြော်သည် အဘိုးကြီးအား မေးမြန်းစုံစမ်းကြည့်ရာမှ ဤတံတားကြီးနှင့်ပတ်သက်သော အကြောင်းအရာတစ်ခုကို သိလိုက်ရတော့၏။

ကျွန်ုပ် သိလိုက်ရသော အကြောင်းအရာအား ဝတ္ထုတိုကြီးတစ်ပုဒ်အသွင် ရေးသား၍ ဂမ္ဘီရလောကစွေဝင်းသို့ ပေးပို့လိုက်ပါကြောင်း ...

❦

သရဲချောင်း၏ အနွယ္ယသညာစစ်စစ် မှာ အနီးအနားမှာရှိသော မုန်းရွာကို အစွဲပြု၍ မုန်းချောင်းဟု လူသိများ၏။

မုန်းရွာငယ်တွင် အကြော် ကြော်ရောင်းသူမိခင်နှင့် ဖခင်ဖြစ်သူ သစ်ခုတ်သမားကြီး ဦးလှဘော်တို့တွင် သမီးတစ်ယောက် ရှိ၏။

သမီးဖြစ်သူမှာ အသက်တစ်ဆယ့် ရှစ်နှစ်အရွယ် ရောက်ခဲ့ပြီဖြစ်သော်လည်း အိမ်ထောင်ရက်သား မကျသေးချေ။

အမည်မှာ ရွာနာမည်ကို အစွဲပြု၍ ဖခင်ဖြစ်သူနှင့် မိခင်ဖြစ်သူတို့မှ မိမုန်းဟုပင် ခေါ်ကြ၏။

မိမုန်းမှာ တောရွာသူတို့နှင့်ပင် မတန်ဟု ဆိုရမည်ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် မုန်းချောင်းနှင့် မုန်းရွာတို့နှင့် မတန်အောင် ခေတ်စကားဖြင့် ဆိုရသော် လှချက်ပြင်းလွန်းလေ၏။

မုန်းရွာသူ မိမုန်းသည် အညာသူဆိုပေမြား အသားအရေဖြူ၏။ နှာတံစင်း၏၊ နှုတ်ခမ်းမှာ ပါးပါးလှပ်လှပ်၊ ဖူးဖူးရွရွဖြင့် မုန်းရွာသူတို့လို နှုတ်ခမ်းမည်းမည်း ထူထူကြီးမျိုး မဟုတ်ဘဲ နီနီထွေးထွေး ပန်းရောင်ပြေး၏ဆိုရမည့် နှုတ်ခမ်းမျိုးဖြစ်၏။ မိမုန်း၏ ပါးပြင်မို့မို့သည် ရှမ်းမလေး များကဲ့သို့ ဝင်းမွတ်နီထွေးလေ၏။



ဆိုရသော် မုန်းရွာသူ မိမုန်းသည် ဤနယ်တစ်ကြော၌အလှ ပြိုင်ဘက်တင်း၍ ထားရသည်ဖြစ်ပေတော့၏။

မုန်းရွာနှင့် မုန်းရွာပတ်ဝန်းကျင်ရှိ မြို့ငြွာ၊ ပေါက်ရွာ၊ လှကြီးကုန်း၊ အင်တောအုယ် စသည့်ရွာတို့မှ လူပျိုကာလသားအပေါင်းတို့မှာ မုန်းရွာသူ မိမုန်းကို ပိုင်ဆိုင်ဖို့အရေး နည်းမျိုးစုံသုံး၍ ကြံစည်ကြ၏။

သို့သော် - မုန်းရွာသူ မိမုန်း၏ မေတ္တာနှင့် အချစ်ကို ပိုင်ဆိုင်ဖို့ဝေးစွ၊ မိမုန်းအနားသို့ပင် မသီနိုင်ဝံ့ကြချေ။

မိမုန်း၏ သူငယ်ချင်းမိမြို့ မိတောကျယ်တို့ဖြင့် တံစိုးလက်ဆောင်ပေး၍ ချဉ်းကပ်ကြသော်လည်း မအောင်မြင်ကြ ချေ။

မိမုန်း၏ မေတ္တာပန်းကို ဆွတ်ခူးနိုင်ဖို့ အရွာရွာမှ လူငယ်အပေါင်းတို့ နည်းအမျိုးမျိုးကြိုးစားကြသော်လည်း မိမုန်းအချစ်၊ မိမုန်းမေတ္တာ၊ ညှော်သည်ရွာကာလသား၍ ဆွတ်ခူးနိုင်ခြင်းမရှိကြချေ။

အချိန်ကြာလာသော် မုန်းရွာ၏ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်မလေး မိမုန်းကြောင့် ကာလသားအပေါင်းတို့မှာ လက်မှိုင်ချကာ လက်လျှော့သွားကြကုန်၏။

သို့သော် - လှကြီးကုန်းရွာ၏ ရွာလူ ကြီး ဦးလှမြိုင်၏သား တောကျော်ကတော့ မုန်းရွာသူ မိမုန်း၏အချစ်ကို လွယ်လွယ်နှင့် လက်မလျှော့ခဲ့ပါချေ။

မိမုန်းသွားလေရာလာလေရာ အရပ်မိမုန်း၏ အပေါင်းအသင်း သူငယ် ချင်းတို့ကို ချဉ်း၏။ ဤတွင် မိမုန်း သူငယ်ချင်းနှစ်ယောက်ကို တွေ့၏။ တစ်ယောက်မှာ မိတောကျယ်ဖြစ်၏။ သို့သော် မိတောကျယ်၏ မိဘများမှာ တောသူဌေးစာရင်းဝင်များဖြစ်၍ တံစိုးလက်ဆောင်ဖြင့် စည်းရုံးချဉ်းကပ်၍မရနိုင်မှန်း လှကြီးကုန်းရွာသား တောကျော် သတ်ဆမိ၍ ဆင်းရဲသော တံစိုးလက်ဆောင်ပေး၍ လွယ်သောမိမြို့ကို တံစိုးလက်ဆောင်ပေးတာ စည်းရုံး၏၊ ချဉ်းကပ်၏။ မိမြို့မှာ တောကျော်၏ စည်းရုံးမှု၊ တောကျော်၏ ပစ်မှတ်ရည်ရွယ်ချက်ကိုမသိဘဲ လက်သင့်ခံကာ သူငယ်ချင်း မိမုန်းကို ချဉ်းကပ်တော့၏။

ငွေမျက်နှာ အသပြာတံစိုးလက် ဆောင်တို့ကြောင့် မိမြို့မှာ တောကျော်၏ မိဘများ၏ ကြွယ်ဝပုံ၊ တောကျော်မှာ မိမုန်းကို ချစ်လွန်းလွန်း၍ တောကျော် ကြိုက်နှစ်သက်သည့် အရက်သေစာကိုပင် ဖြတ်တောက်လိုက်ကြောင်း လူလိမ္မာလေး တစ်ယောက်ပင်ဖြစ်၍နေပြီဖြစ်ကြောင်း တောကျော်မှာ မိမုန်းကိုသာ ရမည်ဆိုသော စိန်ရွေ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆင်စာနှင့်မိဘများကိုစေလွှတ်၍တောင်းရမ်းစေပါသည်ဟုရွှေစကား၊ငွေစကား ဆို၏။ တောကျော်၏ ကောင်းသတင်း၊ တောကျော်၏ မေတ္တာသတင်းတို့ကို ရေပက် မဝင်စကားများဖြင့် မိမြိုင်မှာ အာပေါက်မတတ် ဆို၏။

သို့သော် – မိမုန်းမှာ သူငယ်ချင်းမ မိမြိုင်ကို ပြုံးပြုံးလေးဖြင့်သာ ခေါင်းခါငြင်းဆန် ၏။

မိမြိုင် အောင်သွယ်တော်မကြီးမှာ လုကြီးကုန်းသား တောကျော်အား မိမုန်း၏ သဘောထားအမှန်ကို ရှိးရှိးရှင်းရှင်းပင် ပြန်လည်ပြောဆိုခဲ့၏။

တောကျော် အသည်းဟက်တက်ကွဲ ခံစားလိုက်ရတော့၏။ မိမုန်းရယ် – ဒို့ အသည်း ကွဲသလို နင့်ဘဝလည်း ပျက်ရစေ့မယ်ဟူသော ဒေါသမာန်ဖြင့် အာဃာတ ထားကာ မိမုန်းအား အစိမ်းလိုက်ဝါးစားရန် ကြိုးစားလေတော့၏။

ထိုအချိန်မှာပင် မုန်းရွာသို့ ဆရာဝန်လေး ကိုနန္ဒ ရွာဆေးခန်းသို့ ရောက်လာ ၏။

ဆေးခန်းဖွင့်ပွဲသို့ မုန်းရွာ၏ အလှဝေးမလေး မိမုန်းကို ရွာလူကြီးများမှ မိုး ပုခေါင်းများ ဖွင့်တင်၍ ဖွင့်ပွဲတျင်းပစေရာ မိမုန်းနှင့် ဒေါက်တာ ကိုနန္ဒတို့ တွေ့ဆုံ ခဲ့ကြလေ၏။

ဒေါက်တာနန္ဒမှာလည်း ရန်ကုန် တက္ကသိုလ်ဆေးကျောင်းတက်စဉ် အလှပဆုံး များနှင့် ဆုံတွေ့ခဲ့ဖူးသော်လည်း ချစ်သူဆို၍ ယောင်၍ပင် မရှိခဲ့ချေ။

လူပျိုလူလွတ် ဆရာဝန်ပေါက်စပင် ဖြစ်ပေတော့၏။

ဒေါက်တာနန္ဒမှာ မိမုန်းကို စတင်တွေ့သည့်နေ့ စတင်တွေ့သည့်အချိန်မှာပင် ဒေါက်တာနန္ဒ၏ ရင်ဘတ်ကြီးအတွင်းရှိအသည်းနှလုံးတစ်စုံလုံး တဒိန်းဒိန်း ခုန်တက် ၏။

ဒေါက်တာပေါက်စ ဆရာဝန်လေး ကိုနန္ဒနှင့် မိမုန်း အကြည့်ချင်းဆုံတွေ့လိုက် ချိန်မှာပင် ကိုနန္ဒမှာ အထက်ပါအတိုင်း ခံစားလိုက်ရသလို မိမုန်းမှာလည်း ရင်အခုန် တလှပ်လှပ်တုန်ခါ၍ သွားလေတော့၏။

သို့သော်မုန်းရွာသူမိမုန်းမှာမြန်မာမှုဓလေ့ဖြင့် ကြီးပြင်းခဲ့ရသူမို့ ဒေါက်တာဆေး ကိုနန္ဒရှိရာ ရွာလယ်ဆေးခန်းသို့ ယောင်၍ပင် ခြေဦးမလှည့်ခဲ့ချေ။

ထို့အတူ ဒေါက်တာကိုနန္ဒမှာလည်း ဆေးခန်းဖွင့်ပွဲနေ့က ရင်ခုန်လိုက်မောဟူ တွေ့ခဲ့ရသော မုန်းရွာသူလေး မိမုန်းကို ရင်ထဲ၊ အသည်းထဲ စွဲချစ်ခဲ့ရသလို တစ်ရက်မှ မေ့မရသော်လည်း မိမုန်း၏ သတင်းအစအနကို မည်သူ့အားမျှ မမေး တောင်းလေ၍ မမေးခဲ့ချေ။



သို့သော် – မိမုန်းကို ချစ်ခဲ့စွဲလမ်းခဲ့သော စိတ်သည်ကား မီးခဲကိုပြာဖုံးသော စိတ် မျှဖြစ်၍နေတော့၏။

တစ်နေ့ မိမုန်းအိမ်နောက်ဖေး ဆင်ငိုမျက်တောအား ရှင်းလင်းရာမှ မိမုန်းခြေ ထောက် ပျဉ်ပြားတစ်ချပ်တွင် စွဲနေသော သံချေးတက်သံတစ်ချောင်းအား တက်၍ နင်းမိပြီး သံစူးလေတော့၏။

မိမုန်း၏မိဘနှစ်ပါးမှာ သမီးဖြစ်သူကို အရိပ်တကြည့်ကြည့်ကြည့်ထားသူများမို့ သံထိပ်တက်ကာ မေးခိုင်ပိုးဝင်မည်စိုး၍ ရွာလယ်ဆေးခန်း၊ ဆရာဝန်လေးဒေါက်တာ ကိုနန္ဒရှိရာသို့ ပို့ကြတော့၏။

ဤတွင် ဒေါက်တာကိုနန္ဒမှာ လူနာဆေးမှတ်တမ်းစာအုပ်လေးတွင် လူနာ နာမည်ရေးသားရာမှ မုန်းရွာသူလေး မိမုန်း၏ နာမည်ကို သိရှိသွား၏။

ဤသို့ဖြင့် ဆေးခန်းကို နှစ်ခေါက်မျှ သွားပြရာမှ မိမုန်းမိဘများ မပါလာသော နေ့တွင် ကိုနန္ဒနှင့် မိမုန်းတို့နှစ်ယောက် မှာ ရင်းနှီးမှု ပိုလွန်ခဲ့ကြ၏။

မိမုန်းမှာ ဒေါက်တာကိုနန္ဒကို ဆေးခန်းတွင် ချိတ်ဆွဲထားသော ဒေါက်တာ နန္ဒ M.B.B.S ဆိုသော ဆိုင်းဘုတ်ငယ်ကိုကြည့်ကာ ဒေါက်တာပေါက်စ ကိုနန္ဒ အမည်ကို သိရှိသွား၏။

မိမုန်းမှာ ဒေါက်တာ ကိုနန္ဒကို ခင်မင်ရင်းနှီးမှုပိုကာ ရွာလယ်ပိုင်းရှိသူမ နေထိုင်ရာ အိမ်ကို အလည်ဖိတ်၏။

ဆရာဝန်ဟူသည် တောရွာများ၌ ရှားပါးလူတန်းစားတစ်မျိုး ဖြစ်၏။

ထိုထက်ပို၍ ရှားပါးလေသည်ကား ဝိညာဉ်၏ဒုက္ခသစ္စာကို မမြင်အောင် ဖုံးကွယ် ထားစေသည့်အဝိဇ္ဇာ၊ ဘုံဘဝကို ညွှတ်ပေး၊ ဘုံဘဝကို လိုချင်အောင် ဆောင်ရွက်ပေး နေသည့် တဏှာ၊

ဤအဝိဇ္ဇာနှင့် တဏှာကို သိ၍ မြင် ၍ စက္ခုဝိညာဉ်ဟု ခေါ်သည့် မြင်သိစိတ်၊ သောတဝိညာဉ်ဟု ခေါ်သည့် ကြားသိစိတ်၊ ဃာနဝိညာဉ်ဟု ခေါ်သည့် နံသိစိတ်၊ ဇိဝှါ ဝိညာဉ်ဟုခေါ်သည့်စားသိစိတ်၊ ကာယဝိညာဉ်ဟုခေါ်သည့်ယားနာကောင်းသိစိတ်၊ မနောဝိညာဉ်ဟုခေါ်သည့် တွေးတောကြံစည်သိစိတ်ဟူသည့် အာရုံခြောက်ပါးတို့ အပေါ်၌ အမှန်သစ္စာကို သိမြင်သူတို့ကား လောက၌ ပို၍ပင် ရှားပါးကုန်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့လည်းအဝိဇ္ဇာနှင့်တဏှာဦးစီးသောအတိတ်ကံပေးတူသူထဲတွင်မှ လူမိုက်နှင့် လူလိမ္မာတို့ခြားနားချက်ကို ဤနည်းဖြင့် ခွဲခြားသိသာလေ၏။

မင်္ဂလာပြားများသူကို လူလိမ္မာဟု သတ်မှတ်နိုင်သလို မင်္ဂလာမပြားများသူများကိုမူ လူမိုက်ဟုပင် သတ်မှတ်နိုင်ကြလေ၏။

ဤလူမိုက်များအကြောင်းကို ရှေ့ကာလ၌ ထင်ရှားစွာ သိသာစေတော့အံ့။

ထိုနေ့က ဝသန္တဥတုမိုးရာသီ ဖြစ်၏။

မိုးရာသီဖြစ်၍ မိမုန်းတို့ အိမ်ခြံဝန်းရှေ့တွင် မိုးများရွာသွန်းထားမှုကြောင့် ရေတို့ အိုင်ထွန်းနေ၏။

ဤတွင် ရွာလယ်ဆေးခန်းတို့ ဆိုင်ကယ်လေးဖြင့်လာသော ဒေါက်တာလေး ကိုနန္ဒာ မိမုန်းတို့အိမ်ရှေ့အရောက်တွင် ဆိုင်ကယ်လေးမှောက်၍ လဲ၏။

မိမုန်းမှာ ဆိုင်ကယ်တစ်စီး မှောက်လဲသည်ကိုတွေ့၍ မည်သူများဖြစ်လေမည်နည်းဟု သိလိုစိတ်ဖြင့် ပြူးစမ်းစမ်းကြည့်လိုက်ရာ မိမုန်းရင်ထဲ အသည်းထဲမှ စွဲချစ်မြတ်နိုးရလေသော ဆရာဝန်လေး ဖြစ်နေ၍ အိမ်ထဲမှ အပြေးထွက်၏။ ပြီးသော် ဆိုင်ကယ်စီး၍လဲကျနေသော ဆရာဝန်လေးကိုနန္ဒာကို ဆွဲထူ၏။ ပြီးသော် - မိမုန်း၏ အိမ်ထဲသို့ တွဲခေါ်သွား၏။

ထိုနေ့ကား - မိမုန်း၏ မိဘနှစ်ပါး ကိုင်းခင်းထဲ သွားနေကြ၍ မိမုန်းတို့နေအိမ်တွင် တစ်ယောက်မှ မရှိကြချေ။ မိမုန်းတစ်ဦးတည်းသာ ရှိနေလေ၏။

မိမုန်းမှာ ဆရာဝန်လေး ကိုနန္ဒာကို ပရုတ်ဆီများ လူးပေး၏။ ဆရာဝန်လေး ကိုနန္ဒာမှာ ခြေထောက်မှာ နာနေသော်လည်း ပျာယာခတ်အောင် ပြုစုယုယပေးနေသော မိမုန်းကို တိတ်တခိုးကြည့်ကာ စိတ်ထဲမှ ပြုံးမိလေ၏။

"မုန်း"

"ရှင်"

"မုန်း အဖေနဲ့ အမေကော"

"အဖေနဲ့ အမေ ကိုင်းထဲသွားတယ် ဆရာ"

"မုန်း"

"ရှင်"



"ကျွန်တော့်ကို အခွင့်အရေးယူ တတ်တဲ့လူလို့ မထင်ပါနဲ့ဗျာ။ ကျွန်တော် မုန်းကို ချစ်မိနေပါတယ်။ အဲဒါ…"

မိမုန်းမှာ ဆရာဝန်လေးကိုနန္ဒာ၏ ယနေ့ပြောသောစကားကို ကြားချင်နေသည်မှာ ကြာပြီဖြစ်သော်လည်း ယခုကဲ့သို့ နဖူးတွေ့ဒူးတွေ့ ကြားလိုက်ရသောအခါတွင် ရှင်တုန်ပန်းတုန် ဖြစ်၏။

ပဖာသို့သောစကားကို ပြန်လည်ဖြေကြားရမည်မှန်းမသိဖြစ်ကာ ဒေါက်တာ ကိုနန္ဒာကို မျက်လုံးရွဲကြီးများဖြင့် တိတ်တခိုးကြည့်၏။ ဒေါက်တာကိုနန္ဒာမှာ မိမုန်းတို့ အိမ်တွင် လူသူတစ်ယောက်မျှ ရှိမနေ၍ ပိုမိုအတင့်ရဲစွာ မိမုန်း၏ လက်ကို ဆွဲကိုင်သူ၏။

မိမုန်း၏ ရင်အစုံ တဒိန်းဒိန်း ခုန်၏။

ဆရာဝန်လေးကိုနန္ဒာမှာ ထပ်မံ၍ မိမုန်းကိုဖက်ရန် အားယူအထ ခြေထောက်မှ အနာမှာ အားကုန်နာကျင် သွားပြီး မြေသို့ လဲပြိုကျတော့၏။

"အား"

"အို - ဆရာ"

မိမုန်းမှာ ဒေါက်တာလေး ကိုနန္ဒာကို ဆွဲပွေ့ထူကာ နီးရာ ကုလားထိုင်တွင် ထိုင်စေ၏။ ထိုအချိန်တွင်ပင် မိမုန်း၏ မိဘနှစ်ပါး ပြန်ရောက်လာလေတော့၏။ မချိမဆန့် ခံစားနေရ၏။

"ဟင် - ဒေါက်တာလေး ရောက်နေတာကိုး"

"ရောက်နေတာ - မဟုတ်ဘူး အဖေ၊ ဆရာက မိမုန်းတို့အိမ်ရှေ့က ဆိုင်ကယ်နဲ့ ဖြတ်အသွား မိမုန်းတို့အိမ်ရှေ့ရေအိုင်တွေထဲမှာ ဆိုင်ကယ်မှောက်လဲလို့၊ မိမုန်းက ကူညီပေးနေတာ"

"ဟုတ်ပါတယ် - ဦး"

ဒေါက်တာ ကိုနန္ဒာမှာ မိမုန်း၏ ဖခင်ကို အရိုအသေပြုသည့်အနေနှင့် ထိုင်ရာမှ ထပေးမည်အပြု ခြေထောက်မှာ ထပ်မံ နာကျင်သွား၍ အား - ကျွတ်ကျွတ်ကျွတ်ဟု ညည်းမိလေရာ…

"အို - ဆရာ - မထနဲ့လေ။ ခြေထောက် အနာကြီးနဲ့ဥစ္စာ"

မိမုန်း၏မိခင်ဖြစ်သူမှာ မီးဖိုထဲဝင်ရောက်၍ဓာတ်ဘူးထဲမှ ရေနွေးနှင့် ကော်ဖီမစ် ထုပ်တို့ယူကာ ကော်ဖီဖျော်၍ အိမ်တွင်ရှိသော ကိတ်မုန့်ခြောက်လေးများဖြင့် ဒေါက်တာကိုနန္ဒာကို ဧည့်ခံကျွေးမွေး၏။



www.burmeseclassic.com

www.burmeseclassic.com

"တားပါ - ဆရာ"

"ကျွန်တော့်အတွက် ဒုက္ခများနေကြပြီ"

"မဟုတ်တာ - ဆရာရယ်၊ ဒေါက်တာလို ကျွန်တော်တို့ရွာရဲ့ကျေးဇူးရှင် တစ်ယောက်ကို ခုလို ကူညီခွင့်ရတာကိုပဲ ဂုဏ်ယူမိပါတယ်"

ထိုနေ့က ဒေါက်တာကိုနန္ဒမှာ ဆေးခန်းလည်း မဖွင့်နိုင်၊ ညနေစောင်းတော့မှ မိမုန်း၏ မောင်တစ်ဝမ်းကွဲ ရောက်ရှိလာပြီး ဒေါက်တာကိုနန္ဒ၏ ဆိုင်ကယ်ကို စောင်းနှင်စေတာ ဒေါက်တာကိုနန္ဒ နေထိုင်ရာ ပျော်ဘွယ်မြို့လေးသို့ လိုက်ပို့ပေးလိုက်ရလေတော့၏။

ဒေါက်တာကိုနန္ဒတစ်ယောက် မုန်းရွာလေး ဆေးခန်းသို့ နှစ်ရက်၊ သုံးရက်ကြာမှ ဆေးခန်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့၏။

မိမုန်းမှာမူ ဒေါက်တာကိုနန္ဒ ပြန်ရောက်လာသည့်သတင်း ကြားသည့်နေ့မှာပင် ဆေးခန်းသို့ သွားရောက်၏။ ဆေးခန်းပိတ်၍ အပြန်တွင် မိမုန်းနှင့် ဒေါက်တာကိုနန္ဒတို့နှစ်ယောက် အတူ ဆိုင်ကယ်လေးတွန်း၍ အပြန်လမ်းတွင်ပင် လူကြီးကျန်ရွာသားတစ်ဦးက မိမုန်းတို့ပိုင်ဆိုင်ခွင့်ရရန် အသည်းအသန် ကြိုးစားခဲ့ဖူးသော တောကျော်နှင့် လမ်းတွင် ဆုံတွေ့လေ၏။

မိမုန်းမှာ တောကျော်နှင့် မျက်နှာချင်းဆိုင် ဆုံတွေ့သည်နှင့် ချစ်သူ ဒေါက်တာကိုနန္ဒ လက်မောင်းကို ဆတ်ခနဲ ဆွဲကိုင်ဆုပ်ယူလိုက်မိ၏။

ဒေါက်တာနန္ဒမှ ချစ်သူမိမုန်း၏ အမှတ်တမဲ့ အပြုအမူကို အလေးတယူ မေးမြန်းလေ၏။

"မုန်း - ဘာဖြစ်လို့လဲ"

"ဘာ - ဘာမှမဖြစ်ပါဘူး ဆရာ"

မိမုန်းမှာ ဒေါက်တာကိုနန္ဒ အမေးစကားကို မည်သို့မျှပြန်လှန်ဖြေကြားခြင်းမပြုဘဲ အလိုက်သင့်သာ ဖြေ၏။

သို့သော် ဒေါက်တာကိုနန္ဒမှာ လွန်စွာအကင်းပါးလေသူဖြစ်လေ၍ တောကျော်ရှေ့မှာပင် မိမုန်း၏ဆုပ်ကိုင်လိုက်သော လက်လေးကို ရဲရဲဝံ့ဝံ့ပင် ဆွဲယူကာ နှစ်ယောက်အတူ ဆက်ထွက်ခဲ့လေ၏။



တောကျော်မှာ မီးပွင့်လုနီး မျက်လုံး အစုံဖြင့် မိမုန်းနှင့် ဒေါက်တာကိုနန္ဒတို့ နှစ်ယောက် အနောက်တွင် ကြည့်၍ကျန်ရစ်ခဲ့လေ၏။

"တောက်"

ထိုသည့်နောက်ပိုင်းရက်များတွင် ဒေါက်တာကိုနန္ဒမှာ မိဘများမရှိတော့၍ တစ်ဦးတည်းလေးဖြစ်သူကို ခေါ်ဆောင်လာကာ မုန်းရွာမှ လူကြီးများနှင့် ရပ်မိရပ်ဖများကို အသိပေးပြောကြားစေပြီး မုန်းရွာသူလေး မိမုန်းကို လာရောက်တောင်းယူလေ၏။

မိမုန်း၏ မိဘနှစ်ပါးမှာ ဆရာဝန်လေး ကိုနန္ဒကို ပြင်းပယ်စရာအကြောင်းမမြင်သဖြင့် သမီးဖြစ်သူ ကိုယ်နှိုက်က လက်ခံသဘောတူလေ၍ မိမုန်းနှင့် ဒေါက်တာကိုနန္ဒတို့ သတင်းကျွတ်လျှင် မင်္ဂလာသဘင် ဆောင်နှင်းကာ လက်ထပ်ပေးစားရန် သဘောတူခဲ့လေ၏။

မိမုန်းသေပြီး
ခုနစ်ရက်လည်ပြီး
နောက်နှစ်ရက်အကြာတွင်
မြို့ပြမှာ မိမုန်းတို့
အိမ်နောက်ဖေးလမ်းမှ
ညခုနစ်နာရီဘာသာလေးတွင်
ဖုတ်၍ပြန်လာရာ မိမုန်း
ကြိုးဆွဲချသေသွားခဲ့သည့်
မန်ကျည်းပင်ကြီးတွင်
ရှာကြီးတွဲလောင်းချကာ
သေဆုံးနေသည့် မိမုန်းတို့
မြင်တွေ့ပြီး အော်ဟစ်ကာ
သူ့အိမ်သို့ ရှာထွက်မဲ့တတ်
ပြန်၍ပြေးလေတော့၏





www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာကိုနန္ဒမှာ ချစ်သူ မိမုန်း စိတ်တိုင်းကျ မင်္ဂလာခန်းဝင်ပစ္စည်းများ ဝယ်ယူစေ၏။

မိမုန်းမှာ ဒေါက်တာကိုနန္ဒ လက် မောင်းကိုဆွဲကိုင်ကာ ဆိုင်ကယ်လေး နောက်ထိုင်ခုံတွင်ထိုင်ကာ ပျော်ဘွယ်ဈေးကြီးအတွင်း မင်္ဂလာပွဲတွင် ဝတ်ဆင်ရန် အထည်များဝယ်ယူပြီး ပျော်ဘွယ်မြို့၏ အကောင်းဆုံးအပ်ချုပ်ဆိုင် ဖြစ်သည့် စန္ဒာဦး အပ်ချုပ်ဆိုင်တွင် မင်္ဂလာဆောင်တွင်ဝတ်ဆင်ရန် မိန်းမဝတ်အကျီများ ချုပ်လေတော့၏။

ပျော်လိုက်သည့် ဖြစ်ခြင်းပေါ့။

✤

မိမုန်းနှင့် ဒေါက်တာကိုနန္ဒတို့နှစ် ယောက် ကြည်နူးပျော်ရွှင်နေကြသလောက် ဘကြီးကျော်ရွှေသား တောကျော်မှာ အသည်းကို ကျွဲခတ်ခံနေရလေ၏။ မရှိဆင်းရဲသားလေးများ။

တောကျော်၏အပေါင်းအသင်း သူငယ်ချင်းများမှာလည်း လူကောင်းသူတော်တော့တော့လေ၍ ရှန်ရှန်တန်တန် ပြောဆိုဖျောင်းဖျနိုင်သူမရှိလေဘဲ အရက်တိုက်သူရွာလူကြီးသား တောကျော်အကြိုက် အလိုလိုက် အကြိုက်ပေး စကားများသာ ပြောဆို၍ မုန်းရွာသူလေး မိမုန်း၏ ဘဝကို ဖျက်ရန်သာ အကြံပေးကြကုန်၏။

တောကျော်တို့သည်ကလည်း မြှောက်ပေးလိုက်ကတော့ အူတက်အောင် ကထေဆိုသည့်အစားထဲက ဖြစ်လေ၏။

ထိုနေ့က ဝါဆိုလပြည့်နေ့ မတိုင်မီ တစ်ရက်က ဖြစ်၏။ မုန်းရွာတစ်ရွာလုံး အမျိုးသမီးများ ရွာအနောက်တွင်ရှိသော ကြခတ်ဝရွာ တောအတွင်း ပေါက်ရောက်နေသော ဝါဆိုဝန်းတို့ကို ခူးဆွတ်၍ ရွာဦးဘုန်းတော်ကြီး ကျောင်းဝန်းအတွင်း တည်ထားကိုးကွယ်ထားသော အတုလဘုရားကြီးသို့ ဆက်ကပ် လှူဒါန်းကြမည်ဟုဆိုကာ မိမြိုင်က သူငယ်ချင်းဖြစ်သူ မိမုန်းကို လာရောက်ခေါ်ယူလေသည်။

မိမုန်းမှာ သူငယ်ချင်းမိတောကျယ်ကို သွားရောက်ခေါ်ယူမည်ဟု ပြောဆိုသော်လည်း မိမြိုင်မှာ ဝါဆိုပန်းတွေကို အခြားသောသူတွေ ခူးလို့ ကုန်မှသွားလျှင် ရွာဦးဘုရားကြီးတင်ဖို့ မဆိုထားနှင့်၊ အိမ်က ဘုရားတောင် တင်ရမှာမဟုတ်ဘူးဟု အကြောင်းပြ၍ မိမုန်းမှာ မိတောကျယ်နှင့် နှစ်ယောက်အတူ ကြခတ်ဝရွာတော အတွင်း ဝင်ရောက်ကြလေတော့၏။



မိမြိုင်မှာ သူငယ်ချင်းမိမုန်းကို သွားနေကျလမ်းမှ ဘာဖြစ်လို့မသွားရတာလဲဟု မေးသော် မိမြိုင်မှ အဲဒီလမ်းကသွား ရင် ဝါဆိုပန်းတော့မရဘူး အပင်ငုတ်ဝဲ ရမယ်တဲ့ နိုရိုမောမောပြောလေ၍ မိမုန်းမှာ ဟုတ်မှာပဲလေဟု တွေးဆကာ မိမြိုင် ခေါ်ရာလမ်းမှ လိုက်လေ၏။ ကြခတ်ဝ ရွာတောအတွင်းရောက်တော့ မိမြိုင်မှာ အော်ကြီးဟစ်ကျယ် ဖြင့် မြန်မာသံမိန်း ကလေးအဆိုတော် မာမာမေး၏ "အာယားမ" သီချင်းကို ဆို၏။

"ဟဲ့ – မိမြိုင် နင် မရှက်ဘူးလား"

"အိုး – ရှက်စရာလားဟဲ့၊ ဒီတောထဲ မှာ ဘယ်သူရှိတာမှတ်လို့"

မိမုန်းမှာ မိမြိုင်၏ စကားကိုကြားပြီး ဟုတ်မှာပဲလေဟု တွေးကာ ပြုံး၏။ သို့သော် မိမုန်းမှာ မိမြိုင်၏ အသံကိုသာကြားပြီး လူကိုတော့ တဖြည်းဖြည်းနှင့် မမြင်ရတော့ချေ။ မိမုန်းမှာ သူ့ရှေ့တွင်ရှိသော ဝါဆိုပန်းများကို ဆက်ခူးရင်း မိမြိုင်ကို သတိမထားမိတော့ချေ။ ထို့အတူ မိမြိုင်၏ အသံကိုလည်း မကြားရတော့ချေ။

ထိုအချိန်ကျမှ မိမုန်းမှာ ကျခတ်ဝရွာတောအတွင်း သူမတစ်ယောက် တည်းမှန်းသိ စားမိပြီး ကြောက်လာမိလေ၏။

"မိမုန်း"

"ဟင် – ရှင် – ရှင်"

"အံ့ဩသွားသလား – မိမုန်း။ မအံ့ဩပါနဲ့ မိမုန်းရာ။ တောကျော်ဆိုတဲ့ငါက နင့်ကို အရိပ်လေးတစ်ရိပ်လို ချစ်မိနေတာပါဟာ"

တောကျော်မှာ စကားလည်းပြော၊ မိမုန်းထံ ခြေလှမ်းကျဲကြီးများဖြင့် မပြေးရုံ သာလယ် လှမ်း၏။

မိမုန်းမှာ ကြခတ်ဝါးရုံတောအတွင်း ကျားတစ်ကောင်ရှေ့ရောက်နေသော ယုန်သူငယ်ပမာဖြစ်၍ နေ၏။

ထိုအချိန်မှာပင် တောကျော်မှာ မိမုန်းထံရောက်၍လာပြီး မိမုန်းခန္ဓာကိုယ်ကို သူ၏ လက်နှစ်ဖက်ဖြင့် အားကုန်ဖက်လိုက်၏။ ထိုအချိန်ကျမှပင် မိမုန်းမှာ အားကုန်ရုန်း၏ ကန်၏။ သို့သော် – ယောက်ျားအားနှင့် မိန်းမအားဖြစ်၍ ရုန်း ရင်း ကန်ရင်း မြေသို့မိမုန်း လဲပြိုကျ၏။

တောကျော်မှာ နမရှင်းမစာနာစွာ မိမုန်း၏ ကျောကုန်းမှ အကျီစကို ဆွဲဖြဲ၏။ မိမုန်းမှာ ခန္ဓာကိုယ်လေးကို ရက်ရက်စက်စက် ဖိထားလေပြီ ဖြစ်၏။

မကြာမီ တောကျော်၏ အကြံ အောင်တော့မည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

တောကျော်၏ မျက်နှာသည် လူ့မျက်နှာမရှိတော့ဘဲ ဘီလူးသဘက်ရုပ် သွင် ဖောက်နေလေ၏။

မိမုန်းမှာ ချစ်ဦးသူအတွက် တစ် သက်တာပတ်လုံး လုံခြုံစွာ စောင့်ထိန်းလာခဲ့သော အပျိုရည်နှင့်တူသည့် ပျားဝတ်ရည် ကိုတောကျော်၏ လူမဆန်မှုကြောင့် ပျက်သွင်းသွားခဲ့ပြီကို သိလိုက်ရ၍ မျက်ဝန်းတစ်ခိုမှ မျက်ရည်စတို့ ပိုးပိုးပေါက်ပေါက် ထွက်ကျလာ၏။

ထိုအချိန် မုန်းရွာမြောက်ပိုင်းမှ အသံချဲ့စက်သံကြီးသည် ပေါ်ထွက်လာလေ၏။

(မေတ္တာစစ်တို့မည်သည် × × × ဖြောင့်ဖြူးရာလည်း မရှိစမြဲ × × × မောင်တို့ အချစ်များရယ် × × × အများနဲ့နည်း တူ အခက်အခဲရှိကြပါစေကွယ် × × မေလေးရယ် × × × ဒါတွေ တွေးတွယ် × × ကြာလေဝေးမယ်။ ဒီအဖြစ်မျိုးတော့ မဖြစ်စေလိုပါတယ်)

အေးသံချိုချိုဖြင့်လေ၏ တရုဏာ လွှမ်းသော သီဆိုသံကြီးဖြင့် ပေါ်ထွက်လာနေလာ၍ မိမုန်းမှာရင်နင့်အောင်ချစ်ခဲ့ရလေသော ဒေါက်တာကိုနန္ဒ၏ကရုဏာသတ်မှုန်မှိုင်းမှုကိုတွေ့၍ခြင်တာ မြေသို့ မျက်နှာအပ်ကာ ရှုံ့မဲ့ချင်၏။

ထိုအချိန်မှာပင် တောကျော်၏ စပ်ဖြီးဖြီးမျက်နှာကြီးဖြင့် မိမုန်း၏ ငိုရှိုက်၍ တုန်ခါနေသောဝင်းသားနုထွတ်ထွတ်ကိုသူ၏ လက်ကြမ်းကြမ်းကြီးဖြင့် မညှာမတာ ဆွဲကိုင်သူ့ဘက်သို့ ဆွဲ၍လှည့်၏။

"ငါ့ကို ခွင့်လွှတ်ပါ မိမုန်းရယ်၊ ငါ နင့် ကို တအားချစ်မိလို့ပါဟာ"

မိမုန်းမှာ တောကျော်၏ အသံကို ကြားလိုက်ရသောခဏ ဒေါသလှိုင်းတံပိုးတို့ တဝုန်းဝုန်းထကြွလာသလို ခံစားမိပြီး ဆတ်ခနဲ မြေပြင်မှ ကုန်း၍ထ၏။ ပြီးသော် မိမုန်းမှာ သူမ၏ ညာဘက်လက်ကို ဆတ်ခနဲ တင်မြှောက်ကာ တောကျော်၏ မထိတထိ စပ်ဖြဲဖြဲမျက်နှာကြီးရှိ ဘယ် ဘက်ပါးပြင်အား အားတုန်ရိုက်ချလိုက်၏။

"ဖြန်း"

"အား"

တောကျော်မှာ မျက်လုံးအစုံမှ မီးဝင်းဝင်းတောက်မျှ ခံစားလိုက်ရ၍ မျက်နှာမှာလည်း ချက်ချင်းပင် ဒေါသရုပ် ပြောင်းလွှဲသွား၏။

"မိမုန်း – နင်က ငါ့ပါးကို ရက်ရက် စက်စက် ရိုက်ရက်တယ်ပေါ့၊ ဟုတ်လား၊ ဒီမှာ မိမုန်း နင်ဟာ ဒီတစ်သက် ငါ့မယားမှလွဲပြီး ဘယ်သူ့မယားမှ မဖြစ်စေရဘူး၊ အေး–



ဒီရွာကို ရောက်လာတဲ့ ဟိုဆရာဝန်ဆိုတဲ့ကောင်ကို ယူတဲ့နေ့ဟာ နင်ရော တို့ ဆရာဝန်ရော နှစ်ယောက်စလုံးကို သတ်မယ့်နေ့ပဲဆိုတာ နင့်အသည်းမှာ ခြစ်ခြစ်မှတ်ထား …"

တောကျော်မှာ မီးပွင့်မတတ် မျက်လုံးကြီးဖြင့် မိမုန်းကို ပြူးပြူးပြဲပြဲစိုက်၍ကြည့်ရင်း ပြောဆိုကာ လှည့်၍ထွက်သွားလေ၏။

မြေပြင်ပေါ်မှာတော့ မိမုန်းမှာ လှိုက်၍ လှိုက်၍ ငိုရှိုက်ရင်း ကျန်ရစ်လေ ၏။

အာသဝေါတရားလေးပါးရှိ၏၊ ငါးဖြာအာရုံ ကာမဂုဏ်၌ ယိုစီးခြင်း (ကာမာသဝေ) ဘဝကို ခင်မင်တွယ်တာမှုဖြင့် ယိုစီးခြင်း (တဏှာ)၊ အယူမှားမှုဖြင့် ယိုစီးခြင်း (ဒိဋ္ဌာသဝ)၊ မသိမှုဖြင့် ယိုစီးခြင်း (အဝိဇ္ဇာသဝ)၊

အဝိဇ္ဇာ မောဟတရားများ ဖြစ်၏။

သတ္တဝါတို့သည်အဝိဇ္ဇာဦးစီးပြီးတဏှာခြယ်လှယ်သမျှခံနေကြရ၏။ ထို့ကြောင့် အဝိဇ္ဇာနှင့် တဏှာဟူသည့် ရေသောက်မြစ်နှစ်ချောင်း ခြယ်လှယ်နေသမျှ –

၁။ လောဘ – လိုချင်တပ်မက်ခြင်း၊

၂။ ဒေါသ – အမျက်ထွက်ခြင်း၊

၃။ မောဟ – တွေဝေခြင်း၊

၄။ ဇာတိ – ပဋိသန္ဓေနေရခြင်း၊

၅။ ဇရာ – အိုရခြင်း၊

၆။ မရဏ – သေရခြင်း၊

၇။ သောက – စိုးရိမ်နေရခြင်း၊

၈။ ပရိဒေဝ – ငိုကြွေး မျက်ရည်ကျခြင်း၊

၉။ ဒုက္ခ – ဆင်းရဲခြင်း၊

၁၀။ ဒေါမနဿ – နှလုံးမသာယာခြင်း၊

၁၁။ ဥပါယာသ – ပြင်းစွာပူပန်ခြင်း

(တစ်ဆယ့်တစ်ပါးသော မီး) သည် သတ္တဝါတို့အား လောင်မြိုက်လေတော့၏။

ထိုနေ့က မိမုန်းတစ်ယောက် ဝါဆိုပန်းအချို့နှင့် အိမ်ပြန်ရောက်၏၊ ခန္ဓာကိုယ် တွင် ဝတ်ဆင်သွားသော ရှန်သားအင်္ကျီလေးမှာလည်း ကျောကုန်းတွင် စုတ်ပြဲ၍ လာ၏။



www.burmeseclassic.com

www.burmeseclassic.com

မိမုန်း၏ မိခင်မှာ သမီးဖြစ်သူ၏ အမူအရာကိုကြည့်ကာ ပဏာဖြစ်လာသလဲဟု သိလို၏။ မိမုန်းမှာ လှီးလွှဲ၍ဖြေရန် ကြိုးစားသော်လည်း မရပါချေ။ မျက်ရည်တို့ ဝဲ၍လာကာ မှန်သည့်အတိုင်း ဖြေတော့၏။

"သမီးဘာဝ ရေတိမ်နစ်ခဲ့ပြီ အမေ"

"ဟင် - ဘာ - ဘာပြောတယ် - သမီး"

"ဟုတ်တယ် - သမီး ဒေါက်တာ ကိုနန္ဒကို လက်မထပ်တော့ဘူး အမေ၊ သမီး - သမီး ရေတိမ်နစ်ခဲ့ပြီအမေရဲ့"

"ဘယ်လိုဖြစ်ရတာလဲ - သမီးရယ်၊ အမေ့ကို မှန်တဲ့အတိုင်း ပြောစမ်း"

"သမီး - သမီးကို လူကြီးကုန်းက တောကျော် စော်ကားဖျက်ဆီးလိုက်ပြီ"

"ဟင်"

မိခင်ဖြစ်သူ ဒေါ်မြနှစ်မှာ ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့်ဖိ၍ ဟင်တစ်ခါလုံးသာ ထွက်ရှာလေ၏။

မိမုန်းနှင့် ဒေါ်မြနှစ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်၍ငို၏။ ထိုအချိန်တွင် ဖခင်ဖြစ်သူ ဦးလှဘော် အဝေးမှပြန်လာနေသည်ကို မြင်တွေ့ကြကာ ...

"အမေ - တို့မှာ အဖေ ပြန်လာပြီ"

"တင် - သမီး - သမီးမငိုနဲ့ အမေလည်း မငိုတော့ဘူး။ သမီးအကြောင်းတွေ ညည်း အဖေမသိစေနဲ့။ ညည်းအဖေ သိသွားရင် ထပ်ပြီးလူသတ်မှုတွေ ဖြစ်ကုန်လိမ့်မယ်"

"ဟုတ် - ဟုတ်ကဲ့ - အမေ"

မိမုန်းမှာ မိခင်ဖြစ်သူအား ဟုတ်ကဲ့ ဟုပြောကာ မျက်ရည်များကို အင်္ကျီလက်ဖြင့် တဖျားဖျား သုတ်၏။ မိမုန်း၏ ဖခင် ဦးလှဘော်မှာ အိမ်သို့ရောက်သည်နှင့် ဇနီးမျက်နှာနှင့် သမီးမျက်နှာကို ပထမဆုံး ကြည့်၏။ နှစ်ယောက်စလုံး မျက်လုံးများ မောက်မို့နေသည်ကို မြင်တွေ့ကာ မေး၏။

"တဲ့ - နင်တို့မျက်နှာတွေ ဘာဖြစ်ထားကြတာလဲ၊ မျက်ခွံတွေ မို့မောက်နေပါလား"

"ဘာမှမဖြစ်ပါဘူးတော်၊ မျက်စိထဲ ပိုးကောင်တွေ ဝင်ထားလို့ပါ"

"ဟုတ်လား - သမီး"

"ဟုတ် - ဟုတ်ပါတယ် - အဖေ"

မိမုန်း၏ဖခင် ဦးလှဘော်မှာ သမီးဖြစ်သူကပါ မိခင်၏စကားကို ထောက်ခံပြောဆိုလိုက်၍ ဘာဝကျသွားသော်လည်း ကျေနပ်မှု မရှိခဲ့ချေ။



မိမုန်းမှာ ထိုညတွင် ဖခင်မသိအောင် ကြိတ်၍ငို၏။ ကြိတ်၍ရှိုက်၏။ နေ့တိုင်းလင်းသော် ချစ်သူ ဆိုင်ကယ်လေးဖြင့် လာခေါ်တော့မည်၊ ပဏာပြုရမည်နည်း၊ မစဉ်းစားတတ်တော့ချေ။

မိမုန်းတို့ အိမ်ရှေ့တည့်တည့်မှ နေလုံးကြီး ထွက်ပြူလာ၏။ ယခင်က ဆို ကြည့်လေရာ အရပ်ဒေသတို့သည် မိမုန်း မျက်ဝန်းထဲတွင် လွန်စွာလှပခဲ့၏။ ယခုတော့မူ ကြည့်လေရာအရပ်တို့သည် လွန်စွာအကျည်းတန်နေလေတော့၏။

ထိုအချိန်တွင် မိမုန်း၏ အသည်းထဲမှ စွဲချစ်ခဲ့ရသော ချစ်သူဒေါက်တာ ကိုနန္ဒမှာ သူ၏ ဆိုင်ကယ်လေးဖြင့် မိမုန်းတို့ အိမ်ရှေ့သို့ ထိုးဆိုက်လာပါတော့သည်။

မိမုန်းမှာ မိခင်ဖြစ်သူနှင့် ဖခင်ဖြစ်သူတို့အား ဒေါက်တာကိုနန္ဒနှင့် ပျော်ဘွယ်သို့ ခေတ္တလိုက်သွားမည့်အကြောင်း ပြောဆိုခွင့်ပန်ကာ ဆိုင်ကယ်ဆိုဖာလေးပေါ်သို့ တက်၍ထိုင်၏။

ဒေါက်တာနန္ဒမှာ ချစ်သူ၏ လက်ကလေးအား ထုံးစံအတိုင်း ဆုပ်ယူဆွဲတိုင်၍ သူ၏ ဆိုင်ကယ်လေးအပေါ်သို့ တက်စေ၏။

မိမုန်းမှာ ချစ်သူ ဒေါက်တာကိုနန္ဒကိုကြည့်ပြီး ဝေးရပြီပေါ့ ချစ်သူရယ်ဟု စိတ်ထဲတွင် တီးတိုးရေရွတ်ကာ မျက်ရည်တို့ ဝဲ၏။ မျက်ရည်တို့မှာ ဒေါက်တာ ကိုနန္ဒရှေ့မှာပင် ဖိုးပိုးပေါက်ပေါက်ထွက်ကျ၏။

"မုန်း - ဘာဖြစ်နေတာလဲ"

"မုန်း - မောင့်ကို လက်မထပ်နိုင်တော့ဘူး"

"ဘာ - မုန်း ဘာပြောလိုက်တယ်"

"ဟုတ်တယ် - မုန်း ရှင့်ကို မုန်းလို့ လက်မထပ်နိုင်တော့ဘူး"

"မုန်း - မောင့်ကို ကျီစားနေတာလား"

"ကျီစားတာ မဟုတ်ဘူး၊ မုန်း ရှင့်ကို ချစ်လည်း မချစ်တော့ဘူး။ လက်လည်း မထပ်နိုင်တော့လို့ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြောချင်လို့ လိုက်လာခဲ့တာ"

"မုန်း - မောင့်မှာ ဘာအပြစ်ရှိလဲ ရှင်းရှင်းပြောစမ်း"

"အို - အဲဒါတွေ မုန်း ဘာမှမပြောချင်တော့ဘူး။ ရှင်လည်း နောက်ကို ကျွန်မအိမ် အဝင်အထွက်မလုပ်ပါနဲ့တော့"

"ကောင်းပါပြီ - မုန်း၊ နောက်ကို မုန်း ရှိရာအရပ်ကို မောင် မလာတော့ပါဘူးရှာ"



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က မုန်းမှာ မျက်ရည်တို့ မိုး ကဲ့သို့ဖြိုးဖြိုးဖျောက်ဖျောက် စီးဆင်းကာ အိမ်သို့ လမ်းလျှောက်ပြန်၏။

ဒေါက်တာ ကိုနန္ဒမှာ မုန်းကို ဆိုင်ကယ်လေးပေါ်မှ မုန်း အပြန်လမ်းတစ်လျှောက် ကိုကြည့်ရင်း ကျန်ရစ်ခဲ့၏။

ဒေါက်တာကိုနန္ဒမှာလည်း ချစ်သူ၏ အမုန်းစကားများကိုကြားပြီး ကိုယ့်ကိုယ် ကိုယ် ပြန်လည်ဆန်းစစ်၏။

"ငါ ဘာမှားသနည်း၊ မမှားပါ။ ဒေါက်တာကိုနန္ဒ ပဏ္ဍမှုမမှားပါ"

ဒေါက်တာကိုနန္ဒမှာ ချစ်ခဲ့ရသော မုန်း၏ အိမ်သို့ မလာပါဘူးဟု အာမခံ ပြော ကြားခဲ့သော်လည်း အကယ်တန္တုစွဲလမ်းသောငါးဖြာအာရုံကာမဂုဏ်၏အစွမ်းကြောင့် စားလည်းမုန်း၊ သွားလည်းမုန်း၊ အရာရာတိုင်း၌မုန်း၏ ရုပ်ပုံလွှာကသာ ကြီးစိုးနေလေ ၍ နေ့တစ်နေ့တွင် မုန်း၏ မိဘနှစ်ပါးရှိနေသည့်အချိန် ကို တွေး၍သွားကာ မုန်းအား သွားရောက်တွေ့ဆုံလေ၏။

မုန်းမှာ ဒေါက်တာကိုနန္ဒကို သူ၏အခန်းထဲမှထွက်၍ မတွေ့ပါ။ အသံဖြင့်သာ ခပ် တင်းတင်း စကားဆို၏။

"ဒေါက်တာ - ရှင် ကျွန်မအိမ်ကို မလာခဲ့ပါနဲ့လို့ အပြတ်ပြောခဲ့ပြီပဲရှင်၊ ရှင် ပြန်ပါတော့"

အိပ်ခန်းတွင်းမှ သမီးဖြစ်သူ မိမုန်း၏ စကားကိုကြားလိုက်သော မိမုန်း၏ မိခင် ကြီးမှာ ဒေါက်တာကိုနန္ဒကိုလွန်စွာအားနာလှသည့်မျက်နှာပေးဖြင့်ကြည့်၏။ပြီးသော် သမီးဖြစ်သူ အခန်းတွင်းသို့ ထ၍ဝင်သွားသလို မိမုန်း၏ဖခင်ကြီးမှာ သမီးရှိရာ အခန်း တွင်းသို့ ဒေါသဖြင့် လှည့်၍ကြည့်သလို ဒေါက်တာကိုနန္ဒကို လွန်စွာစိတ်မကောင်း သောအသွင် ဖြင့် ...

"ဆရာ - ထိုင်ပါဦး ဆရာ၊ သမီးနဲ့ ဘယ်လိုဖြစ်ကြတာလဲဆိုတာ တစ်ဆိတ် သိပါ ရစေ ဆရာ"

ဖခင်ကြီး ဦးလှဘော်၏ ဒေါက်တာကိုနန္ဒကို အိမ်တွင်းသို့ ဖိတ်ခေါ်သံ ကြားလိုက် လေသော မိမုန်းမှာ အိမ်ခန်းတွင်းမှ ငို၍ ဆင်းပြေးသွားလေတော့၏။

"ပြောပါ - ဆရာ၊ ကျွန်တော့်ကို အားမနာပါနဲ့"

"ဟုတ်ကဲ့ - ကျွန်တော်လည်း ဘာမှ မသိပါဘူး ခင်ဗျာ။ မနေ့က ကျွန်တော်နဲ့ သူ ပျော်ဘွယ်ဈေးအတွင်းမှာ ချိပ်ထားတဲ့ သူ မင်္ဂလာဆောင်မှာဝတ်ဖို့ ချုပ်ထားတဲ့အင်္ကျီ



တွေ သွားရွေးတာ လမ်းတစ်ဝက်မှာ ကျွန်တော့်ကိုမုန်းက ဆရာ့ကို လက်မထပ်နိုင် တော့ဘူး၊ အိမ်ကိုလည်း မလာပါနဲ့ပြောတာပါပဲ - ဦးရယ်"

"တောက် - ဒီကလေးမ ဘာအရူးထတာလဲ၊ စိတ်လည်း မဆိုးပါနဲ့၊ ဒေါက်တာ စိတ်လည်း မပျက်ပါနဲ့၊ ကျွန်တော် ဆုံးမပြီး သမီးကို မေးကြည့်ပါဦးမယ်"

"ကောင်းပါပြီ - ခင်ဗျ"

ထိုနေ့က ဒေါက်တာကိုနန္ဒမှာ မိမုန်း၏ ဖခင်ကြီးအား နှုတ်ဆက်ကာ သူ၏ ဆိုင် ကယ်လေးဖြင့် မိမုန်းတို့ ခြံကြီး အတွင်းမှ ပြန်သွားခဲ့လေတော့၏။

ညနေပိုင်းရောက်သည့်အခါတွင်တော့ မိမုန်း၏ ဖခင်ကြီးမှာ ဇနီးမယား ဖြစ်သူ ဒေါ်မြနှစ်ကို သမီးဖြစ်သူမိမုန်းနှင့်ပတ်သက်၍ပွင့်ပွင့်လင်းလင်း မေး၏။ မိမုန်း၏အမေ ဒေါ်မြနှစ်မှာလည်း သမီးဖြစ်သူ၏အကြောင်းကိုမျက်ရည်လည်ရွဲဖြင့်မှန်သည့်အတိုင်း ဖြေလေရာ ဦးတောကျော်မှာ အိမ်မှ မားရှည်ကို ထကာဆွဲ၏။ ဇနီးဖြစ်သူ ဒေါ်မြနှစ်မှာ လင်သားဖြစ်သူကို တား၏။

"ဒီလိုမလုပ်ပါနဲ့ - ကိုတောကျော်ရယ်၊ ရှင် ဒီလိုလုပ်ရင် ကျွန်မတို့သားအမိ ဘယ် သူ့အားကိုးပြီး နေရမှာလဲ ရှင်"

ဇနီးဖြစ်သူ၏ မှန်မှန်ကန်ကန် တားမြစ်ချက်ကို ဦးတောကျော် ငြင်းနိုင်စရာ မရှိ လေ၍ ဆွဲကိုင်ထားသောမားရှည်ကို လွှတ်ချကာ ယောက်ျားကြီးတန်မဲ့ ရှုံ့ပွဲချငို၏။

ထိုနေ့ညတွင်ပင် မိမုန်းမှာ သူမတို့ အိမ်နောက်ဖေးရှိ မန်ကျည်းပင်ကြီးတွင် ကြိုး ဆွဲချကာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားလေတော့၏။

မိမုန်း၏ သတင်းကို ကြားသိသွားကြကုန်သော မုန်းရွာသူ၊ မုန်းရွာသားအပေါင်း မှာ စုတ်တသပ်သပ်ဖြင့် သနားကုန်ကြလေ၏။

မိမုန်းသေပြီး နောက်တစ်နေ့မှာပင် ဒေါက်တာကိုနန္ဒမှာ မုန်းရွာဆေးခန်းလေးကို အပြီးပိတ်ကာ ပျော်ဘွယ်မြို့လေးမှ ပြောင်းရွှေ့သွားလေ၏။

မိမုန်းသေပြီး ခုနစ်ရက်လည်ပြီး နောက်နှစ်ရက်အကြာတွင် မိမြိုင်မှာ မိမုန်းတို့ အိမ်နောက်ဖေးလမ်းမှ ည ခုနစ်နာရီသာသာလေးတွင် ဖြတ်၍ပြန်လာရာ မိမုန်းကြိုး ဆွဲချသေသွားခဲ့သည့် မန်ကျည်းပင်ကြီးတွင် လျှာကြီးတွဲလောင်းချကာ သေဆုံးနေ



www.burmeseclassic.com

www.burmeseclassic.com

သည့်မိမုန်းကိုမြင်တွေ့ပြီး အော်ဟစ်ကာ သူ့အိမ်သို့ လျှာထွက်မတတ် ပြန်၍ပြေးလေတော့၏။

မိမုန်းကို ရက်လည်တွင် မိဘများမှ ရွာဦးကျောင်းဆရာတော်နှင့် သံဃာတော်များကို ပင့်ဖိတ်၍ ဆွမ်းကျွေးကာ အနမောဒနာတရားတော်များ ဟောကြား၍အမျှဝေတာ သာဓုခေါ်စေခဲ့သော်လည်း သေဆုံးသူ မိမုန်းမှာ မကျွတ်မလွတ်ခဲ့ချေ။

ထို့ကြောင့်လည်း အစိမ်းသေမ မိမုန်းမှာ တောကျော်နှင့် ပူးပေါင်း၍ မိမုန်းဘဝကို ဖျက်ဆီးခဲ့သူ နှစ်နံ့ပါတ် တရားခံ မိမြိုင်ကို လျှာတွဲလောင်းချကာ ခြောက်လှန့်ခဲ့ခြင်း ဖြစ်ပေတော့၏။

မိမြိုင်ကိုကြိုးဆွဲချကာ ကိုယ့်ကိုယ်ကိုယ်သတ်သေသွားခဲ့သည့်အစိမ်းသေသရဲမ မိမုန်း ခြောက်လှန့်သည့်သတင်းသည်လည်း မုန်းရွာ၊ ပေါက်ရွာ၊ မြိုင်ရွာ၊ လှကြီးကုန်း၊ အင်ခသောချောင်း စသည့် ရွာများသို့ တောရွာများပီပီ ပြန့်နှံ့သွားလေတော့၏။

ဒုတိယအကြိမ်မြောက် သရဲမ အစိမ်းသေ မိမုန်း ခြောက်လှန့်ခြင်းခံရသူတို့မှာ တောကျော်၏ ထန်းရေသောက်ဖက် အရက်သောက်ဖော် သူငယ်ချင်းသုံးယောက် ဖြစ်ပေတော့၏။

အချိန်က ညရှစ်နာရီကျော်ကျော် တိုးနာရီမထိုးတတ်သေးချေ။ အရက်သမား သုံးယောက်တို့မှာလည်း အရက်ကလေး မူးရူးကာဖြင့် ရွာလည်လမ်းအတိုင်း မပြန်ကြဘဲ သူငယ်ချင်းဖြစ်သူ မောင်မိုးကိုလိုက်ပို့ရင်း အစိမ်းသေသရဲမ သေဆုံးခဲ့သည့် မန်ကျည်းပင်ကြီးရှိရာ လမ်းတိုလေးဖြစ်သည့် ဖြတ်လမ်းမှဖြတ်၍ ပြန်လာခဲ့ကြရာ လမ်းလယ်ကောင်တည့်တည့်တွင် လျှာကြီးတွဲလောင်းချ မျက်လုံးကြီးမျက်ဝန်းအပြင်ဘက်သို့ပြူးထွက်ကာ မတ်တတ်ရပ်နေသော အစိမ်းသေမိမုန်းကို မြင်တွေ့သွားကြတာ အရက်သမားတစ်စုမှာ အော်ဟစ်ထွက်ပြေးသွားကြပြီး ပယောဂဆရာနှင့် ရက်အတန်ကြာ ဆေးကုလိုက်ရသည့်သတင်းသည်လည်း မုန်းရွာကိုကျော်၍ ရွာနီးချုပ်စပ်သို့ပင် တိုင်သွားခဲ့လေတော့၏။

အစိမ်းသေသရဲမ သောင်းကျန်းသည့် သတင်းသည် လှကြီးကုန်းရွာကြီးသို့လည်း ရောက်၏။ သရဲမမိမုန်း အစိမ်းသေဘဝဖြင့် ခြောက်လှန့်နေသည်ကိုလည်း လှကြီးကုန်းရွာသား တောကျော် သိ၏။ ထို့ကြောင့်လည်း မုန်းရွာကို တောကျော် ခြေဦးပင် မလှည့်ခဲ့ချေ။



သို့သော် ထန်းရည်သမား၊ အရက်သမား တောကျော်ဆိုသည်ကလည်း ထန်းရည် ဝင်လျှင်တစ်မျိုး၊ အရက်သောက်ပြီးလျှင် တစ်ထွေဖြင့် စိတ်မမှန်သည့် အရက်သမားတစ်ယောက်သာ ဖြစ်လေ၍ ထိုနေ့က မုန်းချောင်းငယ်ကိုဖြတ်ကာ လှကြီးသို့ ပြန်၏။

ထိုအချိန်တွင် တောကျော်မှာ သူ့စီးနင်းလာသည့် စက်ဘီးလေးကို ခပ်သွက်သွက်နင်းမည်ဟု တွေးထားသော်လည်း အရက်ရှိန်လေးမှာ ခပ်ထွေထွေ အဆင့်ကို ကျော်၍အတန်ငယ်မူးသော အဖြစ်သို့ရောက်နေလေ၍ စက်ဘီးကိုမနင်းနိုင်ဘဲ တွန်း၍ပင် ပြန်နေရ၏။

ညမှာ လကာမသာလေဘဲ ကြယ်ရောင်လေးဖြင့်သာ မပီဝိုးတဝါး အလင်းအရိပ်သာ ရှိနေလေတော့၏။

မုန်းရွာ၏ ရွာထိပ်သည်လည်း မှောင်ရီပိုးတဝါးဖြင့် မပီမပြင်သာ ရှိနေလေ၏။ တံတားအောက်ခြေရှိ ရေတို့မှာလည်း တောင်ကျရေမကျလေသဖြင့် ရေစပ်စပ်သာ ရှိ၏။

ယိုင်တီယိုင်တိုင်ဖြင့် အရက်မူးပြန်လာသော လှကြီးကုန်းရွာသား တောကျော်မှာ သူ၏ မျက်စိရှေ့တွင် မိန်းမပျိုတစ်ယောက် တဘက်လေးခေါင်းမြီးခြုံကာ သူ့ဘက်သို့ လာနေလေသည်ကို မြင်တွေ့လိုက်ရလေ၍ အရက်သာ မူးနေသော်လည်း တဏှာစိတ်က ကြီးစိုးခဲ့လေ သူမှို့ သူ့ထံသို့လာနေသည့် မိန်းမပျိုကို စောင့်ကြို့နေမိခြင်း ဖြစ်လေ၏။

ဤ၌ ဗုဒ္ဓဘာသာဝယ် မောဟဖြင့်သေ တိရစ္ဆာန်ပြည်ဟု အနက်အဓိပ္ပာယ်ဖွင့်၏။ ဒေါသဖြင့် သေဆုံးခဲ့လေ၍ ပြိတ္တာနှင့် အသူရကာယ်သာ ဖြစ်နေသည့်အတွက် မုန်းချောင်းငယ်ထိပ်တွင် တောကျော် စောင့်ကြို့နေသည့် တဘက်ခြုံ မိန်းမငယ်မှာ အစိမ်းသေမ မိမုန်းဖြစ်နေသည်ကို တောကျော်မသိဘဲ စောင့်ကြိုနေခြင်းသာ ဖြစ်ပေတော့၏။

တောကျော်မှာ မိန်းမဆိုလျှင် ခြေမ လက်မပင် မရှောင်တတ်လေသူမို့ အရက်မှိန်လေးရောကာ တဘက်ခြုံ မိန်းမငယ်ကို အနီးရောက်လာသည်နှင့် ရဲရဲတင်းတင်းပင် မေး၏။

"ညီမလေး - ဘယ်သွားမလို့လဲ၊ အစ်ကိုလိုက်ပို့ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

မိန်းမငယ်မှာ တောကျော်အနီးရပ်၏။ ပြီးသော် - ခြုံထားသော တဘက်ကလေးကို အသာအယာ ခေါင်းမှဆွဲချ၏။

တဘက်လေး ခေါင်းမှကျသွားသည်နှင့် တောကျော်တွေ့လိုက်ရသည်မှာ လျှာကြီးတွဲလောင်းနှင့် သရဲမမိန်း မျက်စိကြီးအပြူးသား အကွင်းလိုက်ဖြင့် အစိမ်းသေမိန်းဖြစ်နေလေသည်ကို မြင်တွေ့ကာ လူကြီးကုန်းရွာသား တောကျော်မှာ ခြေလက်များ အေးစက်ကာ အော်ပင်မအော်နိုင်ရှာဘဲ သရဲမ အစိမ်းသေမ မိမ်းကိုကြည့်ရင်းကြည့်ရင်း ဆုပ်ကိုင်ထားသော စက်ဘီး မြေသို့လွှတ်ကျကာ လဲပြိုု၏။

"အမလေးဗျ - သရဲ - သရဲ"

တစ်ဖန် တောကျော် မျက်နှာအနီးသို့ လျှာကြီးတွဲလောင်းနှင့် မျက်စိကြီး မျက်ဝန်းမှပြူးထွက်ကာ အနားကပ်ကြည့်ခံလိုက်ရပြီး တောကျော်မှာ အော်ပင်မအော်နိုင်ရှာဘဲ စက်ဘီးနှင့်အတူ တောကျော် ခန္ဓာကိုယ်မှာလည်း မုန်းချောင်းငယ်အတွင်း ဒလိမ့်ခေါက်ကွေး ဖြင့် လဲကျသွားလေတော့၏။

နောက်မိုးလင်းသော် မုန်းချောင်း တံတားအောက်ခြေတွင် လူကြီးကုန်းရွာသား တောကျော်တစ်ယောက် သေဆုံးနေသည်ကို လူအများတို့ တွေ့လိုက် ရလေတော့၏။

ဤသို့ အာသဝေါတရားလေးပါးရှိ၏ဟု မြတ်ဗုဒ္ဓဟော၏။

ကာမာသဝ - ငါးပြာအာရုံကာမဂုဏ်၌ ယိုစီးခြင်း၊

ဘဝသဝ - ဘဝကို ခင်မင်တွယ် တာမှုဖြင့် ယိုစီးခြင်း (တဏှာ)၊

ဒိဋ္ဌာသဝ - အယူမှားမှု၌ ယိုစီးခြင်း၊

အဝိဇ္ဇာသဝ - မသိမှု၌ ယိုစီးခြင်း၊ (အဝိဇ္ဇာနှင့် မောဟတရား) တို့ပင် ဖြစ် ၏။

လူကြီးကုန်းရွာသား တောကျော်မှာ ငါးပြာအာရုံကာမဂုဏ်၌ ဖောက်လွဲ ဖောက်ပြန်မြဲ လူ့ကျင့်ဝတ်ကို ကျူးလွန်ခဲ့သူ ဖြစ်၏။

မုန်းရွာသူ မိမုန်းမှာ အယူမှားကာ ဘဝကို ခင်မင်တွယ်တာမှုဖြင့် ယိုစီးခဲ့လေ၍ အစိမ်းသေသရဲမဘဝ ရောက်ခဲ့ရခြင်းပင် ဖြစ်ပေတော့သတည်း။

ယိုစီးခြင်းတရားလေးပါးမှ ကင်းဝေးနိုင်ကြပါစေ ...

နန္ဒဝင်းကျော်ခေါင် ([illegible])



# လေလွင့်လိပ်ပြာ ကိုယ်ပွားခန္ဓာ

မင်းဘုန်းသိမ်းသူ

www.burmeseclassic.com

www.burmeseclassic.com

မင်းဘုန်းသိခ်သူ

## လေလွင့်လိပ်ပြာကိုယ်ပွားခန်း

**ဆောက်နံ့** ဖေါ်နွေး ငှက်တလေးများ၏ တေးသီသံ၊ တိုးသဲ့သောရေစီး များသည် ရုတ်တရက် ရပ်တန့်သွားသကဲ့သို့ ထိတ်လန့် အထင်းဆိုးတစ်ခုသည် နိဗ္ဗာသာသော ရွာတလေးပေါ်သို့ဖြန့်ဝဲသွားသည်။ စပါး နေရာမှလည်းကောင်း မြို့ရှင်းကိုင်းရှင်းနေရာမှလည်းကောင်း၊ ထင်းခွဲနေရာမှ လည် ကောင်း ယောကျ်ားအချို့သည် မိမိတို့ ကိုင်ဆောင်ထားသော လက်နက်တန် ပလာများကို ပစ်ချ၍လည်းကောင်း၊ အချို့အယောင်ယောင် အမှားမှား ကိုင်တွယ် လည်းကောင်း ရွာအနောက်ဖျား သေသောက်ကုန်းဆီသို့ ပြေးလာကြလေသည်

ရွာအနောက်ပိုင်း မိုးရည်နှင့်အရက်ဖြူရောင်းချသော တရုတ်အလျော်၏ သောက်တုန်းတဲ အတွင်းတွင် လူတစ်ယောက် လဲပြိုနေသည်။ အပေါ်ပိုင်း စွပ်ကျ အတိုလက်ပြတ်၊ ပုဆိုးအပြာရင့်ရောင်ကွက်တုံး၊ ဆံပင်တိုတိုနှင့်လူငယ်တစ်ယော သည် စားပွဲ၏ခြေရင်းတွင် ထိုင်ခုံနှင့်ညပ်ကာ လဲကျနေခြင်းဖြစ်သည်။ အမူးလွန် ထိန်းမနိုင် သိမ်းမရ လဲပြိုနေ ခြင်းမဟုတ်။

လူရွယ်၏ အကျီစွပ်ကျယ်အဖြူတစ်ခုလုံး မူလအဖြူနွမ်းနွမ်းအရောင် ပျော ကွယ်ကာ စေးပျစ်သောသွေးနီတို့ဖြင့် စွန်းပေနေခြင်း ဖြစ်ပေသည်တကား။

စားပွဲပေါ်တွင် သောက်လက်စ အဖြူရောင်ပုလင်းထဲတွင် အရက်လက်ကျန် သက်နှစ်လုံးခန့် ရှိသေးသည်။ အကြွမ်းပန်းကန်တစ်လုံး၊ သံပန်းကန်ပြားနှစ်ချပ်ထဲ တွင် မြေပဲလှော်တစ်ပန်းကန်နှင့် ကြွက်ကင်တစ်ခြမ်း ထည့်ထားသော ပန်းကန်ပြား များသည် စားလက်စ တစ်ဝက်တစ်ပျက် ကုန်လုဆဲဆဲ ပြန့်ကြဲလျက် မြေပဲပန်းကန် နုတ်ခမ်းတွင် သွေး စက်အချို့စွန်းလျက် မည်းကဲ့သို့ အရှင်းများပြီး ရက်ရက်စက်စက် ဖြစ်ပွားကြ လေသနည်း။ ကောင်တာစားပွဲပေါ်မှ တရုတ်အလျော်သည် မျက်စိ ချက်နာပျက်ကာ ခြေမကိုင်မိ၊ လက်မကိုင်မိ အယောင်ယောင် အမှားမှားဖြစ်တာ ရွာလူကြီးအချို့ကို အကူညီတောင်းနေသည်။

"ဝရှေ့မယ် - ဖြစ်သွားလယ် - ဝ - ရှေ့မှာဖြစ်သွားလယ် - ကျော်မြင့်လေ - ကျော် မြင့် - သူ့ပှာ - သူ - အေးအေးစိစိသောက်နေတာ - သူ့ဘာသာအေးအေးစိစိသောက် နေတာ - ဟိုကောင် - ဟိုကောင် - သံတုတ် - ဝင်ပြီး ဓားနဲ့ ထိုးသွားလယ်"

အလျော်သည် သူ၏မျက်မှောက်ရှေ့မှာပင်လူတစ်ယောက်ဓားနှင့်အထိုးခံရပြီး အသက်ငင်နေပုံကို ထိတ်လန့်ချောက်ချားကာ စိတ်လှုပ်ရှားခြင်းကြီးစွာဖြင့် လာသမျှ လူကို ရှင်းပြနေခြင်းသာ ဖြစ်သည်။ ချောက်ချားတုန်လှုပ်ဖွယ်ရာ နေ့ရက်ပေ တကား။

"ဖြစ်ရလေကွာ - ဘယ်လိုဖြစ်ရ တာလဲ"

"သံတုတ် - သံတုတ် - ထိုးသွား တာ"

လူတစ်ယောက် ပြေးဝင်လာကာ မြေကြီးပေါ်တွင် ခုံကြား၌ညပ်နေသော ကျော် မြင့်ကို ဆွဲထူသည်။ ရင်ဘတ်မှ သွေးစိမ်းတွေက ပွက်ခနဲ ထွက်လာသည်။ ကျော်မြင့် သည်မျက်ဖြူတစ်ချက်လန်သွားသည်။ မွေ့ထူလာသူကိုကြည့်သည်၊ နဖူးစမှ ချွေးသီး ချွေးပေါက်တွေ ကျလာလေသည်။

"ငါ့ - ငါ့ - ကို - သံတုတ် - သံ - သံ - တုတ် - ထိုး - ထိုး - သွား"

ကျော်မြင့်သည် လှေဝမ်းထဲမှ မြစ်ငါးတစ်ကောင်၏ပါးစပ်လို ဟစီဟစီဖြစ်လာ သည်။ ရုတ်တရက် သွေးဆုတ်လာကာ မျက်နှာပြင်တစ်ပြင်လုံး ဖြူဖပ်ဖြူရော်ဖြစ်လာ သည်။ ခြေဖျားလက်ဖျားတွေ တဆတ်ဆတ်တုန်လာသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် ရွာထဲမှ အိမ်သားစုတွေ သုတ်သုတ်ပျာပျာ ရောက်လာကြသည်၊ ဒဏ်ရာဖြင့် လဲပြိုကျနေသော ကျော်မြင့်ကိုဖက်၍ ဆူညံစွာ အော်ဟစ်ငိုယိုကြကုန်သည်။

"အမလေး - သားကြီးရဲ့ - အဖြစ်ဆိုးလှချည်လား"

"အစ်ကို့ကို ကယ်ကြပါဦး"

အမျိုးသမီးများ၏ အသံများဖြင့် ဆူညံပွက်လောရိုက်သွားကြပြန်သည်။ လဲပြိုကျနေသော ကျော်မြင့်နှင့် မနီးမဝေးတွင် သွေးစွန်းနေသော ဓားတစ်ချောင်း ကျနေသည်၊ မြေကြီးပေါ်မှာ သွေးစက်တွေ ပြန့်ကြဲလျက်။

ငိုယိုသံတွေ ဆူညံလျက်ရှိသည်၊

"သံတုတ်ဆိုတဲ့တိရစ္ဆာန်ကို သတ် မယ်"

ကျော်မြင့်ညီ ကျော်တင့်၏ ဒေါသ တကြီး ကြိမ်းဝါးသံ ထွက်ပေါ်လာသည်။

"အဒေါ်တာ နှုတ်မှုထားတော့ - ဒီမှာ ကျော်မြင့်ကို ဆေးရုံပို့ဖို့ မြန်မြန်လုပ်ကြ - အကြီးအကဲ မြင်တဲ့အတိုင်းပဲ"

လူအုပ်ထဲမှ အသက်ကြီးကြီးတစ်ယောက်၏အသံ ...

"သေနိုင်သွားသူကိုအရေးယူတာတနောက်၊လောလောဆယ်ဒဏ်ရာရနေတဲ့ ကျော်မြင့်ကို ဆေးရုံပို့ဖို့ အရေးကြီး တယ်"

ကျော်မြင့်တစ်ကိုယ်လုံးသွေးများဖြင့်ရွှဲနစ်နေပေပြီ၊ ငါးစိမ်းသည်လက်ထဲမှငါး တစ်ကောင်လို ဟစီဟစီ ဖြစ်နေသော သူ၏ပါးစပ်သည် တစ်စုံတစ်ခုကို ပြောဖို့ကြိုးစားနေသော်လည်း ပြင်းထန်လှသောဝေဒနာကြောင့် အရာမထင်ခဲ့ပေ၊

သည်လိုနှင့် ဓားထိုးခံရသည့်အကြောင်းတရားတွေက ပေါ်လာသည်၊ ကျော်မြင့်နှင့် သံတုတ်တို့သည် ရွာထဲမှ နင်းမြိုင် ဆိုသောမိန်းကလေးတစ်ယောက်ကို အပြိုင်ပိုးပန်းရာမှ နောက်ဆုံးရလဒ်က နင်းမြိုင်သည် ကျော်မြင့်နှင့် ချစ်သူဘဝ ရောက်သွားခြင်းက အရင်းခံဖြစ်သည်၊ နောက်ဆုံး သံတုတ်၏ မနာလိုဒေါသတရားသည် လူတစ်ယောက် သတ်ဖြတ်ခံရသည်အထိ ကျူးလွန်သွားရခြင်းဖြစ်သည်၊ အချစ်အတွက် အမိုက်မှောင် ဖုံးကွယ်ကာ လူတစ်ယောက် သေ ကောင်ပေါင်းလဲဖြစ်သွားရခြင်းပင်။ ယခုတော့ သံတုတ်သည် ပြေးလေပြီ၊

သေရည်ဆိုင်ထဲတွင်ရှိသော မျက် မြင်တစ်ယောက်က ...



"ပထမတော့ သူတို့နှစ်ယောက် စကားပြောနေကြသေးတယ်၊ အေးအေးဆေးဆေးပဲဗျို့၊ နောက်တော့ သံတုတ်က ဘာမပြော ညာမပြောနဲ့ ထိုင်နေတဲ့ ကျော်မြင့် နောက်ကျောကနေ လည်ပင်းကို လက်တစ်ဖက်နဲ့ညှစ်ပြီး ရင်ဝကို ဓားနဲ့ထိုးပြီး ထွက်ပြေးသွားတာပဲ"

တစ်ယောက်က ဆက်၍ ...

"ဟုတ်တယ် - ရင်ဝကိုဓားနဲ့ထိုးပြီးတာနဲ့ တစ်ချက်တည်း ဆွဲနုတ်ပြီး ဓားကိုပစ်ချသွားတာ၊ တော်တော်မိုက်ရိုင်းတဲ့ ကောင်ကွာ - အရှင်းရှင်းတွေ"

စကားပြောသံတွေ ဆူညံလာပြန် သည်၊ တောက်ခေါက်သံ၊ ရေရွတ်သံတွေ၊

"ရှည်းစားလုလု၊ အူနကျွဲခတ်ပေါ့"

ကျော်မြင့်သည် စကားမပြောနိုင်တော့၊ တစ်ကိုယ်လုံး ဖြူဖပ်ဖြူရော်ဖြစ်လာသည်၊ ရင်ဘတ်ကြီးတစ်ခုလုံး လေမှုတ်ကိရိယာ ဖားဖိုကြီးလို နိမ့်ချည်မြင့်ချည် ဖြစ်လာပြီ၊

"ကဲ - ကဲ - ဆေးရုံပို့ဖို့ ပြင်ကြပေ့ - ပဲ့ထောင်ပြင်ကြ - မြန်မြန်လုပ်"

အချိန်ကား နေမွန်းလွဲစ ပြုနေပေပြီ၊ ရွာထဲမှာတော့ ရှုပ်ယှက်ခတ်နေပြီ၊

မြစ်ပြင်သည် လှိုင်းလေငြိမ်သက်ကာ ရေတက်ချိန်ဖြစ်သည်၊ ရွာကလေးမှ ဈာပုံမြို့ဆေးရုံသို့ လှေနာကို ပို့ဆောင်ရမည်ဖြစ်သည်၊ တစ်နာရီခန့် မောင်းရပေမည်၊

ကျော်မြင့်သည် ပဲ့ထောင်၏ဝမ်းထဲတွင် ပက်လက်ကလေးဖြစ်နေသည့်သူ့ကို ညီဖြစ်သူ ကျော်တင့်က ပွေ့ထားကာ သွေးတွေ စွန်းထင်နေသော ဝဲဘက်ရင်အုံကို လက်ဖြင့် ဖိထားကာ မျက်ရည်တွေ စီးကျနေသည်၊

လူနာကား စကားဖမ်းမရတော့၊ အသက်တော့ ရှူနေသေးသည်၊ ပဲ့ထောင်၏ ဦးပိုင်းတွင် လူနာဖခင်နှင့် ရွာသားသုံးဦး ရှိသည်၊ ပဲ့ထောင်မောင်း သမားနှင့်ဆိုလျှင် အားလုံးပေါင်း ခုနစ်ယောက်တိတိ ဖြစ်သည်၊ အားလုံး ဆွေမျိုးသားချင်းတွေချဲ ဖြစ်သည်၊ သန်မာသော ယောကျာ်းကြီးတွေချည်း ဖြစ်ကြသည်၊

ဖခင်ဖြစ်သူက လူနာမသိအောင် တရှုပ်ရှုပ်ငိုနေသည်၊

သည်လိုနှင့်ပဲ့ချိတ်လှေကလေးသည်ရေကိုဆန်ကာမြစ်ကြောင်းအတိုင်းမောင်းသည်၊ မြစ်ကမ်းနှင့် မနီးမဝေးမှကပ်ကာ မောင်းလာခြင်းဖြစ်သည်၊ မြစ်အောက်၏



www.burmeseclassic.com

www.burmeseclassic.com

ဝဲယာကမ်းပါးများသည် စိမ်းမှောင်လျက်ရှိသည်။ ကျေးငှက်တွေက ဘာသာဘာ ရှုသန်းလျက် သစ်ပင်ကြီးများတွင် နားခိုလျက်။ သို့သော် ပဲ့ထောင်ပေါ် ပါလာသည့် လူအားလုံးသည် သဘာဝအလှအပ ရှုခင်းများကို ကြည့်ရှုခံစားဖို့ သတိမရနိုင်။ စိတ် မဝင်စား။ ဓားဒဏ်ရာနှင့် လူနာကို ဆေးရုံအမီပို့နိုင်ဖို့ အသက်ရှင်ဖို့ပဲ အာရုံတွေက လွင့်ပါးနေကြလေသည်။ ဒဏ်ရာသည်သေလောက်သည့် ချက်ကောင်းနေရာဖြစ်နေ သည်က မလွယ်။

ယောက်ျားကြီးတွေအားလုံး မည်သူမျှ စကားမဆိုနိုင်ကြ။ အတွေးကိုယ်စီဖြင့် ငြိမ်သက်ရင်း တဖျစ်တောက်တောက်ဖြစ်နေကြသည်။ ပဲ့ထောင် မောင်းသမားသည် ဈာပုံဆေးရုံသို့ အမြန်ရောက်ရေးအတွက်သာ စက်ရှိန်မြှင့်၍ မောင်းနှင်နေလေ သည်။

ပဲ့ထောင်ဦးနှင့် ချောင်းရိုက်ခတ်သံ တဖျတ်ဖျတ် ထွက်ပေါ်နေသည်။ ဦးပိုင်းရှွန် ထိုး ခွဲသွားခဲ့သော ရေလှိုင်းတွေ ဖွားခနဲ ဖွားခနဲ ဖြာကျလျက်ရှိသည်။ ပဲ့ထောင်၏ ဝင် အင်ကျင်သံနှင့်အတူ အားလုံး၏ရင်ထဲမှာ ဆူညံလျက်ရှိသည်သာမက အာရုံက ဆေးရုံ သို့ အမြန်ရောက်ရှိရေးအတွက် စိတ်စောနေကြပေသည်။

သဘောဦးဝမ်းပိုက်နှင့်ရေမျက်နှာပြင် တဖြန်းဖြန်း ရိုက်သံသည် ပုံမှန်ထွက်လျက် ရှိသည်။ အားလုံးရင်ထဲမှာ အင်ဂျင်စက်လို တဒိန်းဒိန်း မြည်ကာပူနေသည်။

ကျော်တင့်သည် သူ၏အစ်ကိုကို ပွေ့ဖက်ထားရာမှ ကျော်မြင့်၏ ခန္ဓာကိုယ်သည် တစ်ခါတစ်ခါ ဆတ်ခနဲ ဆတ်ခနဲ တွန့်ခါသွားတတ်သည်ကို သတိပြုမိသည်။ ကျော်မြင့် သည် သတိလစ်လျက် ရှိလေပြီ။ မျက်နှာကား သွေးဆုပ်စပြုလာသည်။ သို့သော် အသက်တော့ ရှူနေသေးသည်။ အသက်ရှူသံပြင်းပြင်း ကြားနေရသေးသည်။

နေသည် အနောက်ဘက်သို့ ရွေ့လျားစ ပြုလာသည်။

ထိုစဉ် ထူးခြားမှုတစ်ခုက ဖြစ်ပေါ်လာလေသည်။

ရေပြင်ပေါ်မှာ ငှက်တစ်ကောင်လို အရှိန်ဖြင့် ပြေးလွှားနေသော ပဲ့ထောင်၏ အနောက်ဘက် ဝါးသုံးပြန်ခန့်အကွာ ရေပြင်ပေါ်တွင် ထူးဆန်းသော လှုပ်ရှားမှု တစ်ခုကို စတင်တွေ့ရှိလိုက်သူမှာ ကျော်တင့် ဖြစ်သည်။



အံ့ဩတုန်လှုပ်မှုဖြင့် ပဲ့ထောင်လှေ၏ အနောက်ဘက် ဝါးနှစ်ပြန်ခန့်အကွာရှိ လှိုင်းစီးကြောင်း ရေမျက်နှာပြင်ပေါ်မှ ထူးခြားသောအရာတစ်ခုကို အံ့ဩတကြီး ငေးကြောင်ကြည့်နေမိခြင်းပင်တည်း။ ထိုထူးဆန်းသည့်အရာကား ...

ရေပြင်ကို မြေပြင်ပမာ လူတစ်ယောက် ပြေးလိုက်လာခြင်းဖြစ်ပေသည်။ အဝေါ် အင်္ကျီဗလာ၊ ကြံ့ခိုင်သော ခန္ဓာကိုယ်၊ လုံချည်အနွမ်းကလေး ဝတ်ထားပြီး လက်တစ် ဖက်က ငှက်ကြီးတောင်ဓားတစ်ချောင်း ကိုင်ထားသော လူတစ်ယောက်သည် ပဲ့ထောင်နောက်သို့ အမီပြေးလိုက်နေခြင်းပေတကား။ လွှားခနဲ လွှားခနဲ ခုန်ကာ ပြေး လိုက်လာခြင်းပင်။

"အံ့ဩစရာ ကောင်းလိုက်တာ။ ရေပြင်ပေါ်မှာ ပြေးလိုက်လာနေတာ ဘယ်သူ လဲ - ဘယ်သူလဲ - ဘာကြောင့်လဲ၊ သရဲတစ္ဆေလား၊ ဘယ်လိုပုဂ္ဂိုလ်လဲ"

ကျော်တင့်ရင်ထဲတွင် မမျှော်လင့်၊ ဉာဏ်မမီသောမေးခွန်းများဖြင့် လေးလံရှုပ် ထွေးသွားခဲ့သည်။ သူသည် အစ်ကိုဖြစ်သူ ကျော်မြင့်ကို ပွေ့ထူထားလျက်က ပဲ့ထောင် အနောက်ဘက်သို့ သတိလက်လွှတ် ငေးကြောင်ကြည့်နေဆဲ။ သူ့နှလုံး ခုန်သံသည် ပဲ့ထောင်အင်ဂျင်စက်သံလို မြည်ဟည်းလာသည်။ အာခံတွင်းထဲမှာ ပူရှိန်းရှိန်းဖြစ် လာကာ ရေငတ်သလိုဖြစ်လာသည်။ ဘာဖြစ်လို့ ကျော်မြင့်နှစ်ယောက် ဖြစ်နေရတာ လဲ။

သူသည် ပဲ့ထောင်နောက်သို့ ပြေးလိုက်လာသော ထူးဆန်းသောအရာကြီးကို သေချာစူးစိုက်ကြည့်လိုက်မိသည်။ အံ့ဩတုန်လှုပ်မှုဖြင့် တစ်ကိုယ်လုံးရှိ ခွန်အားများ ခန္ဓာကိုယ်ပြင်ပသို့ စိမ့်ထွက်သွားသလို လန့်ဖျပ်သွားသည်။

"အစ်ကို - အစ်ကို - ကျော်မြင့်ပါလား - ဘယ်လိုဖြစ်တာလဲ"

ကျော်တင့်သည် ရေပေါ်မှာ ပြေးလိုက်လာသောလူကို တစ်လှည့်၊ ရင်ခွင်ထဲမှာ ပွေ့ထူထားသော အစ်ကိုဖြစ်သူကို တစ်လှည့်ကြည့်နေမိကာ တုန်လှုပ်ချောက်ချားလာ သည်။

ပဲ့ထောင်နောက်သို့ ပြေးလိုက်လာသော နောက်ထပ်ကျော်မြင့်တစ်ယောက် သည် သွေးရူးသွေးတန်း ပြေးလိုက်လာခြင်းဖြစ်သည်။ အနည်းငယ်ရှည်သော ဆံပင် တွေက လေထဲတွင် ကပိုကရို လွင့်ပျံလျက်ရှိသည်။ ဖွာရရာ လွင့်ဝဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘုရား - ဘုရား - ကိုကျော်မြင့် နစ်ယောက်တောင်မှပဲလား"


ကျော်တင့် အာရုံတွေ ကယောင်ချောက်ချား ဖြစ်သွားသည်၊ အံ့ဩမှုနှင့်အတူ ပဲ့ထောင်သမားကို မေးဆတ်ပြလိုက်လေသည်၊ ပဲ့ထောင်မောင်းသမားသည် အနောက်ဘက်သို့ တစ်ချက် လှည့်ကြည့်လိုက်သည်၊

"ဟာ"

ပဲ့ထောင်သမားသည် "ဟာ" တစ်ခွန်းတည်းသာ ပြောနိုင်ပြီး ပါးစပ်အဟောင်းသား လွန်မင်းစွာ အံ့ဩခြင်းနှင့်အတူ -

"ထူးဆန်းလိုက်တာ"

တအောင်ချောက်ချား ရေရွတ်လိုက်သည်၊ ကျော်တင့် ပွေ့ဖက်ထားသော ဓာ်နေနဲ့ လူ့ကျော်မြင့်ကို တစ်လှည့် ပဲ့ထောင်နောက် ရေပြင်ပေါ်တွင် ထက်ကြပ်မြေ ပွားလိုက်လာသော နောက်ထပ်ကျော်မြင့်တစ်ယောက်ကိုတစ်လှည့်စီဖြင့် ကြည့် နေသည်ကတော့ ကြောက်စရာကောင်းနေပုံရသည်၊ ကျော်တင့်ရင်ခွင်ထဲမှ သတိလစ်နေသော ကျော်မြင့်အသည်းနှလုံးမှ ပဲ့ထောင်နောက်မှ ပြေးလိုက်လာနေသော ကျော်မြင့်ကား ဒေါသတကြီးဖြစ်လှသည်၊ လက်ထဲမှ ဓားတစ်လက်၊






ပဲ့ထောင်ရှေ့တွင် အတွေးတွေ ဖရိုဖရဲ လွင့်ပြန့်နေသော ကျန်သည့်လူလေးယောက်သည်အနောက်ပိုင်းမှဖြစ်ပျက်မှုတွေကိုသတိပြုပုံမရ၊ ရိပ်မိပုံမရကြ၊ အားလုံးအတွေးကိုယ်စီနှင့်သာ ရှိသည်၊

ကျော်တင့်သည် ပဲ့ထောင်သမားကို လက်ကာပြလိုက်သည်၊ ဘာမှပြန်မပြောနဲ့ တိတ်တိတ်နေရန်ဟူသည့် သဘော၊ သည်လိုနှင့် ပဲ့ထောင်သမားကို စက်ရှိန်မြှင့်ရန် လက်ဟန်ခြေဟန်နှင့် ပြလိုက်သည်၊

ပဲ့ထောင်သမားသည် နောက်သို့တစ်ချက်မျှ လှည့်ကြည့်ကာ စက်ရှိန်ကို မြှင့်လေသည်၊ စက်ရှိန်မြှင့်၍ မောင်းလေ အနောက်မှ ကျော်မြင့်လည်း အမီပြေး၍လိုက်လေဖြစ်သည်၊ ကျော်တင့်သည် အစ်ကို၏ရင်ကို ညင်သာစွာဖိရင်း အသက်ရှူမရှူနားထောင်မိသည်၊ အသက်တော့ ရှူနေသေးသည်၊ ရင်ခုန်သံ တဒုတ်ဒုတ်ကို ကြားနေရသေးသည်၊ အသက်ရှူသံသဲ့သဲ့ကို တွေ့ထိခံစားနေရသေးသည်၊

မြစ်၏တစ်ဆစ်ချိုးကွေ့သို့ ရောက်သော် စက်ရှိန်ကို လျှော့လိုက်သည်၊ ထိုအခါ နောက်မှ လိုက်လာသော ကျော်မြင့်ကလည်း ခြေလှမ်းကို နှေး၍လိုက်လာသည်၊ အံ့ဩဖွယ်ရာပေတကား၊ ပဲ့ထောင်ထဲမှ သေငယ်ဖောနှင့်တစ်ယောက်၊ ပြီးတော့ ရေပြင်ပေါ်မှာ ကိုယ်ပွားနောက်တစ်ယောက်၊

မြစ်၏ အနောက်ဘက်တွင် ရွှေရည် ပျံ့အန်စပြုလာပေပြီ၊ မြစ်၏ အပေါ်ယံတွင် တောဘဲရိုင်းတွေ အုပ်ဖွဲ့ပျံသန်းလာကြသည်၊ အညိုရောင်တောဘဲရိုင်းများသည် "ကျလိ ကျလိ" မြည်ကာ လျင်မြန်စွာ ဖြတ်ပျံသွားကြခြင်းဖြစ်သည်၊

ကျော်တင့်သည် ရင်ဘတ်တွင် သွေးပျစ်သွေးစေးများ တစိမ့်စိမ့် ယိုထွက်နေသော အစ်ကိုဖြစ်သူ၏အဖြစ်ကို ကြည့်ရင်း ရင်ထုမနာဖြစ်ကာ မျက်ရည်စီးကျလျက်ရှိသည်၊ လက်ရှိဖြစ်ပေါ်နေသော ဖြစ်ရပ်ဆန်းများက သူ့အသိဉာဏ်၊ ဘဝအတွေ့အကြုံများကို ရုပ်တိုက်သွားရုံ့ သာရှိမည်ထင်သည်၊ သူသည် သာမန် မိရိုးဖလား ဗုဒ္ဓဘာသာဝင်တစ်ယောက်သာဖြစ်သည်၊ ပထမဦးဆုံး သူ့ရင်ထဲသို့ ဝင်လာသော မေးခွန်းတစ်ခုသည် ဝိညာဉ်ဆိုတာ ဖြစ်သည်၊

ပထမတော့ပဲ့ထောင်နောက်မှဒေါသတကြီးပြေးလိုက်လာသောကျော်မြင့်သည် အသက်ထွက်သွားသောကြောင့်သာ ဝိညာဉ်က ရေပေါ်မှ ပြေးလိုက်လာသည်တု



www.burmeseclassic.com

www.burmeseclassic.com

ထင်သည်၊ သို့သော် ကျော်မြင့်သည် ဘူ့ရင်ခွင်ထဲတွင် အသက်ရှူလျက်ရှိနေသော အသက်နှင့် ခန္ဓာ တွဲလျက်ရှိနေဆဲမဟုတ်လား။ အသက်မသေသေး၊ ဝိညာဉ် မချုပ်ငြိမ်းသေးချေ။

အဘယ်ကြောင့် ကျော်မြင့်၏ ခန္ဓာကိုယ်ပွားတစ်ခုသည် နောက်မှ တကောက်ကောက် လိုက်ပါနေရသနည်း၊ သေကောင်ပေါင်းလဲ ဒဂ်ရာကြားမှ စိတ်တန်ခိုးပေလော၊

ကျော်မြင့်သည် တစ်ချက်တစ်ချက် အကြောဆွဲသလိုဖြစ်ကာ ပါးစပ်က တုန်ခေါ်ရောက် ငါးတစ်ကောင်လိုဖြစ်နေ သေးသည်၊ ဟစီဟစီဖြင့် အသက်ကို ချုပ်တည်းကာ လေကို ခက်ခက်ခဲခဲ ရှူနေရလေပြီ၊ အခြေအနေ မကောင်း။ ကျော်တင့်က ရိုပ်မိလာသည်၊

အမွေသခံရတို့သည် လူသားဝိညာဉ် ချုပ်ငြိမ်းပြီးမှသာ ဘဝကူးသွားကြသည်။ ဒီဓိတို့၏ကုသိုလ်၊ အကုသိုလ်အလိုက် ထိုက်တန်သည့် ဘုံဘဝကို ရောက်ကြသည် မဟုတ်ပါလား။ ကျော်မြင့်၏ ဝိညာဉ်သည် တစ္ဆေသရဲဖြစ်သွားသည်ဆိုလျှင် သူတစ်ယောက်တည်းသာ မြင်ရမည်၊ ယခုတော့ သည်လိုမဟုတ်၊ ပွဲတောင်သမားပါ မြင်နေရသည်တ ဆန်းကြယ်လှသည်၊

သည်လိုနှင့် ပွဲတောင်သည် မြို့အဝင် ဆိပ်ကမ်းရှိရာသို့ တဖြည်းဖြည်း နီးကပ်လာချေပြီတကား၊

ညနေချမ်းသည် လျင်မြန်စွာ ဆိုက် ရောက်လာခဲ့သည်၊

ပွဲတောင်သမားသည် စက်ကို အနည်းငယ်မျှ အရှိန်လျှော့ကာ ကမ်းနှင့် တဖြည်းချဉ်းကပ်လာသည်၊

လူနာ၏အခြေအနေသည် မကောင်း။ မျက်နှာပြင်တစ်ခုလုံး သွေးဆုပ်ကာ ဖြူဖွေးဖျော့တော့လာလေပြီ၊

"အစ်ကို - ဆေးရုံရောက်တော့မယ်၊ အားတင်းထားနော်၊ ပြီးတော့ ကမ်းပေါ်မှာ ထုံးဖြူဖြူစေတီကလေးရှိတယ်၊ အောင်စကြာဘုရားလေ - အစ်ကို သိပါတယ်၊ ပွဲတောင်က ဘုရားနားကို ရောက်လာပြီ - အစ်ကို၊ ဘုရားဂုဏ်တော်ကို အာရုံပြုထားပေါ့ - အစ်ကို၊ စိတ်ကို တင်းထားနော် - စိတ်ကို တင်း ထားပါ"



ကျော်တင့်သည် မျက်ရည်ကျကာ (၂၄)ပစ္စည်းကို ခပ်တိုးတိုး ရွတ်လေသည်၊ ပွဲတောင်စက်လှေမှ စက်သံညက်ညက် ထွက်ပေါ်လာသည်၊

"ဟေတုပစ္စယော ...အာရမ္မဏ ပစ္စယော ...အဓိပတိပစ္စယော ...အနန္တရပစ္စယော ... သမနန္တရပစ္စယော ..."

ကျော်တင့်သည် (၂၄)ပစ္စည်းကို ရွတ်နေဆဲမှာပင် မြစ်ကမ်းစပ်သစ်ပင်ကြီးများပေါ်မှ ဖျိုင်းများသည် တောင်ပံ ခတ်သံ တဖျပ်ဖျပ်ဖြင့် ရုတ်တရက် ထပျံလာကြသည်၊ ဖြူဖွေးဖွေး ဇရာမဖျိုင်းငှက်ကြီး ဆယ့်ငါးကောင်ခန့်သည် ပွဲတောင် ပေါ်ခပ်နိမ့်နိမ့် ဖျံ့ခဲ့တာ အော်ဟစ်မြည်တွန်လျက် စက်ဝိုင်းသဏ္ဌာန် ပျံသန်းနေကြသည်၊

ပွဲတောင်ပေါ်မှ လူများသည် ဦးခေါင်းထက် ခပ်နိမ့်နိမ့်မှ ပျံသန်းနေကြသော ဖျိုင်းငှက်ကြီးများကို တအံ့တဩ ငေးကြည့်နေကြသည်၊

"ထူးဆန်းလိုက်တာ"

ထိုစဉ် အနောက်ဘက် တိမ်တောက်နေ၏၊ အဝါရောင်ကောင်းကင်ကို နောက်ခံပြုကာ ဇရာမငှက်ကြီးတစ်ကောင် ရုတ်တရက်ရောက်လာသည်၊ မြင်ကွင်းတွင်းသို့ ထင်ထင်ရှားရှား ရောက်လာလေ ငှက်ကြီးသဏ္ဌာန်မှာ ထင်ထင်ရှားရှား ဖြစ်လာလေပင်၊ မြင် လိုက်ရသည့် ငှက်ကြီး၏သဏ္ဌာန်ကား အနက်ရောင်ငှက်ကြီးတစ်ကောင်ပင်၊ တစ်ကိုယ်လုံး နက်မှောင်နေကာ နှုတ် သီးအနီရဲရဲဖြစ်သည်၊ ပုံသဏ္ဌာန်မှာ ကြက်တူရွေးအနက်ရောင်ကြီးနှင့် တူသည်၊ သို့သော် ကြက်တူရွေးလိုအရွယ် မဟုတ်၊ သာမန်ကြက်တူရွေးထက် ငါးဆခန့်ကြီးသော ငှက်ကြီးဖြစ်သည်၊ ငှက်ကြီးသည် အနက်ရောင်အမွေးအတောင်များဖြင့် တဂီးဂီးမြည်ကာ ပွဲတောင်ပေါ်မှာ ရဲဝံ့စွာ ပျံသန်းလှည့်ပတ်နေခြင်းပင်၊ ထိုအခါ ပထမဦးစွာ ပျံသန်း နေသော ဖျိုင်းငှက်များသည် ဆက်လက်မပျံသန်းတော့ဘဲ အရှေ့ဘက်ဆီသို့ အုပ်စုလိုက် ပျံသန်းထွက်ခွာသွားတော့သည်၊ ငှက်မည်းကြီးတစ်ကောင်တည်း သာ ဆက်၍ဝဲပျံနေလေသည်၊

ငှက်မည်းကြီးသည် တခြားနေရာသို့ ပျံသန်းခြင်းမပြုဘဲ ပွဲတောင်သမ္ဗန်ပေါ်တွင်သာ စက်ဝိုင်းသဏ္ဌာန် လှည့်လည်ဝဲပျံနေခြင်းပင်၊ သမ္ဗန်ပေါ်မှ လူများကလည်း တအံ့တဩဖြစ်လာကြလေပြီ၊ ထိုငှက်ကြီး မည်သည့်နေရာက ရောက်လာလေသနည်း။

"ဂီး - ဂီး - ဂီး"



www.burmeseclassic.com

www.burmeseclassic.com

ငှက်မည်းကြီးဆီမှ စူးရှကျယ်လောင်သော အော်ဟစ်လိုက်သံ၊ ကျော်တင့်သည် ရှုအလ်ကိုခန္ဓာကိုယ်ကို ဖက်တွယ်ထားရာမှ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ တဖြန်းဖြန်း ဖြစ်လာပြီး ကျော်မြင့်၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တွန့်ခါသွားလေသည်။ ထို့နောက် ပျော့ခွေကျလာတော့သည်။ မေးတစ်ချက် ထိုးသွားသည်။

ကျော်တင့်သည် ထိုအခါကျမှ ငိုသံပါကြီးဖြင့် ...

"အဖေ - အဖေ - အစ်ကို ဆုံးသွားပြီဗျ - ဟီး - ဟီး - ဟီး"

*ထိုအခါကျမှ ပုံထောင်ပေါ် ပါလာသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။*

ပုံထောင်သမားသည် စက်ကိုသတ်လိုက်၏။ ကောင်းကင်ပေါ်တွင် ဝဲပျံနေသောအနက်ရောင်ငှက်ကြီးလည်း ရုတ်တရက် ပျောက်ကွယ်သွားလေပြီတကား။

အထက်ပါဖြစ်စဉ်သည် Out of body experience ခန္ဓာကိုယ်ပြင်ပ အတွေ့အကြုံဖြစ်သည့် လိပ်ပြာလွင့်ခြင်း ဖြစ်သည်။ အကြမ်းအားဖြင့် ရုပ်ခန္ဓာထဲမှ ခန္ဓာကိုယ်ပြင်ပသို့ လိပ်ပြာခန္ဓာ ထွက်သွားသော အတွေ့အကြုံ၊ ရုပ်ခန္ဓာကိုယ်နှင့် တွေ့ရသော အတွေ့အကြုံ စသည်ဖြင့် ဖြစ်သည်။ လိပ်ပြာလွင့်ရာတွင် မိမိတစ်ယောက်တည်း နှစ်နေရာတွင် ပြိုင်တူရောက်နေခြင်း၊ မိမိရုပ်ခန္ဓာကို မိမိ လိပ်ပြာခန္ဓာက ပြန်မြင်ရခြင်း ဟူ၍လည်း နှစ်မျိုးရှိသည်။

ဥပမာ - ၁၉၀၈ ခုနှစ်က ဖြစ်သည်။ ဗြိတိသျှလွှတ်တော်တွင်းတွင် အမတ်ဆာကာနေရပ်ချိုသည် တုပ်ကွေးအပြင်းဖျားနေသဖြင့် လွှတ်တော်သို့ မတက်ရောက်နိုင်ပေ။ လွှတ်တော်တွင် အမတ်များသည် ကိစ္စတစ်ခုအတွက်အရေးတကြီး အခြေအတင် ပြောနေကြခြင်း ဖြစ်သည်။ ရုပ်ချိုသည် အစိုးရဘက်မှပါဝင်ကာ ဆွေးနွေးရန်ဖြစ်ပြီး ဆွေးနွေးရန် ဆန္ဒပြင်းပြနေသော်လည်း ကျန်းမာရေးကြောင့် လွှတ်တော်မတက်နိုင်အောင် သောကရောက်နေရသည်။

သို့သော် လွှတ်တော်ထဲတွင် ထိုင်နေကျနေရာ၌ ဆာကာနေရုပ်ချိုထိုင်နေသည်ကို အခြားမိတ်ဆွေ အမတ်သုံးဦးက တွေ့နေရသည်။ အဆိုပါ အမတ်သုံးဦးက ရုပ်ချိုအား လွှတ်တော်ထဲတွင် ထိုင်နေသည်ကိုမြင်တွေ့နေချိန်တွင် ရုပ်ချိုသည် သူ့အိမ်တွင် အပြင်းဖျားကာ အိပ်ရာထဲတွင် လဲနေလေသည်။ ခန္ဓာကိုယ်က မည်သို့မျှ မလှုပ်ရှားနိုင်၊ မထနိုင်ဖြစ်သည့်အခြေအနေဖြစ်သည်။

ပညာရှင်များက ရုပ်ချိုကိစ္စသည် လိပ်ပြာလွင့်ခြင်းဟု သတ်မှတ်သည်။ ရုပ်ချိုသည် ခန္ဓာကိုယ် အိပ်ရာထဲ လဲနေသော်လည်း လွှတ်တော်အစည်းအဝေးသို့ သူ၏ ခန္ဓာကိုယ်မှ လိပ်ပြာထွက်ခွာသွားခြင်းဖြစ်သည်။ လူတစ်ယောက်တည်း နှစ်နေရာ ရှိနေခြင်းမှာ တစ်နေရာတွင် ရုပ်ကြမ်းခန္ဓာကိုယ်ရှိနေပြီး အခြားတစ်နေရာတွင် ရုပ်နု လိပ်ပြာခန္ဓာကိုယ် ရှိနေခြင်းဖြစ်ပေသည်။

ဤသို့ဆိုလျှင် သေငယ်ဇောဖြင့် ပြောနေသည့် ကျော်မြင့်သည် အခြားသော လိပ်ပြာ၊ ခန္ဓာကိုယ်ရုပ်နုဖြင့်ပုံထောင်နောက်မှ ထက်ကြပ်မကွာ လိုက်လာနေခြင်းပင်။ မိမိကို ရန်ပြုသည့် သံတုတ်ကို လက်တုံ့ပြန်ရန် ဓားကိုင်ကာ လိပ်ပြာခန္ဓာက လိုက်လာခြင်းပေတကား။ သူသေဆုံးသွားမှသာ လိပ်ပြာခန္ဓာကိုယ်က ပျောက်ကွယ်သွားခြင်းပင်။

မင်းဘုန်းသိခ်သူ


## ဆံပင်ဖြူ ဆံပင်ကျွတ်ပျောက်ဆေး

(၁) ငှက်ပျောခိုင် ငှက်ပျောလက်ကို ခုတ်လိုက်ပါက ကျလာသောအရည်များကို ခွက်သန့်သန့်ဖြင့် ခံထားပြီး ထိုအရည်ကို ဦးရေပြားထိအောင် လိမ်းပေးပါ။ (၃)ရက် ပြည့်မှ ခေါင်းလျှော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၃၉ ဗိုက်ပူ တစ္ဆေကား

စိုးမိုးနိုင်

**တစ်နေ့** ကျွန်တော်သည် မင်္ဂလာဈေးရှိ အစ်မဖြစ်သူ၏ အထည်ဆိုင်သို့ ခေတ္တအလည်အပတ် သွားရောက်ခိုက် ၎င်းဆိုင်မှ ကျွန်တော်နှင့် လွန်စွာရင်းနှီးသော သန်းထိုက်အမည်ရှိ ဝန်ထမ်းလေးမှ ...

“ဟာ – ကိုစိုးမိုး၊ ဆိုင်ကို မလာတာတောင် အတော်ကြာပြီ၊ အခု ဂမ္ဘီရဝတ္ထုတွေ ရေးနေတာ အတော်အောင်မြင်နေပြီဆို – ဟုတ်လား”

“အာ – ဒီလောက်တောင်လည်း မဟုတ်သေးပါဘူးကွာ။ ငါ့နာမည်နဲ့ လုံးချင်းဝတ္ထု မှ မထုတ်နိုင်သေးတာ”

“မရေးနိုင်လို့လား”

“ရေးနိုင်ပါပြီကောလားကွာ။ ငါ့မှာ ရေးထားပြီးသား လုံးချင်းဝတ္ထုအကြမ်းထည်တွေ ရှိတာပေါ့ကွာ။ ဒါပေမဲ့ – ဒါ လိုတယ်လေကွာ”

ကျွန်တော်မှ လက်မနှင့် လက်ညှိုးကို ထိကပ်၍ ဝိုင်းပြလိုက်၏။ “ငွေ” ဆိုသည့် အဓိပ္ပာယ်လေ။

“ဒါဆိုလည်း ကိုစိုးမိုးရဲ့အစ်မတွေကို အကူအညီတောင်းလိုက်ပေါ့၊ သူတို့လည်း ဘောစိတွေပဲဟာ”

ထိုအခါ ကျွန်တော်မှ ခေါင်းကို ဖြည်းလေးစွာ ခါလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်နိုင်ပါဘူးကွာ – အစ်မဆိုတာ အမေမှ မဟုတ်တာ"

ကျွန်တော့်စကားကြောင့် သန်းထိုက်မှ စိတ်မကောင်းဟန်ဖြင့် သက်ပြင်း တစ်ချက်ချလိုက်ပြီး ...

"ဒါနဲ့ – ကိုစိုးမိုးကို ကျွန်တော် ကန်ကြမ်းတစ်ခုပေးစရာ ရှိတယ်"

"ဟုတ်လား – ဆိုးစမ်းပါဦး။ စိတ်ကူး ယဉ် ဇာတ်လမ်းတစ်ခုလား"

"ဟာ – မဟုတ်ရပါဘူးဗျာ။ ၁၉၈၀ ခုနှစ်တုန်းက အပြင်မှာ တကယ်ဖြစ်ခဲ့တဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ပါ"

"ကိုယ်တွေ့လား"

"ဟုတ်တယ် – ကျွန်တော့်အဖေ့ရဲ့သူငယ်ချင်းတစ်ဦး ကိုယ်တွေ့ကြုံခဲ့ရတာ ကို ပြန်ပြောပြထားတဲ့ ဖြစ်ရပ်မှန်တစ်ခုပါ။ သူ့နာမည်က ဦးမြခိုင်တဲ့၊ သူက အဲဒီခေတ်တုန်းက ၃၉ ဗိုက်ပူကားကြီးကို ကိုယ်တိုင်မောင်းတဲ့ ကားအံ့နာ (ပိုင်ရှင်) တစ်ယောက်ပါ။ အဓိကပြောချင်တာကတော့ သူ့အကြောင်းဆိုတာထက် သူ့ရဲ့ကားအကြောင်းကို အရမ်းထူးဆန်းလွန်းလို့ ပြောပြချင်တာပါ"

"သူနဲ့ သူ့ရဲ့ကားအကြောင်းကတော့ ဒီလိုပါ"

❦

"ပွမ် – ပွမ် – ပွမ်"

"ဝူး – ဝူး – ဝူး"

"တောက် – ဘယ်က ကားလဲကွာ။ ညအချိန်မတော်ကြီးကို ဆူညံနေတာပဲ။ အလိုက်ကန်းဆိုး မသိလိုက်တာ"

ဦးထွန်းမြိုင်တစ်ယောက် ဒေါသများ ပေါက်ကွဲကာဖြင့် အိပ်ရာခုတင်မှ ထလာခဲ့၏။ ဟုတ်သည်လေ၊ သူမှာ တစ်နေ့လုံး ကားမောင်းထား၍ သည်အချိန်လေးပဲ အနားယူအိပ်စက်ရတာ အခုလို ည (၁၂) နာရီ အချိန်ကြီးတွင်မှ ဘယ်အရပ်မှအလေနတော ကားမှ မိမိ၏ အိမ်ဘေးတွင် အဆက်မပြတ်ဟွန်းတီးခြင်း၊ ကားစက်နှိုးခြင်းများကို ဘာသဘောနှင့် ပြုလုပ်နေရသည်မသိ၊ မည်သို့ပင်ဖြစ်စေ အလိုက်ကန်းဆိုး မသိသူအား သွားရောက်၍ သတိပေးရဦးမည်ဟုတွေးပြီး အိပ်ရာမှထလာခဲ့ခြင်း ဖြစ်၏။




သို့သော် ဆူညံသံများ လာရာအရပ် ဆီသို့ သူ ရောက်သည့်အခါမှာတော့ အထ
နှင့်အမြင်တို့ တက်တက်စင်အောင် လွဲရလေတော့၏။ အကြောင်းမှာ သူ၏ ကား
ဂိုဒေါင်ထဲမှာ ရပ်နားထားသော ၃၉ ဗိုက်ပူကား (အစိမ်း) ကြီးဆီမှ ထွက်ပေါ်လာသော အသံများဖြစ်နေသောကြောင့်ပင်။

"ဟာ – ငါ့ကားကြီးက ဘယ်လိုဖြစ်တာလဲ"

"မောင်းသူလည်း မရှိဘဲနဲ့ ဟွန်းသံ တွေမြည်ပြီး ကားစက်တွေ နိုးနေတယ်"

ဦးထွန်းမြိုင် မျက်လုံးအစုံကို ပွတ်သပ်၍ သေချာစွာ ထပ်ကြည့်မိ၏။ မိမိပဲ အိပ်မှုန်စုံမွှားဖြစ်နေ၍ အမြင်တွေပဲ မှားနေရော့သလားဟူသော သဘောဖြင့် ဖြစ်၏။ သို့သော် သူထင်သလိုမဟုတ်၊ အမှန်စင်စစ်ပင် ၃၉ ဗိုက်ပူကားကြီးသည် အထဲ၌မည်သူတစ်ဦးတစ်ယောက်မှ မရှိဘဲနှင့် ရှေ့နောက်ဝဲယာသို့ ယိမ်းထိုးလှုပ်ရှားနေ၏။



သတ္တိကောင်းလှပါသည်ဆိုသော ဒေါ်ဝင်းမာ ကားခေါင်းမှ ရှေ့တစ်ကိုယ်လုံးမဟုတ်ဘဲ လေတ်ချည်းသက်သက် နှစ်ဖက်ထ ကားဟွန်းတီးခြင်း၊ ကားစက်နှိုးခြင်းများ ပြုလုပ်နေသည်ကို မထင်မှတ်ပဲ တွေ့မြင်လိုက်ရသောအခါ အကြောက်လွန်၍ တတ်သွားပါတော့သည်။ ဦးထွန်းမြိုင်ကတော့ ထိုအချိန်တွင် ဒေါ်ဝင်းမာလောက် ထံမနိုမ့်လို့ပဲတားမသိ

www.burmeseclassic.com

"အမလေး - ဒါ - ဒါ - ငါ့ကို - သရဲ - သရဲခြောက်နေတာ၊ အား - လုပ်ကြပါဦး"

*ဦးထွန်းမြိုင်မှာ ကားပေါ်သို့လည်း သူတစ်ယောက်တည်း တက်မကြည့်ရဲ၍* လမ်းကြောင်းသို့ ပြန်လှည့်၍ ပြေးရ၏။ အိမ်ထဲသို့ ပြန်ရောက်သည်နှင့် ဇနီး ဖြစ်သူ ဒေါ်ဝင်းမာကို နှိုးရ၏။ ထိုအခါ မိမိ အား အိပ်ရေးပျက်အောင် ပြုလုပ်သည် ဟုဆိုသော ဒေါ်ဝင်းမာမှ မြည်တွန်တောက်တီးတော့၏။

"တော်ကလည်းတော် - ယောကျ်ားကြီးဖြစ်ပြီး ကြောက်တတ်လိုက်တာမှ လွန်ရော ဘယ်မှာလဲ - သရဲ၊ လျှောက်ပြောနေတယ်"

ထို့နောက် လင်မယားနှစ်ယောက်သား ပုဏ္ဏကတိုက်သလို သောင်းကျန်းနေသော တာကြီးပေါ်သို့ တက်ကြည့်ကြရာ ...

"အမလေးတော် - လက် - လက် - လက်ကြီး - ဂစ် - ဂစ် - ဂစ်"

အသွင်တောင်းပါသည်ဆိုသော ဒေါ်ဝင်းမာ ကားခေါင်းမှ လူတစ်ကိုယ်လုံး ထွက်ထဲသက်ရှည်းအတ်သတ် နှစ်ဖက်တ ကားဟွန်းတီးခြင်း၊ ကားစက်နှိုးခြင်းများ ပြုလုပ်နေသည်ကို အောင်နှတ်ပဲတွေမြင်လိုက်ရသောအခါ အကြောက်လွန်၍ တက် သွားသလားသည်။ ဦးထွန်းမြိုင်တတော့ ထိုအချိန်တွင် ဒေါ်ဝင်းမာလောက် ကံမနိမ့်၍လား မသိ၊ ဒေါ်ဝင်းမာတွေ့သော လက်ပြတ်ကြီးကို မတွေ့ရဘဲ အသံတွေ ဆူညံနေခြင်းနှင့် တာကြီး ယိမ်းထိုးနေခြင်းကိုသာ ကြားရ၊ တွေ့ရ၏။ နောက်ဆုံးတော့ ဦးထွန်းမြိုင်မှပင် သတိလစ်နေသော ဒေါ်ဝင်းမာကို ပွေ့ချီ၍ ကားပေါ်မှ ဆင်းပြေးရတော့၏။ ကြောက်စိတ်ကြောင့်ပဲလားတော့ မသိ၊ ကိုယ်အလေးချိန်ပေါင် (၁၂၀) သာရှိသော ဦးထွန်းမြိုင်က ပေါင် (၁၅၀) ရှိသော ဒေါ်ဝင်းမာကိုယ်လုံးကြီးကို ပွေ့ချီသွားနိုင်သည်မှာ ဖက်ရှက်လေးလိုပေါ့လို့။

"တာ - ကားက အသစ်ကြီးပဲ ရှိသေးတယ်၊ တကယ်ပြန်ရောင်းမှာလား ကိုထွန်းမြိုင်ရဲ"

ဦးမြနိုင်မှ ဂိုဒေါင်ထဲ၌ရပ်ထားသော ခုဇ မိုက်ပူကားကြီးကို လှည့်ပတ်ကြည့်ရင်း တအံ့တသြမေးလိုက်ခြင်း ဖြစ်၏။ ကားကြီးမှာ ဦးမြနိုင်ပြောသလိုပင် အပြစ်အနာအဆာဟူ၍ ဦးထွန်းမြိုင်မှ လက်ဆင့်ကမ်းပြန်လည်ရောင်းချလာခြင်းကြောင့် အံ့ဩနေရခြင်း ဖြစ်၏။ ဤနေရာ၌ လက်ဆင့်ကမ်းသည်ဟု ဆိုရခြင်းမှာ ဦးထွန်းမြိုင်မှာလည်း ၎င်းကားကို တခြားသူတစ်ဦးထံမှ ဝယ်ယူထားခြင်းကြောင့် ဖြစ်သည်။



"တကယ်ပြောတာပါဗျ၊ ခင်ဗျားကိုတော့ မိတ်ဆွေရင်းချာဖြေ့မို့ ဒီလောက်ဈေးနဲ့ပဲ ယူထားတာပါ၊ အမှန်အတိုင်းပြောရရင် ကျွန်တော်လည်း မရောင်းချင်ပါဘူး၊ အရေးကြီးကိစ္စတစ်ခုအတွက် ပိုက်ဆံလိုနေလို့ပါ"

ဦးထွန်းမြိုင်မှာ ပြောပြီးမှ မိမိကိုယ်ကို လိပ်ပြာမလုံဖြစ်မိနေသေး၏။ မည်သို့ပင်ဖြစ်စေကာမူ ဦးမြနိုင်ကတော့ ဝမ်းမြောက်စွာဖြင့် ငွေပေးချေနေပြီ ဖြစ်၏။ ထို့နောက် သူငယ်ချင်းနှစ်ဦး အပြန်အလှန် နှုတ်ဆက်၍ လမ်းခွဲလိုက်ကြတော့၏။ ပြီးခဲ့သော လများကတည်းက ကားရှာမရ၍ စိတ်ညစ်နေခဲ့သော ဦးမြနိုင်မှာ ယခုလို ဈေးသက်သက်သာသာဖြင့် အသစ်နီးပါးရှိသေးသော ကားတစ်စီးမထင်မှတ်ဘဲ ရရှိလာသောအခါ ချက်ချင်းပင် ကိုယ်တိုင်တက်မောင်း၍ အိမ်သို့ ယူခဲ့တော့၏။ အချိန်ကား ညနေ (၆) နာရီ နေဝင်ရီတရော အချိန်ကြီး၊ ထိုစဉ် ...

"ဟာင်"

ကားရှေ့ခန်းရှိသူနှင့် သေးချင်းကပ်လျက် ခုံမှ ရုတ်တရက်ပေါ်လာပြီး ဖျပ်ခနဲ ပြန်ပျောက်သွားသောအရာတစ်ခု၊ တိတိကျကျဆိုရလျှင် လူတစ်ယောက်၊ သို့ပေမဲ့ အသည်းထိတ်ဖွယ် ထူးဆန်းနေသည်မှာ ထိုလူ၏မျက်နှာ၌ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်သည် အင်္ဂါများရှိမနေဘဲ ယောက်မကြီးလို ပြောင်ချောကြီးဖြစ်နေ၏။ ထိုအဖြစ်ကို မြင်စဉ်းစားမိပြီး တစ်ကိုယ်လုံးမှ ကြက်သီးမွေးညင်းများ ထောင်ထလာကာ ကျောချမ်းသွားမိ၏၊ ထို့နောက် ကြောက်ကြောက်နှင့် လီဗာကိုအသားကုန် ဖိနင်းနေရင်း အိမ်ကို အမြန်ပြန်ရောက်ဖို့ကိုသာ စိတ်စောနေမိတော့၏။

❦

"ဝူး - ဝူး - ဝူး"

"ဝရှူး - ဝရှူး - ဝရှူး"

ကားဂိုဒေါင်ထဲမှ ဆူညံစွာ ကားစက်နှိုးနေသံများကြောင့် ဦးမြနိုင်မှာ အိပ်ရာမှ နိုးလာခဲ့ရတော့၏၊ ထို့နောက် အိပ်မှုန်စုံမွှားဖြင့် အသံလာရာဆီသို့ နားစိုက်ထောင်မိသောအခါ ...

"ဟိုက် - ဒါ ငါ့ကားဂိုဒေါင်ထဲက လာနေတဲ့ အသံတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဝူး-ဝူး-ဝူး"

"ဝရှုး-ဝရှုး-ဝရှုး"

ကားဂိုဒေါင်ထဲမှ ဆူညံစွာ ကားစက်နှိုးနေသံများကြောင့် ဦးမြနိုင်မှာ အိပ်ေ လန့်နိုးလာခဲ့ရတော့၏။ ထို့နောက် အိပ်မှုန်စုံမွှားဖြင့် အသံလာရာဆီသို့ နားစ ထောင်မိသောအခါ ...

"ဟိုက် - ဒါ ငါ့ကားဂိုဒေါင်ထဲက လာနေတဲ့ အသံတွေပဲ ကေန္တ ငါ့ကားကို ခ ဝင်ခိုးနေပြီနဲ့ တူတယ်"

အတွေးနှင့်အတူ ကမန်းကတန်းပင် အိပ်ရာမှထပြီး ဓာတ်မီးကိုကောက်ကိုင် ကားဂိုဒေါင်ဘက်ဆီသို့ ထွက်လာခဲ့၏။ ထို့နောက် ကားဂိုဒေါင်ထဲသို့ ရောက်သည် အားစက်နှိုး၍ မောင်းထွက်ဖို့ကြိုးစားနေသောကားထဲ သို့ဓာတ်မီးဖြင့် ထိုးကြည့်လို သောအခါ ကားထဲ၌ ညည်သူမျှမတွေ့ရဘဲ ကားမှာမူ တဂိုးဂိုးဖြင့် စက်နှိုးနေသည် တွေ့ရ၏။ ထို့ကြောင့် ဓာတ်မီးကို အသာပြန်ပိတ်လိုက်သည်တွင်မှ ...

"ဟာ"

ညနေက တွေ့လိုက်ရသော မျက်နှာပြောင်ချောကြီးနှင့် လူတစ်ယောက် ယ မောင်းနေရာမှာထိုင်၍ မိမိရပ်နေရာသို့ပင် ပြန်လှည့်ကြည့်နေသေး၏။ သူ၏အကြ တအေးစက်စက်ကြီး ရင်ထဲသို့ ဒိုင်းခနဲ ခုန်သွား၏။ ထိုစဉ် ...

"ဝုန်း"

"ဒုန်း"

ကားဂိုဒေါင်တံခါးကို ဝင်တိုက် ချလိုက်သောအသံကြီးက တိတ်ဆိတ်ငြိမ်သ နေသည်၊ နံနက် (၆) နာရီခန့် အချိန်ကို ဆူညံပွက်လောရိုက်သွားစေတော့၏။ သေသေချာချာကြည့်လိုက်မိသည့်အချိန်မှာ ကားက ဂိုဒေါင်တံခါးကို ဖျက်၍ အပြ သို့ပင် (မောင်းထွက်) ရောက်ရှိနေပြီ ဖြစ်၏။

"ဟာ-ဟာ-ဟေ့-ဟေ့-နေ-နေဦးလေ"

ဦးမြနိုင်မှာ လူမပါဘဲ မောင်းနေသော ၃၉ မိုက်ပူကားကြီးနောက်သို့ အ သောပါးဖြင့်လိုက်၍ဟန့်တားနေရှာသော်လည်း ကားကြီးမှာတော့ မည်သူ့



(ခသာက်) ဂရုမစိုက်သည့်အလား စပ်တည်တည်ဖြင့် ကားလမ်းမကြီးပေါ်သို့ ရောက် နေချေပြီ၊ တစ်နည်းအားဖြင့် ဦးမြနိုင်အတွက် အရာရာနောက်ကျခဲ့ရလေပြီ။

"အမလေး - အဘား - အဘား"

ဦးမြနိုင် ကားလမ်းမဘေးသို့ရောက်ရှိသွားသည့်အချိန်မှာ အပြင်မှာ ဖြစ်ပျက်နေ ကြသော မြင်ကွင်းများက မသက်သာလှ။ ဦးမြနိုင်တို့ နေထိုင်ရာ တာမွေမြို့နယ်ထဲရှိ ရပ်ကွက်လေးမှာ ၃၉ မိုက်ပူကားကြီး၏ စိတ်တိုင်းကျမွှေနှောက်သောင်းကျန်းနေမှု ကြောင့် ကမ္ဘာပျက်နေသည့်အလား ထောင်းလမောင်းကျေရှာပေတော့မည်၊ ယခု ပင်ကြည့်၊ ဂုဏ်းပြိုပျက်မွှေသည့်ကားကြောင့် နွားနို့ ပို့သည့် ကုလားမှာ ကြောက်လန့် တကြား ပြေးရင်းမှောက်လျက် ချော်လဲလေရာ နွားနို့ပုံးကြီးမှောက်၍ ဂုဏ်းနွားနို့ချွတ် ထဲသို့ ခေါင်းစိုက်နေရှာ၏။ တို့ဟူးသုပ်သည် အညာသားမှာလည်း သူ၏ ဆိုင်းထမ်း ကြီးကို မနိုင်တနိုင်ဖြင့် ထမ်းရင်းပြေးရ ရှာလေရာ ပစ္စည်းများ၏ အလေးချိန်ကြောင့် လိုရာမရောက်ဘဲ တစ်နေရာတည်း၌ ချာလပတ်ယမ်းနေရှာ၏။ ဘယာကြော်သည် ကုလားမှာလည်း သူ၏ ဘယာကြော်များ မှောက်ကျကုန်ပြီး အကြော် ကြော်သော မီးဖိုမှာ ကားနှင့် ချိတ်ပါသွား၍ အော်ဟစ်ခုန်ပေါက်ရင်း ကျန်ခဲ့တော့၏။

"ဝူး-ဝေါ-ဝူး"

"ဝုန်း"

"ဒိုင်း"

နောက်ဆုံးတွင် အလွန်ဆိုးရွားသော ဂုဏ်းကားသည် လှသွားလမ်းပလက်ဖောင်း တစ်လျှောက် ဖျက်ဆီးသောင်းကျန်းပြီးသည့်မှုနှင့် အားမရသေးဘဲ ခြံစည်းရိုးတချို့ နှင့် ကုန်စုံဆိုင်တစ်ဆိုင်ကို ပြင်းထန်စွာ ဝင်တိုက်မိသည်တွင်မှ ကားစက်ရပ်ခြင်းဖြင့် နိဂုံးချုပ် အဆုံးသတ်လေ၏။ နောင်မှ သိရသည်မှာ ဂုဏ်းကုန်စုံဆိုင်ပေါ်မှ အဘွားကြီး ပင်အသက်ဘေးကြောင့်ထင့်၊ အရွယ်နှင့်မလိုက်အောင် ပေါ့ပါးလျင်မြန်စွာ ခုန်ချထွက် ပြေးသွား၍သာ အသက်နဲ့ ကိုယ် အိုးစားမကွဲခြင်းဖြစ်ဟု သိရ၏။

မည်သို့ပင်ဆိုစေကာမူ အဆိုပါပြိုပျက်မွှေသည့်ကားကြောင့် ပိုင်ရှင်ဖြစ် သူဦးမြနိုင် မှာ လမ်းဘေး ကျူးကျော်ဈေးသည်များနှင့် ကုန်စုံဆိုင်ပိုင်ရှင်ကို ကျေနပ်သည်အထိ လိုက်လံတောင်းပန်ရခြင်း၊ လျော်ကြေးပေးရခြင်း ပြုလုပ်လိုက်၍ အချုပ်ခန်းထဲသို့

www.burmeseclassic.com

www.burmeseclassic.com

ရောက်မသွားရခြင်း ဖြစ်၏။ ဒါတောင် ရဲစခန်းမှ ခေါ်ယူသတိပေး၍ ခံဝန်လက်မှတ်ထိုးလိုက် ရသေး၏။

နောင်အခုမှ စုံစမ်းသိရှိရသည်မှာ ၎င်းကား၏ ရှေးဦးပထမဆုံးကားအုံနာ (ပိုင်ရှင်)မှာ တစ်နေ့တွင် ဖျားနာ၍ သေဆုံးခဲ့ရပြီးနောက် သူ၏ ကားကို နှစ်သက်မြတ်နိုးသောစိတ်ကြောင့် မကျွတ်မလွတ်ဘဲ ကားပိုင်ရှင်အစဉ်အဆက်ကို လက်ဝယ်မထားခဲ့အောင် လိုက်လံခြောက်လှန့်နှောင့်ယှက်နေခြင်းဖြစ်ကြောင်း သိရ၏။

ဦးမြနိုင်လက်ထက်သို့ ရောက် သည်တွင်မှ ကားဂိုဒေါင်ထဲတွင် ဘုန်းကြီး (၅)ပါးပင့်ဖိတ်၍ အနန္တရာယ်တင်း ပရိတ်ရွတ်ဖတ်ခြင်း၊ မေတ္တာပို့၍ အမျှဝေခြင်းကွယ်လွန်သူအတွက် ရည်စူး၍ ဆွမ်းတပ်ခြင်းများ ပြုလုပ်လိုက်သည်တွင်မှစ၍ နောင်အခါတွင်ခြောက်လှန့်ခြင်းများ မပြုလုပ်တော့ပါဟု သိရပါသည်။

—— စိုးမိုးနိုင်

**ညွှန်းဈေးလက်စော**

(၁) ကန့်(၁၀)ကျပ်သား၊ လက်ချားမီးပေါက် (၅)ကျပ်သား၊ ယမ်းစိမ်း (၅)ကျပ်သား ဒုတ္တာ (၅)ကျပ်သား၊ အမှုန့်ပြုကာ သံပုရာရေနှင့် လိမ်းပါ။

(၂) စားဆိုဒါနှင့် သနပ်ခါး ရောလိမ်းပါ။



ချစ်တီးကုလားတိုက်မှ

ထူးခြားသော အဖြစ်အပျက်

www.burmeseclassic.com

www.burmeseclassic.com

မင်းနန္ဒရှိန်

# ချစ်တီးကုလားတိုက်မှ ထူးခြားသောအဖြစ်အပျက်

အသျှင် အာချွင် တွက်စစ်ကြည့်ပါက နှစ်ပေါင်း (၅၀)ကျော်၊ သို့သော် စာရေးသူ မှတ်မိနေဆဲ၊ သတိရနေဆဲ အဖြစ်အပျက် တစ်ခု၊ ဈာပုံမှာမွေး ဈာပုံမှာကြီးပြင်းခဲ့ရသော်လည်း အချိန်တန်တော့ ဇာတိမြေကို ခွဲခွာ၊ ရောက်ရာမှာနေရသဲတော်ရာမှာနေခဲ့ရသော်လည်းမိဘနှစ်ပါးနှင့် ဇာတိမြေကိုတော့ သတိရမြဲ၊ ဘယ်ပါမှမမေ့။

မှတ်မှတ်ရရ၊ ၁၉၅၅ ဝန်းကျင်ထင်ပါသည်။ ဈာပုံမြို့ မဟာဗန္ဓုလလမ်းထဲတွင် စာရေးသူ၏မိဘများကအိမ်တစ်လုံးဝယ်ယူလိုက်ပါသည်။ ရုပ်ရှင်ရုံနှင့်လည်းနီးသည်၊ အဖြောင်ဈေးခေါ် ဘုရားဈေးနှင့် ထိုခေတ်က အောင်ပင်လယ် ဦးသိန်းဖေပိုင်သော အေးအရဲလုပ်သားဆေးလိပ်ခုံနှင့် ချစ်တီးဘုရားကျောင်းနှင့်လည်း နီးပြီး ဈာပုံမြို့၏ လမ်း(၁၃)လမ်းရှိသည့်အနက်ဗဟိုကျကျ(၇)လမ်းထောင့်နှင့်မဟာဗန္ဓုလလမ်းတွင် တည်ရှိပါသည်။

လေးပင်သုံးခန်း နှစ်ထပ်အိမ်ကြီးဖြစ်ပြီး အိမ်နောက်ဖေးဘက်တွင် ပေ (၂၀) ကျော် မြေကွက်လပ်ကြီးတစ်ခု(ဦးလေးဖြစ်သူကောင်းမှုကြောင့် (ယခုမရှိတော့ပါ)။ အိမ်ရှေ့တွင်တော့ လူ (၄)ဖက်ခန့်ရှိ နှစ်၁၀၀ကုက္ကိုပင်ကြီးတစ်ပင် (ကြီးဒေါ်ဖြစ်သူ ကောင်းမှုနှင့် ထင်းဖြစ်သွားပါသည်)။



အထက်က ဖော်ပြသကဲ့သို့ စာရေးသူတို့ ငယ်စဉ်ဘဝမှာ သူငယ်ချင်းများ၏ ...ခေါ်ကစားကွင်းသည် ချစ်တီးကုလားဘုရားကျောင်းနှင့်လုပ်သားဆေးလိပ်ခုံကြီး ...ထွန်းသီရိရုပ်ရှင်ရုံကြီးသာ ဖြစ်ပေတော့သည်။ (ယခုအချိန်တွင် အနီစာရေးသူ ...ပြည့် ချစ်တီးကုလားဘုရားတိုက်၊ အောင်ပင်လယ်ဦးသိန်းဖေနှင့်လုပ်သားဆေး ...ခုံ၊ ထွန်းသီရိရုပ်ရှင်ရုံတို့ တစ်ခုမှမရှိတော့ပါ။ အသစ်သစ်တို့အစားထိုးဝင်ရောက် ...အဆောက်အအုံသစ်များ ဖြစ်လာခဲ့ပါသည်။

သို့သော် စာရေးသူပြောချင်သည်မှာ ငယ်စဉ်က စာရေးသူတို့ ဆော့ကစား ...င်လည်ခဲ့ရသည့် ချစ်တီးကုလားတိုက်ကြီးမှ ဖြစ်ရပ်ဆန်းကြယ်ကိုပင် ဖြစ်လေ ...ည်။ ထိုချစ်တီးကုလားတိုက်ကြီးမှာ စာရေးသူတို့နှင့် အရှေ့(၇)လမ်းတို့နှင့် ကျွန်း ...ာလမ်း(ယခင်ဦးသာခင်လမ်း)ထောင့်တွင်ရှိပြီး ဒုတိယကမ္ဘာစစ်ပြီး ချစ်တီး ...ားများ နေရာမရတော့သောအခါတွင် ကုလားပြည်သို့ပြန်သောအခါတွင်မြန်မာ ...မျိုးတစ်ဦးကို ရောင်းချခဲ့ရာမှ ဈာပုံတောရွာလေးတစ်ရွာမှ ခေတ်အခြေအနေအရ ...ကို ပြောင်းလာသော ဦးဘထွန်းဆိုသူက ဝယ်ယူလိုက်ပါသည်၊ သို့သော် မြန်မာ ...မျိုး ဦးဘထွန်းဆိုသူက ထိုချစ်တီးကုလားတိုက်ကြီးကို ဝယ်ယူလိုက်သော်လည်း ...တီးကုလားတိုက်ဟုသာ နာမည်က တွင်နေပါသည်။

စာရေးသူမှတ်မိသည်က ဦးဘထွန်းဆိုသူမှာ အသက် (၇၀)ခန့် ယောင်ထုံးနှင့် ...ေါင်းအကျီလွှတ်၊ ပုတီးကြီးတစ်ကုံးအား လည်ပင်တွင်း အမြဲတန်းဆွဲထားပြီး ...ဆိုးအကွက်ကျဲကြီးကိုအမြဲဝတ်၍ ဆေးတံတစ်ချောင်းနှင့် လမ်းလျှောက်နေ ...တ်သူဖြစ်ပါသည်။ သူ၏နှမ မတင်ညွန့်၊ ယောက်ဖဖြစ်သူက ဦးချွေးဆိုသူ ဖြစ်ပါ ...ည်၊ ထိုတိုက်ကြီးပုံသဏ္ဍာန်က ဘေးပတ်လည်တွင် ကြခတ်ဝါးများ လေးဖတ် ...းတန်ကာရံထားသလို ပေါက်ရောက်နေပြီး တော်ရုံသူခိုးဓားပြဝင်ရန် မလွယ် ...ဝင်ပေါက်ကို အုတ်လှေကားထစ် (၅)ထစ်ခန့်ကိုကျော်မှ သံတံခါးကြီးတို့ နှင့်မှ ...လို့ရအောင် ဝင်ပေါက်တစ်ခုသာထားပြီး တိုက်ကြီးမှာ နှစ်ထပ်၊ ရှေးခေတ်သံတိုင် ...ာနတ်များနှင့် ပြတင်းပေါက်များ ပြုလုပ်ထား၏၊ ထိုချစ်တီးကုလားတိုက်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com

သေချာကြည့်လျှင် အပေါင်းလက္ခဏာ (+)ဖြစ်၏။ ထူးခြားသည်။ ယခင်က ချစ်တီးကုလားများနေသော တိုက်ကြီးများဖြစ်၍ မြန်မာလူမျိုးများက ဝယ်ယူလိုက်သောအခါတွင် ကုလားပြည်သို့ပြန်သွားသော ချစ်တီးကုလားကြီးသည် သယ်၍လွယ်တဲ့သော ပစ္စည်းများကို သယ်ယူသွားသော်လည်း တိုက်၏အပေါ်ထပ်တွင် ကျောက်ရုပ်များနှင့်အနက်ရောင်ဆေးသုတ်ထားသော ဘီလူးရုပ်လိုလိုတင်းပုတ်ကိုင်ထားသည့် ကျောက်ရုပ်တုများကိုတော့ သယ်မသွား။ သို့သော် မြန်မာလူမျိုးများတစ်ယောက်ပြီးတစ်ယောက် ချစ်တီးတိုက်ကြီးကိုလက်ပြောင်းဝယ်ယူခဲ့သော်လည်း ချစ်တီးတိုက်ကြီးတတော့ မူလအတိုင်း မပြောင်းလဲဘဲ ရှိနေ၏။ အဘယ့်ကြောင့် ချစ်တီးတိုက်ကြီးတွင် လူမနေရသနည်းဆိုသော် အဖြေက ရှာ၍ လူနေလျှင် လူမမြဲ၊ ခဏတာမျှ၊ ခုတင်ပေါ်ခွဲချခြင်း ခြင်ထောင်ကြီးများဖြတ်ခြင်း၊ လူ့ကျန်းမာရေးကို ထိခိုက်စေခြင်း၊ တစ်ခါတစ်ရံ အိမ်သားများ မသင့်မြတ်ဖြစ်ခြင်း၊ ချစ်တီးတိုက်၏ ပုံသဏ္ဌာန်မှာ အပေါင်းသင်္ကေတဖြစ်သော် ထိုတိုက်တွင်နေထိုင်ကြသူများမှာ အမြဲတမ်း အနုတ်လက္ခဏာဖြစ်နေခြင်းသို့ဖြစ်သည်။ ကြောခက တိုက်အပေါ်သို့ ခဲများကျလာခြင်း၊ သဲများနှင့်ပေါက်ခြင်းသို့ကြုံရလေသည်။

တချို့အပြောအရ ချစ်တီးကုလားတိုက်ကြီးသည် ရှေးဟောင်းကုလား ဘုရားကျောင်းကြီးဖြစ်ပြီး ထိုတိုက်၏ ခေါင်းတိုင်များတွင် ရွှေဒင်္ဂါးပြားများ မြှုပ်ထားသလို ရွှေအိုးရှိသလို လူပြောများပြီး ရှာဖွေရန်အတွက် အိမ်ရှင်များ တစ်လက်ပြီး တစ်လက်သာ ပြောင်းသာသွားသည်။ ဘာပစ္စည်းမရဘဲ ပြောင်းပြေးရသည်က များသည်ဟုသာ သိရပါသည်။

နောက်ဆုံးပြည်တော်သာခေတ်တွင် တောရွာမှ လယ်သမားကြီးဦးဘထွန်းတဝယ်ယူလိုက်သောအခါတွင် မူလချစ်တီးတိုက်ကြီးမှာ ပိုင်ရှင်များမနေ၍ ချုံနွယ်ပိတ်ပေါင်းများ၍တိုက်ကြီးအတွင်းတွင်လည်း ရှုပ်ပွနေ၍ လမ်းထဲမှ ခင်မင်သော ကိုဘဖြိုးတို့ ခေါ်ယူပြီး ရှင်းလင်းကြလေသည်။ ထိုအချိန်က ၇ လမ်း ထိုလေးထဲတွင် နေထိုင်သောသူများမှာ လက်ညှိုးရေတွက်၍ ရသည်။ ဦးထွန်းလှိုင်၊ ဒေါ်ကျင်တို့နံဘေးတွင် တွက်လပ်ကြီးတစ်ခုခု ရှိပြီးလျှင် ဆေးဆရာ၊ ဆရာမကြီးအိမ် ကုလားဂန္ဓီတို့ အိမ်ပြီးလျှင် ဦးဘထွန်းတို့၏ ချစ်တီးကုလားတိုက်ကြီးရှေ့တွင် ကျွန်းတောလမ်းနှင့် ကန်ပေါင်ရှိ၏။ ထိုကန်ပေါင်နံဘေး ချစ်တီးဘုရားကျောင်းကြီးရှိရန် စာရေးသူတို့ချစ်တီးကန်ဟု ခေါ်ကြသည်။ တစ်ချိန်တုန်းက ဦးဘထွန်း၏ ချစ်တီးတိုက်နှင့် ကျွန်းတောလမ်းသည် လူအသွားအလာ အနည်းငယ်ဖြတ်သည်။ ဦးဘထွန်းတို့ ထိုတိုက်ကြီးကို ဝယ်ယူပြီး ရှင်းလင်းသောအခါ ဦးဘညိမ်းနှင့် ကိုဓွေးတို့ကပင် ဦးဆောင်၍ ရှင်းလင်းကြလေသည်။ (ယခုအခါ ဆရာတော်ဦးဆောင်မှုဖြင့် ကွန်ကရစ်လမ်းဖြစ်သွားပါသည်)။

ခြံစည်းရိုးများ စနစ်တကျခတ်ခြင်း၊ မြောင်းများပိတ်ဆို့နေခြင်းကို တူးဖော်ခြင်း ချုံနွယ်တချို့ကို တူးဖော်စေခြင်း ချုံနွယ်တချို့ကို ရှင်းကြသောအခါတွင် ခြံထောင့်တစ်နေရာတွင် ကျောက်ရုပ်တုတစ်ခုကို တွေ့ပါသည်။ မည်းနက်နေပြီးလျှင် ယခင်ချစ်တီးကုလားကြီးရှိစဉ်က နေရာထိုင်ခင်းနှင့် အကျအနလုပ်ထားပုံရလျှင် တစ်ခုခုတော့ တစ်ခုခုဟု စိတ်ထဲတွေးထင်လိုက်ကြသည်။

ကျောက်ရုပ်အနက်က သွားဖြဲလျက်ရှိပြီး အမြင့် တစ်ပေခန့်ရှိ၏။ ရှေ့တွင် မည်းနက်သော ရေဖလားအရွယ် ကျောက်ခွက်တစ်ခုကိုလည်း တွေ့ရပြီး မြေကြီးထဲမှ တစ်ပိုင်းတစ်စ ထွက်နေသော သံချောင်းတစ်ခုကိုတွေ့ရ၍ ဆွဲနုတ်ယူရာမှ ဓားကောက်ဖြစ်နေသည်ကို တွေ့ရလေသည်။



တံတွေးကို ခြင်ထောင်အဖြစ်တတ် ထွက်ထွေးလိုက်ရာ
မြေထောက်မည်းမည်းကြီးနှစ်ချောင်းပေါ် ထွေးမိရက်သားဖြစ်၍
မျက်နှာကိုကြည့်ရာ မည်သည့်အရာကိုမျှ မတွေ့ရတော့





www.burmeseclassic.com

www.burmeseclassic.com

(နောင်တွင် ရပ်ကွက်ထဲမှ ရှေ့မီနောက်မီ ဖခင်ဦးဗလအား ကိုဘညိမ်းမှ မေးကြည့်ရာ ဖခင်ဦးဗလက ပြောပြသည်ကတော့ ချစ်တီးကုလားသည့် သူတို့ ကုလားမီးနင်း ပွဲတော်ရက်ရောက်လျှင် ကြက်များ၊ ဆိတ်များကို ဓားကောက်ကြီးဖြင့် ခေါင်းဖြတ်၍ ရသောသွေးဖြင့် ယဇ်ပူဇော်လေ့ရှိပြီး ဆိတ်ကို ဓားကောက်ဖြင့် တစ်ခါတည်း ခေါင်းပြတ်အောင်ဖြတ်နိုင်လျှင် သူ့အတွက် ထိုနှစ်သည် စီးပွားရေး လယ်ယာများ ဖြစ်ထွန်းကောင်းမွန်သည့် နိမိတ်ဟု သိရသည်။)

ဤသို့ မသိနိုင်သော အဓိပ္ပာယ်ဖော်မရသည့် ရုပ်တုများကို လှူဒါန်းပစ်တန် လှူဒါန်းပစ်ရင်းကြားမှ ထိုရုပ်တုက ချုံထဲတွင် တာလရှည်စွာ ကျန်ရှိနေခြင်းဖြစ်ဟန် တူသည်။ သို့သော် အမှုမဲ့အမှတ်မဲ့ထား၍ တခြားအလုပ်များကို ဆက်လုပ်နေခဲ့ကြသည်။

ထိုနေ့ နေ့လယ်က ကိုဘညိမ်းနှင့် ကိုခွေးတို့သည် ကုလားချစ်တီးကြီးကို ဆက်ရန် ပြုပြင်ရှင်းလင်းကြရာတွင် ချစ်တီးတိုက်အတွင်း တွေ့သမျှ သစ်သားနတင်အကျိုးအပဲ့ ကုလားထိုင်များ၊ အရုပ်များကို စုပေါင်း၍ ထင်းဆိုက်ရန် နောက်ဖေးအခန်းတောင်းတစ်ခုအတွင်း ထိုးသွင်းထားခဲ့ပြီး မြံစည်းရိုးများကို စနစ်တကျ ပြုပြင်ပြီးနောက် ခေတ္တနားရန် ချစ်တီးတိုက်အတွင်း၌ ကိုခွေး၏ဇနီး မတင်ညွှန့် တည်ခင်းထားသော လက်ဖက်သုပ်၊ ရေနွေးကြမ်းနှင့် မြည်းရင်းစကားပြောနေကြ၏။ ဦးဘထွန်းမိသားစုကတော့ မလာကြသေး။ လောလောဆယ် အိမ်စောင့်ကြပ်ရန် ယောက်ဖဖြစ်သူကို ခွေးတို့လင်မယားကို အရင်စေလွှတ်ထားခြင်းပင် ဖြစ်သည်။ မတင်ညွှန့် နောက်ဖေးမီးဖိုချောင်သို့ ဝင်သွားချိန်တွင် ...

ကိုခွေးသည် အိမ်နောက်သို့ လှည့်ကြည့်၍ ကိုဘညိမ်းအား ...

"ကိုရင်ဘညိမ်း"

"ဘာတုံး – ကိုခွေးရယ့်"

"ခင်ဗျားကို ပြောစရာရှိလို့ဗျ။ ဒါပေမဲ့ – ခင်ဗျားနှုတ်လုံမှ ဖြစ်မယ်နော်။"

"ဘာနှုတ်လုံမှ ဖြစ်ရမှာတုံး၊ ကျုပ်က အရိုးခံနော်၊ ရှင်းရှင်းပြောဗျ"

"ဒီလိုကိုရင်ဘညိမ်း ကျုပ် ညက မီးဖိုချောင်မီးကိုပိတ်ပြီး အိပ်တယ်၊ ဒါပေမဲ့ သိပ်မကြာဘူး၊ ကျုပ် အိပ်နေတုန်း မျက်နှာကို အလင်းရောင် ကျလာတာနဲ့ ထကြည့်တော့ နောက်ဖေးခန်းက မီးကလင်းနေပြီးဆိုပြီးတော့ ကျုပ်ထကြည့်တော့ စကား



ပြောသံတွေ ပျောက်သွားပြီး မီးဖွင့်ကြည့်တော့ ဘာမှမတွေ့ပြန်ဘူး၊ နည်းနည်းတော့ ကျုပ် ကျောချမ်းလာတယ်။ ဒေါနားမှာ ဓားထားပြီး လက်နှိပ်ဓာတ်မီးတစ်ချောင်းနဲ့ ငုတ်တုတ်ထိုင်ပြီး မိုးလင်းလာတာပဲဗျ"

"အဲဒါဆိုရင်တော့ ဒီလိုလုပ် ကိုခွေး၊ ညကျရင် ကျုပ်နဲ့ငမဲ လာပြီးအဖော်အဖြစ် စောင့်အိပ်မယ်၊ တွေရာလေးပါးပြောရင်းပေါ့။ ဒီနေရာအကြောင်း တစ်စေ့တစ်စောင်းတော့ ကျုပ်သိထားတာ ရှိတယ်၊ အဲဒါ ဟုတ် မဟုတ် စုံစမ်းရင်း လက်တွေ့အဖြေရှာကြတာပေါ့"

ထိုညက ငဖဲကိုခေါ်လျက် ကိုဘညိမ်းတို့ ချစ်တီးတိုက်ကြီးတွင် လာအိပ်ကြ၏။ ညသန်းခေါင်ယံကျော်အချိန်ထိ ကြည့်နက်ပိုင်းသို့ရောက်ရှိလာသော် ငဖဲရုတ်တရက်အိပ်နေရာမှ လန့်နိုးလာ၏။ ဒေါနားတွင် ကိုဘညိမ်းက အိပ်နေလိုက်သည်မှာ မှက်မက်စက်စက်၊ မီးရောင်ကြောင့် နံရံပေါ်တွင် လှုပ်ရှားနေသောအရိပ်များက ငဖဲကို စိတ်ချောက်ချားစေခဲ့၏။

ခေါင် – ခေါင် – ခေါင် – (၇)လမ်းကင်းသမားစံရှင်၏ သံချောင်းထိုးတဲ့အသံ ထွက်လာ၏။ ငဖဲဆိုတဲ့ကောင် သရဲမကြောက်တတ်ဘူးဟုသာ ပြောသည်။ တိတ်ဆိတ်သော ညဥ့်ယံ၊ တစ်ချက် တစ်ချက်ကြားရသော နာရီသံကိုတောင် ကျောချမ်းချင်သလို ဖြစ်နေ၍ ဘညိမ်းကို နှိုးလိုက်၏။

ဘာဖြစ်လို့လဲ – ငဖဲရ၊ အိပ်ကောင်းမယ်ကြံခါရှိသေး၊ မင်းနဲ့တော့ ဆက်ရက်မင်းညှိစိမ်ကုန်ပါပြီဟု ပြောလိုက်၏။

မဟုတ်ဘူးဗျ၊ ဟိုမှာ မီးချောင်း ဘယ်သူဖွင့်လည်းမသိဘူး၊ ပြီးတော့ – ကျုပ်ခေါင်အောက်မှာ အရိပ်လိုလို စကားပြောသံတွေကြားရလို့ဗျ။ ဟိတ် – ဗုဒ္ဓေါ – ဘညိမ်း ဘုရားတ၍ ငဖဲနားကို အသာတိုးကပ်သွား၏။

"ဒါဆိုရင် ကိုခွေးပြောတာ ဟုတ်နေပြီ၊ ဒီနေရာမှာ တစ်ခုခုတော့ တစ်ခုခုရှိပြီ"

ထိုအချိန် ပုပ်အဲ့အဲ့အနံ့ဆိုးကြီးက ဆိုးဆိုးဝါးဝါးထွက်လာ၏။

"ဟာ – နံလိုက်တာ ဘာနံ့ကြီးလည်းမသိဘူး။ မီးနေသည်အနံ့လိုလို ပုပ်စော်လိုက္ဘာ – ထွီ"



www.burmeseclassic.com

www.burmeseclassic.com

တုတ်တွေးကိုခြင်ထောင်အပြင်ဘက်ထွက်ထွေးလိုက်ရာခြေထောက်မည်းမည်းဦးနှစ်ချောင်းပေါ် တွေးမိရက်သားဖြစ်၍ မျက်နှာကိုကြည့်ရာ မည်သည့်အရာကိုမျှ တွေ့ရတော့။

"တာ" ဟု ငဖဲ ခြင်ထောင်ထဲ ဝင်လိုက်သည်၊

"ဟကောင် - ဘာဖြစ်ရတာတုံး"

"ခြေ - ခြေထောက်ကြီးဗျ၊ အပေါ်ပိုင်း မပါဘူး"

"တော - ဟုတ်လား"

ကိုဘညိမ်းဟိုဟိုဒီဒီကြည့်လိုက်၏၊ ပစ္စည်းရွေ့သံ၊ တဖုတ်ဖုတ် လမ်းလျှောက်သံ၊ သစ်ပုံတစ်ယောက်တ သူတို့ကို စိုက်ကြည့်နေသကဲ့သို့ ခံစားရသဖြင့် သူ့ခန္ဓာကိုယ်မှာ ကြက်သီးထကြောင့်ရနေခဲ့တမျှ အေးစက်သွား၏၊

"အမှောင်အထိတ်တွေများလား မသိဘူး၊ ဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူး၊ တော်တော်ကြာဆရာတော်ကြီးခေါ်ပြီး အိမ်ရှင်းနိုင်းမှရတော့မယ်"

ထိုအချိန်သည် ချစ်တီးတိုက်ပိုင်သူ ဦးဘထွန်းရောက်လာသောအခါတွင်ဖြစ်သမျှကို အတိုချုံးပြောပြလိုက်ပြီးနောက်ကိုဘညိမ်း၏အဖေ ဦးဗလတို့ကိုးကွယ်သော စနေတောင် ဆရာကြီးထံ သွားရောက်အကူအညီတောင်းရန် ဦးဗလက အကြံညာဏ်ပေးသဖြင့် ထိုအချိန်တွင်စနေတောင်ဆရာကြီးကလည်း (၇)လမ်းတောင် ဒေါ်စိမ်းခင်အိမ် မန်တျည်းကိုင်းတွင် ရပ်ကွက်ထဲမှ တေဇောဘမ်းဆိုသူမှ မီးတရဲရဲနှင့် သရဲ အခြောက်ခံရသဖြင့် ဆရာတော်ကိုပင့်ပြီး အန္တရာယ်ကင်း ရန်စွယ်ရှင်းရန်ရောက် နေ၍ ရေငတ်တုန်း ရေတွင်းထဲကျသလိုဖြစ်ပြီး အဆင်ပြေသွား၏၊

နောက်တစ်နေ့မနက်တွင် ဦးဘထွန်း၊ ကိုဘညိမ်း၊ ကိုခွေးနဲ့ ရပ်ကွက်ထဲမှ တျင်တောတ်၊ ပြောင်ကြီးတို့ကို ချစ်တီးတိုက်ကြီးအိမ်အခိုက်များရှင်းရန်အတွက် လူစုစုရောတ်နှင့်နေကြပြီး မကြာမီ ဦးဗလက ဆရာတော်ကြီးကို ဒေါ်စိမ်းခင်အိမ်မှ ထွမ်းတင်ပြီး ကိုစိုးသိန်း ဆိုက်ကားနှင့်ပင့်လာ၏၊ ဆရာတော်ကြီး ချစ်တီးကုလား တိုက်ဝသို့ရောက်သော ဆိုက်ကားပေါ်မှဆင်း၍ တိုက်ထဲဝင်သောအခါ ခရီးဦးကြို ပြုရုံရှိသေး၊

"ဒကာ ဦးဗလ"



"ဘုရား"

"ဒီတိုက်ပိုင်ရှင်က ဘယ်သူတုံး"

"ဦးဘထွန်းပါ ဘုရား"

"ဩော် - အိမ်း - အိမ်း - ဒကာကြီးဦးဘထွန်းတိုက်က အစောင့်ရှိနေတယ်၊ မသန့်ဘူး"

"တင်ပ့ါ ဘုရား"

"ဒကာ အိမ်တွင်းအိမ်ပမှာ တိမ်မြုပ်နေတဲ့ အရုပ်တစ်စုစု ရှိနေတယ်၊ ရှာယူလာခဲ့ပါ"

ထိုအခါ ကိုဘညိမ်းနှင့် ကိုခွေးတို့ နောက်ဖေးချောင်တွင် သိမ်းထားသောအရုပ်များရှိသဖြင့် သွားယူပြီး ဆရာတော်ကြီးတို့ ပြလေသည်၊ ဆရာတော်ကြီး ထိုအရုပ်များကိုကြည့်လိုက်တော့ အစွယ်ခပ်ပြူးပြူး ဆောင့်ကြောင့်ထိုင် တင်းပုတ်ထမ်းသော အရုပ်သုံးရုပ်ခန့်ကို တွေ့ရလေသည်၊

"ဒကာကြီး - အဲဒီအရုပ်တွေကိုတစ်နေရာမှာ စုပုံထားပါ" ဟုပြောပြီး ဆရာတော်ကြီးသည် အိမ်ရှင်းရာတွင် အသုံးပြုသည့် မင်းလေးပါးဆေး(ကန့်၊ ဒုတ္ထာ၊ ဆေးအန်ဒ ဟင်းရိုင်း)ကို ဖော်မံအမှုန့်ပြုထားရာမှာ လုံတစ်ခုထဲတွင်ထည့်ပြီး မီးမြင်းတိုက်လေ သည်၊ ထိုအခါ တစ်အိမ်လုံး မီးခိုးမှိုင်းများဖြင့် မည်းမှောင်သွားပါသည်၊ ပါးစပ်မှလည်း တတွတ်တွတ်ရွတ်ပြီးနောက် တိုက်၏ဝန်းကျင်ကို မင်းလေးပါးပြာများ ရေနှင့်ရော၍ ပတ်ပတ်လည် ဖျန်းခိုင်းပါသည်၊

ထိုအချိန်တွင် စောစောက ကိုခွေးတို့ စုပုံထားသည့် အရုပ်များထားရှိရာမှ ဖုန်း - ဖုန်း - ဟူသော အသံနက်ကြီးထွက်လာပြီးနောက် ဝေါခနဲ ပြိုလဲသံတစ်ခု ကြားလိုက်ရ၏၊

အရုပ်များမှာ ထူးခြားစွာ တစ်စစီ ကျိုးပဲ့ပြီး ပျက်စီးသွားတာကို တွေ့ရပါသည်၊

"ကဲ - ဒကာဦးဘထွန်းဒကာအိမ်မှာဘာအစောင့်မှမရှိတော့ဘူး၊ အကြွင်းအကျန်တွေတိုတော့မြစ်ထဲချောင်းထဲပစ်ရုံပြီး ရှင်းလင်းလိုက်တော့" ဟုပြောပြီး ပြန်ကြွသွားပါတော့သည်၊ ထို့နောက်တွင် ဦးဘထွန်း၏ ချစ်တီးကုလားတိုက်ကြီးမှာ ဘာသံမှ မကြားရတော့ဘဲ အေးချမ်းသွားပြီးနောက် ၁၉၉၀ ဝန်းကျင်တွင် ထိုတိုက်ကြီးကို



www.burmeseclassic.com

ပြီးဖျက်ပြီးနောက် မြဲဝင်းကျယ်ကြီးကို ရှင်းလင်းကာ အိမ်သုံးလုံးခန့် ဆောက်ထားသည်ကို တွေ့ရပါသည်။ ယခုအခါတွင် ဦးဘထွန်းလည်း မရှိတော့ပြီ၊ သူ၏ မျိုးဆက်များမှ ထိုတိုက်အား တစ်ဆင့် တစ်ဆင့် လက်လွှဲရောင်းချခဲ့ရာ တိုက်တာအဆောက်အအုံသစ်များနှင့် ဖြစ်နေသည်ကို တွေ့ရလေတော့သည်။

❦

အရာရာသည် အချိန်နှင့်အမျှ ပြောင်းလဲခဲ့လေပြီ။

အဟောင်းတို့နေရာတွင် အသစ် အသစ်တို့က တစ်စတစ်စ နေရာယူဝင်ရောက်ခဲ့လေပြီဖြစ်သည်။

အတော်ကြာ ပုဏ္ဏကတိုက်ခြင်းနှင့်ပတ်သက်၍ နားလည်သဘောပေါက်ထားသည်မှာ တိုက်ညှင်း လှုပ်ရိုက်ပေါတ်ဘဝက ဦးသီလဝံဆိုသောဆေးဘုန်းကြီးတစ်ပါးတို့ထွေ့ဆိုခဲ့ချက်ထိုဦးဘထွန်းသည်ဆရာမိုးနှင့်စိန်မျက်ခုံးဆိုသောတပည့်နှစ်ဦးရှိသည်။ တစ်ညတွင် ၎င်းတို့၏ အသွားအလာတိုကြည့်လျက် ပညာစခန်းတက်သည် ဆိုပြီး တပည့်နှစ်ယောက် ရွှေပေလွှာမှာ ရွှေမှုန်များနှင့် ရေးစပ်လျက် ပွဲအပ်ကာ ဆေးထိုးပေးခဲ့သည်။

နောင်တွင် နက္ခတ်မိ၍ ဆရာမိုးမှာ ပွဲတွေ့အကျော် ကာယသိဒ္ဓိအပြင် ကြောင်အတတ်အဆင်းကိုရရှိပြီး သတင်းကြီးခဲ့သည်။ စိန်မျက်ခုံးမှာကား ပုဏ္ဏကဆေးဝက်ကုန်းဆေးဘက်သို့ အယူလွှဲမှားကာ စည်းဖောက်သည်ကတစ်ကြောင်း၊ လူလုံးမလှဖြစ်ခဲ့သည်။ (ပုဏ္ဏကဆေး၊ ဝက်ကုန်းဆေးတို့မည်သည် စည်းကို လုံခြုံအောင်စောင့်နိုင်မှ ထိုးသင့်ပေသည်။ အဘယ်ကြောင့်ဆိုသည်မှာ ထိုဆေးများသည် ဟန်ဆေး လွန်ဘေးကဲ့သို့ စည်းဖောက်ပါက ဘေးထွက်ဆိုးကျိုးများစွာ ပေးတတ်၏။ ဆေးကျမ်းစာတတ်ကျမ်းများတွင် ပုဏ္ဏကဆေးဆိုသည်မှာ အစီအရင်ပညာရပ်တစ်ခုဖြစ်ပြီး သစ္စာခံပြီးမှ ပုဏ္ဏကတိုက်ခြင်း အစွမ်းထက်သဖြင့် အထက်တန်းစား ပညာရှင်များက အသုံးမပြုပါ။ ပုဏ္ဏကဆိုသည်မှာ ဘီလူးပါပဲ။ ထို့ကြောင့် ပုဏ္ဏကတိုက်ရာတွင် ဘီလူးရုပ်တု၊ တင်းပုတ်ထမ်း၊ သားစိမ်းငါးစိမ်းသွေးရည်လောင်းက အစွယ်စစ်များက ပြူးပြူလာသလို ဆေးအစီအရင်နှင့် နိုင်း၍ရသည်ဟု ကြားဖူး၏။ လပြည့်



လကွယ်တွင် အမဲသားကျွေးခြင်း၊ ထမင်း (၇)ဆုပ်နှင့် ခေါ်စာဝစ်ဝေးရပါသည့်သို့မဟုတ် ပစ်ပယ်ထားခြင်း မေ့လျော့ခြင်းရှိက အစာတောင်းသည့်အနေဖြင့် ထမဟုတ် တစ်ခု အစွမ်းပြ၍သတိပေးတတ်၏။)

ဆရာအစဉ်အဆက် အသုံးပြုခဲ့ကြသော ပုဏ္ဏကဆေးတော်မှာ ဗတုသုအဖြစ် တင်ပြရပါသည်။ (ပုဏ္ဏကဆေးတော်ကြီးဆေး ယမ်းစိမ်း၊ ကန့်၊ အင်တွဲမှု မဖောက်ထုံးတို့ကို အမျှစီစုပြီး ကြိတ်ရမည်။ ထို့နောက် ရသောအမှုန့်ကို ကြက်ဥ တွင်ထည့်၊ မြေကြီးထဲ၌ (၇)ရက်မြှုပ်ပြီး ဖော်၍ ထိုကြက်ဥကို ရောပြီးကြိတ်ပြီးလျှ ဆေးတော် အောင် မအောင် အမိုက်တွင်ထည့်သော် မီးတောက်၏။ ထို့နောင တစ်နည်းမှာ ဆင်ရေးမို့ (၂)ကျပ်သား၊ ပေအု (၁)ကျပ်သား၊ ကြောင်လျှာသီးခြော (၁)ကျပ်သား ထိုးဆေး (၃)ပါးကို ရော၍ကြိတ်အမှုန့်ပြုလေ၊ ရေနှင့်ထိလျှင် လော ဖြစ်သည်ကိုတွေ့လျှင် ပုဏ္ဏကဆေးအောင်လေ၏။)

ပုဏ္ဏကတိုက်ခြင်းဆိုသည်မှာ အိမ်တွင်းရှိ သက်မဲ့ပစ္စည်းများသည် လှုပ်သော မပါရှိဘဲ သူ့အလိုအလျောက် ရွေ့လျားနေခြင်း၊ ဥပမာ လျှပ်စစ်မီးချောင်းက မီးဖွင့်ပ ပွင့်ခြင်း - ပိတ်ခြင်း၊ စားပွဲပေါ်တင်ထားသော ဇန်ခွက် - ပန်းအိုးစာအုပ်များတို့ လေထဲ လွင့်ပျံသွားခြင်း၊ သူ့အလိုလို ပန်းအိုးဇန်ခွက်များတို့ ရွေ့လျားပြီးကျကွဲခြင်း၊ စားပွဲ ကုလားထိုင်များတို့ အလိုအလျောက် ရွေ့လျားနေခြင်း၊ ရေဒီယိုကက်ဆက်များ TV အလိုအလျောက် သီချင်းသံထွက်ခြင်း၊ ပွင့်နေခြင်း၊ ခြေသံတရှပ်ရှပ် ကြားရခြင်းတို့ အပြင် မိမိစနစ်တကျထားသော ပစ္စည်းများ ကြမ်းပြင်စားပွဲခင်းပေါ်တွင် ပြန့်ကြဲနေ တတ်ခြင်း၊ ပန်းကန်များ လေထဲဝဲပျံခြင်း၊ အိမ်ပေါ်သို့ အုတ်ခဲနှင့် သဲများ အဆက်မပြတ် ကျရောက်ခြင်း၊ တချို့အိမ်များတွင် အိမ်အပေါ်မှ ငွေပြားစေ့များ ကျခြင်းတို့ပင် ဖြစ်လေသည်။

သို့သော် ပုဏ္ဏကတိုက်ခြင်းကို အရှေ့တိုင်းအယူအဆအနေနှင့် လက်တည့်စမ်းခြင်းဟု ယူဆကြပါသည်။ အနောက်တိုင်းစိတ်ပညာရှင်များကမူ ပုဏ္ဏကတိုက်ခြင်းကိုဆယ်ကျော်သက်အရွယ်လူငယ်များ၏စိတ်လှုပ်ရှားမှုကြောင့်ဟုယူဆထားသဖြင့် အရှေ့နှင့်အနောက်တိုင်းအယူဆသည်မှုကွဲလာခဲ့သည်။ ဤသို့ဖြင့် အနောက်တိုင်း ယူဆချက်များသည် ပုဏ္ဏကတိုက်ခြင်းသည်ပင် ဆယ်ကျော်သက်လူငယ်များနှင့်



www.burmeseclassic.com

www.burmeseclassic.com

...စိတ်လှုပ်ရှားခြင်းကြောင့်ဆိုသောအချက်ကို သွေးဇည်၍ ဝိညာဉ်များ၏နောင့်ယှက်မှုအဝေါ်ယုံကြည်သက်ဝင်လာ၍ ပုဂ္ဂကတိုက်သည့်အဖြစ်အပျက်များဖြစ်လာရသည်ဟု ယူဆလာခဲ့ကြသည်၊

ဤအချက်ကိုကြည့်၍ ရုပ်သဘာဝမည်မျှပင် ဆန်းကြယ်စေကာမူ နာမ်လောကတိုလိုက်၍ မမီနိုင်ခြင်းပင်ဖြစ်သည်ဟု အနောက်တိုင်းပညာရှင်များက လေ့လာသုံးသပ်လာခဲ့ကြသည်၊

မင်းနန္ဒီရိန်

**ဆင်ခြေထောက်ရောဂါ**

(၁) ကန့်ချုပ်နီမြစ်ခေါက်၊ ထင်းရှူးသား နှစ်မျိုးရော၍ နွားနက်ကျင်ငယ်ရည်နှင့် သွေး လိမ်းပါ။

(၂) နွားနက်ကျင်ငယ်ရည်နှင့် ချင်းခြောက်မှုန့်ရောကာ နေ့စဉ်သောက်ပါ။

(၃) ခွေးလျှောယားမြစ်အမှုန့်ကို ဆီနှင့်ချက်၍ လိမ်းပေးပါ။


မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ ဒိဋ္ဌပျောက်ကင်းစေရမည်။)

ခရုသင်း(သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူ၊ နီ၊ နတ်ထွက်များ၊
အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်
အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS,
PINTA, ECZEMA, RING WORM,
DERMATITIS,etc.

ဆရာဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ပိတောက်ရိပ်မြိမ်၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၆၆၆၄၇၈၊ ၀၉ ၇၉၈၈၆၉၁၀၉။

ခွဲ
အမှတ်(၂)၊ ၆၂ - လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့။
ဖုန်း - ၀၂ ၂၂၅၁၅၊ ၀၉ ၂၅၆၅၆၈၁၈၂


www.burmeseclassic.com

www.burmeseclassic.com





# ရှောင်ပြေးရောက် သူကျွန်း
# သရဲခြောက်သော အိမ်ကြီး
# သချိုင်း [illegible]

အမျိုးသမီးနှစ်ယောက်သည် ရန်ကုန်မြို့မှသည် ကားတစ်တန်၊ မော်တော်တစ်တန်ဖြင့် ခရီးဝေးကြီးမှ လာကြရသည် ဖြစ်သောကြောင့် လွန်စွာမှပင်ပန်းနေကြသည်။ အမျိုးသမီးနှစ်ဦးရောက်ရှိသော နေရာမှကြည့်သော် ရွာကြီးကို တွေ့နေရပြီ၊

အလွန်ဆုံးသွားရသော် နာရီဝက်သာသာသွားလျှင်ရောက်သည်၊ တစ်ဖက်ကို ကြည့်လိုက်ရာ ရှေးဟောင်းအိမ်နီကြီးကို တွေ့လိုက်ရ၏၊ ကျန်တစ်ဖက်ကို ကြည့်လိုက် ရာတွင် သချိုင်းဟောင်း၊ သချိုင်းပျက်ကြီးကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ – ဒေါ်မီမီခင်ရေ ရွာကိုတောင် လှမ်းမြင်နေရပြီပဲ စိတ်အေးအေးထားတော့၊ ...တို့အိမ်နီကြီးထဲသွားပြီး အမောလည်း ဖြေ ရေလေးဘာလေး သွားတောင်းသောက်ရအောင်"

"ကောင်းတယ် – ကောင်းတယ် – ဒေါ်သီသီရွှေ ပြောတာကောင်းတယ်၊ ကျွန်မလည်း ရေဆာနေတာ၊ မောလည်း မောနေပြီ"

ဟု ပြောပြီး နှစ်ယောက်သား အိမ်နီကြီးဆီသို့ သွားကြလေ၏။ အိမ်ရှင်အဒေါ်ကြီးသည် သဘောမနောကောင်း၏၊ ပျူပျူငှာငှာရှိ၏။ ရေအေးအေးတစ်ခွက်ကို တိုက်ပြီးသည့်အပြင် ထမင်းပါကျွေးသည်၊ "ညဘက် အိမ်နီကြီးမှာ အေးအေးဆေးဆေး နားနေပြီး အိပ်ကြပါ။ နေ့က် မိုးလင်းမှ ရွာကို သွားကြပါ" ဟု ပြောသည့်အတွက် အိပ်ဖြစ်ကြသည်။

...သွားပြီ။ အသင့်တွေ့ရသော ပါဆိုဖယောင်းတိုင်ကြီးကို မီးထွန်းလိုက်ကြသည်၊ ...ဖယောင်းတိုင်ကြီး၏ မီးအလင်းရောင်ကြောင့် မှောင်နေသော အခန်း၊ ...လင်းသွားပြီ ဖြစ်သည်။

"နေ့က်တချင် သွားမယ့်ရွာက ရမှာ ငါးယောက် အချိတ်အဆက်လုပ်ပြီးသားမို့ ရမှာ သေချာပါတယ်၊ အခု အိမ်ရှင်အဒေါ်ကြီးက သုံးလေးယောက် ခေါ်ပေးဦးမယ် ဆိုရင်တော့ ကျွန်မတို့သည် အခေါက်လာရကျိုး နပ်မှာပါ" ဟု

ဒေါ်မီမီခင်မှ ပြောလိုက်သည်၊

"လာရကျိုးနပ်ရုံတင် ဘယ်ကပ့်မလဲ၊ သည်အခေါက်က အချိုကြီးရမှာ သေချာပါတယ်"

ဟု ဒေါ်သီသီရွှေမှ ပြောပြီးရမည့် အရေးတွေးပြီး ဝမ်းသာလုံးဆို့နေကြလေ၏၊

ည (၉)နာရီထိုးပြီ ဖြစ်သည်၊

စည့်သည်နှစ်ယောက် မအိပ်နိုင်ကြသေး။ စကားပြောကောင်းတုန်း ရှိသေး၏၊ အမှန်ကိုဆိုရလျှင် ဧည့်သည်အမျိုးသမီး နှစ်ဦးသည် အမျိုးသမီး၊ မိန်းကလေးငယ်ငယ်များကို အလုပ်သွင်းပေးမယ်ဟု အကြောင်းပြကာ နယ်ခြားနယ်စပ်တွင် ရောင်းစားနေသော လူကုန်ကူးနေသည့် မိန်းမများ ဖြစ်သည်။



ခရီးက ပန်းလာသည်၊ အိပ်ရာပြောင်းသည်ဆိုတော့ အိပ်၍မရတော့၊ မျက်လုံးများ ကြောင်၍နေသည်။ ထိုစဉ် "ရှပ် – ရှပ် – ရှပ် – ရှပ်" လမ်းလျှောက်လာသည့် ခြေသံကို ဧည့်သည်နှစ်ယောက်လုံး အတိုင်းသားကြားနေရသည်၊

"ရှပ် – ရှပ် – ရှပ် – ရှပ်"

ခြေသံရှင်သည် အခန်းဝသို့ ရောက် သေနည်ကို သိနေသည်၊

"ဘယ်သူများလဲရှင် ..."

ဟု ဒေါ်သီသီရွှေမှ အသံပြုလိုက်ခြင်း ဖြစ်သည်။ တစ်ဖက်မှ အသံပြုခဲ့သော် တံခါးကို ထပြီးဖွင့်ပေးမည်ဟု ဒေါ်သီသီရွှေ စိတ်ကူးထား၏။

တစ်ဖက်မှအသံပေးခြင်းမရှိ၊ အသံမပေးဘဲ ခြေသံရှင်၏အသံသည် အခန်းတွင်း၌ ကြားနေရသည်၊

"ရှပ် – ရှပ် – ရှပ် – ရှပ်"

ဒေါ်သီသီရွှေနှင့် ဒေါ်မီမီခင်တို့နှစ်ယောက် မျက်လုံးအပြူးသားနှင့် လွန်စွာမှ ကြောက်လန့်နေကြလေ၏။

"ဟား – ဟား – ဟား – ဟား"

ရယ်သံကို ကြားရလေတော့သည်၊ တဟားဟားရယ်မောသံကို ကြားနေစဉ်မှာပင် ရှပ်ပုံလွှာတစ်ခုသည် အိပ်ခန်းတွင်းရှိ နံရံကို ထိုးဖောက်၍ဝင်သွားလိုက် ပြန်ထွက်လိုက်ဖြင့် ဝင်ချည် ထွက်ချည်၊ ထွက်ချည် ဝင်ချည်ပြုနေလေတော့၏။

သည်မြင်ကွင်းကို မြင်နေကြရသော ဒေါ်မီမီခင်နှင့် ဒေါ်သီသီရွှေတို့ နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး မျက်လုံးအပြူးသားနှင့် ကြောက်ဒူးများ တုန်လျက် ရှိကြသည်၊

မိနစ်ပိုင်းအတွင်းမှာပင် လွန်စွာမှ ရုပ်ဆိုးလှသော ဘယ်လိုမှကြည့်၍မရနိုင်သော အသွားကြီးသည် အသက်အရွယ်အားဖြင့် (၈၀) ကျော် ရှိမည်ဟု ခန့်မှန်းရသည်။

"အဘွား – သည်အိမ်မှာ ညနေခင်းက တွေ့ရတဲ့ အမျိုးသမီးကောဟင်"

ဒေါ်သီသီရွှေမှ ကောက်ကာငင်ကာ မေးလိုက်သည်။

"ဟဲ့ – သူကလည်း နင်တို့လို ဧည့် သည်ပဲ၊ အခု မရှိတော့ဘူး၊ ပြန်သွားပြီ"

"ဘယ်ကိုပြန်သွားတာလဲဟင်" ဟု ဒေါ်မီမီခင်မှ မေးလိုက်မိသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟော - ဟိုမှာ တွေ့လား၊ သချိုင်းပျက်ကြီး။ သချိုင်းကလာတော့ သချိုင်းကို ပြန်ရတော့တာပေါ့။ အေ ..."

အဘွားကြီး စကားပြော၍ မဆုံးသေးခင် ...

ညွှန့်သည် အမျိုးသမီးနှစ်ယောက်သည် အိပ်သည့် ခုတင်ကြီးပေါ်မှ ပြေးဆင်းကြလေ၏။ ပြီးတော့ - တံခါးကြီးကို အလျင်အမြန် ဖွင့်ကြလေ၏။ သည်အချိန်တွင် ဖယောင်းတိုင်မီးငြိမ်းသွားသည်။

တံခါးဖွင့်နေသော်လည်း ပွင့်မလာ၊ ဖွင့်မရနိုင်။ နှစ်ယောက်သား မျက်နှာတွင် သွေးမရှိကြတော့ချေ။

"ဝီး - ဝီး - ဝီး"

သည်အချိန်၌ ဥတ်ဆိုးထိုးသံကို ကြားလိုက်ရသည်။

"နှင်တို့ - နှင်တို့ - သည်နေရာရောက်ရင် လာလမ်းပဲရှိတယ်၊ ပြန်လမ်း မရှိဘူး။ နှင်တို့ ပြေးသည်း အလိုပဲ၊ ပြေးလမ်းမရှိဘူးဟဲ့၊ သေလမ်းပဲ ရှိတယ်။ ဟား - ဟား - ဟား - ဟား" ဟုအဘွားကြီးပြောပြီး ရယ်လိုက်သောအသံသည် အိမ်ကြီးတစ်အိမ်လုံး တိန်းထွက်သွားပြီး မိုးကြိုးကြီး ပစ်ချလိုက်သည့်နှယ် ညွှန့်သည်နှစ်ဦး ခံစားလိုက်ကြရသည်။ လွန်စွာမှလည်း အကြောက်ကြီးကြောက်၍ အလန့်ကြီးလန့်၍နေလေ၏။

ဖွင့်စဉ်တုန်းက တံခါးသည် မပွင့်၊ မဖွင့်ပဲ ထားခါမှ တံခါးသည် ပွင့်သွားလေတော့၏။

ချက်ချင်းဆိုသလိုပင် အမျိုးသမီးနှစ်ဦးသည် အပြေးအလွှားပင် ကြောက်ကြောက်လန့်လန့်ဖြင့် အပြင်သို့ ထွက်သွားကြလေ၏။

"ဟား - ဟား - ဟား - ဟား"

အဘွားအို၏ ရယ်မောသံကြီးကား အဆက်မပြတ် နောက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။ ညွှန့်သည်နှစ်ဦးသည် လှေခါး နစ်ဆစ်ချိုးအတိုင်း ပြေးဆင်းသွားကြသည်။

နောက်ဆုံးလှေခါးထစ်ရောက်ရန် လေးငါးထစ်အလိုတွင် ရှည်လျားသော လက်ချောင်းရှည်ကြီးနှစ်ချောင်းသည် လေတွင် ဝဲပျံ၍လာနေသည်ကို ညွှန့်သည်နှစ်ယောက် တွေ့နေရ၏။ ဤသို့ တွေ့ရ၊ မြင်ရသောအခါ ပို၍ ပို၍ပင် သည်းထိတ်ရင်ဖိုဖြစ်အောင် အကြောက်ကြီးကြောက်၍ အလန့်ကြီးလန့်၍သာ နေတော့သည်။



အနီးသို့ရောက်သည်နှင့် လက်မည်းကြီးတစ်ချောင်းသည် ဒေါ်မိမိခင်၏ လည်ကုပ်ကိုလည်းကောင်း၊ ကျန်လက်မည်းရှည်ကြီးတစ်ချောင်းသည် ဒေါ်သီသီရွှေ၏ လည်ကုပ်များဆီသို့ အသီးသီးကျရောက်ပြီး ...

"ဂျွတ် - ဂျွတ် - ဂျွတ်"

အားကုန်ညှစ်ချလိုက်ပါတော့သည်။ လည်လိမ်ပြီး လည်ကုပ်ကိုညှစ်ပြီးသည်နှင့် ကုပ်ကျိုးကျသွားကာ နှစ်ယောက်စလုံး တလိမ့်ခေါက်ကွေးကျပြီး လှေခါးရင်းတွင် မြင်မကောင်း ရှုမကောင်းအောင် အသက်ပျောက်၍ နေရချေပြီတကား ...

မိန်းကလေးငယ်ငယ်လေးများ ဖြစ်ကြသော အဖြူ၊ အနီ၊ အညို၊ အပြာ၊ အဝါး မရမ်း၊ လိမ္မော် စသော ရောင်စုံလှလှလေးများကို သားသမီးချင်း ကိုယ်ချင်းမစာ ညှာတာစိတ် ကင်းမဲ့စွာဖြင့် လူက လူကို ရောင်းစားသည်တဲ့။ သူတို့အခေါ် လူကုန် ကူး သည်တဲ့လေ။



အိမ်ခေါင်းရင်းတွင်ထိုင်ပြီး ထွမ်းစားရန် ထွမ်းရာနေသော အဘွားကြီးသည် ပထမဆုံးဝင်ခဲ့သော အိမ်မှ အဘွားကြီးနှင့် တစ်ရုပ်တည်း။ တစ်ထေရာတည်း။ တစ်ပုံစံတည်း။ တစ်ထပ်တည်းပဲ။ ချွတ်စွပ်မှ ချွတ်စွပ်တူပဲ



www.burmeseclassic.com

www.burmeseclassic.com

တဲ - အခုတော့ လူစိတ်မရှိသည့် လူတိရစ္ဆာန်သရဲကြီး၏ ကုပ်ချိုးခြင်းကို လှလှ ပပခံရပြီး သေပွဲဝင်ရသည့် အဖြစ်မျိုး အဖြစ်ဆိုးပါတကား။

ဤအိမ်နီးကြီး၌ သရဲကုပ်ချိုး၍ သေပွဲဝင်ရသော အဖြစ်ဆိုးသည်သည် တစ်ခု တည်း မဟုတ်ချေ။

ကြည့်ပါဦး၊ လက်ရှိယောကျ်ားရှိနေသော မိန်းမနှင့်၊ မိန်းမရှိသော ယောကျ်ား နှစ်ယောက်သား ဖောက်ပြန်နေကြ သည်၊

ထိုနှစ်ယောက် အချိန်းအချက်ပြုပြီး အပျော်ကြူးရန် ဤအိမ်နီကြီးဆီသို့ ရောက် လာကြသည်။ အပြစ်ရှိသူများဆိုလျှင် မချန်ထား၊ မကျန်စေရ။ ပထမ မိန်းမနှစ်ဦးနည်း တူဝင်၊ သရဲကြီး၏ လည်လိမ်ခြင်းကိုဦးစွာခံရပြီး ကုပ်ချိုးလိုက်သဖြင့် နှစ်ယောက်သား တွင်တချိုးပြီး အဖြစ်ဆိုးစွာ သေပွဲဝင်ရရှာပါတော့သည်၊

ဒီတင်ပဲလား မဟုတ်သေး ...

မိုးသည် သည်းသည်းမည်းမည်း ရွာနေသည်၊ လေသည် စပ်ကြမ်းကြမ်း တိုက် နေ၏ ည၊ သည်ည၊ စိန်ရွှေရတနာဆိုင်မှ ဆိုင်ရှင်အမျိုးသမီး ရောသည်၊ လှသည်၊ အရွယ်တ ငယ်သည်၊ အလွန်ဆုံးရှိမှ အသက်နှစ်ဆယ်ကျော်။ ဆိုင်ပိတ်ပြီး ရတနာ ပစ္စည်း အနည်းငယ်ကို အနက်ရောင်အိတ်ရှုံလေးထဲတွင်ထည့်၍ ဆိုင်ကယ်စီးပြီးပြန် အလာ လူယုတ်မာတစ်ဦးမှ လမ်းခုလတ်တွင် ဝါးရင်းတုတ်ရှည်ရှည်ဖြင့် ဖြတ်ရိုက် သည်။ လူနှင့် ဆိုင်ကယ်တခြားစီ ဖြစ်သွားသည်၊

အမျိုးသမီးကိုခေါ်၍မုဒိမ်းကျင့်သည်၊ ပစ္စည်းကို ယူသည်။ ပြီးတော့ လူကို သတ် ပစ်လိုက်သည်၊

မိုးထဲ လေထဲမှာ ထိုလူ လူယုတ်မာ အိမ်နီကြီးဆီသို့ ရောက်လာသည်၊ မကြာ လိုက်ပါ၊ သခင်လူများနည်းတူ လည်လိမ်၍ ကုပ်ချိုးပြီး သတ်ခံသောကြောင့် သရဲ လက်ချက်ဖြင့် ကုပ်ကျိုးသေခဲ့ရသည့် အဖြစ်ဆိုးနှင့် ကြုံလိုက်ရပါတော့သည်၊

ယုတ်မာပက်စက်၊ ဆန့်ကောလောက်မှဖောက်မနက်သောသူ၊ လူစိတ်မရှိသော လူဘီလူး၊ လူတကျာရှူးကို ဥပဒေ က အပြစ်ပေးပြီး မဆုံးမလိုက်ရသော်လည်း သရဲ ကြီးမှ လှလှပပ အပြစ်ပေးပြီး ဆုံးမလိုက်သည်မှာ သေဒဏ်ပင် ဖြစ်ပါတော့သည်၊



လူဖြစ်ပါလျက်နှင့် လူစိတ်ကင်းမဲ့ပြီး လူမဆန်၊ လူတိရစ္ဆာန်ပုံစံဖြင့် မတောင်းမှုတို့ လွန်လွန်ကျူးကျူး၊ ဆိုးဆိုးဝါးဝါး ပြုလုပ်လာကြပြီး၊ အိမ်နီကြီးသို့ ရောက်ရှိလာကြသူ တိုင်း မလွဲမသွေ သရဲကြီး၏ ပြင်းထန်သော ဆုံးမခြင်းဖြစ်သည့် သေဒဏ်တို့ ခွေမလှ ခံကြရသည်သာ ဖြစ်ပါတော့သည်တကား။

ဤသို့ သရဲခြောက်သည်မှာ အကြိမ်ကြိမ် အခါခါဖြစ်နေသောကြောင့် လွန်စွာမှ နာမည်ကြီးနေပါတော့သည်။ သည်သို့ အကြိမ်ကြိမ်အခါခါ ပက်ပက်စက်စက် သရဲ ခြောက်နေသောအခါ ဤရွာတွင် ရှိကြသော ရွာသူရွာသားများ မနေရဲကြတော့၊ တစ် အိမ်မှုမကျန် လှမ်းမြင်နိုင်သည့် ဝေးဝေးမှာရှိသော ကွင်းကြီးသို့ ရွှေ့ပြောင်းသွားကြပြီး ရွာသစ်တည်ပြီး နေကြလေတော့သည်၊

သည်အချိန်ကစ၍ သည်အိမ်နီကြီးဆီသို့ လူမပြောနှင့် အိမ်မွေးတိရစ္ဆာန်များပင် အဝင်အထွက် မရှိကြတော့ချေ။

သည်အိမ်နီကြီးနှင့် သချိုင်းကုန်းကြီးသာလျှင် ထီးထီးကြီးကျန်ရှိနေပါတော့ သည်။ ရွာသားများသည် ရွာသစ်တည်သလို သချိုင်းကုန်းကိုလည်း ရွာအနီးမှာ ထား ရှိသည်၊

ဆိုရလျှင် ဤအိမ်နီးကြီးနှင့် ဤသချိုင်းကုန်း၊ သချိုင်းပျက်ကြီးသည် ပကာရနေ သည်ဟု ဆိုရမည်လား မပြောတတ်တော့ချေ။

❦

အချို့အချို့သော မြင်ကြသူ၊ တွေ့ကြသူများက ဆိုကြပါသေးသည်၊

"နေ့ဘက်မှာကြည့်ရင်တော့ သချိုင်းဟောင်း၊ သချိုင်းပျက်ကြီးပါပဲ၊ တစ်ကယ် လည်း သချိုင်းဟောင်းကြီးကို ညဘက်ရောက်လာလို့ကြည့်လိုက်ရင် ရွာကြီးတည် ထားသလိုပဲ၊ လူတွေ – လူ တွေ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး သွားလို့ လာလို့ လှုပ်လှုပ်ရှားရှား ပြုနေကြသည်" ဟု၊

"အင်း – သချိုင်းဟောင်း၊ သချိုင်းပျက်ကြီးက ကျုတ်တွင်းကုန်းကြီးများ ဖြစ်နေ ပြီလား မပြောတတ်"



www.burmeseclassic.com

www.burmeseclassic.com

သည့်ကြောင့် ထင်ပါသည်။ အိမ်နီကြီးကို အဝင်အထွက် မမြုကြသလို၊ ဒီသချိုင်းတောင်း၊ သချိုင်းပျက်ကြီးဆီသို့လည်း မည်သူမျှ မလာရဲကြ။ ဤအိမ်နီကြီးနှင့် ဤသချိုင်းကုန်းကြီးသည် သရဲ ခြောက်သည်ဟု နာမည်ကြီးသည့်အချိန်က စ၍ စ၍ ...။

မြင်ကြ၊ တွေ့ကြသူများ စာရင်းတွင် ဇော်နှင့် စိုးသည် ထိပ်ဆုံးက ပါဝင်နေသည်။ ၎င်းတို့နှစ်ယောက် အလွန်ချစ်သော သူငယ်ချင်းများ ဖြစ်ကြသည်။ စားဖော်တားဖက်၊ သောက်ဖော်သောက်ဖက်၊ အရက်သမားများ ဖြစ်ကြသည်။ ကိစ္စတစ်ခုဖြင့် နှစ်ယောက်သားမြို့ကို သွားရာမှ အပြန်တွင် မိုးချုပ်နေပြီ၊ အိမ်နီကြီးနားရောက်တော့ ည(၇)နာရီ ထိုး နေပြီလေ။

လင်း၏တစ်ဖက်ကိုလှမ်းကြည့်လိုက်ရာတွင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် အရက်သမားနှစ်ယောက် တအံ့တဩဖြစ်မိကြသည်။ ဘယ်ထိအောင် သောက်ထားသည်ဆိုး အတော်လေး မူးနေကြသည်။

"တော့တောင် - ဇော်းတို့မှာကြည့်စမ်း၊ ဘာရှိလို့လဲမသိဘူး၊ လူတွေအများကြီးပဲ၊ သွားလာနေလိုက်ကြတာ၊ ပွဲတော်ကြီး ကျနေတာပဲနော်" ဟု

စိုးမှ ပြောလိုက်ခြင်း ဖြစ်သည်။

"အေး - ဟုတ်တယ်ကွ၊ မီးတိုင်တွေ ထွန်းထားတာလည်း လင်းထိန်နေတာပဲ၊ တစ်ခုခုရှိလို့ နေမှာ၊ လာကွာ - သွားကြည့်ကြရအောင် စိုး" ဟု ဇော်မှ ပြောလိုက်သည်။

"အေး - ဟုတ်တယ်၊ လာ သွားကြမယ်"

ဟု ဆိုကာ နှစ်ယောက်သားထွက်လာခဲ့ရာ လူအများ သွားလာနေကြသော အိမ်အများကြီးရှိသည့် ရွာကြီးအတွင်း သို့ ရောက်ရှိသွားပါတော့သည်။ ရွာသည် ရွာတန်းရှည်ကြီးဖြစ်သည်၊ ရှည်သည်မှ တကယ့်အရှည်ကြီး၊ သည်လို ရှည်သောလမ်း၊ ဘယ်နှလမ်းရှိနေမည် မသိ၊ ရှိတော့ရှိမည်၊ ယခု အမူးသမားနှစ်ယောက် ရောက်နေသည့် လမ်းကပင် သုံးလေးခြောက်။

တစ်နေရာအရောက် အိမ်ကြီးကြီး ရှေ့တွင် မဏ္ဍပ်ကြီးဟည်းထနေအောင် ထိုးထားသည်ကိုတွေ့နေရသည်၊ မဏ္ဍပ်ထဲတွင် လူတွေကများမှများ၊ မဏ္ဍပ်နှင့်တွဲလျက်



ရှိသော ခေါင်းရင်းပိုင်းတွင် သံဃာစင်အကြီးကြီးကို မြင်လိုက်ရသည်၊ ရဟန်းခံရှင်ပြုအလှူပွဲကြီးမှန်း သိလိုက်ရ၏။

လူကြီး၊ လူငယ်၊ လူလတ်၊ လူရွယ်၊ လူငယ်၊ ကလေးပါမကျန် အားလုံး အားလုံးသည် သူ့အလုပ်နှင့်သူ သူ့တာဝန် နှင့်သူ မအားလပ်အောင် ရှိနေကြသည်၊ မဏ္ဍပ်ကြီးအတွင်းသို့ အများနှင့်အတူ ရောပြီးဝင်လိုက်သည်ဆိုရင်ပဲ၊

"ဟော - ဟိုမှာဧည့်သည်နှစ်ယောက်ခေါ်လိုက်ကြပါကွဲ၊ ခေါ်လိုက်ကြပါ၊ အိမ်ပေါ်ကို ကြွကြပါ - ကြွကြပါ"

ဟု လိုက်လိုက်လဲ့လဲ့ ပျူပျူငှာငှာ ခေါ်ကြလေ၏၊ ဇော်နှင့် စိုးတို့နှစ်ယောက်လည်း အိမ်ပေါ်သို့ တက်၍ ရေနွေးဝိုင်းတစ်ဝိုင်းတွင် ဝင်ထိုင်လိုက်ကြသည်။

လွန်စွာမှ ချောသော လွန်စွာမှလည်း လှသော၊ မိန်းမပျိုလေးများသည် ရေနွေးဝိုင်းများရှိရာသို့ ရေနွေးထည့်ပေးခြင်း၊ လက်ဖက်သုပ်၊ ချင်းသုပ်ပန်းကန်များ ချပေးခြင်း၊ ကုန်နေလျှင် လဲပေးခြင်း၊ ဆေးလိပ်၊ ကွမ်းယာပွဲများချပေးခြင်းများကိုပြုလုပ်ပေးနေသည်မှာ ကြည့်၍အလွန်ကောင်းသည်။

လွန်စွာမှ ချောသော၊ လှပသော၊ မိန်းမချော၊ မိန်းမလှလေးများသည် အယောက်နှစ်ဆယ်မျှ ရှိမည်ထင်၏၊ ထိုမိန်းမချော၊ မိန်းမလှလေးများ ဝတ်စားဆင်ယင်ထားသည်မှာ ရှေးဆန်၏၊ နန်း ဆန်၏။

"သည်လို မိန်းမချော၊ မိန်းမလှလေး များကို ဘယ်မှာမှ မတွေ့ဘူး၊ မမြင်ဖူးပါဘူး"

ဟု ဇော်နှင့် စိုးတို့မှ မှတ်ချက် ပြုကြသည်။

"မိတ်ဆွေတို့နှစ်ယောက်ကို အရက်နဲ့ဧည့်ခံချင်လို့ပါတဲ့၊ ကျွန်တော်တို့ ရွာလူကြီးက ခေါ်ခိုင်းလိုက်တယ်၊ ကဲ - လာလာ - ထကြ၊ ကျွန်တော်နဲ့အတူ လိုက်ခဲ့ကြပါ"

ဟု လူရွယ်တစ်ယောက်မှ အနားသို့လာကာ တိုးတိုးပြောပြီး ခေါ်သွားပါသောကြောင့် ၎င်းလူရွယ်နှင့်အတူ စိုးနှင့် ဇော်သည် လိုက်ပါသွားပါတော့သည်။

သည်လမ်း၏ အခြားတစ်ဖက်တွင်ရှိသော လမ်းသို့ခေါ်လာခဲ့ခြင်း ဖြစ်သည်။ ခေါ်လာသူ လူရွယ်၏ ပြောပြချက်အရ အလှူရှင်ဦးလေးကြီး၏ညီဖြစ်သူအိမ်ဟု သိရ



www.burmeseclassic.com

www.burmeseclassic.com

သည်၊ ၎င်းတို့ညီအစ်ကိုနှစ်ယောက် မိသားစုတို့မှ စပ်တူ အကုန်အကျခံ လှူသည်ဟု သိဆင့်သိခဲ့ရပြန်ပါသည်၊

အိမ်ကြီးထဲ၌ လူအပြည့်၊ ဝိုင်းအပြည့်၊ အရက်သောက်တတ်သူများကို ညီဖြစ်သူ၏ အိမ်တွင် ဧည့်ခံနေခြင်းဖြစ်သည်၊

"ဧည့်သည်နှစ်ယောက် ပါလာပါပြီ ဦးလေးကြီး ခင်ဗျာ"

ဟု ခေါ်လာသူ လူရွယ်မှ လှမ်း၍ အသံပြုလိုက်ပါသည်၊

"လာကြ – လာကြ – မိတ်ဆွေတို့ သည်ကို လာကြပါ၊ သည်မှာထိုင် ..."

ဟု ပြောပြီး ဦးလေးကြီးဆိုသူသည် သူ၏ လူများဘက်သို့ လှည့်၍ ...

"သည်က မိတ်ဆွေတွေအတွက် အရက်ဝါးလုံးချပေး" ဟု လာပြောကာ အခြားတစ်ဖက်သို့ လှည့်ပြီး –

"ကြက်ကြော်၊ အမဲကြော်၊ ကြွက်ကြော်၊ ငါးရှဉ့်ကြော်၊ တစ်ပွဲစီ ယူခဲ့ကြ သမီးတို့ရေ –"

ဟု ပြောလိုက်သည်တွင် လွန်စွာမှ ချောသော၊ လှသော မိန်းမပျိုလေးယောက်တို့သည် တစ်ယောက်လျှင် တစ်ပွဲတချို့စီ ယူလာပြီး လေးယောက်လေးပွဲယူလာကာ ဧည့်သည်နှစ်ယောက်ရှေ့တွင် ပွဲများအသီးသီးချပြီးပြန်သွားကြသည်၊ ဘယ်နေရာက လာ၍ ဘယ်နေရာကို ပြန်သွားကြသည်ကို မသိရပေ၊ မိန်းမလှ၊ မိန်းမချောလေးများကိုလည်း မတွေ့ရမမြင်ရတော့ချေ၊

အရက်ဝိုင်းသည် ဆယ်ဝိုင်း၊ ဆယ့်ငါးဝိုင်းမျှ ရှိမည် ထင်ရ၏၊ စားကြ၊ သောက်ကြ၊ ပြောကြ၊ ဆိုကြနှင့် ဖွန်းသံ၊ ပန်းကန်သံ၊ အရက်ငှဲ့သံများသည် ဆူညံ၍နေတော့သည်၊ လူတွေက များမှများ၊ ဒါတောင် လုပ်သည့်ကိုင်သည့်နေ့၊ အလုပ်အကိုင်နေ့၊ အကြိုနေ့ပဲ ရှိသေးသည်၊ ပွဲကြီးနေ့ဆိုလျှင် ဘယ်ထိအောင်များ လူတွေ စည်ကားလိုက်မလဲ၊ မပြောနိုင်၊ ကြည့်လေ ...၊

ချက်သည့် ပြုတ်သည့်နေရာမှာလည်း လူတွေအများကြီး ထမင်းအိုးကြီးပဲ မိုးဖြိုးဆယ်နှင့် ဆယ့်ငါးအိုး၊ နောက် – ဘယ်နအိုးထပ်တည်ရဦးမည် မသိ၊ ဟင်းအိုးတင် ငါးဆယ်လောက်ပေါင်းက ငါးအိုးမျှပင်ဆိုတော့ တွက်တာကြည့်တော့၊ လူဘယ်လောက်များမလဲဆို တာ၊ ဇေိုးနှင့် ဇော် အံ့သြနေမိသည်၊



"သည်လို အလှူမျိုး၊ လူများတာ သည်တစ်ခါပဲ တွေ့ဖူးသေးတယ်" ဟု ဇေိုးနှင့် ဇော် ပြောမိသေးသည်၊

"သံယာတော်အပါး တစ်ရာ့တစ် ဆယ့်တစ်ပါး"

ပင့်ထားသည်ဟု ကြားသိရသည်၊

ဇေိုးနှင့်ဇော်သည်ကြက်ကြော် စားလိုက်၊ ကြွက်ကြော်ဝါးလိုက်၊ အရက်သောက်လိုက်၊ ပြီးတော့ ရှဉ့်ကြော်ကို စားသည်၊ အမဲကြော်ကို ဝါးသည်၊ အရက်တို့ ထပ်ခါ ထပ်ခါသောက်သည်၊ သည်တော့ – အရက်လေးလုံး ပြောင်သွားသည်၊

ညဉ့်သည် နက်သည်ထက် နက်လာ၏၊ အလုပ်လုပ်နေကြသောသူများသည် ပင်ပင်ပန်းပန်းဖြင့် အိပ်ကုန်ကြပြီ၊ အရက်သောက်နေကြသော သူများသည် တစ်ဝိုင်း နှစ်ဝိုင်းသာ ရှိတော့၏၊ အချို့ပြန်ကုန်ကြပြီ၊ အချို့မူးပြီး အိပ်နေကြပြီ၊

ဇေိုးနှင့် ဇော်၊ သောက်ကောင်းနေဆဲ ညဉ့်သည် ပို၍ပို၍နက်လာသည်၊ ကျန်ရှိနေသော အရက်ဝိုင်းမှ မူးပြီး လဲကုန်ကြပြီ၊ ပြကုန်ကြပြီဖြစ်၍ အသီးသီး အိပ်ကုန်ကြပြီ၊

သူတို့ တစ်ဝိုင်းထဲ၊ သူတို့နှစ်ယောက်ထဲ ရှိတော့သည်၊ အိမ်ကြီးထဲမှာ အားလုံး အားလုံး၊ အိပ်မောကျ၊ စက် တော်ခေါ်ကုန်ကြပြီ၊

သူတို့နှစ်ယောက်လည်း ကြာလာတော့ မခံနိုင်တော့ပြီ၊ အရက်ငါးလုံးလည်း တက်တက်စင်ပြောင်သွားပြီ၊ အမြည်းလေးပွဲစလုံးလည်း မရှိတော့၊ ပြောင်ကုန်ပြီး ပန်းကန်းကြီးသာ ရှိတော့၏၊

ဇော်သည် ဆေးလိပ်တိုကို လက်ကြားညှပ်၍ ခွေခွေကလေး အိပ်မောကျသွားပြီဖြစ်၏၊

ဇေိုးသည်လည်း ဇော်နည်းတူ အရက်ကုန်သွားသော ပုလင်းခွံကို ရင်ခွင်တွင် အပ်ကာဖက်ပြီး နှစ်နှစ်ခြိုက်ခြိုက် ကွေးကွေးလေး အိပ်မောကျနေပါတော့သည်၊

မိုးထိန်ထိန်လင်း၍ အိပ်ရာမှ အတူတူနိုးလာကြသောအခါ ဇေိုးနှင့် ဇော် နှစ်ယောက်သည် သချိုင်းဟောင်း၊ သချိုင်းပျက်ကြီး၏ အစွန်ဆုံးတစ်နေရာတွင်ရှိသော နှစ်လုံးယှဉ်တွဲနေသည့် အုတ်ဂူနှစ်ခုအပေါ်တွင် ...



www.burmeseclassic.com

www.burmeseclassic.com

ဖေဖော်သည် ဂူတစ်လုံး၏ အပေါ်၌ ဆေးလိပ်တိုကို လက်ကြားညှပ်ပြီး အိပ်ခဲ့မိသည့်အဖြစ်ကိုလည်းကောင်း၊ နောက် ဂူတစ်ဂူပေါ်တွင် ဖေစိုးသည် အရက်ပုလင်းခွံကို ရင်မှာအပ်၍ ဖက်ပြီး အိပ်ပျော်ခဲ့သည့်အဖြစ်ကို သိရှိကြပြီး အံ့သြခြင်းမက အံ့သြနေကြလေ၏။ ပို၍ပို၍ အံ့သြစရာကောင်းနေသည်မှာ ဖေစိုး၏လက်ဝယ်တွင် ယခုထိတိုင်ရှိနေသော ရှိနေဆဲဖြစ်သော အရက်ပုလင်းခွံကို ကြည့်၍ကြည့်၍ ...

အမှန်ကိုဆိုရသော် – သရဲခြောက် သော သချိုင်းဟောင်း၊ သချိုင်းပျက်ကြီးသည် နှစ်ပေါင်းများစွာ ကြာသောအခါ ကျတ်တွင်းကုန်းကြီး ဖြစ်လာဟန်ရှိသည်။ သည့်ကြောင့် ညဘက်တွင် ကျတ်တို့၏ လှည့်ဖြားခြင်း၊ လှည့်စားခြင်းကို ခံလိုက်ရရှာသော ဖေစိုးနှင့်ဖေဖော် သူငယ်ချင်းနှစ်ယောက်၏ဖြစ်ရပ်သည် ဆန်းကြယ်ပါပေ၏။ အံ့သြစရာလည်း ကောင်းလှန်းပါပေ၏။

အညှို့ထင်–ပို၍ပို၍ဆန်းကြယ်လွန်းသော လွန်စွာမှလည်း အံ့သြစရာ ကောင်းလွန်းသော ဇာတ်ရည်ဆန်းလွန်းသော ဖြစ်ရပ်အမှန်သည် ဖေစိုးနှင့် ဖေဖော်တို့ ထက် သာ၏။

ဤဖြစ်ရပ်သည်တား ...

အထက်အညာ ရွှေဘိုမှ အညာသား၊ ညီအစ်ကိုများဖြစ်ကြသော မင်းအောင်၊ မင်းနောင် ညီအစ်ကိုအရင်း နှစ်ယောက်နှင့် တစ်ဝမ်းကွဲအစ်ကိုမျိုးဝင်း တို့သည်၊ ယောက်ျားပီသ၏။ အရုပ်အမောင်းကောင်း၏။ လူချော၊ လူဖြောင့်များ ဖြစ်ကြသည်။

ရင်းတို့ ညီအစ်ကိုသုံးယောက်သည် အောက်ပြည်၊ အောက်ရွာသို့ဆင်း၍ ကုန်ရောင်းလာကြခြင်း ဖြစ်သည်။ ရောင်းကုန်သည် အဝတ်၊ အထည်ဖြစ်သည်။

အချိန်သည် မှောင်ရီဖျိုးဖျအချိန်။

"မင်းအောင်နဲ့ မင်းနောင်ရေ – ငါ ရေတော်တော်သောက်ချင်နေတယ်။ ဗိုက်လည်း ဆာနေပြီ၊ ဟိုမှာ တွေ့လား ရွာကြီး။ လူတွေလည်း သွားလာနေကြတာ အများကြီးပဲ၊ လာ – ရွာထဲ ဝင်ကြရအောင်ကွာ"

"ဟုတ်တယ် – ဟုတ်တယ် – မျိုးဝင်းပြောတာ မှန်တယ်၊ ငါလည်းဗိုက် ဆာနေပြီ၊ ဈေးဆိုင်ရှိရင် ဝယ်စားမယ်၊ မရှိရင် တောင်းစားမယ်၊ ငါတို့အထည်တွေလည်း ရောင်းရင်းပေါ့ကွာ၊ လာ – သွားမယ် – သွားမယ်"



ဟုပြောပြောဆိုဆိုပင်မင်းအောင်သည်ရှေ့မှနေပြီးစထွက်သောအခါမင်းနောင်သည် မျိုးဝင်းတို့လည်း မဆိုင်းမတွပဲ ခြေလှမ်းသွက်သွက်ဖြင့် ရွာကြီးဆီသို့ သွားကြလေတော့သည်။

ရွာသည်ရွာတန်းရှည်ကြီး လမ်းမကြီး၏ သည်ဘက်ဟိုဘက်တွင် အိမ်များတန်းစီပြီးရှိနေကြသည်၊ သည်နည်းအတိုင်း လမ်းတွေအများကြီး၊ အိမ်တွေ အများကြီး၊ အိမ်တိုင်းသည် ခြေတံရှည်အိမ်များ ဖြစ်ကြသည်၊ ကြည့်၍ အလွန်ကောင်း၏။

လမ်းမတန်းကြီးအတိုင်း ဟိုကြည့် သည်ကြည့်ဖြင့် ညီအစ်ကို သုံးယောက်လျှောက်လာကြသည်၊ ထိုစဉ် ...

"မောင်ကြီးတို့ – မောင်ကြီးတို့ – အိမ်ထဲကို ကြွကြပါရှင်၊ အမောလေးလည်းပြေ ရေအေးအေးလေးလည်း သောက်ကြပေါ့" ဟု ပျူပျူငှာငှာဖြင့် အိမ်တစ်အိမ်မှ မိန်းမချောလေးတစ်ဦးသည် ချိုသာသောနှုတ်များဖြင့် လောကဝတ်ပြုလေ၏။

မိန်းမပျိုလေးသည် လွန်စွာမှချော၏။ လွန်စွာမှလည်း လှ၏။ ဝတ်စားဆင်ယင်မှုပြုထားသည်မှာ ရှေးဆန်၏။

ခဏ္ဍသည်၊ ညီအစ်ကို အညာသားသုံးယောက်သည် မိန်းမချော၊ မိန်းမလေးတို့ကြည့်၍ တအံ့တသြဖြစ်နေမိ၏။

"သည်လို မိန်းမချော၊ မိန်းမလှ၊ ရှေး ဆန်တဲ့ အမျိုးသမီးကို ဘယ်မှာမှ မတွေ့ဖူးပါဘူး"

ဟု အိမ်ပေါ်သို့ တက်လိုက်ကြ သည်၊ အိမ်ခေါင်းရင်းတွင် ကွမ်းစားရန် ကွမ်းယာနေသော အသက်အားဖြင့် ၈၀ ကျော်မျှ ရှိမည်ထင်ရသည့် အဘွားကြီးကို တွေ့ရသည်။ ချက်ချင်းဆိုသလိုပင် ရေခွက်သုံးခွက်ကို ကြေးလင်ပန်းလေးပေါ်တွင် တင်၍ မီးဖိုချောင်ဘက်မှ ထွက် လာသော မိန်းမချောလေးကို တွေ့ရပြန် သည်။

ပထမရပ်နေသူ၊ ညှော်ခေါ်လာသူသည်တစ်ယောက်၊ နောက်မှမီးဖိုချောင်မှထွက်လာသူသည် တစ်ယောက်၊ နှစ်ယောက်၊ နှစ်ယောက်လုံးသည် တစ်ရုပ်တည်း၊ တစ်ထေရာတည်း၊ တစ်ပုံစံတည်း လုံးတူခေါက်တူ ဆိုတော့။

အမြွာညီအစ်မ ထင်၏၊ ခွဲမရ၊ ရုပ်ခြင်း တူလှ၊



www.burmeseclassic.com

www.burmeseclassic.com

"ရေအေးအေးလေး သုံးဆောင်ကြပါရှင်။ ရေချိုးပြီးရင် ထမင်းသုံးဆောင်ကြပါ။ နမလေးတို့အဆင်သင့်ပြင်ထားပါ့မယ်" ဟုစည့်ဝေါသူ့မိန်းမလှလေးမှပြောလိုက်ခြင်း ဖြစ်သည်။

ဧည့်သည်အညာသား ညီအစ်ကို သုံးယောက်သည် ရေအေးအေးလေးကို သောက်၍ရေဆာပြေသွားပြီ။ ဗိုက်ဆာနေသောကြောင့်ထမင်းလည်းတစ်ဝစားပြီး၍ ဗိုက်ပြည့်သွားပြီ။ ပင်ပန်းနွမ်းနယ်နေသမျှ ရေတစ်ဝချိုးလိုက်ရသောကြောင့် လန်းလန်းဆန်းဆန်း ဖြစ်နေပြီ။

"မောင်ကြီးတို့ရောင်းမယ့် အဝတ်အထည်တွေလည်း ပြပါဦး၊ နမလေးတို့ကြိုက်ရင် ဝယ်မှာပါ"

"ပြပါ့မယ် - ပြပါ့မယ် - နမလေးတို့ကြိုက်ရင်ယူပါ၊ မောင်ကြီးတို့ ဈေးအများကြီး မတောင်းပါဘူးနော်"

ဟုပြောပြီးအထည်လှလှ ဆန်းဆန်းလေးများဖြစ်သော အမျိုးသမီးဝတ်၊ အင်္ကျီ၊ ထဘီ၊ စောင်၊ ပါဝါ စသော အထည်များကို ထုတ်၍ပြလေတော့၏။ မိန်းမလှလေး နှစ်ယောက်သည် အလုအယက်ယူ၍ သည်ဟာလှသည်၊ ဟိုဟာလေးလှသည်ဆိုပြီး တဝက်မောမော ကြည့်ရှုကြလေ၏။

"မောင်ကြီး - နမလေးတို့ ကြိုက်သည်၊ အထည်လှလှ၊ အထည်ဆန်းဆန်းလေး တွေကိုကြိုက်တယ်။ နမလေးတို့နှစ်ယောက်ကို ထဘီနဲ့အင်္ကျီတစ်စုံပဲပေးပေး၊ နှစ်စုံပဲ ပေးပေး ပေးချင်သလို ပေး၊ ကျေနပ်တယ်။ နမလေးတို့မှာ ပိုက်ဆံမရှိဘူး။ ဟောဒီ ရွှေလက်စွပ်ပဲရှိတယ်။ ရော့ - မောင်ကြီးယူ"

ဟု ပြောပြောဆိုဆို လက်သန်းကြွယ်စွပ်ထားသော ရွှေလက်စွပ်ကို ချွတ်၍ မောင်ကြီး လက်ထဲသို့ ထည့်လိုက်လေ၏။

ဧည့်သည်ညီအစ်ကို သုံးယောက်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ ...

"နမလေးတို့ ကြိုက်တဲ့အဆင်ကို ရွေးယူ၊ ကြိုက်သလောက်ယူ"

ဟု ဆိုကာ အဝတ်အထည်များကို မိန်းမလှလေးများရှေ့သို့ ထိုး၍ပေးလေ ၏။

"နမလေးတို့က တစ်ယောက်နှစ်စုံစီပဲ ယူမှာပါ။ ကျန်တာ ပြန်ယူပြီးရောင်း ပါ။ ခေါင်းရင်းအိမ်က နမတို့ကလည်း အထည်ဝယ်ချင်လို့တဲ့။ ဟိုမှာ လာခေါ်နေပြီ သွားရောင်းလိုက် - မောင်ကြီးတို့"



ဟု ပြောလိုက်လေ၏။ ဆယ့်လေး၊ ဆယ့်ငါးနှစ်အရွယ်မျှရှိသည့် လှချိုချောင် အရွယ်ရှိသော လှငယ်လေးခေါ်ရာ နောက်သို့ ညီအစ်ကိုသုံးယောက် လိုက်သွားကြ လေ၏။

မြို့သည်အကျယ်ကြီး၊ မြို့ကျယ်ကြီးထဲတွင် အိမ်သည်ထီးထီးကြီး တစ်လုံးတည်း။ ဧည့်သည်သုံးယောက် စပြီးရောက်ရှိသည့်အချိန်သည် မှောင်စပျိုးသောအချိန်၊ မည်မျှကြာသွားသည် မသိ၊ မိုးတောင် တော်တော်ချုပ်ပြီပဲ၊ တော်သေး၏၊ ဒီနေ့သည် လပြည့်နေ့၊ လပြည့်ည ဖြစ်သည်။

လပြည့်ညမို့ လသည် ထိန်ထိန်သာ နေ၏။ ညီအစ်ကိုသုံးယောက် အိမ်ပေါ်တို့ ရောက်မှ တွေ့လိုက်ရသော မြင်ကွင်းကြောင့် လွန်စွာမှ အံ့သြခြင်း ဖြစ်ကြရသည်။ မိန်းမချော၊ မိန်းမလှလေးသုံးယောက် တန်းစီထိုင်နေကြသည်။ မိန်းကလေးသုံး ယောက်စလုံးသည် ပထမဝင်ခဲ့သောအိမ်မှ မိန်းကလေးနှစ်ယောက်တစ်ထပ် တည်း ခွဲမရအောင် တူနေသည်။ ဆိုတော့ ...

လွန်စွာမှ အံ့သြရသည်ပေါ့။ မိန်းကလေးသုံးယောက်၏ရှေ့တွင် ရေနွေးပွဲ ချထား ထားသည်၊ လက်ဖက်ပွဲ၊ ဆေးလိပ်၊ ကွမ်းအစ်ဘူးများ ချပေးထားသည်။

"မောင်ကြီးတို့ သုံးဆောင်ကြပါရှင်။ ရေနွေးကြမ်းလေးလည်း သောက်ပါ၊ လက် ဖက်လည်း စားပါ၊ ဆေးလိပ်ကြိုက်သူက ဆေးလိပ်သောက်ပါ၊ ကွမ်းစားတတ်သူက ကွမ်းစားကြပါ၊ အားမနာကြပါနဲ့ရှင် ..."

ဟု ပြောပြီး ...

"နမလေးတို့ကိုလည်း အထည်ဆန်းဆန်း၊ အထည်လှလှလေးတွေ ပြပါဦး။ ကြိုက်ရင် ဝယ်မှာပေါ့ မောင်ကြီးတို့ရယ်" ဟု ဆက်ပြီး ပြောလိုက်လေ၏။

"ဟုတ်ပါ့ - ဟုတ်ပါ့ - ပြရတာပေါ့ နမတို့ရယ်၊ ဟောဒီမှာ ကြည့် - ကြည့်၊ လှမှလှ ဆန်းမှဆန်း ကြိုက်ရင်ဝယ် အများကြီး လျှော့ပေးမှာပါ"

ဟုပြောပြီးအထည်များကိုထုတ်ပြလိုက်လေ၏။ မိန်းမလှလေးသုံးယောက်သည် အထည်လှလှလေးများကို အလုအယက်ယူကာ ကိုယ်ပေါ်တွင်အပ်၍ သည်ဟာ လှသည်၊ ဟိုဟာလှသည် ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင်ကြီးတို့ရေ - နမတို့ဆီမှာလေ၊ တစ်ယောက်စီ ငွေဒင်္ဂါးပြား ငါးပြားစီ ရှိတယ်၊ သုံးယောက်ဆိုတော့ ဆယ့်ငါးပြားပေါ့၊ အဲဒီငွေဒင်္ဂါး ဆယ့်ငါးပြားကို ယူ၊ နမလေးတို့ကို တစ်ယောက်ကို နှစ်စုံစီပေး၊ ပိုလည်း မလိုချင်ဘူး၊ ရနိုင်မလား မောင်ကြီး" ဟု မေးလေ၏။

"ဪ နမတို့ရယ်၊ ရပါ့ - ရပါ့ - ကဲ - ယူကြိုက်တာယူ၊ အားလုံးလှတာ ဆန်းတာတွေချည်းပါပဲ" ဟု

မင်းအောင်၊ မင်းနောင်တို့မှ ပြုံးတုံ့ပြောလိုက်ကြလေ၏၊ မိန်းကလေးသုံးယောက်မှ အကြိုက်ဆုံးအထည်များကို နှစ်စုံစီယူပြီး ငွေဒင်္ဂါးပြားဆယ့်ငါးပြား တိတိကို ညီအစ်ကိုသုံးယောက်ထဲမှ မင်းအောင်လက်သို့ ပေးလိုက်လေတော့၏။

"တဲ - စားကြပါဦး မောင်ကြီးတို့ရေ၊ ဟိုမှာ မြင်နေရတဲ့ လမ်းအရှေ့ဘက်က အိမ်ကလေးဆီ လာပါဦးလို့ ခေါ်နေတယ်၊ ဟော - ပြောရင်းဆိုရင်း လာခေါ်နေကြပြီ၊ လိုက်သွားတော့ မောင်ကြီးရေ၊ လိုက်သွား - လိုက်သွား" ဟု ပြောလိုက်လေ၏။

လာခေါ်သော နမလေးကို သေသေချာချာကြည့်လိုက်တော့ အညာသား ညီအစ်ကိုသုံးယောက် အံ့ဩရပြန်သည်၊ လရောင်၏ အလင်းရောင်ကြောင့်လည်း အထင်အရှား မြင်တွေ့ရခြင်း ဖြစ်ပါသည်၊

မိန်းမချော၊ မိန်းမလှလေးများသည် ရုပ်တူ၊ အဆင်တူ၊ တစ်ထေရာတည်း၊ တစ်ပုံစံတည်း၊ တစ်ထပ်တည်းပါပဲလားဟု ညီအစ်ကိုသုံးယောက် တွေးမိပါသေးသည်၊

"လာ - လာ - မောင်ကြီးတို့၊ အိမ်ပေါ်မှာ မမလေးတို့ စောင့်နေကြတယ်၊ လက်ဖက်ရည်နဲ့ မုန့်တွေလည်း အဆင်သင့် ပြင်ထားတယ်၊ ပြီးတော့ မောင်ကြီးတို့ရောင်းတဲ့ အထည်တွေလည်း ဝယ်မှာပါ"

ပြောရင်းဆိုရင်း ရှေ့ကသွားသည်၊ အညာသားညီအစ်ကိုသုံးယောက်က နောက်မှ လိုက်သွားသည်၊

အိမ်ပေါ်ကို ရောက်တယ်ဆိုရင်ပဲ တွေ့လိုက်ရသော မြင်ကွင်းအားလုံးကြောင့် ငြိမ်သည့်ညီအစ်ကိုသုံးယောက် ပို၍ပို၍ အံ့ဩခြင်းမက အံ့ဩရပါတော့သည်၊

အိမ်ခေါင်းရင်းတွင်ထိုင်ပြီး ကွမ်းစားရန် ကွမ်းရာနေသော အဘွားကြီးသည် ပထမဆုံးဝင်ခဲ့သောအိမ်မှ အဘွားကြီးနှင့်တစ်ရုပ်တည်း၊ တစ်ထေရာတည်း၊ တစ်ပုံစံတည်း၊ တစ်ထပ်တည်းပဲ၊ ချွတ်စွပ်မှ ချွတ်စွပ်တူပဲ၊



ပြီးတော့ - ကြည့်ဦးလေ၊ သည်အိမ်မှာရှိသော မိန်းမချော၊ မိန်းမလှလေး သုံးယောက်သည်လည်း ပထမတွေ့ခဲ့ရသော အိမ်နှစ်အိမ်မှ မိန်းမချော၊ မိန်းမလှလေးများနှင့် တစ်ရုပ်တည်း၊ တစ်ထေရာတည်း၊ တစ်ပုံစံတည်း၊ ရုပ်တူ ကိုယ်လုံးတူ ကိုယ်ထည်တူ ဒေါက်တူ ပေတူ၊

အမွှာညီအစ်မဖြစ်ခဲ့ရင်တောင် သည်မျှမတူ၊ ခွဲခြား၍ရဦးမည်၊ ယခုတော့ ခွဲခြား၍မရ၊ ကွဲကွဲပြားပြား မသိနိုင်၊

"အင်း - တစ်ရွာလုံးမှာရှိတဲ့ အမျိုးသမီးတွေဟာ သည်လို အချောအလှ၊ ရုပ်တူ ဆင်တူ၊ ဒေါက်တူ ပေတူတွေကြီးပဲလား၊ အမေတစ်ယောက်တည်းက မွေးဖွားတာတော့ မဖြစ်နိုင်ဘူး၊ အံ့ပါ့ - အံ့ပါ့၊ ချစ်စရာရုပ်တွေမို့ ချစ်စရာကောင်းပေမယ့် ကြောက်စရာ ရုပ်တွေဆိုရင်တော့ ကြောက်လိုက်မှာ ဖြစ်ခြင်း၊

"ကြောက်စရာမဟုတ်ပေမယ့် ရင်ဖို မိပါရဲ့၊ ဖြုံတော့ ဖြုံသွားတယ်၊ မျှားသွားတယ်" ဟု

ညီအစ်ကိုသုံးယောက် တိုက်တိုက်ဆိုင်ဆိုင်ပင် ရင်ထဲမှာ နလုံးသားမှာ စကားပြောနေမိသည်၊ "စကားပြောသော အသည်းနလုံးပါပဲလေ"

"လက်ဖက်ရည်သောက်ကြပါဦးရှင်၊ မုန့်တွေလည်း သုံးဆောင်ပါ၊ ဝဝလင်လင် သုံးဆောင်ကြပါရှင်"

ဟု မိန်းမလှ၊ မိန်းမချောလေးဖြစ်သူ နမလေးမှ ချိုသာသော စကားဖြင့် နှုတ်ခွန်းတော့မှပင်၊ အတွေးကိုယ်စီဝင်နေကြသော ညီအစ်ကိုသုံးယောက်သည် လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်၊ လက်ဖက်ရည်သောက်သူက သောက်သည်၊ မုန့်စားသူက စားသည်၊ ပြီးတော့မှ အထည်လှလှလေးများကို နမငယ်များကို ထုတ်ပြခဲ့သည်၊

မိန်းမချောလေးသုံးယောက်သည် အထည်လှလှလေးများကို တစ်ထည်ပြီး တစ်ထည် စိတ်ကြိုက် ရွေးချယ်ပြီးမှ နှစ်စုံစီ ယူလိုက်ကြသည်၊

"ကဲ - မောင်ကြီးတို့ရေ၊ နမလေးတို့တော့ တစ်ယောက်ကို နှစ်စုံစီယူမယ်၊ ပိုက်ဆံတော့ မရှိဘူး၊ ဟောဒီမှာ ငွေအစစ်နဲ့လုပ်ထားတဲ့ ရှေးကျတဲ့ ရှေးဆန်တဲ့ ငွေပန်းအိုး လှလှလေးတွေ နမလေးတို့က လက်ဆောင်ပေးလိုက်မယ်၊ မောင်ကြီးတို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com

အထည်လှလှ လေးတွေကို လက်ဆောင်ပေးတယ်လို့ သဘောထား၊ အရောင်း *အဝယ် သဘောမထားနဲ့၊ သဘောတူ၊ ကျေနပ်ရဲ့လား – မောင်ကြီးတို့ရေ”*

ဟု မိန်းမလှလေးတစ်ဦးမှ ပြောလာသောအခါ ...

“ကျေနပ်ပါတယ်ဗျ၊ ကျေနပ်ပါတယ်၊ သဘောလည်း တူပါတယ်၊ နမလေးတို့ ယူတာနည်းတောင်နည်းပါသေးတယ်၊ ထပ်ယူလည်း ရပါတယ်၊ ယူပါ – ယူပါ – အားနာကြပါနဲ့ဗျာ – ယူကြပါ”

ဟု မင်းအောင်၊ မင်းနောင်တို့မှ ပြိုင်တူပြောလိုက်ကြလေ၏။

“မောင်ကြီးတို့ စေတနာကို လေးစားပါတယ်၊ နမလေးတို့က နှစ်စုံပဲ ယူပါ့မယ်၊ ပိုလည်း မယူပါဘူး၊ နမလေးတို့ပေးတဲ့ လက်ဆောင်ပစ္စည်းကိုကြည့်ပြီး ထာဝရ နမလေးတို့ကို အမှတ်တရ ဖြစ်နေရင်ပဲ နမလေးတို့က ဝမ်းသာနေမှာပါ”

“နမလေးတို့ပေးတဲ့ပစ္စည်းကိုမှတ်မှတ်ရရဖြစ်အောင် စားပွဲပေါ်မှာ လှလှပပလေး ထင်ထားပြီး နမလေးတို့ကို ထာဝရသတိရနေမှာပါကွယ်”

တွယ်တာစွာပြောပြီး အထည်လှလှလေးများကို ဝယ်ယူထားကြသော မိန်းကလေး လှလှလေးများသည် နှစ်စုံပဲ ယူကြသည်၊ ပိုပေးသော်လည်း မယူကြသည်ကို ညီအစ်ကိုသုံးယောက် တွေးမိကြ၏၊ ဒါလည်း ထူးခြားချက်တစ်ခုပေပဲဟု သုံးသပ်မိကြသည်။

“ဝမ်းသာပါတယ် – ဝမ်းသာပါတယ် – မောင်ကြီးတို့ရယ်၊ နမလေးကလည်း သတိရနေမှာပါ၊ တဲ – တဲ – ဟိုဘက်လမ်းက နှစ်အိမ်သုံးအိမ်ကတောင် မောင်ကြီးတို့ ရောင်းတဲ့ အထည်လှလှလေးတွေကို ဝယ်ချင်လို့တဲ့၊ အချိန်လည်း မရှိတော့ဘူး၊ မနက်ကျမှ နမလေး လိုက်ပို့မယ်၊ ရောက်စတည်းက တစ်အိမ်ပြီးတစ်အိမ်စကားပြော နေကြတာ အခု ညဉ့်နက်နေပြီ၊ တုံးလုံးပက်လက် နေချင်ရောပေါ့၊ အိပ်ချိန်လည်း ရောက် ပြီ၊ အိပ်ကြတော့ – အိပ်ကြတော့၊ နမလေး အိပ်ရာတွေ ပြင်ဆင်ထားပြီးပြီ၊ ခုတင်သုံးလုံး တစ်ယောက်တစ်လုံးစီ လွတ်လွတ်လပ်လပ် အိပ်ပျော်အောင်သာ အိပ်ကြတော့ – မောင်ကြီးတို့ရေ”

မိန်းမလှ၊ မိန်းမချောလေးများအဆင်သင့်ပြင်ဆင်ပေးထားသော ခုတင်ပေါ်တွင် ညီအစ်ကိုသုံးယောက် ကိုယ်စီကိုယ်စီ ကျောခင်းနေကြပြီ၊ တန်းစီပြီးထားသော ခုတင် သုံးလုံး၏ ခေါင်းရင်းဘက်တွင်ကား ...



ပဥ္စဝဂ္ဂီငါးဦးကို တရားဦးဟောနေသော ဗုဒ္ဓဘုရား၏ ပုံတော်ကားချပ်ကြီးသည် *သပ္ပာယ်လှပေစွ၊*

ခုတင်နှစ်လုံး၏ကြားတွင် အထည်၊ အဝတ်များ ထည့်ထားသော အိတ်နှင့် အခြား ခရီးဆောင်အိတ်ကြီး နှစ်လုံးကို ချထား၏။

ခရီးပန်း၊ စိတ်ပန်း၊ လူပန်းဖြစ်နေကြသော အညာသား၊ ချော့သည့်ညီအစ်ကိုသုံး ယောက်သည် အချိန်တိုတိုအတွင်းမှာပင် အိပ်မောကျနေကြပြီ၊ တစ်ယောက်သည် ဟောက်များတောင် ဟောက်နေသေး။

အဘွားကြီးနှင့် မိန်းမချောလေး သုံးယောက်သည်လည်း အိပ်ခန်းတွင်းသို့ ဝင်ကာ အိပ်မောကျသွားပြီ ဖြစ်သည်။

ညသည် တိတ်ဆိတ်ငြိမ်ချက်သား ကောင်းလှသည်၊ အပ်ကျသံပင် မကြား ရတော့၊ လပြည့်ည လမင်း၏ အလင်းရောင်သည် ထိန်ထိန်သာလျက်။

မိုးထိန်ထိန်လင်း၍ညီအစ်ကိုသုံးယောက် အိပ်ရာမှအတူတူနိုးလာကြသောအခါ မင်းအောင်၊ မင်းနောင်နှင့် မျိုးဝင်းတို့ ညီအစ်ကိုသုံးယောက်သည် သချိုင်းဟောင်း သချိုင်းပျက်ကြီး၏ တစ်နေရာ သုံးလုံးယှဉ်တွဲနေသည့် အုတ်ဂူသုံးခုပေါ်တွင် အိပ်ကြ ရသည့်အဖြစ်ကို သိလိုက်ရ၏။

အုတ်ဂူသုံးလုံး၏ ခေါင်းပြုရာ အလယ်ထိပ်တည့်တည့်ရှိ အုတ်ဂူ၏ ထိပ်မျက်နှာ စာတွင် ပဥ္စဝဂ္ဂီငါးဦးအား တရားဦးဟောနေသော ကြည်ညိုဖွယ်ရာကောင်းသည့် ဗုဒ္ဓ ဘုရား၏ ပုံတော်ကားချပ်သည် ကပ်ထားသည့် အနေအထားအတိုင်း အံ့သြဖွယ်ရာ တွေ့ရသည်။

ပို၍ – ပို၍ အံ့သြစရာကောင်းလွန်းနေသည်မှာ မျိုးဝင်း၏ လက်သန်းကြွယ်စွပ်၍ ထားသော ရွှေလက်စွပ်သည် ယခုထိတိုင် ရှိနေဆဲ၊ သို့သော် – ရွှေလက်စွပ် မဟုတ် တော့၊ ကြေးလက်စွပ်အဖြစ် အသွင်ပြောင်းနေ၏။

မျိုးဝင်းနှင့်အတူ မင်းအောင်၊ မင်း နောင်တို့ ကိုယ်စီရရှိထားကြသော ရောင်းချ သည့် ငွေသားစစ်စစ်ဖြင့် ပြုလုပ်ထားသော ငွေပန်းအိုးသုံးလုံးသည်လည်း အုတ်ဂူ



www.burmeseclassic.com

www.burmeseclassic.com

ဝိုးလုံးပေါ်တွင် ရှိနေသည်။ သို့သော် - ငွေပန်းအိုးမဟုတ်တော့၊ လုပသော ရွှံ့ဖြင့် လုပ်ထားသည့် ရွှံ့အိုးလေးများအဖြစ်နှင့်သာ ...။

သတိရ၍ညီအစ်ကိုသုံးယောက်သား အကျီအိတ်ကပ်တွင်းကို နှိုက်ကြည့်သော အခါ ငွေဒင်္ဂါးငါးပြားစီ ထွက်လာသည်။ ငွေဒင်္ဂါးမဟုတ်ရော့၊ ကြေးပြားများ ဖြစ်နေသည်ကို တအံ့တသြ သိလိုက်ရပါတော့သည်။

အမှန်ကို ဆိုရပါလျှင် သရဲခြောက် သော သချိုင်းဟောင်း၊ သချိုင်းပျက်ကြီးသည် ကာလကြာမြင့်လာသောအခါ ကျတ်တွင်းကုန်းကြီး ဖြစ်လာဟန် ရှိသည်။

ထို့ကြောင့် ည၊ ညများတွင် ကျတ်တို့၏ လှည့်ဖြားခြင်း၊ လှည့်စားခြင်းကို ခံကြရရှာသော ဇိုး၊ ဇော်နှင့် အညာ သား ညီအစ်ကိုသုံးယောက်တို့၏ဖြစ်ရပ်ဆန်းသည် အံ့ဩစရာ ကောင်းလှပေါ်သည်။ ဆန်းလည်း ဆန်းကြယ်ပါ၏။ ဂမ္ဘီရလည်း ဆန်ပါ၏။

သည်ဖြစ်ရပ်ဆန်းများ ဇိုး၊ ဇော်နှင့် အညာသား၊ ညီအစ်ကိုသုံးယောက်တို့၏ ဖြစ်ရပ်ဆန်းများထက် ပို၍ ပို၍ လွန်စွာမှ ဆန်းကြယ်သော လွန်စွာမှလည်း တုန်လှုပ်

နှစ်ပေါင်းထောင်ချီသည် ရှေ့နှစ်အပြိုင် သုံးပေနီးပါးအထွာမျှ မြင့်ပေါ်ထိရပ်နေရာမှ တစ်ယောက်ယောက်ထည့်သည် မျက်နှာချင်းဆိုင် ဝေဝေ၏ မိုက်တို ရွေ့ တစ်ရှေမ်းတိုးပြီး ထိုင်ထားသော မားဓတောင်းကြီးဖြင့် အားစိုက်ခွဲချလိုက်သောကြောင့် 'ဗြို'ခနဲ အသံနှင့်အတူ ဗိုက်သည်တွဲထွက်၍ အူများသည် မြင်မကောင်းအောင် အစွဲလိုက် အန်ထွက်လာသည်





ချောက်ချားဖွယ်ကောင်းသော သည်းထိတ်ရင်ဖိုဖြစ်စေသော ကြောက်စရာလန့်စရာ ဖြစ်သော၊ အံ့ဩစရာကောင်းလွန်းသည့်၊ ဂမ္ဘီရဆန်လွန်းသည့် ဖြစ်ရပ်ဆန်းကြ သည်ကား။

ရန်ကုန်မြို့ကြီးထဲမှာ မွေးပြီး ရန်ကုန် မြို့ကြီးမှာပင် ကြီးပြင်းလာကြသော ညီ တတ်၊ ခေတ်လူငယ်၊ သုံးယောက်မှ ဇာတ်လမ်းစရမှာ ဖြစ်ပါသည်။

အမေသည် မြန်မာအမျိုးသမီးစစ်စစ်၊ အဖေသည် ကုလား၊ မွေးလာသည့် သာ သည် မြန်မာကုလားစပ်။

အဖေသည်တရုတ်၊ အမေသည်မြန်မာ၊ မွေးလာသောသားသည်မြန်မာတရုတ် တရုတ် မြန်မာစပ်။

အမေသည်မြန်မာ၊ အဖေသည်ဂျပန်၊ မွေးလာသောသားသည်ဂျပန်၊ မြန်မာစပ် ဂျပန်သွေးပါသူ၊ နာမည်သည် ဟိုက်ရောစ်။

သည်သုံးယောက်သည် လွန်စွာမှ ချစ်ခင်ကြသော သူငယ်ချင်းများဖြစ်ကြသည် ဘွဲ့ရပညာတတ်များလည်း ဖြစ်သည်။

ဟိုက်ရောစ်သည် သင်္ချာအဓိကဖြင့် ဘွဲ့ရထားသလို အိရှောင်သည် သမိုင်း အဓိကဖြင့် ဘွဲ့ရထားသူ၊ မာမွတ်သည် သိပ္ပံဖြင့် အဓိကဘွဲ့ရထားသူများ ဖြစ်ကြ သည်။

သိပ္ပံခေတ်၊ သိပ္ပံထွန်းကားနေသော အချိန်၊ လပေါ်လူရောက်နေသော ကာလ ကြီးတွင် သရဲ၊ တစ္ဆေ၊ မှင်စာ၊ ဖုတ်၊ ကျတ် အစရှိသည်တို့ကို သူတို့သုံးယောက်သည် မယုံ၊ မယုံရေးချ မယုံ၊ လုံးဝလက်မခံသော လူသားထဲက လူစားများ။

သူတို့ သူငယ်ချင်းသုံးယောက်သည် ရုပ်ချော၊ ဥစ္စာပေါ၊ ပညာတတ်များ ဖြစ်ကြ သည်။

သူတို့သုံးယောက်သည် တက္ကသိုလ်တွင် ပညာသင်ကြားစဉ် အဆောင်တွင် အတူတူနေခဲ့စဉ်က ညီအစ်ကိုအရင်းပမာ လွန်စွာမှ ချစ်ခင်ခဲ့ကြသော သူငယ်ချင်း တစ်ယောက် ရှိခဲ့သည်။ သူ၏ နာမည်သည် ဝင်းမြတ်သူ ဖြစ်သည်။ သူ၏ မိဘ သည် အမေမြန်မာ၊ အဖေသည်လည်း မြန်မာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

လယ်ယာလုပ်ငန်းဖြင့် အသက်မွေးပြီး ရိုးရိုးသားသား လုပ်ကိုင်စားသောက်ကြရသူများ ဖြစ်ကြသည်။ တောသူဒွေးများ ဖြစ်သည်။ ဝင်းမြတ်သူ၏ ဖိတ်ခေါ်ချက်အရ ချစ်သော သူငယ်ချင်း သုံးယောက်သည် နယ်စိမ်း၊ မြေစိမ်း၊ နေရာစိမ်းကို သွားချင်သည်။ ဆန္ဒပြင်းပြနေ ချိန်လည်း ဖြစ်သည်။ သို့ဖြစ်၍...

သူငယ်ချင်းဝင်းမြတ်သူ၏ ဖိတ်ခေါ်မှုကို အားရဝမ်းသာဖြင့် လက်ခံပြီး မှာကြားထားသည့် ရက်မှာပင် ရန်ကုန်သား ပညာတတ် လူလည်ကြီးသုံးယောက်သည် ရန်ကုန်မြို့ကြီးမှသည် မထင်ရှားသော တောရွာလေးတစ်ရွာသို့ အလည်အပတ် ရောက်ရှိလာကြပေ၏။

ဤရွာသည်ကား အိမ်နီကြီးနှင့် သရိုင်းပျက်မှ လှမ်းကြည့်သော် မြင်ရ၊ တွေ့ရသည့် ရွာကြီးပင် ဖြစ်သည်။

အိမ်ရှင်ဖြစ်သော ရွာခံ ဝင်းမြတ်သူသည် ရန်ကုန်မြို့ကြီးမှ ရောက်လာကြသော အချစ်ဆုံး အခင်ဆုံး သူငယ်ချင်းသုံးယောက်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆို၏။

အကောင်းဆုံးဖြစ်သော လတ်လတ်ဆတ်ဆတ် ကြက်သား၊ ဝက်သား၊ အမဲသား၊ ငါး၊ ပုစွန်ဟင်းတို့ဖြင့် စီမံချက်ပြုတ်ကျွေးမွေးသည်။ ရွာဝိုင်းကြီးဖြစ်သော ရွာထဲသို့ လှည့်ပတ်၍ လိုက်ပြ၏။ ရွာဦးစေတီနှင့် ရွာဦးဘုန်းတော်ကြီး ကျောင်းကိုလည်း လိုက်ပို့သည်။

ကြာဖြူ၊ ကြာနီ၊ ကြာညိုတို့ဖြင့် အဝေဆိုးပြီး(?)နေသော ရေကန်ကြီး၊ ကြည်စိမ်းနေသော ရေကန်ကြီးသို့သွားပြီး ရေချိုးကြသည်။ ရန်ကုန်သား သူငယ်ချင်းသုံးယောက် ပျော်လိုက်တာမှ လွန်ပါရော။

တောသဘာဝကို ခံစားမိကြပြီး တောသူတောင်သားတို့၏ ရိုးသားမှုကိုလည်း သိရှိကြပြီ။ လှိုက်လှိုက်လှဲလှဲ ခင်မင်မှု၊ ဖော်ရွေမှုတို့ဖြင့် ပကာသနမဖက်တဲ့ သဘာဝ အရိုးခံကိုလည်း လေ့လာဆန်းစစ်မိကြပြီ။

ကုန်ကုန်ပြောရသော် တောနေလူတန်းစား၊ လူ့သဘာဝ၊ လူ့ယဉ်ကျေးမှုတို့ကို အားလုံး အားလုံး ရန်ကုန်သား ပညာတတ်လူလည်ကြီးသုံးယောက် သိရှိသွားကြပြီ။

ပျော်လွန်းလို့ ရွာတွင်နေကြသည်မှာ (၉) ရက်တိတိ ရှိသွားပြီး (၁၀) ရက်မြောက်သောနေ့ မနက်ဖြန် ထမင်းစားသောက်ပြီး ပြန်ကြတော့မည်။

သည်နေ့ စားသောက်ပြီးထဲက ရန်ကုန်မြို့မှ မိတ်ဆွေများကို လက်ဆောင်ပေးရန် အတွက် မြို့ပေါ်သို့ ထွက်သွားကြသည်။ ဝယ်စရာရှိတာ ဝယ်မည်၊ အကြိုက်လည်ပတ်လိုက်မည်ပေါ့။

အလုပ်ရှိနေ၍ သူငယ်ချင်းဝင်းမြတ်သူကို မခေါ်ခဲ့တော့။ တာဝန်ကျေလွန်း၍ အားနာရသည်လေ။

မြို့ပေါ်တွင် အကြိုက်လည်ပတ် လိုက်ကြသည်။ လက်ဆောင်ပေးရန် ပစ္စည်းများကို ဝယ်လိုက်ကြသည်မှာလည်း များမှများ။

သည်လိုနှင့် တစ်နေကုန်သွားသည်။ ပျော်လွန်းလို့ အချိန်သည် ကုန်မှန်းမသိ ကုန်လွယ်၏။

ရွာကိုပြန်တော့ မိုးတောင်ချုပ်နေပြီပဲ။ သူငယ်ချင်းဝင်းမြတ်သူမှ ပြောပါသေးသည်။

"သူငယ်ချင်း - ငါမြို့အထိ လှည်းနဲ့ အသွားအပြန် လိုက်ပို့ပေးပါ့မယ်" တု ပြောခဲ့သော်လည်း သူငယ်ချင်း သုံးယောက်မှ လက်မခံခဲ့။

"ငါတို့သုံးယောက် အေးအေးဆေးဆေး လမ်းလျှောက်ချင်လို့ပါ။ မင်းတို့တော့ ကျေးဇူးတင်ပါတယ်"

ဟု ပြောပြီး မြို့သို့ ထွက်သွားခြင်း ဖြစ်၏။ ရွာနှင့်မြို့ ယောက်ျားခြေလှမ်း (၄၅) မိနစ်မျှ လျှောက်လျှင် ရောက်၏။ (၉) ရက်နေခဲ့စဉ်အတွင်း ညနေပိုင်းတွင် ထမင်းစားခင် ထန်းရည်ချို၊ ထန်းရည်ခါး၊ အကောင်းစား အရက်များ၊ အမြည်းများနှင့် ဧည့်ခံတိုက်ကျွေးလေ၏။

တောသား ပညာတတ် ဝင်းမြတ်သူသည် လွန်စွာမှ တာဝန်ကျေပါပေ၏။ မိတ်ဆွေ ပီသပါပေ၏။

ယခု ကြည့်၊ ရန်ကုန်သား ပညာတတ်၊ လူလည်သုံးယောက်သည် မြို့ပေါ်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် အကောင်းစား ဝီစကီအရက်ဖြင့် အကောင်းစား အမြည်း

www.burmeseclassic.com

များကို မှာယူစားသောက်ပြီးမှ ရွာသို့ စကားတပြောပြောဖြင့် ပြန်လာခဲ့ကြခြင်း ဖြစ်သည်။

သုံးယောက်လုံးသည် ခပ်ထွေထွေ ဖြစ်နေ၏။ သောက်ထားသည်ကြောင့် ရီဝေဝေ၊ ခြေလှမ်းတွေက မမှန်ချင်။ သည်လိုနှင့်ပင် သချိုင်းမျက်ကြီးနားသို့ ရောက်လာ၏။ သည်နေရာသချိုင်းနေရာဟု သူတို့သုံးယောက် မသိကြ။

သည်နေရာသို့ ရောက်ရှိသည်နှင့် သူတို့သုံးယောက် တအံ့တဩ ဖြစ်ကုန်ကြသည်။ အချိန်သည် ည (၇) နာရီတောင် ရှိနေပြီပဲလေ။ လက်ပတ်နာရီကို ကြည့်လိုက်၍ သိရသည်။

ဆိုင်းသံ ဗုံသံကြားနေရ၏။ လူတွေက များမှများ၊ အများကြီး၊ တိုးတိုးဝှေ့ဝှေ့ သွားနေကြသည်။

"ငါတို့ ဘယ်နေရာရောက်နေပါလိမ့်၊ လမ်းတော့ မများတန်ပါဘူး။ တစ်ခြောင်းကြီးပဲ။ အတွေ့အတောက်မှ မရှိတာ" ဟု အိရှောင်မှ ပြောသည်။

"လမ်းမှားဝါဘူးကွာ၊ ငါတို့က ဧည့်သည်ဆိုတော့ သတိမထားမိလို့ နေမှာပါ။ ဒါ – ရွာဖြစ်လိမ့်မယ်" ဟု မာမွတ်မှ ပြောလေ၏။

"ဟုတ်တယ်ကွ – လူတွေအများကြီးပဲ။ တို့သုံးယောက်ဝင်ကြည့်ကြမယ်၊ အတွေ့အကြုံရတာပေါ့" ဟု

တိုက်ရောစံမှ ပြောပြီး သုံးယောက်သားပွဲခင်းရှိရာသို့ တိုးဝှေ့ပြီး သွားကြလေ၏။ ပွဲကြည့်ပရိသတ်သည် အများကြီး ထိုင်သူထိုင်၊ ထသူထဖြင့် ပွဲကြည့်နေကြသည်။ အငြိမ့်ပွဲဖြစ်ဟန်တူသည်။

အငြိမ့်ဝင်ပေါ်တွင် အငြိမ့်မင်းသမီး ကပြဖျော်ဖြေနေသည်။ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ ဘို့လေးချက်ဖြင့် ညီစွာစည်းချက် ဝါးချက်ဖြင့် စည်းဝါးနဒီကိုက်ညီစွာဖြင့် ကနေသည်မှာ ကြည့်၍ကောင်းမှကောင်း။

"အငြိမ့်မင်းသမီးများ × × × ရည်းစားထားတဲ့ လူဆိုတာမျိုးနော် သဘောနည်းနည်းကြီးမှပေါ့ သခင်ရယ် × × × မီးရောင်အောက်ကိုဝင်ရင် × × × လူပြက်တွေနဲ့တွဲတော့ × × × သူ့သဘောက အလွန်တရာ မကြည်လင် × × ×"



ဆိုသည့် လေဘာတီမမြရင်ရဲ့ သီချင်းကို သီဆိုပြီး ကနေသည်မှာ တောင်းမှကောင်း။ ကြည့်လို့ ကောင်း၊ နားထောင်လို့လည်းကောင်းလွန်းပါဘိတော့သည်။

သူငယ်ချင်းသုံးယောက် သဘောအကျကြီး ကျနေကြလေ၏။ စီးကရက် သောက်ချင်စိတ်ပေါ်လာ၍ စီးကရက်ဘူးကို ကြည့်လိုက်သောအခါတွင် စီးကရက် တစ်လိပ်မျှမရှိတော့ချေ။ ရန်ကုန်မှ ဝယ်လာသော စီးကရက်ငါးဘူး ကုန်ပြီ။ သို့ဖြစ်၍ အိရှောင်သည် ပွဲဈေးတန်းတွင် ရောင်းနေသော ကွမ်းယာဆိုင်မှ စီးကရက်တစ်ဘူး ဝယ်ယူလိုက်လေ၏။

"အစ်မကြီး – ဒီအငြိမ့်ပွဲက ဘာ အတွက် ပွဲခံတာလဲဟင်၊ ရွာက ဘာရွာ လဲ"

ဟု စီးကရက်ဗူးဝယ်ရင်း ကွမ်းယာဆိုင်မှ အမျိုးသမီးကို မေးလိုက်ခြင်း ဖြစ်သည်။

"ဩော် – အစ်ကိုတို့က ဧည့်သည်တွေ ထင်တယ်၊ ဒါ ရွာဦးစေတီဘုရားပွဲလေ၊ နှစ်တိုင်းကျင်းပတာ။ ဒီနှစ်တော်တော်စည်တယ်။ အစ်ကိုတို့ရွာထဲကိုဝင်သွားကြပါဦး။ စတုဒီသာ ကျွေးနေတယ်။ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ကြာဇံကြော်၊ ရွှေရင်အေးစုံလို့ – စုံလို့ပါပဲ၊ ဒီရွာက လူတွေက စားမှကြိုက်တာ။ သွားစားလိုက်ကြပါဦး။ ပြီးတော့ ရွာဦးစေတီလည်းဖူးခဲ့၊ ရွာဦးကျောင်းလည်း ဝင်ခဲ့ပါဦး။ အော် – ရွာနာမည်က ကျတ်ကလေးရွာပါ"

ဟု ရှည်ရှည်ပြောပြလေ၏။ ရန်ကုန်သား လူလည်ကြီးသုံးယောက်သည် စီးကရက်ကို တစ်ယောက်တစ်လိပ်စီယူ၍ အားရအောင်သောက်ပြီး ပွဲကြည့်ကြလေ၏။ စီးကရက်ကုန်မှ ရွာထဲသို့ အများနည်းတူ တိုးဝှေ့၍ ဝင်သွားကြလေ၏။

ရွာသည်၊ ရွာတန်းရှည်ကြီး ဖြစ်သည်။ တစ်နေရာရောက်သော် ...

"ဝင်စားကြပါ ခင်ဗျ – ဝင်စားကြပါ၊ သုံးဆောင်ရန် ကြွကြပါ။ မုန့်ဟင်းခါး စတုဒီသာ ကျွေးနေတာပါ ခင်ဗျ"

ဟု ပြောပြီး အတင်းဝင် ပျူပျူငှာငှာ လက်ဆွဲပြီး ခေါ်သောကြောင့် ရန်ကုန်သား သုံးယောက် အိမ်ကြီးအတွင်းသို့ဝင်ပြီးစားကြလေ၏။ အိမ်သည် အကျယ်ကြီး၊ ကျယ်မှကျယ်၊ မုန့်ဟင်းခါးဝိုင်း ဆယ့်ငါးဝိုင်း၊ ဝိုင်းနှစ်ဆယ်မျှ ရှိမည်ထင်ရ၏။ မပို၊ လိုရင်သာ လိုနေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

အပြင်မှ ခေါ်သူများသည် ယောကျ်ားများ ဖြစ်သည်။ အိမ်တွင်း၌ မိန်းမများ ဖြစ်သည်၊

အလုံးတူ ဆိုက်တူ ကိုက်တူ ပေတူ မျက်နှာသည် လမင်းကြီးလို ဝိုင်းဝိုင်းစက်စက်၊ ပြည့်ပြည့်ဝိုင်းဝိုင်းကြီး။ ရုပ်သည် တစ်ထေရာတည်း၊ တစ်ထပ်တည်း ခွဲ၍မရ၊

အမြွှာညီအစ်မကမှ ခွဲရချင် ရနိုင်သည်၊ သူတို့ကား ခွဲမရ၊ ဆိုတော့ ရန်ကုန်သား များ ရှားသွားသည်၊ ဆံပင်များသည် ရှည်လျားစွာ တင်ပါးထိ ကျနေသည်မှာလည်း အတူတူ၊

ရန်ကုန်သား လူလည်သုံးယောက် အူတူတူဖြင့် ...

"ဒါတို့ ရောက်နေတာ လူ့ပြည် လူ့ရွာမှ ဟုတ်ရဲ့လား၊ တခြားကမ္ဘာများ ဖြစ်နေလား" တု –

သူငယ်ချင်းသုံးယောက် တွေးမိကြသေးသည်၊ အတွေးချင်း တူနေကြသည်၊ မုန့်ဟင်းခါးကလည်း စားလို့ကောင်း၊ စား ကောင်းကောင်းဖြင့် တစ်ယောက်လျှင် လေးငါးပန်းကန် စားလိုက်ကြသည်၊

ဤမှ ရွာတန်းရှည်ကြီးအတိုင်း တိုးတိုးဝှေ့ဝှေ့ဖြင့် သူငယ်ချင်းသုံးယောက် ဆက်၍ သွားကြသည်၊

နေရာ တစ်နေရာတွင် ...

"ရွှေရင်အေးများ တိုက်ကျွေးနေပါတယ်၊ သုံးဆောင်လှည့်ကြပါရှင့်၊ သုံးဆောင်ရန် ကြွကြပါ၊ အားနာစရာ မလိုပါနှင့်၊ အစ်ကိုတို့ သုံးဆောင်ရန် ကြွကြပါ"

ဟု ချိုမြိုက်စွာ ရှီရှီသာသာ ခေါ်လာသောအခါ လူအများ ဝင်၍သောက်ကြလေ၏၊ ရန်ကုန်သား ညေ့သည် သုံးယောက်သည်လည်း အများနည်းတူ ရွှေရင်အေး သောက်ရန် အိမ်ကြီးအတွင်းသို့ ဝင်သွားကြလေ၏၊ ၎င်းအိမ်သည်လည်း ပထမအိမ် နည်းတူ အကျယ်ကြီး၊ လူအများ ရွှေရင်အေးသောက်နေကြသည်၊ ဝိုင်းအပြည့် လူ အပြည့်၊ စားပွဲဝိုင်းနှစ်ဆယ်၊ အစိတ်မျှ ရှိမည် ထင်ရ၏၊ အိမ်ထဲတွင် ညေ့ခံတိုက်ကျွေး နေကြသူများသည် ဆိုက်တူ၊ ကိုက်တူ၊ ရွယ်တူ ယောကျ်ားလေး လူငယ်များသာ ဖြစ်သည်၊



အလွန်ဆုံးရှိလှ အသက် ၁၇၊ ၁၈ နှစ်ပေါ့၊ မျက်နှာသည် လေးထောင့်တုံးတုံးတစ်ရုပ်တည်း၊ တစ်ထေရာတည်း။ ကြည့်ရသည်မှာ တစ်မျိုးပဲ၊ ရန်ကုန်သား လူလည်ညေ့သည်သုံးယောက် ဖြုန်းသွားသည်၊

"ဘယ်လိုပါလိမ့်၊ ဘယ်လိုလူသားတွေထဲက လူစားတွေပါလိမ့်"

ဟု ရန်ကုန်သားသူငယ်ချင်းသုံးယောက် မျက်နှာချင်းဆိုင်ပြီး တိုးတိုးလေး ပြောမိသေးသည်၊ သောက်ကောင်းကောင်းနှင့် ရွှေရင်အေးသုံး ပန်းကန် ကုန်သွားသည်၊ ဒါတောင် မုန့်ဟင်းခါး အဝစားထားလို့ပဲ၊ မစားများ မစားရင် ဘယ်နှပန်းတန် ကုန်မည် မသိ၊

သုံးယောက်သား သုံးပန်းကန်စီ သောက်ပြီး ဗိုက်လေးနေကြပြီလေ၊ မနည်း ထယူရသည်၊

ရွာတန်းရှည်ကြီးအတိုင်း အများနည်းတူ တိုးတိုးဝှေ့ဝှေ့ ရန်ကုန်သားသုံးယောက် သွားနေကြသည်၊ အိမ်တွေ၊ အိမ်တွေမှ ခေါက်ဆွဲကြော်၊ ကြာဇံကြော် ကြာဇံချက်၊ မုန့် လက်ဆောင်းများကိုတိုက်ကျွေးနေသောကြောင့်ကြွလှည့်ပါ – လာကြပါ – သုံးဆောင် ကြပါဟု တစာစာ အော်ခေါ်ပြီး စေတနာပရမ္မဖြင့် ညေ့ခံနေကြလေ၏၊

ရန်ကုန်သား၊ ညေ့သည်သုံးယောက် လုံးဝ လုံးဝ မစားနိုင်တော့၊ ဗိုက်တင်းနေ၍ လမ်းတောင် ဖြည်းဖြည်းချင်း လျှောက်နေရ၏၊

တစ်နေရာ၊ ခြံအကျယ်ကြီးအတွင်း၌ အိမ်ကြီး၏ ရှေ့ကွက်လပ်တွင် ပြနေသော ပြကွက်ဆန်းတစ်ခုကို လူအများ ကြည့်နေကြသည်၊ လူတွေသည် များမှများ၊ တည်း ထနေသော လူအုပ်ကြီး၊ သည်လူအုပ်ကြီးအတွင်းသို့ ရန်ကုန်သား ညေ့သည်သုံး ယောက်သည် မရမက ဝင်တိုးကြည့်ကြသည်၊

လူသည် နှစ်ယောက်တည်း၊ လူနှစ်ယောက်လုံးသည် ခပ်ဝဝ ဗိုက်ရွှဲနေ၏၊ လုံးတူ၊ ဆိုက်တူ၊ ကိုက်တူ၊ ပေတူ၊ ဒေါက်တူ မျက်နှာသည် လေးထောင့်မျက်နှာ တစ်ရုပ်တည်း တစ်ထေရာတည်းခွဲမရ၊ သူတို့နှစ်ယောက်သည် လက်ဝှေ့သမား များ မဟုတ်ပါ၊ အသေအကြေ သတ်ကြမည့် နပန်းသမားများလည်း မဟုတ်ချေ၊

စည်းဝိုင်း၏ရှေ့တည့်တည့်ထောင့်တစ်ထောင့်စီတွင် သပိတ်လုံးအရွယ်သာသာ မျှရှိသော နှံ့သာအိုးနှစ်လုံးသည် ခြေတံရှည်ခုံမြင့်ပေါ်တွင် နေရာယူထားသည်၊ အခြား



www.burmeseclassic.com

www.burmeseclassic.com

သာမှုမရှိ၊ နံ့သာအိုးမှ အမွှေးနံ့သာများသည် လွန်စွာမှ မွှေးကြိုင်၍နေလေ၏၊ အမွှေးရည်များသည် အိုးအပြင်သို့ လျှံကျ၍ နေလေ၏၊

လူဝဝကြီးနှစ်ယောက်လုံး၏လက် များသည် ရိုးရိုးလူတို့၏လက်များထက်ထက်ဝက်မျှ ပိုရှည်နေသည်၊ ကြည့်ရအလွန်ဆိုးသည်၊ လူဝဝနှစ်ယောက်လုံး၏ညာဘက်လက်တွင် ခြောက်လက်မသာသာမျှရှိသော လွန်စွာမှထက်သည့်ဓားကောက်ကြီးကို ကိုင်ထားသည်၊ သူတို့နှစ်ယောက်၏ မျက်နှာသည် ပြုံးခြင်း၊ ရယ်ခြင်းမရှိ၊ တည်တည်ကြီး၊

"ဗြိ –"

နှစ်ယောက်လုံးသည် မျက်နှာချင်းဆိုင် သုံးပေနီးပါးအကွာမျှ မတ်တတ်ရပ်နေရာမှ တစ်ယောက်သောသူသည် မျက်နှာချင်းဆိုင်လူ၏ ဗိုက်ကို ရှေ့တစ်လှမ်းတိုးပြီး ကိုင်ထားသောဓားကောက်ကြီးဖြင့် အားစိုက်ခွဲချလိုက်သောကြောင့် "ဗြိ" ခနဲ အသံနှင့်အတူ ဗိုက်သည် ကွဲထွက်၍ အူများသည် မြင်မကောင်းအောင် အခွေလိုက် အန်ထွက်လာသည်၊

"တာ"

"တင်"

"အို"

ဟူသော အသံများသည် ဆူညံသွားသည်၊

ဗိုက်ချင်းဆိုသလိုပင် ဓားအတိုးခံ၊ အခွဲခံလိုက်ရသော လူဝကြီးကလည်း ရှေ့တစ်လှမ်းတိုးပြီး ဓားထိုးသူ၏ ဗိုက်ကို အားကုန် ဓားကောက်ကြီးဖြင့် ထိုးခွဲလိုက်လေတော့သည်၊

မြန်မှမြန်၊ မြန်ဆန်လွန်းပါဘိ၊ အူအခွေများ ထွက်ကျလာသည်နှင့် နှစ်ယောက်လုံး၏ ဗိုက်တွင် မြင်မကောင်းအောင် သွေးများ ရှူးပွက်နေ၏၊ မြေပြင်ပေါ်တွင်လည်း သွေးများ အိုင်ထွန်းနေသည်၊ အူအခွေများသည် မြေပြင်ပေါ်တွင် တချို့ကျနေ၏၊

လွန်စွာမှ ကြောက်စရာ၊ လန့်စရာ၊ ရင်ထိတ်စရာကြီးပါပဲ၊ ရင်တုန်၊ ပန်းတုန်၊ အသည်းယားစရာ၊ အူယားစရာ၊ ကြာကြာတောင် မကြည့်ရဲသည့်အဖြစ်ပါ၊ အချို့ဆိုမျက်နှာလွှဲနေရသည်၊



"ဟော – ကြည့်ပါဦး ..."

သူ့ဗိုက်က ကျလာသော အူအခွေကို ကိုယ်ကကောက်၊ ကိုယ့်ဗိုက်က ကျသော အူအခွေကို သူကကောက်ပြီး ဗိုက်ထဲသို့ ထိုးသွင်းနေသည်၊ သူတို့နှစ်ယောက်၏ လုပ်ရပ်သည် မြန်ဆန်လွန်းအားကြီးသည်၊ ကြည့်နေကြသော သူများသည် အူတယားယား၊ အသည်းတယားယားဖြင့် မျက်တောင်မခတ် ကြည့်နေကြလေ၏၊

အူအခွေများ ဗိုက်ထဲ ထိုးသွင်းပြီး သည်နှင့် မိမိ၏အနီးတွင်ရှိနေသော လေးထိုင်စင်ခုံအမြင့်ပေါ်တွင် တင်ထားသော နံ့သာအိုးအတွင်းမှနံ့သာရည်များကို လက်ခုပ်နှင့်ယူပြီး နှစ်ယောက် ဗိုက်ကို သုတ်လိမ်းကြရာ အကောင်းပကတိ ဖြစ်သွားလေ၏၊

အံ့ဩစရာကောင်းလွန်းပါဘိ၊ သွေးစ၊ သွေးနတောင် မတွေ့ရ၊ မမြင်ရတော့၊ မဟုတ်သလိုကြီးပါပဲလား၊

သည်လိုနှင့်ပင် သူ့ဗိုက်ကို ကိုယ်ကထိုး၊ ကိုယ့်ဗိုက်ကို သူကထိုး၊ သူ့ဗိုက်ထဲတအူအခွေ၊ ကိုယ့်ဗိုက်ထဲသွင်း၊ ကိုယ့်ဗိုက်ထဲက အူအခွေ၊ ကိုယ့်ဗိုက်ထဲ သွင်းပြီး ပြနေသည့် ပြကွက်ဆန်းသည် ထပ်ခါထပ်ခါပင် ပြနေလေ၏၊

အချို့အချို့မိန်းမများ၊ ကလေးငယ်များ မကြည့်ရဲကြ၊ လွန်စွာဆန်းကြယ်ပါပေ၏၊ တုန်လှုပ်ချောက်ချားစရာလည်း ကောင်းပါပေ၏၊ သည်းထိတ်ရင်ဖိုစရာ၊ ကျောချမ်းစရာ လွန်စွာမှကောင်းနေပါသောကြောင့် ကြောက်စရာ၊ လန့်စရာဖြစ်အောင် ပြနေသော ပြကွက်သည် လွန်စွာမှ ဂမ္ဘီရဆန်လွန်းနေပါတော့သည်၊

ရန်ကုန်သား၊ ပညာတတ်၊ လူလည် သုံးယောက်သည် တအံ့တဩကြည့်နေရင်းကြည့်နေရင်းမှ ကြောက်လာသည်၊ တုန်လှုပ်ချောက်ချားလာသည်၊ ကျောချမ်းနေမိသည်၊ သွေးတွေကို မြင်မကောင်းအောင် ကြည့်နေရသောကြောင့် အလိုလို ခေါင်းထဲတွင် မူးလာသည်၊ အော့ချင် အန်ချင်လာသည်၊ ကြာကြာမကြည့်နိုင်ကြတော့၊ တစ်ယောက်ကိုတစ်ယောက် လက်တို့ပြီး လူအုပ်ကြားထဲမှ အတင်းတိုးထွက်ခဲ့ရပါတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဘုရားပွဲလာ ဧည့်သည်များ၊ ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမများရှင့်၊ လက်ဖက်ကြိုက်ရင် လက်ဖက်ကို သုံးဆောင်ကြပါ၊ ချင်းသုပ်ကြိုက်ရင် ချင်းသုတ်ကို သုံးဆောင်ကြပါ၊ ရေနွေးကြမ်းဖန်ဖန်လေးကို သောက်ပြီး ဇိမ်ခံလို့ အနားယူလှည့်ကြပါရှင့်"

ဟူသော ချိုသာသော စကားသံတို့ဖြင့် ပျူပျူငှာငှာ လောကဝတ်ပြုနေကြသော လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်သမှု ပြုနေကြသော မိန်းမချော၊ မိန်းမလှလေးများကြောင့် ရန်ကုန်သား လူလည်သုံးယောက်သည် အများနည်းတူ အိမ်ကြီးအတွင်းသို့ ဝင်သွားပါတော့သည်။

ကျယ်ဝန်းလှသော အိမ်ကြီးအတွင်းသို့ ရောက်ရှိကြသည်နှင့် လက်ဖက်ဝိုင်း၊ ချင်းသုတ်ဝိုင်းများတို့ အဆင်သင့်ပြင်ဆင်ထားကြသည်ကို တွေ့ရ၏။ လက်ဖက်ရည်အကြမ်းအိုးနှင့် အကြမ်းပန်းကန်လုံးများ နေရာတကျ စီစီရီရီ။

လက်ဖက်ဝိုင်းသည် တစ်ဖက်၊ ချင်းသုပ်ဝိုင်းသည် တစ်ဖက်၊ တစ်ဖက်လျှင် ကိုးဝိုင်း ဆယ်ဝိုင်းမျှ ရှိလိမ့်မည်။ လက်ဖက်ကြိုက်သူများက လက်ဖက်ဝိုင်းတွင် ထိုင်ကြသည်၊ ချင်းသုပ်ကြိုက်သူများကလည်း ချင်းသုပ်ဝိုင်းတွင် ထိုင်၍စားကြသည်။ အဖန်ရည်သောက်ကြသည်၊

စကားပြောသံ၊ ရွှန်းသံ၊ ပန်းကန်သံတို့ဖြင့် တစ်ခဏချင်း ဆူညံ၍သွားသည်။ ရန်ကုန်သားသုံးယောက်သည် ချင်းသုပ်ဝိုင်းတွင် ထိုင်၍စားကြသည်၊ အဖန်ရည် သောက်သည်၊ အေးအေးလူလူ အနားယူသည်၊

အစုမှပင် ဧည့်ခံနေသော မိန်းကလေးများကို စူးစူးစိုက်စိုက်ကြည့်မိ၏။ လေ့လာမိ၏၊

ရန်ကုန်သား ဧည့်သည်သုံးယောက် အံ့ဩသွားသည်။ လုံးတူ၊ ရွယ်တူ၊ ဆိုက်တူ၊ ရုပ်ချင်းအတူတူ၊ ချောမှချော၊ လှမှလှ၊ နတ်ပြည်က နတ်သမီးတစ်ပါးလား အောက်မေ့ရ၏။ အသားသည် ရွှေဝါရောင် ကိုယ်လုံးကိုယ်ပေါက် ကိုယ်ဟန်အနေအထား လှမှလှပါ့များ။

ပြီးတော့ ဝတ်စားထားသည်မှာ နန်းဝတ်နန်းစား၊ နန်းတွင်းသူတွေများလားဟု ထင်မှားနိုင်စရာ။



အရောင်တွေက ပြိုးပြိုးပြက်ပြက် တလက်လက် တခြောင်ခြောင်း၊ ရန်ကုန်သား ဧည့်သည်လူလည်ကြီးသုံးယောက် ဇေ့ဇေ့စပ်စပ်ကြည့်ပြီး "လူမှဟုတ်ရဲ့လား၊ နတ်သမီးလား၊ သိုက်နန်းက သိုက်နန်းရှင်တွေများလား" လားပေါင်းများစွာဖြင့် အတွေးဝင်နေစဉ်၊

"ဒီက မောင်ကြီးသုံးယောက်က နယ်ကထင်ပါတယ်၊ သုံးဆောင်ကြပါ အားမနာပါနဲ့နော်" ဟု

တစ်ယောက်သော မိန်းမလှလေးမှ ပျူပျူငှာငှာ ချိုချိုသာသာဖြင့် နှုတ်ဆက်စကားဆိုလေ၏။

"ဟုတ်ကဲ့ - ကျွန်တော်တို့ သုံးယောက်က ရန်ကုန်ကပါ၊ ဒီနားက ရွာက သူငယ်ချင်းက ဖိတ်ခေါ်လို့ ရောက်လာခဲ့ကြတာပါ၊ အခု မြို့ပေါ်တက်ရင်းနဲ့ အပြန်ဘုရားပွဲ ဝင်နွှဲတာပါ ခင်ဗျာ"

ဟု အိရှောင်မှ ပြောပြသည်၊

စကားပြောနေစဉ်မှာပင် မိန်းမချော၊ မိန်းမလှလေးများ ရန်ကုန်သား ဧည့်သည်သုံးယောက်နားသို့ ဝိုင်းလာကြသည်၊

"အချိန်လည်း မရှိတော့ဘူး၊ ညဥ့်အတော်နက်နေပြီ၊ မောင်ကြီးတို့ ဒီည ဒီအိမ်မှာပဲ အိပ်သွားကြ၊ မနက်ကြမှပဲ မောင်ကြီးတို့ တည်းတဲ့အိမ်သွားကြပေါ့၊ နီးနီးလေးပါရှင်"

ဟု တစ်ဦးက ပြောသည်၊ တစ်ယောက်ကလည်း "မောင်ကြီးတို့သုံးယောက်တို့ ဧည့်သည်တွေမှန်း သိပါတယ်၊ ကျန်တာတွေက ဒီရွာ၊ ဟိုရွာက လာကြတဲ့သူတွေကြီးပါ၊ မောင်ကြီးတို့ အိပ်ဖို့ အိပ်ရာတွေလည်း ပြင်ဆင်ပြီးပါပြီ၊ ကဲ - ကဲ - ဒေအိပ်ခင် ဒီကနမတွေက အမှတ်တရလက်ဆောင်လေးတွေ ပေးလိုက်မယ်" ဟု

ပြောနေစဉ် အခြားမိန်းမချောလေးကလည်း "မောင်ကြီးတို့အတွက် ကျွတ်ကလေး ရွာသူမိန်းမလှလေးတွေရဲ့ အမှတ်တရလက်ဆောင်မွှန်လို့ သဘောထားပါ၊ နမလေးတို့ ရန်ကုန်ရောက်ခဲ့ရင် မခေါ်နဲ့၊ သိလား ..."

ဟု အပြုံးပန်းပွင့်၍ ပြောပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ရန်ကုန်ကိုလာဖြစ်အောင်သာ လာခဲ့ကြပါဗျာ၊ လိပ်စာကတ်ပေးထားခဲ့ပါမယ်၊ ကျွန်တော်တို့ သုံးယောက်က ခင်မင်တတ်ပါတယ်" ဟု မာမွတ်မှ ပြောလိုက်လေ၏။

ကျတ်ကလေးရွာသူ မိန်းမချော၊ မိန်းမလှလေးများကိုယ်တိုင် သိုးမွေးချည်ဖြင့် ထိုးထားသော ယောကျ်ားဝတ် သိုးမွေးအနွေးထည်အင်္ကျီသုံးထည်၊ လှမှလှ၊ ဝတ်ရက်စရာမရှိအောင် လှသည်။

ရွှေရောင်၊ သိုးမွေးချည်ဖြင့် ထိုးထားသော လက်ကိုင်ပဝါသုံးထည်၊ ပြီးတော့ - ကျောက်စိမ်းဖြင့် ကွင်းထားသော ကျောက်စိမ်းရွှေလက်စွပ်သုံးကွင်းကို ရန်ကုန်သား သုံးယောက်အား တစ်ယောက်တစ်ကွင်းစီ မိန်းမလှလေးသုံးယောက်မှ ကိုယ်တိုင် တိုယ်တျ ဘယ် လက်၏ လက်သန်းကြွယ်တွင် စွပ်ပေးလိုက်လေ၏။

ရန်ကုန်သား ညီ့သည်သုံး ယောက်သည် သဘောတွေ့မနောခွေ့ပြီး အူမြူး၍ နေကြလေ၏။

အတူဖြင့်ဆင်ထားသော နတင်ကြီး သုံးလုံးပေါ်တွင် တစ်ယောက်တစ်လုံးနေရာယူ၍ အိပ်ရန် ပြင်ဆင်နေကြပြီ။

မြို့ပေါ်မှ ဝယ်လာသော ရှာပြန်လက်ဆောင် ပစ္စည်းထုပ်နှင့် ယခု မိန်းမချော၊ မိန်းမလှလေးများအမှတ်တရလက်ဆောင်အဖြစ် ပေးသော သိုးမွေးဆွယ်တာ အနွေးထည်အင်္ကျီသုံးထည်နှင့် သိုးမွေးရွှေရောင်လက်ကိုင်ပဝါသုံးထည်ကို ထည့်ထားသော စက္ကူအိတ်ကို နတင်ခြေရင်းတွင် စု၍ထားလိုက်ကြသည်။

ပွဲဈေးတန်း၊ ကွမ်းယာဆိုင်မှ ဝယ်ခဲ့သော စီးကရက်ဘူးကိုကြည့်လိုက်ရာ စီးကရက်သုံးလေးလိပ်မျှသာ ရှိတော့၏။ ဘူးကို ခေါင်းအုံးဘေးတွင်ထားပြီး သုံးယောက်သား အတွေးနယ်ချဲ့ရင်း ချဲ့ရင်းဖြင့် အိပ်ပျော်သွားကြပါတော့သည်။

ရွာခံ အိမ်ရှင်ဖြစ်သော ဝင်းမြတ်သူသည် မြို့တက်သွားသော သူငယ်ချင်း သုံးယောက်ကို မျှော်ရင်း မျှော်ရင်းဖြင့် အိပ်ပျော်သွားလေ၏။ အိပ်ရာမှနိုးသော် မိုးထိန်ထိန်လင်းနေပြီ၊

"အင်း - ငါ့သူငယ်ချင်းတွေ မိုးလင်းတာတောင် ပြန်မလာကြသေးဘူး၊ ဟုတ်မှ ဟုတ်ကြရဲ့လား၊ တစ်ခုခုများဖြစ်သွားရင် ငါ့မှာ တာဝန်ရှိတယ်၊ မဖြစ်ပါဘူး - ငါလိုက်သွားဦးမှပါပဲ" ဟု

တွေးမိသည်နှင့် နွားလှည်းပေါ်တက်ပြီး ကြိမ်တံဖြင့် နွားလိုထောက်၊ တဲ - ထို ခေါက်ပြီး အသော့နှင်လေတော့၏။

နွားလှည်းသည် ပြေးလိုက်သည့်ဖြစ်ခြင်း၊ ဖုန်ထနေသည်၊ ခဏအတွင်းမှာပင် သရျိုင်းပျက်ကြီးနား ရောက်သွား၏။

"အင်း - ဒီသချိုင်းပျက်ထဲ ငါဝင်ကြည့်ဦးမယ်၊ ငါ့စိတ်ထဲ တစ်မျိုးပဲ၊ သိပ်မသော ပါဘူး၊ ကဲ - မထူးပါဘူး၊ ဝင်ကြည့်တာ မမှားပါဘူး" ဟု

တွေးပြီး နွားလှည်းကို သချိုင်းပျက်ကြီးအတွင်းသို့ တရကြမ်းမောင်းသွားလေ တော့သည်။

ဟော - ထင်ထားသည့်အတိုင်းပင် တွေ့ပါပြီ၊ အုတ်ဂူသုံးလုံး တန်းစီလို့၊ တစ်လုံး ပေါ်တွင်လူတစ်ယောက်စီအိပ်လို့လေ၊ မိုးလင်းနေတာတောင် အိပ်မောကျနေကြသ ဂူကြီးတစ်လုံး၏ခြေရင်းတွင် အထုပ်ကြီးတစ်ထုပ်နှင့် စက္ကူအိတ်ထုပ်လေး၊ ခေါင်းရ ရှိ ခေါင်းအုံးဘေးတွင် ကြည့်မိသည်၊

ဝင်းမြတ်သူ အသေအချာကြည့်မိသည်၊ ပြီးမှ "ဟော့ - လူတွေ၊ အိပ်ပုတ်ကြီးလှ လား၊ မိုးလင်းနေပြီ၊ ထတော့ ဘယ်နေရာရောက်ပြီဆိုတာလည်း ကြည့်ပါဦး"

ဟုအော်ကြီးဟစ်ကျယ်ပြောပြီး လက်ဖြင့်ပုတ်နှိုးတော့မှ သုံးယောက်သား နိုးလ လေ၏၊ နိုးသည်နှင့် တအံ့တဩဖြစ်ကုန်ကြသည်၊ ငါတို့သုံးယောက် ရူးများသွားပြ ပြီလားဟုလည်း သုံးယောက်သား ထင်မိကြ၏။

ချက်ချင်းဆိုသလိုပင် အချောအလှလေးများ ကိုယ်တိုင်ကိုယ်တျစွပ်ပေးလိုဝ သော ကျောက်စိမ်းရွှေလက်စွပ်သည် ဘယ်ဘက်၏ ဘယ်လက်၊ လက်သန်းကြွ တွင် ယခုတိုင် သုံးယောက်လုံး၏လက်တွင် ရှိနေဆဲ၊ အုတ်ဂူခြေရင်းတွင် ရှိနေသေ အထုပ်ကြီးအတွင်းသို့ ကြည့်လိုက်ရာ မြို့မှဝယ်လာသော လက်ဆောင်ပစ္စည်းများ

ဟုတ်ပြီ၊ နောက်ထပ်စက္ကူအိတ်အတွင်းကိုကြည့်လိုက်ရာတွင်မိန်းမချော၊ မိန်း လှနတ်မိမယ်လေးများက အမှတ်တရလက်ဆောင်ပေးလိုက်သော ယော





www.burmeseclassic.com

www.burmeseclassic.com

အနွေးထည်ဆွယ်တာအင်္ကျီသုံးထည်နှင့် ရွှေရောင်သိုးမွှေးလက်ကိုင်ပဝါသုံးထည် အတိအကျပါပဲ။

ဟော – ညပွဲဈေးတန်း ကွမ်းယာဆိုင်က ဝယ်ခဲ့သော စီးကရက်ဘူးသည်လည်း ယခုတိုင် ရှိနေတုန်း။

လက်ကျန်စီးကရက် သုံးလေးလိပ်ကို ယူလိုက်၏။ တစ်ယောက်တစ်လိပ်စီ ခဲပြီး အတွေးဝင်ပြီး ငေါင်နေကြသည်။

သီပွံ့ခေတ်၊ သီပွံ့ထွန်းကားနေသော အချိန်။ လပေါ်လူရောက်နေသော ကာလ၊ ကြီးတွင် ဘာကိုမှမယုံ၊ ဘာဆိုဘာမှ လက်မခံခဲ့သော လူသားထဲက အမျိုးအစား၊ ရန်ကုန်သား လူလည်သုံးယောက်သည် ယခုတော့ဖြင့် လွန်စွာမှ အံ့သြစရာ ကောင်း လွန်းသော တုန်လှုပ်ချောက်ချားဖွယ်ရာကောင်းသော သည်းထိတ်ရင်ဖိုဖြစ်စေသော ကြောက်စရာ လန့်စရာဖြစ်ရပ်ဆန်းကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရ၊ မြင်ရ၊ ကြုံရ၊ ဆုံရ ခံစားခဲ့ရပြီး ဇာတ်သိမ်းလုံးကြားခဲ့ရ... [line partially uncertain]

ခံစားခဲ့ရပြီး ဗွီရဆန်ဆန်၊ ကျုတ်တို့၏ လှည့်စားခြင်း လှည့်ဖြားခြင်းကို တောင်း တောင်းပြီး ခံလိုက်ရရှာသောအခါတွင် ....။

"သုခီ အဗ္ဗာန် ပရိုဟရန္တု"

မောင်လေးအောင် (သန်လျင်)

## ဆံပင်ဆေးကောင်းနည်း

(၁) ဆူးပန်းစေ့နှင့် ဆူးဖြူခေါက်တို့ကို အညီအမျှ မီးရှို့ပြာချပါ။ ထိုပြာကို အုန်းဆီနှင့် ရောလိမ်းပါ။

(၂) ကြိတ်မှန်ရွက်နှင့် နှမ်းနက် အညီအမျှယူ၍ အမှုန့်ပြုပြီး ပျားရည်နှင့် ရောစားပါ။ နွားနို့နဲ့ အမြဲ သောက်ပါ။

(၃) သံပုရာစေ့ကို ရေနှင့်ကြိတ်၍ နေ့စဉ် ဆံပင်ကို လိမ်းပေးပါက ဆံပင်ပြန်ပေါက်သည်။


– ခေတ်နှင့်လျော်ညီသော ကလေးတို့ သိထိုက်သည့် ဗဟုသုတများကို
နှစ်ခြိုက်စေသည့် ကာတွန်းဇာတ်လမ်း ပုံပြင်တို့ဖြင့် ဖော်ပြထားသည်
– ကလေးများကိုယ်တိုင် ပါဝင်ဆော်နိုင်သော ဉာဏ်စမ်းပြိုင်ပွဲများစွာပါသည်

HappyTime
ကလေးရုပ်စုံစာစောင်

ငွေကြိုသွင်း (၆)လစာ နှုန်းထား စာအုပ်တန်ဖိုး ၂၂၀၀ × ၆(လ)
ငွေကြိုသွင်း (၁၂)လစာနှုန်းထား စာအုပ်တန်ဖိုး ၂၂၀၀ × ၁၂(လ)

ဆုပြည့်စုံထွန်းစာပေ
အမှတ် – ၅၀၈/၅၁၂ (၂-ခ)လွှာ (ပထမထပ်)
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၆၃၃၃၊ ၃၈၃၃၆၆

ကလေးငယ်များ စကားလုံးများနှင့် အကျွမ်းတဝင်ရှိစေရန် ရည်ရွယ်
လှုပ်ရှားမှုစကားလုံး၊ စကားလုံးအဘိဓာန်၊ စကားပြောဖို့စကားလုံးများ (အင်္ဂလိပ် – မြန်မာ




တန်ဖိုး ၃၀၀၀ိ/– ကျပ်ဖြင့် ဝယ်ယူရရှိနိုင်ပြီ

ဆုပြည့်စုံထွန်းစာပေ ⇨ အမှတ် (၅၀၈/၅၁၂)၊ ၂-ခ (ပထမထပ်)
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၃၃၃

www.burmeseclassic.com